www.burmeseclassic.com

# ပျား

## နှလုံးသားနဲ့ကြည့်ပါ



GRAPHIC DESIGN THEIN SHWE KYI

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)

အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဝန်းချီ-

သိန်းရွှေကြည်

အတွင်းဖလင်

တိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊

၂၀၁၄ ခုနှစ်၊ မတ်လ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

ဗျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅.၈၃

ဗျူး

နှလုံးသားနဲ့ကြည့်ပါ

ဗျူးစာပေ ၊ ၂၀၁၄။

၂၄၀ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) နှလုံးသားနဲ့ကြည့်ပါ


## အခန်း (၁)

"ဘဝမှာ အချစ်ဆိုတာ ရာနှုန်းပြည့်အရေးပါတာပေါ့၊ အချစ်ဒို့မှ ဘဝက အဓိပ္ပါယ်ရှိတာလေ၊ အသက် လက်ခံတယ်မို့လား"

နားစိုက်ထောင်နေတာ မဟုတ်ပါဘဲ ကြားနေရသည့် နေရဲစကားတွေက နားထဲကို ကန့်လန့်ကြီး တိုးဝင်လာသည်။ ဖတ်နေသည့် နယ်ဆီမှ အကြည့်တွေခွာကာ နေရဲကို လှမ်းကြည့်မိ၏။

ဖုန်းပြောနေသည့် နေရဲ မျက်နှာကြီးက သကာရည်တွေလောင်းားသလို ပြုံးချိုနေသည်။

"ဟာ တကယ်ပြောတာ အသက်ရဲ့၊ အချစ်မရှိရင် အသက်ရှူနေတာတောင် ဘာမှအဓိပ္ပါယ်မရှိဘူး"

သေလိုက်ကွာ.. ဒီလောက်ထိ အဓိပ္ပါယ်မရှိတဲ့စကားတွေကို အရိုးမရှိတိုင်း ပြောနေတာ မဟုတ်တော့ပါ။ ယိုသူမရှက် မြင်သူရှက်လာတာမို့ တံတိုင်း အခန်းအပြင်ကို သုတ်ခနဲ ထွက်ခဲ့လိုက်သည်။

www.burmeseclassic.com



ဝရန်တာလေးမှာထိုင်ပြီး ဆက်မဖတ်ချင်တော့သည့်ဂျာနယ်ကို ဘေးမှာပဲ ပစ်ချထားလိုက်၏။

အခန်းထဲက နေရဲ စကားသံတွေ မကြားရတော့ပေမယ့် တံတိုင်း မျက်မှောင်ကြီးကုပ်ထားမိဆဲ။

နေရဲ သူ့ချစ်သူကောင်မလေးနှင့် ဖုန်းစကားပြောနေတာ ကိုယ်နဲ့ဘာမှမဆိုင်ပေမယ့် ကြားနေရတာတွေက နားကြားပြင်းကပ်ချင်ရရာ ကောင်းနေသည်။

အချစ်တဲ့။ ဘဝတစ်ခုလုံးနဲ့ယှဉ်ပြီး ပြောနေပုံက သူ ဘယ်လိုမှ လက်ခံလို့မရပါ။ နားထောင်နေရင်းနဲ့ ဒေါသတွေက ထွက်ချင်လာသည်။

နောက်ဆုံးတော့ ထိုစကားသံတွေ မကြားနိုင်သော နေရာကိုပဲ သူ ရောက်ခဲ့သည်။ အင်္ကျီအိတ်ထဲက စီးကရက်ဘူးနှင့် မီးခြစ်ကို နှိုက်ယူမိသည်။ တစ်လိပ်ထုတ်ယူပြီး မီးညှိဖွာရှိုက်နေမိသည်။

မှုတ်ထုတ်လိုက်မိသော စီးကရက်ငွေ့တွေကြားမှာ ဒယ်ဇီ့မျက်နှာကို မြင်ယောင်မိသည်။ ပြီးတော့ ဒေါသဖင်နွယ်ရဲ့ပုံရိပ်က မဖိတ်ခေါ်ဘဲ မြင်ယောင်လာပြန်တော့ အံကိုတင်းခနဲ ကြိတ်ထားလိုက်မိသည်။

မမြင်မတွေ့ချင်သောသူနှင့် ဝေးချင်တာကြောင့် ဒယ်ဇီ့ရင်ခွင် အရိပ်နှင့် ဝေးရာမှာ သူ လာနေခဲ့တာဖြစ်သည်။ ဒါပေမဲ့လည်း ဒယ်ဇီ့ကိုတော့ သတိရမိတာ အမှန်ဖြစ်သည်။

ဒယ်ဇီ့ဘဝမှာ တစ်ယောက်တည်းသောသားဟု သတ်မှတ်ထားသော သူ့ကိုကော ဒယ်ဇီ သတိရရဲ့လား။ ဒေါသဖင်နွယ်နှင့် စိတ်ချမ်းသာပျော်မွေ့နေသည်လား။

အတွေးစတွေက ဝရန်တာကို ထွက်လာသော နေရဲကြောင့်





ပြတ်တောက်ကုန်၏။

"ငါက မင်း ဘယ်ထွက်သွားတာလဲလို့"

နေရဲပြောရင်း သူ့အနား လျှောက်လာကာ နံဘေးမှာ ဝင်ထိုင်သည်။ သူ ခွန်းတုံ့မပြန်ဘဲ စီးကရက်ကိုပဲ တရှိုက်မက်မက် ဖွာရှိုက်တော့ နေရဲ နှာခေါင်းရှုံ့ကာ တွန့်ခနဲ ဖြစ်သွားသည်။

"တံတိုင်း မင်း စီးကရက်တွေ မသောက်စမ်းပါနဲ့ ကိုယ့်အတွက် ဘာမှ အကျိုးမရှိဘဲ ရောဂါပေးတဲ့ အဆိပ်ငွေ့တွေကွ"

"လူဆိုတာ မကောင်းမှန်း အဓိပ္ပါယ်မရှိမှန်း သိရက်နဲ့ တစ်ခုမဟုတ် တစ်ခုတော့ လုပ်နေကြတာပဲ နေရဲရာ မဆန်းပါဘူး"

"မင်းက ဘာကိုပြောတာလဲ"

"ငါက ဆေးလိပ်သောက်တယ်၊ မင်းမသောက်ဘူး၊ ဒါပေမဲ့ မင်းလည်း အဓိပ္ပါယ်မရှိတဲ့ အလုပ်တွေ လုပ်နေတာပဲ"

"ငါက ဘာလုပ်လို့လဲ"

"ရည်းစားတွေထားပြီး ပလီပလာ စကားတွေပြော အချိန်တွေကုန်အောင်လုပ်နေတာ အဓိပ္ပါယ်မရှိဘူးလေကွာ၊ မင်း ဖုန်းပြောနေတာတွေ နားကြားပြင်းကပ်လို့ ထွက်လာတာကွ"

တံတိုင်း စကားကြောင့် နေရဲ ပြုံးပြုံးကြီး ကြည့်သည်။

"မင်းကလည်းကွာ ရည်းစားထားတာ ဘာဆန်းလို့လဲကွ အဟဲ မင်းဆေးလိပ်သောက်သလို ရောဂါမရပါဘူး"

"တော်စမ်းပါကွာ အချစ်ကို ဘဝနဲ့ယှဉ်ပြီး ပေါက်တတ်ကရတွေ ပြောနေတာ မင်းမို့ အရှက်မရှိဘူး"

"ဟာ ဒါတော့ကွာ ကိုယ့်ချစ်သူ ကျေနပ်အောင်ပြောရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



သဲ့ကွ မိန်းကလေးဆိုတာ အနုအရွနဲ့ ယုယုယယလေးမှ သဘောကျတာကွ"

နေရဲစကားကြောင့် တံတိုင်း မျက်နှာကိုမဲ့ပစ်ရင်း လက်ထဲက စီးကရက်တို့ကို တောက်ထုတ်လွှင့်ပစ်လိုက်၏။

"အဓိပ္ပါယ်မရှိတာတွေနဲ့ လိမ်ညာနေတာ အချစ်လား"

"ဟာကွာ ဒါတော့ မင်းစကား ကပ်ပြောတာပဲ"

"အမှန်ပြောတာလေ ဘာမှ အဓိပ္ပါယ်မရှိတဲ့ ကိစ္စတွေကို ငါက စိတ်မဝင်စားဘူး၊ ကြားနေရတာကိုလည်း နားထဲမှာ ကန့်လန့်ဖြစ်နေတယ်၊ လုံးဝကို မယုံကြည် မခံစားတတ်တာ"

တံတိုင်း မာမာတင်းတင်းနှင့် ယတိပြတ်ပြောနေတာကို နေရဲ ငေးစိုက်ကြည့်နေလိုက်သည်။ အရယ်အပြုံးကင်းမဲ့ကာ တည်ကြည်လွန်းသော မျက်နှာသည် နုညက်ချောမောလွန်းသည်။

မျက်ခုံးတန်းတန်းတွေက စိမ်းမြနက်မှောင်ကာ ဆွဲဆောင်မှုရှိသော မျက်ဝန်းတွေက စူးရှကြည်လင်သည်။ ပေါ်လွင်သောနှာတံနှင့် နှုတ်ခမ်းတွေက အပြုံးရိပ်တို့ မရှိတာတောင် မိန်းကလေးတိုင်း ငေးလောက်သည်။

ဂုတ်မထောက်တထောက် ဆံပင်တွေကို ခလယ်ခွဲဆန်ဆန် ဖြီးသင်ထားတတ်သော တံတိုင်းခစတိုင်က ကျောင်းမှာတော့ ကင်းတစ်ပါးပဲဖြစ်၏။

အပြစ်ဆိုရက်စရာမရှိအောင် ချောမောသော မျက်နှာ၊ ယောကျ်ားပီသသော အရပ်အမောင်းနှင့် ကိုယ်ဟန်အနေအထားက ဘာအဝတ်အထည်မျိုးဝတ်ဝတ် ကြည့်ကောင်းသည်။





ပထမနှစ်ကတည်းက ငယ်ပေါင်းတွေလို တွဲလာသူမို့ တံတိုင်းခ အကြောင်းကို နေရဲ အသိဆုံးဖြစ်သည်။

စီးပွားရေးတက္ကသိုလ်မှာ မိန်းကလေးတိုင်းရဲ့ ရင်ခုန်မင်းသားလေးတစ်ပါးအဖြစ် ရှိနေခဲ့ပေမယ့် တံတိုင်းခ ချစ်သူရည်းစား တစ်ယောက်မှ မထားခဲ့တာ အမှန်ပဲဖြစ်၏။

"တံတိုင်း မင်းကြိုက်တဲ့ မိန်းမ မတွေ့သေးဘူးလား"

နေရဲမေးတိုင်း အမြဲတည်နေသော တံတိုင်းခ မျက်နှာက ပိုလို့ တည်တံ့ကြည်လင်သွားခဲ့ကာ

"ဘယ်မိန်းမကိုမှ ငါစိတ်မဝင်စားဘူး"

"အဲဒီလို အပြောကြီးတဲ့ကောင်က ခံရတတ်တယ်ကွ"

"ဟော့ကောင် မိန်းမဆိုတာ ငါ့အတွက် စိတ်ဝင်စားစရာ မဟုတ်သလို ခယပတ်သက်စရာလည်း အကြောင်းမရှိဘူး၊ ဘယ်မိန်းမကိုမှ ငါမချစ်တတ်တာ"

အပြောကြီးသည်ဟု ထင်ခဲ့မိသော သူ နောက်ပိုင်းမှ သိခဲ့ရသည်က တံတိုင်းခမှာ မိသားစုနှင့် ပတ်သက်သော ခံစားချက်တွေရှိနေခြင်းပင် ဖြစ်၏။ မိထွေးဖြစ်သူအပေါ် နာကျည်းမုန်းတီးမှုနှင့် တံတိုင်းခ မိန်းမတွေကို မုန်းနေခြင်းဟု ထင်သည်။

"မင်း ငါ့ကို ဘာပြောချင်လို့ စိုက်ကြည့်နေတာလဲ နေရဲ"

သူ့အတွေးနှင့်သူ ငေးစိုက်ကြည့်နေမိတာကို တံတိုင်းခ တစ်မျိုးထင်ကာ မေးလာတာမို့ နေရဲ ပခုံးတွန့်ပြုံးရင်း

"ဟင့်အင်း မင်းကိုဘာမှ မပြောချင်တော့ဘူး"

"အေး ငါလည်း ဘာမှမကြားချင်ဘူး နောက်တစ်ခါ မင်း

www.burmeseclassic.com



ကောင်လေးတွေနဲ့ ဖုန်းဆက်ချင်ရင် အပြင်ထွက်ဆက်၊ ဒါမှမဟုတ်လည်း ငါ အပြင်ထွက်နေပေးမယ်''

ပြောရင်း တံတိုင်းခ ဂျာနယ်ကိုကောက်ယူကာ အခန်းထဲဝင်ဖို့ဖြစ်တော့ နေရဲ လက်ကာတားရင်း

''ခဏလေး တံတိုင်း ငါပြောစရာရှိလို့''

''ဘာမှ မပြောချင်တော့ဘူးဆိုပြီး ဘာပြောဦးမှာလဲ''

''အဟဲ ဟိုကွာ ငါ့ကို ရေနည်းနည်းလောက်ချေးဦးကွာ''

တံတိုင်းခ မျက်မှောင်ကြီးကုပ် ကြည့်နေတော့ နေရဲ မျက်နှာချိုသွေးပြုံးပြရင်း

''အိမ်က ငွေပို့ပေးရင် ငါပြန်ဆပ်မှာပါကွာ''

''မင်းက ဘယ်လောက်ယူမှာမို့လဲ''

''နှစ်ပုလင်းလောက်''

''နှစ်သောင်း ဟုတ်လား ဘာလုပ်မလို့လဲ မင်းမှာသုံးဖို့ရှိသေးတာ ငါသိပါတယ်''

''ငါ့လက်ထဲမှာ ကျန်တာ တစ်သောင်းတောင်မရှိတော့ဘူးကွ၊ မနက်ဖြန် အသက်နဲ့ချိန်းထားလို့ကွ၊ ပိုပိုမိုမိုလေး ထည့်သွားချင်လို့''

တံတိုင်းခ မျက်မှောင်ကြီးကျုံ့ကာ မဲ့ကျသွားခဲ့သည်။

''ဘာမှမဟုတ်တဲ့မိန်းမကိစ္စအတွက် မင်းက အကုန်ခံနေတာလား၊ မပေးနိုင်ဘူးကွာ လုံးဝ မပေးဘူး''

''ဟာကွာ ဒီလိုတော့ မလုပ်ပါနဲ့၊ ငါ ပြန်ပေးမှာပါကွာ''

''ဟော့ကောင် ပြန်မပေးလည်းရတယ်၊ ပိုက်ဆံအကြောင်းမဟုတ်ဘူး၊ အရေးမပါတဲ့ကိစ္စကြောင့် တမင်ထုတ်မပေးတာပဲ''





နေရဲ စိတ်ပျက်လက်ပျက် ခေါင်းကိုကုတ်မိသည်။ တံတိုင်းခကို အမှန်အတိုင်းပြောလိုက်မိတာ နောင်တရမိသည်။

''တံတိုင်း ငါ တောင်းပန်ပါတယ်ကွာ၊ မင်းဆီက ပိုက်ဆံချေးတာကလည်း အသက် အဲ သက်သက်ဦးကို အကြွေးဆပ်ချင်လို့ပါ''

''ဘာကွ အကြွေး၊ ဘာအကြွေးလဲ''

''ဟိုကွာ ဟိုတစ်ခေါက်က သူ့ဆီက ငါ ပိုက်ဆံတစ်ပုလင်းခွဲချေးသုံးထားလို့ အဲဒါ ပြန်ပေးချင်လို့ပါ၊ သမီးရည်းစားဆိုပေမယ့် ငွေကြေးအရှုပ်အရှင်းကင်းချင်တယ်ကွာ၊ သူ့ကိုပြန်ဆပ်ချင်လို့ပါကွာ နော်သူငယ်ချင်း''

ဒီတစ်ခါတော့ နေရဲ စကားကြောင့် တံတိုင်းခ တွေခနဲ ဖြစ်သွားခဲ့၏။

''မင်းကွာ ရှုပ်ရှုပ်ယှက်ယှက် မိန်းမတစ်ယောက်ဆီက ပိုက်ဆံချေးသုံးရတယ်လို့ သိက္ခာမရှိလိုက်တာ''

''ငါလည်း အရေးပေါ်ဖြစ်သွားလို့ပါကွာ၊ ဒီမနက်ဖြန် ပြန်ပေးမယ်လို့ ပေးထားတဲ့ကတိ မပျက်ချင်လို့ပါ''

နေရဲ မျက်နှာငယ်လေးနှင့် ပြောလိုက်တော့လည်း တံတိုင်းခ မနေနိုင်တော့ချေ။

''မင်း တကယ် သူ့အကြွေးပြန်ဆပ်မှာနော်''

''တကယ်ပါကွာ မညာပါဘူး''

''အေး ဒါဆို ညကျမှ ငါပေးမယ်၊ အခု ငါတစ်ရေးလောက်အိပ်လိုက်ဦးမယ်''

''ဟာ ကျေးဇူးပါကွာ ကျေးဇူးပဲ''



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းခ သူ့ကို ရှုတည်တည်ကြည့်ကာ အခန်းထဲလှမ်းဝင်သွားခဲ့ပြီး နေရဲ ဝရန်တာလေးမှာ ထိုင်ကျန်ရစ်ခဲ့ရင်း ကျေနပ်စွာပြုံးလိုက်မိသည်။

တကယ်ဆို တံတိုင်းခ ငွေချေးအောင် ညာလိုက်ရတာဖြစ်သည်။ မနက်ဖြန် ချစ်သူနှင့်လည်ပတ်ကြမည်။ ချစ်သူများနေ့အကြို သက်သက်ဦးကို လက်ဆောင်ဝယ်ပေးချင်သည်။

ဒါကြောင့် တံတိုင်းဆီက ငွေချေးတာဆိုလျှင် တံတိုင်းခက ဘယ်လိုမှ ပေးမှာမဟုတ်။

သူငယ်ချင်းတွေကို အမြဲ ကူညီပေးတတ်သော တံတိုင်းခရဲ့ စိတ်ရင်းစေတနာက ကောင်းပေမယ့် မိန်းမနှင့်ပတ်သက်လာလျှင်တော့ ကိုယ်တိုင်လည်း ကင်းရှင်းသလို သူတို့ကိုလည်း ခါးခါးသီးသီး ကန့်ကွက်တတ်သူဖြစ်သည်။

တစ်ခါ တစ်ခါမှာတော့ တံတိုင်းခကို ချစ်သူတစ်ယောက်လောက် ရသွားစေချင်ပါသည်။

တံတိုင်းခ ဆိုတဲ့ကောင် ဒါမှလည်း ကိုယ်ချင်းစာနာတတ်မှာဖြစ်သည်။ ဒါပေမဲ့ ခက်တာက တံတိုင်းခ ကိုယ်တိုင်က ဘယ်မိန်းမကိုမှ စိတ်မဝင်စားပော့လည်း ခက်သည်။

တံတိုင်းခရဲ့နှလုံးသားတွေ အရည်ပျော်သွားအောင် စွမ်းဆောင်နိုင်မည့် မိန်းမတစ်ယောက်မှ မရှိတော့ဘူးတဲ့လား။

■ ■ ■



## အခန်း (၂)

ကြည်လင်နေသော စိတ်အာရုံတွေက ကန်ဘောင်ပေါ်ရောက်တော့မှ ညစ်ညူးသွားမိသည်။

လေကောင်းလေသန့် ရှူရှိုက်ရင်း စိတ်အေးလက်အေး နားချင်သည့် စိတ်တို့ကြောင့် ကန်ဘောင်ကို ရည်ရွယ်ပြီး လာခဲ့တာဖြစ်သည်။ အခုတော့ အရိပ်မိုးထီးဝိုင်းတွေ အောက်က ခုံတန်းတွေမှာ စုံတွဲတွေက ကိုယ်စီရှိနေကြသည်။

ခက်တော့ ခက်နေပြီ။ ဘယ်နေရာမှာ ဒီစုံတွဲတွေနှင့် လွတ်ကင်းဘာ မရှိပါလား။

ပြာလဲ့နေသော အင်းလျားရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေက အေးမြလန်းဆန်းနေတော့လည်း သူ ပြန်ဦးမလှည့်ချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်အတိုင်း လျှောက်ခဲ့ရင်း တစ်ယောက်တည်း စိတ်ချမ်းသာစွာ ထိုင်နိုင်သည့် နေရာလွတ်တစ်ခုကို ရှာဖွေကြည့်မိ၏။

ထိုဆောင်းချင်တော့ ခုံတန်းလေးတစ်ခုက ပိုင်ရှင်မဲ့စွာရှိနေသည်။ ထိုထိုင်ခုံလေးဆီကိုပဲ လျှောက်ခဲ့ကာ ဝင်ထိုင်လိုက်မိသည်။ ပခုံးမှာလွယ်ထားသော ကျောပိုးအိတ်လေးကို ဖြုတ်ကာ ဘေးမှာတင်ထားလိုက်၏။

ထိုင်ခုံမှာ ကျောမှီထိုင်ရင်း မျက်ဝန်းအကြည့်တွေကို ကန်ရေပြင်ဆီကိုပဲ ပို့လွှတ်ထားမိ၏။ ဖျတ်ခနဲ အာရုံထဲမှာ သတိရလိုက်မိတာ နေရဲကိုပဲဖြစ်သည်။

မနက်ကတည်းက သူပေးလိုက်သော ငွေနှစ်သောင်းယူကာ မင်းသားရှူးလောက်အောင် ပြင်ဆင်ထွက်သွားခဲ့သည်။

သူ့ကောင်မလေးကို အကြွေးဆပ်ရမည်တဲ့။ သူ လုံးဝမယုံကြည်ပေမယ့် နေရဲမျက်နှာငယ်လေးနှင့် ခယတောင်းပန်နေတော့လည်း မနေနိုင်ဘဲ ငွေထုတ်ပေးမိတာပဲဖြစ်၏။

ပထမနှစ်ကတည်းက အဆောင်မှာ အတူနေကာ ညီအစ်ကိုရင်းချာတွေလို ခင်မင်ခဲ့ကြတာမို့လည်း နေရဲကို သူ ခင်တွယ်သည်။ အရာရာမှာ စိတ်တူကိုယ်တူ ရှိပေမယ့်လည်း နေရဲ ဆိုသည့်ကောင် ချစ်သူရည်းစားထားတာကိုတော့ သူ သဘောမကျပါ။

ပထမနှစ်တုန်းက တစ်ယောက်ထားပြီး ဒုတိယနှစ်ရောက်တော့ နောက်တစ်ယောက်။ ဒုတိယနှစ်ဝက်ကျော်လောက်မှာပဲ ထိုချစ်သူနှင့် ပြတ်စဲကာ လက်ရှိချစ်သူ သက်သက်ဦးနှင့် တွဲနေတာဖြစ်သည်။

"မင်း ဘာဖြစ်နေတာလဲ နေရဲ ရည်းစား မထားရရင် မနေနိုင်





အောင် ဖြစ်နေသလား"

"ဟာကွာ ငါ အဲဒီလောက် မရှုပ်မထွေးပါဘူးကွာ၊ ပထမတစ်ယောက်နဲ့ပြတ်မှ နောက်တစ်ယောက်ထားတာပါ။ ပြီးတော့ အဲဒီရည်းစားဟောင်းတွေကလည်း ငါ စွန့်ပစ်တာမဟုတ်ဘဲ သူတို့ဘာသာ လမ်းခွဲသွားတာလေ၊ ဒီတစ်ယောက်ကိုတော့ ငါ အတည်ပဲ၊ သူကလည်း ငါ့ကို ချစ်တယ်"

"တော်စမ်းကွာ အဲဒီချစ်တယ်ဆိုတဲ့စကားကိုပဲ နားကြားပြင်းကပ်တာ၊ မင်း ပထမဆုံးတွဲတဲ့ ဘယ်သူ အေးသီတာတုန်းကလည်း ဒီစကားပဲကြားရတာ၊ ဆက်လိုက်ရတဲ့ဖုန်း၊ ကင်တင်းနဲ့ အင်းယားစောင်းခင်းတို့မျက်နှာတွေ မမြင်ချင်အဆုံး၊ ပြီးတော့လည်း ဘာမှဟုတ်တာမဟုတ်ဘူး"

"အသက်ကို ငါ တကယ်ချစ်တာပါကွာ"

"တော်ကွာ တော် အသက်တွေ အတက်တွေ ငါ မကြားချင်ဘူး။ မင်းဘာသာ လုပ်ချင်တာလုပ်၊ ငါနဲ့တော့ မိတ်ဆက်မပေးနဲ့ မပတ်သက်ချင်ဘူးနော်၊ ငါ အပြတ်ပြောထားတယ်"

သူ့ဘက်က ယတိပြတ်ပြောတော့လည်း နေရဲခမျာ မိတ်တောင်ဆက်ပေးရဲရှာပါ။ ပထမတစ်ယောက်တုန်းကတော့ နေရဲ မျက်နှာကြောင့် သူ အသိအမှတ်ပြု မိတ်ဆက်ဖူးသည်။

သူ့ဘက်က ပြတ်သားလွန်းနေတော့လည်း နေရဲ ဘာမှမပြောရဲတော့ပါ။ သူတို့ချစ်သူနှစ်ယောက်အကြောင်း နေရဲနှုတ်က လုံးဝမပြောတော့ချေ။

အခုချိန်ထိလည်း နေရဲနှင့် သက်သက်ဦးတို့ ချစ်သက်တမ်းက



www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြာနေခဲ့ပြီ။ ဒါပေမဲ့ သူကတော့ မယုံကြည်သလို ဘာမှလည်း ထောက်ချက်မပေးခဲ့ပါ။

နေရဲကတော့ ဒယ်ဒီရဲ့နောက်မိန်းမ ဒေါ်သဖင်နွယ်ကြောင့် သူ မိန်းမတွေကိုမုန်းနေတာဟု ထင်နေလိမ့်မည်။ တကယ်ဆို ထိုထင်မြင်ချက်က တစ်ဝက်လောက်ပဲ မှန်လိမ့်မည်။

တံတိုင်းခဆိုသော သူ လောကမှာ အမုန်းဆုံးသူက ဒေါ်သဖင်နွယ်ဖြစ်သည်။ ဒေါ်သဖင်နွယ်ကြောင့် ကမ္ဘာပေါ်မှာ ရှိသမျှ မိန်းမတွေကို မုန်းတီးနေတာမျိုးတော့ မဟုတ်ပါ။

သူ့စိတ်ကိုက ဘယ်မိန်းမကိုမှ အထင်ကြီးလို့မရ ချစ်လို့မရတာဖြစ်သည်။

ပင့်သက်ရှိုက်ရင်း အတွေးတွေကို အဝေးမောင်းထုတ်ပစ်မိပြန်၏။ တစ်ယောက်တည်း အေးအေးလူလူ နေချင်မိတာ အာရုံနောက်စေသည့်အတွေးတွေ ဝင်လာတာ မဟုတ်သေးပါ။

နံဘေးမှာ ချထားသော ကျောပိုးအိတ်ကို ကောက်ယူကာ အာရုံတွေ ပြောင်းအောင် စာဖတ်မည်တွေးရင်း ဖစ်ကိုဖွင့်လိုက်၏။

''ဟင်''

လက်နှိုက်ယူမိသော စာအုပ်က သူ့စာအုပ်မဟုတ်ပါဘဲ အချစ်ကဗျာစာအုပ် ဖြစ်နေသည်။ ချက်ခနဲ သိလိုက်မိတာ နေရဲ၏စာအုပ်ဟု။ အိတ်ထဲ နောက်တစ်ကြိမ်ငုံ့ကြည့်လိုက်တာနှင့် သဘောပေါက်မိ၏။

နေရဲအိတ်နှင့် သူ မှားပြီးလွယ်လာမိခြင်းပင် ဖြစ်သည်။ တကယ်ဆို နေရဲ၏အိတ်ကို သူ မှားယူလာခဲ့တာ အမှား။

သူ အညိုရောင်ဂျင်း ကျောပိုးအိတ်လေးဝယ်တော့ နေရဲက





လည်း အရောင်တူ ဝယ်ချင်သည်ဆိုကာ လိုက်ဝယ်ခဲ့၏။

အရောင်တူမို့ သူ သတိထားပေမယ့် တစ်ခါနှစ်ခါတော့ မှားတတ်သည်။ အခုပဲကြည့် နေရဲ အိတ်ကို သူမှားခဲ့ပြီ။

သူ့အိတ်ထဲမှာ ဒီလိုအချစ်ကဗျာ စာအုပ်ရှိစရာအကြောင်းမရှိပါ။ နန္ဒာသိန်းဇံ၏ ရသစာအုပ်ပဲရှိတာ ဖြစ်သည်။

စိတ်ပျက်စွာ အိတ်ကို နံဘေးပြန်ချထားရင်း ပြာလဲ့နေသော ကန်ရေပြင်ဆီကိုပဲ ငေးကြည့်နေလိုက်၏။ အေးမြသော လေပြည်ကို ရှိုက်ရင်း မျက်ဝန်းတွေကို မှိတ်ထားလိုက်သည်။

တကယ့်ကို ငြိမ်းချမ်းအေးမြလိုက်တာ။ မျက်ဝန်းတွေ မှိတ်ထားလျက်က လတ်ဆတ်သန့်ရှင်းသော လေကို အားပါးတရ ရှူရှိုက်မိနိုက်

''ဟင်''

နှာခေါင်းထဲ တိုးဝင်လာတာက သင်းပျံ့သော ရေမွှေးရနံ့တစ်ခု ဖြစ်နေတာမို့ တံတိုင်းခ မျက်ဝန်းတွေကို ဖွင့်ကြည့်မိသည်။

မြင်လိုက်ရတာ သူ့ရှေ့မှာ ရပ်နေသော မိန်းမတစ်ယောက်။ ညက်ညက် မျက်နှာလေးက ပြုံးချိုလျက် သူ့ကို ငေးစိုက်ကြည့်နေခဲ့သည်။ မဟော်ဂနီရောင် ဆံပင်တွေကြားက မျက်နှာလေးက ချောမောပါသည်။

မျက်ခုံးလေးက သွယ်တန်းလျက် မျက်တောင်ကော့ကြီးတွေ အုပ်မိုးသော မျက်ဝန်းဝိုင်းစက်စက်လေးတွေထဲမှာတောင် အပြုံးချိုချိုတွေ သယ်ဆောင်နေသည်။ ဒါပေမဲ့ သေချာသည်က ဒီမိန်းကလေးကို သူ မရင်းနှီးသိကျွမ်းပါ။

''ကျွန်မကို ဒီမှာ ထိုင်ခွင့်ပြုပါနော်''



www.burmeseclassic.com

www.burmeseclassic.com



သူ ရုတ်ချောင်ကုပ်သွားမိတာ အမှန်။ တစ်ယောက်တည်း ငြိမ်ငြိမ်းချမ်းချမ်း ထိုင်ချင်ကာမှ အနှောင့်အယှက်ကတော့ ဝင်လာနေပြီ။

လက်တစ်လုံးလောက် ပခုံးချိုက်လက်ပြတ် ပန်းဆီရောင်အင်္ကျီအတွန့်လေးနှင့် တွဲဖက်ဝတ်ဆင်ထားသော အနက်ရောင်လုံချည်လေးကလည်း ဖြူနုသော သူမအသားအရည်ကို ပေါ်လွင်စေ၏။

"ဟို ထိုင်ခုံလွတ်တွေကလည်း မရှိသလောက် ဖြစ်နေလို့ပါရှင်၊ ခဏလောက် ထိုင်ပါရစေနော်"

တကယ်ဆိုလျှင် မထိုင်နဲ့ဗျာဟု ပြောလိုက်ချင်ပေမယ့် ဒီနေရာ ဒီခုံတန်းတွေက သူ ပိုင်ဆိုင်သောဘုံဗိမာန် မဟုတ်တာမို့

"ထိုင်ပါ ရတယ် ဒီခုံတန်းတွေက ကျွန်တော် ပိုင်ဆိုင်တာမှ မဟုတ်တာ"

"ကျေးဇူးပဲနော်"

ဖြူးဖြူးလေးဆိုကာ တစ်ဖက်က လွတ်နေသော ခုံတန်းလေးမှာ မိန်းကလေး ဝင်ထိုင်သည်။ ကြည်လင်နေသော စိတ်အာရုံတွေ ငြိမ်းချမ်းမှု မရှိတော့တာ အမှန်ဖြစ်သည်။

ကောင်မလေး ဝက်ဝံရုပ်ကျောပိုးအိတ်လေးထဲကို လက်နှိုက်ယူသည်။ ပါလာသည်က နေကြာစေ့လှော်ထုပ်တစ်ထုပ်။

"နေကြာစေ့ စားပါဦးလား"

သူ့ဆီ နေကြာစေ့လှော်ထုပ် ကမ်းပေးကာ လောကွတ်ပျူငှာ နေပေမယ့် ခေါင်းကို ခါရမ်းပြလိုက်မိ၏။ ဘယ်မိန်းကလေးနှင့်မှ မပတ်သက်ချင်ကာမှ ဒီမိန်းကလေး အနားရောက်လာတာ သူ့စိတ်ကသိကအောက် ဖြစ်နေမိသည်။





နောက်ထပ် ဘာစကားမှ မပြောချင်တာမို့ အိတ်ထဲက နေရဲ၏ ကဗျာစာအုပ်ကိုပဲယူကာ ဖတ်ချင်ယောင်ဆောင်နေလိုက်တော့ သူမဆီက နေကြာစေ့လှော်သံ တစ်ဖျောက်ဖျောက်က နှောင့်ယှက်နေပြန်သေးသည်။

သူ စိတ်မပါ အာရုံမဝင်စားသော အချစ်ကဗျာတွေကလည်း သူ့စိတ်ကို ရှုပ်ထွေးစေတော့ ကဗျာစာအုပ်ကို ပြန်ပိတ်လိုက်မိ၏။

"ဒီက ကဗျာတွေ ကြိုက်တယ်ထင်တယ်"

ကြားရပြန်ပြီ သူမဆီက စကားသံ။ သူ ဒီတစ်ခါတော့ မျက်မှောင်ကြီးကုပ်ကာ လှည့်ကြည့်မိ၏။ ခင်မင်နှစ်လိုဖွယ် ပြုံးပြနေသော မျက်နှာလေးကြောင့် ဒေါသတွေကို သူ မျိုချသိမ်းဆည်းရင်း

"မကြိုက်ပါဘူး ဖတ်စရာမရှိလို့ ဖတ်ကြည့်တာ၊ ဘာမှအဓိပ္ပါယ်မရှိတဲ့ အချစ်အကြောင်းတွေပဲ"

"အဟင်း ရှင်က အချစ်ကဗျာတွေကို မကြိုက်လို့ထင်တယ်"

ခက်တော့ ခက်နေပြီ။ တစ်ယောက်တည်း နေချင်ပါသည်ဆိုမှ မေ့ျသာလိကာနှင့် လာတိုးနေသည်။ အကောင်းဆုံးက သူ ဒီမှာ ဆက်မထိုင်လျှင် ပိုအဆင်ပြေလိမ့်မည် ထင်သည်။

ဆုံးဖြတ်ချက်နှင့် ကျောပိုးအိတ်လေး ဆွဲယူကာ သူ ထရပ်လိုက်မိတော့

"ဟင် သွားတော့မလို့လား"

"ခင်ဗျား တော်တော် စကားများတဲ့မိန်းကလေးပဲ၊ ကျွန်တော့်ဘာသာ တစ်ယောက်တည်းနေချင်တာ ခင်ဗျားကြောင့် ပျက်စီးသွားပြီ၊ ဒါ ခင်ဗျားဘာသာနေခဲ့ပါတော့"

စကားသံအဆုံးမှာ တံတိုင်းခ ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူက ဘယ်လိုဖြစ်ကျန်ရစ်ခဲ့မည် မသိပါ။

သူ့မှာတော့ မကြည်လင်သော စိတ်တွေနှင့် ညနေခင်းလေးသည့် ခအေးချမ်းတော့တာ အမှန်ဖြစ်သည်။

ကန်ဘောင်ကို လာခဲ့မိတာကိုက သူ့ရဲ့အမှားပါပဲ။

■ ■ ■

## အခန်း (၃)

"ဒေါက် ဒေါက်"

အခန်းတံခါးခေါက်သံကြောင့် စာကြည့်စားပွဲမှာ စာကျက်နေသည့် တံတိုင်းခ ခေါင်းမော့ကြည့်မိသည်။

"တံတိုင်း မင်းအိမ်က ဖုန်းလာနေတယ်"

စေ့ထားသော အခန်းတံခါးက ခေါင်းပြူပြီး ပြောလာသော နေရဲစကားကြောင့် တံတိုင်း မျက်မှောင်တွေ တွန့်ကျုံ့သွားရင်း

"ငါ အိပ်နေပြီလို့ ပြောလိုက်ကွာ"

"ဟာ-မကောင်းဘူးထင်တယ်၊ ငါက မင်းစာကျက်နေတယ်လို့ ပြောထားတာ၊ မင်း အဖေဆက်တာ"

"နေရဲ ငါပြောသလိုပဲ ပြောလိုက်ကွာ၊ ငါ ဘယ်သူနဲ့မှ စကား မပြောချင်ဘူး"

သူ ပြောတော့လည်း နေရဲ ဘာမှ ခွန်းတုံ့မပြန်ရှာဘဲ အခန်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို အသံပိတ်ကာ ထွက်သွားရှာသည်။

သူ ပင့်သက်ရှိုက်ရင်း စာကြည့်စားပွဲက ထရပ်လိုက်မိ၏။ ရာထဲကို အားရုံဝင်စားနေသော စိတ်လေးတွေ ချက်ချင်း ကြက်ပျောက် ငှက်ပျောက် ဖြစ်ကုန်ပြီ။

ခုတင်စွန်းမှာ ဝင်ထိုင်ရင်း လက်တွေက လှမ်းယူလိုက်မိတာ စီးကရက်ဘူးနှင့် မီးခြစ်ကိုဖြစ်သည်။

တစ်လိပ်ထုတ်ကာ မီးရှိုက်ဖွာပစ်မိပြန်သည်။ တကယ်ဆို ဆေးလိပ်ကို သူ စွဲလန်းစွာ သောက်တတ်ခဲ့တာ မဟုတ်ပါ။ စီးကရက် စ သောက်တတ်ခဲ့တာ ဆယ်တန်း ပထမနှစ်ကျပြီးကတည်းက ဖြစ်သည်။

သောက်ချင်သောဆန္ဒရှိလို့လည်း မဟုတ်ဘဲ ဒယ်ဒီရဲ့မိန်းမ ဒေါ်သဇင်နွယ်ကို အရွဲ့တိုက်ချင်စိတ်နှင့် သောက်ပြရင်း သောက်တတ်သွားခဲ့တာ ဖြစ်သည်။

အရက်၊ ဆေးလိပ်ကင်းသော ဒယ်ဒီက တားသည်။ ဒေါ်သဇင်နွယ်ကလည်း ချော့မော့တားခဲ့သည်။ ဒါပေမဲ့ နားမထောင်ဘဲ သူ တမင် ဆက်သောက်ပြခဲ့သည်။

သူ အရွဲ့တိုက်နေမှန်းသိတော့ ဒယ်ဒီ မတားတော့ဘဲ မသိကျိုးကျွံနေခဲ့သည်။ စီးကရက် စွဲသွားသော သူကတော့ ယခုချိန်အထိ ဆက်သောက်ဖြစ်နေဆဲ။

အခန်းထဲကို ဝင်လာသော နေရဲ မျက်နှာက သူ စီးကရက်သောက်နေတာ မြင်ကတည်းက မှဲ့သွားခဲ့သည်။ ပြီးတော့ အခန်းထဲအထိ လျှောက်လာရင်း စာကြည့်စားပွဲက ထိုင်ခုံမှာ ဝင်ထိုင်၏။

"မင်းဒယ်ဒီက မင်းအတွက် စိုးရိမ်ပြီး ဖုန်းဆက်တာ"





နေရဲ စကားကို အရေးမစိုက်သလို သူ စီးကရက်ကိုပဲ ဖွာရှိုက်နေလိုက်သည်။ နေရဲကတော့ ဆက်ပြောနေဆဲ။

"မင်း နေမကောင်းဘူးလို့ အိပ်မက်မက်လို့တဲ့"

သူ့ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရတာတော့ အမှန်ပဲဖြစ်သည်။ ဒယ်ဒီက သူ့အတွက် စိုးရိမ်ပေးနေသေးသည်ပေါ့။ တကယ်ဆို သူလည်း ဒယ်ဒီ့ကို သတိရမိတာပဲဖြစ်သည်။ ဒါပေမဲ့ ဒေါ်သဇင်နွယ်ရဲ့မျက်နှာကို မမြင်မတွေ့ချင်တာကြောင့် ရန်ကုန်မြို့တစ်မြို့တည်းနေတာတောင် သူ မရောက်ခဲ့ပါ။

ဒယ်ဒီကတော့ တစ်လကို နှစ်ခါလောက် သူ့ဆီရောက်အောင် လာတတ်ပါသည်။

"တံတိုင်း မင်းအမေ အဲ မိထွေးကို မင်းသဘောမကျတာက သပ်သပ် တစ်ပိုင်းပေါ့ကွာ၊ မင်းဒယ်ဒီဆီကိုတော့ မင်းတစ်လတစ်ခါ လောက် သွားသင့်တယ်လို့ ငါ ထင်တယ်"

နေရဲ အမြဲတမ်း တိုက်တွန်းနေကျစကားကို သူ ကြားရပြန်သည်။ နှုတ်က ခွန်းတုံ့မပြန်ဖြစ်ဘဲ သူ စီးကရက်ကိုပဲ ဖွာရှိုက်နေလိုက်၏။

"မင်းတို့မှာ ဒီသားအဖနှစ်ယောက်ပဲ ရှိတာလေ၊ ဘာပဲဖြစ်ဖြစ် ချစ်ချစ်ခင်ခင်တော့ ရှိသင့်တယ်"

သူ့နှုတ်ခမ်းတွေ တစ်ချက်မဲ့ကျသွားရင်း စီးကရက်တိုကို ခုတင်ဘေးက ပြာခွက်ထဲ ထိုးချေပစ်လိုက်သည်။

"မင်း ငါ့ကိုအကြံပေးနေတာ ငါသိတယ် နေရဲ၊ ဒါပေမဲ့ မင်း ဘာမှမသိပါဘူးကွာ၊ ငါ့မှာက ငါ့အကြောင်းနဲ့ငါပါ"

"မင်းအကြောင်းက ဘာမို့လဲ၊ ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



နေရဲ မေးလာတော့လည်း နတ်က မပြောချင်ပါ။ ရင်မှာဖြစ်တည်နေသော ခံစားချက်တွေကို မျှိုသိပ်ထားတတ်ခဲ့တာကြာပြီ။

"နေရဲ မင်းဘာသာ ငြိမ်းငြိမ်းချမ်းချမ်းနေပါကွာ၊ ငါ့ခံစားချက်တွေကို မင်း ဘာကူညီနိုင်မှာမို့လဲ"

"မဟုတ်ဘူးလေကွာ မင်းရင်ဖွင့်လိုက်တော့ သက်သာသွားအောင်ပါ"

တံတိုင်းခ မဲ့ခနဲ ပြုံးရင်း စားပွဲပေါ်က စီးကရက်ဘူးကို လှမ်းယူတော့ နေရဲ ပခုံးတွန့် ခေါင်းခါသည်။

"မင်း အဲဒီစီးကရက်တွေပဲသောက်နေ အဆုတ်ကင်ဆာဖြစ်ပြီး သေလိမ့်မယ်"

"ကောင်းတာပေါ့ကွာ ငြိမ်းချမ်းသွားတာပေါ့"

ခပ်ရွှဲရွှဲပြောရင်း သူ စီးကရက်ကို မီးညှိဖွာရှိုက်မိသည်။ နေရဲ စိတ်ပျက်သလို ထိုင်ခုံက ထရပ်၏။

"ကဲ ပြောမရရင်လည်း မင်းထိုက်နဲ့မင်းပဲကွာ"

နောက်ဆုံးတော့ နေရဲ သူ့အနားက အလျှော့ပေးထွက်သွားခဲ့သည်။ သူကတော့ စီးကရက်ကို ဖွာရှိုက်ရင်း ကျန်ရစ်ခဲ့သည်။

အာရုံထဲမှာတော့ ဒယ်ဒီရဲ့ပုံရိပ်တို့က တည်ရှိနေဆဲ။

မဝေးသော အတိတ်တစ်ခုမှာတုန်းက ဒယ်ဒီနှင့်သူတို့နှစ်ဦးဘဝလေးသည် အေးချမ်းခြင်းတွေနှင့် ပြည့်နှက်နေခဲ့သည်။

ကုမ္ပဏီတာဝန်တွေနှင့် ဒယ်ဒီသည် အချိန်ပြည့် မအားနိုင်အောင် ရှိနေပေမယ့်လည်း သူ့ကိုတော့ ဂရုစိုက်ခဲ့သူဖြစ်သည်။ အိမ်ဖော်ဒေါ်ကြိုင်နှင့် မစိမ်းတို့နှစ်ယောက်က သူ့ဝေယျာဝစ္စမှန်သမျှ မလစ်ဟင်း





ရအောင် တာဝန်ယူပေးသည်။

ခြံစောင့်ကြီး ဦးမော်နှင့်သူ့ကို ကျောင်းပို့ကြို တာဝန်ယူထားသော ဦးစိုးကြီးကလည်း သူ့ကို ဂရုတစိုက်ရှိခဲ့ကြသည်။

မာမီ မရှိတော့ပေမယ့် ဒယ်ဒီသည် သူ့အတွက် ဘာမှလိုအပ်ချက်မရှိရအောင် ပြည့်စုံစေခဲ့သည်။

ဒယ်ဒီ အလုပ်နားသည့်နေ့တွေမှာလည်း သူ့အတွက် အချိန်ပေးကာ နွေးထွေးကြင်နာခဲ့သည်။ ဒယ်ဒီနှင့်အတူ သွားချင်သည့်နေရာတွေကို လည်ပတ်ခဲ့ရတာ သူ ဘယ်တော့မှ မမေ့ခဲ့ပါ။

တစ်လလျှင် နှစ်ကြိမ်လောက်တော့ ဒယ်ဒီသည် သူ့ကို ကစားကွင်းတွေ လိုက်ပို့ပေးတတ်သည်။ စားချင်တာတွေ လိုက်ကျွေးမွေးတတ်ခဲ့၏။ ဒယ်ဒီရဲ့ယုယကြင်နာမှုတွေကို သူ ပြည့်စုံစွာ ပိုင်ဆိုင်ခဲ့၏။

ဒါပေမဲ့ သူ အထက်တန်းကျောင်းသားဘဝရောက်တော့ ထိုအခွင့်အရေးတွေကို အရင်လောက် ပိုင်ဆိုင်ခွင့်မရခဲ့တော့ပါ။

"သားက ကလေးမဟုတ်တော့ဘူးလေကွာ၊ အခုပဲ ကိုးတန်းကျောင်းသားကြီးဖြစ်နေပြီ စာကြိုးစားပါကွ ပြီးတော့ ဒယ်ဒီလည်း အလုပ်တွေရှုပ်နေလို့ပါ သားရယ်"

ဒယ်ဒီနှစ်သိမ့်ခဲ့သော စကားတွေကို သူ ယုံကြည်ခဲ့သည်။ ဒါပေမဲ့ ဒယ်ဒီရဲ့ပေးဆပ်မှုတွေ သူ့အပေါ်လျော့ကျသွားခဲ့ခြင်းက တစ်စုံတစ်ယောက်ကြောင့်ဟု သူ နောက်မှသိခဲ့ရတာ ဖြစ်သည်။

ဒေါ်သဇင်နွယ် ဆိုသော မိန်းမတစ်ယောက် အိမ်ကို ဒယ်ဒီနှင့်အတူ မကြာခဏ ပါလာတတ်ကတည်းက သံသယဝင်ခဲ့သည်။ ဒယ်ဒီကတော့ သူနှင့်စီးပွားဖက်မိတ်ဆွေဟု ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဇင်နွယ် အိမ်ကို ဆယ်ကြိမ်လောက် ဝင်ထွက်ရောက်ရှိပြီးချိန်မှာတော့ ဒယ်ဒီက လက်ထပ်တော့မည်ဟု သူ့ကိုပြောလာတော့သည်။

"သဇင်နွယ်နဲ့ဒယ်ဒီတို့ လက်ထပ်တော့မယ် သား။ သားအတွက်လည်း သူက မိခင်ကောင်းတစ်ယောက် ဖြစ်လာမှာပါ"

"ဟင့်အင်း ဒီမိန်းမကြီးက သားမေမေမှ မဟုတ်ဘဲ ဒယ်ဒီ"

"မဟုတ်သေးဘူးလေ သားရဲ့၊ မိခင်ရင်းမဟုတ်ပေမယ့် သားအတွက် မိခင်ကောင်းပါ၊ သားကို သူက ချစ်ပါတယ်"

"သားကတော့ မိထွေးကို အမေ မတော်နိုင်ဘူး ဒယ်ဒီ၊ ချစ်လည်း မချစ်နိုင်ဘူး"

သူ့ဘက်က ယတိပြတ် ငြင်းဆန်ခဲ့ပေမယ့် ဒယ်ဒီက ဒေါ်သဇင်နွယ်ကို လက်ထပ်ခဲ့သည်။ အိမ်ပေါ်အထိ ဒေါ်သဇင်နွယ် ရောက်လာချိန်မှာတော့ သူ ဝမ်းနည်းနာကျင်မိသည်။

သူ့ဆန္ဒတွေကို လျစ်လျူရှုပြီး ဒယ်ဒီ ပြုစုခဲ့ခြင်းအတွက် ရင်ထဲမှာ ကြေကွဲခဲ့ရ၏။

ဒေါ်သဇင်နွယ်ကို မြင်တိုင်း မာမီ့ကို သတိရဝမ်းနည်းစိတ်နှင့် သူ ရင်နာရသည်။ ဒယ်ဒီ့ရင်ထဲက မာမီ့ကို အပြီးအပိုင် မေ့ပစ်လိုက်ခြင်းဆိုတာ သူ နားလည်လိုက်ပါသည်။

အိမ်ပေါ်အထိ ရောက်လာသော ဒေါ်သဇင်နွယ်ကို သူ့ဘက်က ခါးသီးစွာပဲ ဆက်ဆံခဲ့သည်။ ဒယ်ဒီကိုလည်း အရွဲ့တိုက်ကာ သူ ပေဖောတေတေ နေခဲ့သည်။

အကျိုးဆက်က ထိုနှစ်မှာ သူ ဆယ်တန်းစာမေးပွဲကျရှုံးခဲ့သည်။





"သား မင်း ဒီလောက်အထိ ပေတေနေမယ်လို့ ဒယ်ဒီ လုံးဝ မထင်ဘူး။ ကျန်တာကို ဒယ်ဒီ ခွင့်လွှတ်နိုင်ပေမယ့် ပညာရေးနဲ့ပတ်သက်တာတော့ ဒယ်ဒီ ခွင့်မလွှတ်နိုင်ဘူး၊ လောကမှာ ပညာတတ်မှ လူရာဝင်မှာကွ၊ အတတ်ပညာ အသိပညာ ကြွယ်ဝမှ မင်းအနာဂတ်ကို မင်း ဘည့်တည့်မတ်မတ် ရှင်သန်လျှောက်လှမ်းနိုင်မှာ"

မထင်မှတ်ဘဲ သူ ဆယ်တန်းကျရှုံးတော့ ဒယ်ဒီ သူ့ကို ကြပ်မတ်စွာ ကိုင်တွယ်ခဲ့သည်။

သူ့ပညာရေးအတွက် စာသင်ဝိုင်းတစ်ခုမှာ ကျောင်းအိပ်ကျောင်းစား ပို့ပေးခဲ့သည်။ တစ်လမှ တစ်ရက်သာ အိမ်ပြန်ခွင့်ရသော ထိုအခြေအနေကို သူကလည်း ကျေနပ်သဘောကျခဲ့သည်။

ဒေါ်သဇင်နွယ်နှင့် မျက်နှာချင်းမဆိုင်ရသောနေရာမှာပဲ သူ နေချင်သည်။

ထိုနှစ်က ဆယ်တန်းကို ဂုဏ်ထူးငါးဘာသာနှင့် သူ အောင်မြင်ခဲ့သည်။

"သားလေးက တော်လိုက်တာ၊ ဆေးအမှတ်မီမှာပေါ့၊ ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားနော်"

သူ့ကိုချီးကျူးစကားတွေနှင့် ဆိုနေသော ဒေါ်သဇင်နွယ် စကားသံတွေကို သူ မကြားယောင်ပြုခဲ့သည်။ ဒယ်ဒီကိုလည်း သူ ရဲဝံ့စွာပဲ တောင်းဆိုခဲ့၏။

"ဒယ်ဒီ ကျွန်တော် ဆေးကျောင်းမတက်ချင်ဘူး"

"ဘာကွ ဘာကိုစွမတက်ချင်ရတာလဲ"

"ကျွန်တော်မှ ဝါသနာမပါတာ၊ ဆေးကျောင်းတက်ပြီး လူတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



နှပ်ဖမ်းမလုံးချင်ဘူး ကျွန်တော် စီးပွားရေးတက္ကသိုလ်ပဲ တက်မယ်''

''အဓိပ္ပါယ်မရှိတာ၊ မင်း ကြိုးစားထားလို့ ဒီတွေ ထွက်ထားတာပဲ ဆေးအမှတ်မီနေရက်နဲ့ မတက်ဘူးဆိုတာ မဟုတ်သေးဘူး''

''ကျွန်တော် စီးပွားရေးဘွဲ့ပဲ လိုချင်တယ် ဒယ်ဒီ၊ ဘွဲ့ရပြီးရင်လည်း ဒယ်ဒီရဲ့အလုပ်တွေကို ဦးဆောင်လုပ်မယ်''

သူ့ရည်ရွယ်ချက်က အချိန်တန်လျှင် ဒယ်ဒီ့ရဲ့လုပ်ငန်းတွေကို လွှဲယူပြီး ဦးဆောင်နိုင်ဖို့ပဲဖြစ်သည်။ ဒယ်ဒီ ပိုင်ဆိုင်မှုတွေကို မိထွေးတော်က လက်ဝါးကြီးအုပ်သွားမှာ မခံနိုင်ပါ။

''ကဲပါ ကိုဆက်ရယ် သားဆန္ဒရှိတာကို ခွင့်ပြုလိုက်ပါ''

''ကောင်းပြီ သား၊ သားဆန္ဒကို ဒယ်ဒီ ခွင့်ပြုရမှာပေါ့''

ဒယ်ဒီက ခွင့်ပြုခဲ့သည်။ သူကလည်း အဆောင်မှာ ကျောင်းတက်ခွင့်ကို ထပ်တောင်းဆိုသည်။ ဒယ်ဒီကို မခွဲချင်ပေမယ့် နေ့စဉ်မြင်တွေ့နေရမည့် မျက်နှာတစ်ခုကို သူ မမြင်ချင်ပါ။

''မဟုတ်သေးဘူးထင်တယ် သား၊ အိမ်ကပဲ ကျောင်းတက်တာလည်း အဆင်ပြေတာပဲကွာ''

''တက္ကသိုလ်ကျောင်းသားဘဝကို ကျွန်တော် ပျော်ပျော်ရွှင်ရွှင်လွတ်လွတ်လပ်လပ် ဖြတ်သန်းချင်တယ် ဒယ်ဒီ''

သူနှင့်ဒယ်ဒီ့ဇနီးဒေါ်သဇင်နွယ်ကြားမှာ အမြင်မကြည်လင်မှုတွေရှိနေတာကို ဒယ်ဒီ သိထားသည်။ ဒယ်ဒီ ဘယ်လောက်ပဲ ညှိနှိုင်းညှိနှိုင်း နှစ်ဦးကြားမှာ ပြေလည်မှုတွေ ရှိမလာတာ ဒယ်ဒီ သိနေပြီး

နောက်ဆုံးတော့ သူ့ဆန္ဒကို ဒယ်ဒီ ခွင့်ပြုခဲ့သည်။ ဒါပေမဲ့ ပထမနှစ်ဝက်လောက်ပဲ သူ အဆောင်မှာ နေခဲ့ရသည်။





ဒယ်ဒီက သူ့အတွက် အဆင်ပြေအောင် စီစဉ်မှုပေးလာခဲ့၏။

''သား အဆောင်မှာထက်စာရင် ပိုပြီး သားအတွက်အဆင်ပြေ လွတ်လပ်မယ့် အစီအစဉ်ကို ဒယ်ဒီ စီစဉ်ပေးထားတယ်''

ဒယ်ဒီက သူ့အတွက် နှစ်ထပ်တိုက်ပုလေးနှင့် ခြံလေးကို ဝယ်ယူပေးခဲ့၏။ ဘာပဲဖြစ်ဖြစ် ဒယ်ဒီ့ရဲ့အစီအစဉ်ကိုလည်း သူ လက်ခံခဲ့သည်။ ဒယ်ဒီ့အနားမှာ ဒေါ်သဇင်နွယ် ရှိနေသမျှတော့ သူလည်း မနေချင်ခဲ့ပါ။

ဒယ်ဒီ ဝယ်ပေးသော ခြံလေးမှာ သူ နေဖြစ်တော့ အဆောင်မှာ အတူနေရင်း ခင်မင်နေသော နေရဲကိုလည်း ခေါ်ခဲ့သည်။

''အဆောင်ထက်စာရင် အဆင်ပြေတာပေါ့ကွာ၊ ဟို ဒါပေမဲ့ ဖြစ်ပါ့မလား မင်းမိဘတွေက''

''ဘာမှပြဿနာမရှိဘူး၊ ငါ ဒယ်ဒီ့ကိုပြောပြီးပြီ၊ ဒယ်ဒီက ခွင့်ပြုတယ်''

''အဆောင်ခ သက်သာတော့ ငါ့အတွက် အသုံးငွေတောင် ပိုထွက်သေးတာပဲ၊ ကျေးဇူးတင်ပါပဲ တံတိုင်းရာ''

''အေး မင်းစားရေးသောက်ရေးအတွက်လည်း မပူနဲ့၊ ထမင်းချိုင့်ဆွဲစားမှာ''

''ဟား ဒီလောက်အထိ အဆင်ပြေနေမှတော့ ငါ ဘာပြောင်းစရာ ရှိသေးလဲကွာ''

နေရဲက သူနှင့်အတူ လိုက်နေသည်။ ဒယ်ဒီက သူ့အတွက် ကားတစ်စီးပါ စီစဉ်ပေးခဲ့သည်။

ခြံကိုလည်း တစ်ပတ်တစ်ခါ လာရှင်းပေးမည့် မာလီရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား လျှော်ဖွပ် ဖာထေးရက်စွတွေအတွက်လည်း တစ်ပတ်တစ်ရက် ရှင်းလင်းပေးမည်သူ လွတ်ပေးသည်။

စနစ်တကျ လိုလေသေးမရှိ ပြည့်စုံသော အစီအမံတွေသည် ဒယ်ဒီ့ရဲ့အစီအမံတွေလား ဒေါ်သဖင်နွယ်ရဲ့အစီအမံတွေလားတော့ သူ မသိပါ။

ဘာပဲဖြစ်ဖြစ် သူ့အတွက်တော့ အဆင်ပြေ ပြည့်စုံနေခဲ့တာ အသေအချာပဲဖြစ်သည်။ ဒယ်ဒီရဲ့အိမ်ကို သူ မရောက်ခဲ့ပေမယ့် ဒယ်ဒီကတော့ သူ့ဆီကို အမြဲရောက်တတ်၏။

သူ့ဘက်ကတော့ ဒေါ်သဖင်နွယ်နှင့်မျက်နှာချင်းမဆိုင်ချင်တာကြောင့် ကျောင်းပိတ်ရက်တွေမှာလည်း အကြောင်းအမျိုးမျိုးပြကာ တစ်နေရာရာကို ရှောင်ထွက်သွားတတ်စမြဲ။

ကျောင်းပိတ်လျှင် တောင်ငူကို ပြန်သော နေရဲတို့အိမ်မှာပဲ သူ နွေရာသီကို ကုန်ဆုံးတတ်ခဲ့သည်။

သူနှင့်ဒယ်ဒီကြားမှာ မပြတ်တောက်နိုင်သော သံယောဇဉ်တွေက ဒေါ်သဖင်နွယ် မရှိမှဘဲ နီးစပ်နိုင်မည်ထင်၏။

အခုချိန်မှာတော့ ဒယ်ဒီရဲ့မေတ္တာအရိပ်ကို သူ ဥပေက္ခာပြုထားခြင်းအတွက် ခွင့်လွှတ်ပါ ဒယ်ဒီဟုပဲ အဝေးက တောင်းပန်ရတော့မည်။

တစ်နေ့မှာ သူ မျှော်လင့်နေသော အိပ်မက်လေးတစ်ခုကိုတော့ မက်ခွင့်ရချင်သေးသည်။

သူ့ရင်ထဲက ဆန္ဒတွေကို ဒယ်ဒီ နားလည်နိုင်မည်လား။

■ ■ ■



## အခန်း (၄)

"ဟင် ဒီကျောပိုးအိတ်က မင်းအသစ်ဝယ်လိုက်တာလား ဘဲတိုင်း"

သူ့အခန်းထဲက ကျောပိုးအိတ်အသစ်လေး လွယ်ကာ ထွက်ခဲ့တော့ နေရဲ အံ့ဩသလို ကြည့်ကာမေး၏။

"အေး ဟုတ်တယ် မနေ့ကပဲ ဝယ်လိုက်တာ"

"ဟာကွာ ငါတို့အတူဝယ်ထားတဲ့ ကျောပိုးအိတ်လေးက အသစ်ကြီးပဲရှိသေးတာကို"

"အေး မင်းနဲ့အရောင်တူနေလို့ တမင်ဝယ်လိုက်တာ နေရဲ ဟိုတစ်နေ့က ကျောပိုးအိတ်မှားတာမျိုး ထပ်ဖြစ်မှာစိုးလို့"

"ဟာကွာ မှားလည်း ပြန်လဲလို့ရတာကို"

"လဲလို့ရတာက နောက်မှ၊ မင်းအိတ်ထဲ ပါလာတဲ့ ကဗျာစာချပ်တွေကို ငါ ဘယ်နေ့လွှင့်ပစ်မိမလဲမသိဘူး၊ ဒါကြောင့် တမင်အရောင်



www.burmeseclassic.com

www.burmeseclassic.com



မတော့ဘာကို ဝယ်လိုက်တာ''

နေရဲ ပခုံးတွန့်ကာ ဘာမှမပြောတော့ပါ။ သူကတော့ ထိုအကြောင်းကို တွေးမိကာ မြင်ယောင်မိတာ ကန်ဘောင်မှာ ဆုံခဲ့သောကောင်မလေးကိုပဲ ဖြစ်သည်။

ရုပ်ကလေးချောမောသလောက် စကားများလွန်းသည့် သာလိကာမလေးကတော့ သူ့ကို လူမှုရေးခေါင်းပါးသူဟု ထင်သွားလောက်၏။

''ဟော့ကောင် ဒီနေ့ မင်း ကျောင်းတက်မှာမဟုတ်လား''

သူ မေးတော့ ဂျယ်လိမ်းထားသော ဆံပင်ထောင်ထောင်တွေကို လက်နှစ်ဖက်နှင့် ရွရွလေး သပ်တင်နေသည့် နေရဲ ပြုံးဖြီးဖြီး လှည့်ကြည့်ရင်း

''မနက်ပိုင်းတစ်ချိန်ပဲ တက်ဖြစ်မယ်၊ ပြီးရင် ကိစ္စတစ်ခု ချိန်းထားလို့ကွ''

ဘာကိစ္စလဲဟု မမေးကြည့်ဘဲ သူ သိသည်။ နေရဲ သူ့ကောင်မလေးနှင့် ချိန်းထားတာပဲ ဖြစ်မည်ထင်သည်။

''မင်း ကျောင်းပျက်ရက်တွေ များနေပြီနော် နေရဲ၊ စာမေးပွဲနီးမှ ကယ်ပါယူပါ မလုပ်နဲ့''

''အေးပါကွာ ညနေပိုင်းတော့ ပြန်တက်မှာပါ၊ အခုကိစ္စက အရေးကြီးလို့ပါ''

''တော်စမ်းပါ ကျောင်းသားအတွက် စာကလွဲပြီး ဘာက အရေးကြီးမှာလဲ၊ ငါ မသိဘူးများထင်လို့လား ကဲ သွားမယ်''

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားဆီကို သူ လျှောက်ခဲ့တော့ နေရဲ နောက်ကပဲ တိတ်တဆိတ် လိုက်လာသည်။





ဒယ်ဒီ ပေးထားသည့် ကားလေးရှိနေခြင်းက သူ့အတွက်တော့ အဆင်ပြေနေသည်။ ကျောင်းသွား ကျောင်းပြန် နေရဲနှင့်သူ့အတွက်တော့ လိုအပ်တာ အမှန်ပဲဖြစ်သည်။

''တံတိုင်း ဗိုက်ဆာတယ်ကွာ၊ ကင်တင်းနဲ့မှာ တစ်ခုခုသွားစားရအောင်''

''မင်းကတော့ လုပ်ပြီ ဗိုက်ဆာရင် မနက်ကတည်းက စောစောထပြီး အိမ်မှာစားလို့ ရတာပဲ''

''ဟာကွာ မင်းကလည်း ကော်ဖီနဲ့ကိတ်တွေ ပေါင်မုန့်တွေပဲ မနက်တိုင်း စားနေရတော့ ငြီးငွေ့တာပေါ့''

''အကြောင်းပြမနေနဲ့ မင်း အအိပ်မက်ချင် မက်တယ်ပြောစမ်းပါကွာ၊ ကဲ အတန်းချိန်က နီးနေပြီ၊ မြန်မြန်စားပြီး သွားကြမယ်''

တံတိုင်းခ ပြောရင်း ကင်တင်းနဲ့ဘက်ကိုပဲ ကားကို ဦးတည်မောင်းနှင်လိုက်သည်။ ကင်တင်းနဲ့ရောက်တော့ နေရဲ ထမင်းကြော်နှင့်ကော်ဖီ မှာသောက်သည်။

တံတိုင်းကတော့ ဘာမှမစားဖြစ်တော့ပါ။ မနက်ကပဲ အိမ်မှာ ကိတ်နှင့်ကော်ဖီ စားသောက်ခဲ့ပြီးပြီ။

''ဟယ် နေရဲ''

စူးခနဲ အသံနှင့်အတူ သူတို့စားပွဲရှေ့မှာ ရပ်လာသော မိန်းကလေးတစ်ယောက်ကြောင့် တံတိုင်းခ မျက်မှောင်ကြီးကုပ်သွားသည်။ နေရဲဆိုသည့်ကောင်ကတော့ မျက်နှာကြီးပြုံးချိုလို့။

''ဟော ရွှေရည် မုန့်လာစားတာလား''

''အေး စားပြီးပြီ ဟိုပိုင်းမှာ ထိုင်နေတာ၊ နင်တို့ဝင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ပါတယ်''

''ဟုတ်လား အေးဟာ ဗိုက်ဆာလို့ ကင်တင်းနဲ့ထွက်လာတာ၊ နင် ဘာစားမလဲ ထိုင်လေ ရွေ့ရည်''

နေရဲ လောကွတ်တွေပိုနေတာကြည့်ရင်း တံတိုင်းခကတော့ အလိုမကျစွာ မျက်မှောင်ကြီးကုပ်ထားဆဲရှိသည်။ ဒီကောင်နှင့် ကင်တင်းနဲ့မှာ အတူမထိုင်ချင်တာ အဲဒါတွေကြောင့်ပဲဖြစ်သည်။

မထိုင်လိုက်နှင့် ထိုင်လိုက်တာနဲ့ ရောက်လာတတ်သော မိန်းကလေးတွေက တစ်ယောက်မဟုတ် နှစ်ယောက်မကပါ။

''မထိုင်တော့ဘူး နေရဲ ငါ ချိန်းထားတာလေးရှိလို့ သွားမယ်နော် အဟင်း တံတိုင်းခ ခွင့်ပြုပါဦး''

တမင် ဘာမှမပြော မကြည့်ဘဲနေသည့် သူ့ကိုတောင် မဆီမဆိုင် နှုတ်ဆက်သွားသေးသည်။ တကယ်ဆို ထိုမိန်းကလေးကို သူမသိ မကျွမ်းဝင်တာ အမှန်။

''ဘယ်လို မိန်းကလေးလဲ၊ ငါ သူ့ကိုမသိဘူး''

''မင်းကမသိပေမယ့် သူက သိတာပေါ့ကွာ၊ အီကိုရဲ့ကင်းပဲ မသိတဲ့မိန်းကလေး ရှိပါ့မလားကွ''

''ဟော့ကောင် နေရဲ၊ အပိုတွေ ပြောမနေနဲ့၊ မင်းနဲ့အတူ မထိုင်ချင်တာ အဲဒါတွေကြောင့်ပဲ၊ မိန်းကလေးမြင်တိုင်း လောကွတ်ချော်နေတာတွေကိုပဲ ငါ မကြိုက်တာ''

''ဟာကွာ မင်းကလည်း ဟိုကလာနှုတ်ဆက်နေတာကို အလိုက်အထိုက်တော့ ဆက်ဆံရမှာပေါ့၊ လူမှုရေးသဘောပေါ့ကွာ''

''ဘာလူမှုရေးမှ လုပ်မနေနဲ့၊ မြန်မြန်စား မြန်မြန်လစ်မယ်''





''အေးပါကွာ ခဏလေး''

နေရဲ ပြောပြီး ထမင်းကြော် ငုံ့စားနေတုန်းမှာပဲ သူတို့စားပွဲဝိုင်းကို မိန်းကလေးနှစ်ယောက် ရောက်လာပြန်သည်။

''နေရဲ တို့ထိုင်မယ်နော်''

ခွင့်တောင်းသံက နောက်ကျနေခဲ့ကာ လွတ်နေသော ထိုင်ခုံတွေမှာ နှစ်ယောက်စလုံး ဝင်ထိုင်ပြီးဖြစ်နေသည်။ နေရဲ သူ့ကိုတစ်ချက် လှမ်းကြည့်ကာ မျက်နှာချိုသွေး ပြုံးပြသေး၏။

''ဩော် ချစ်စု နင်တို့ ကလပ်စ် လစ်လာကြတာလား''

''အေးဟာ ဒီနေ့ စာသင်ချင်စိတ်မရှိလို့ အဟင်း နင်နဲ့တံတိုင်းခတို့တွေ့လို့ ဝင်လာတာ''

သူ့ကိုကြည့်ကာ ပြုံးပြနေသော ချစ်စုကိုတော့ သူ မျက်မှန်းတန်းမိပြီးသားပါပဲ။ ဒါပေမဲ့လည်း တရင်းတနှီး မရှိခဲ့တာမို့ ပြန်ပြုံးပြဖို့တောင် သူ အာရုံမရှိခဲ့ပါ။

''နေရဲ နင့်လူက မာနကြီးလိုက်တာ အဟင်း တစ်ကျောင်းတည်းသားတွေပဲဟာ၊ ခင်မင်ချင်လို့ မိတ်ဆက်ပေးစမ်းပါဦး''

သူ့ကို ရှေ့မှာထားပြီး မျက်နှာပြောင်တိုက် မိတ်ဆက်ခိုင်းနေသည့် မိန်းကလေးတွေကိုတော့ တံတိုင်း စိတ်ပျက်နေပြီ။ နေရဲဆိုသည့်ကောင်ကလည်း အလိုက်ကမ်းဆိုးမသိတော့ အခက်။

''မဟုတ်ပါဘူးဟာ တံတိုင်းက ဒီလိုပဲ အနေတည်တတ်လို့ပါ၊ တံတိုင်း သူတို့က ချစ်စုနဲ့ နဒီလှိုင်း တဲ့''

တံတိုင်း ဘယ်လိုမှ သည်းမခံနိုင်တော့သလို ကျောပိုးအိတ်လေးကို ဆွဲယူပြီး ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေရဲ့ မင်းနေချင် နေခဲ့တော့ ငါတော့ အတန်းပျက်မခံနိုင်ဘူး သွားပြီ"

"ဟာ တံတိုင်း နေ နေပါဦး"

နေရဲ့ လှမ်းတားပေမယ့် တံတိုင်း တစ်ချက်လေးတောင် ပြန်ငဲ့မကြည့်တော့ပါ။ ရပ်ထားသော ပရာဒိုကားဆီသို့ ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်သွားသည်။

မျက်စိမျက်နှာပျက် ကျန်ရစ်ခဲ့သော ချစ်စုနှင့်နဒီလှိုင်းကို နေရဲ အားတုံ့အားနာကြည့်ကာ ဘာမှမပြောနိုင်ခဲ့။

တံတိုင်းခကတော့ ပရာဒိုကားလေးကို မောင်းထွက်ကာ ထွက်သွားခဲ့လေပြီ။

■ ■ ■

"အဲဒီလူနာမည်က ဘယ်သူလဲ နန်းရီ"

"တံတိုင်းခ တဲ့၊ ငါတို့ အီကိုရဲ့ကင်းလေ"

နန်းရီ အဖြေကို ပန်းသံစဉ် ခေါင်းလေးညိတ် အသိအမှတ်ပြုရင်း အဝေးရောက်သွားပြီဖြစ်သော ပရာဒိုကားလေးကို ငေးကြည့်နေမိသေး

ကင်တင်းနံကို ဒီနှစ်ယောက် ဝင်လာကတည်းက ပန်းသံစဉ် မျက်ဝန်းလေးတွေ ဝိုင်းစက်အံ့ဩသွားခဲ့တာ ဖြစ်သည်။ တစ်ကြိမ်မြင်မိရုံနှင့် မမှတ်မိစရာမရှိသော မျက်နှာကို ပိုင်ဆိုင်ထားသည့် သူ့အမည်က တံတိုင်းခတဲ့လား။

ချောမောတာကတော့ မင်းသားတစ်ပါးလိုပါပဲ။ မျက်ခုံး၊ မျက်ဝန်း၊ နှာတံ၊ နှုတ်ခမ်း ဘာမှ အပြစ်ဆိုစရာမရှိပါ။

နုဖတ်ရှင်းသန့်နေသော မျက်နှာနှင့်မလိုက်ဖက်အောင် အေး





စက် မာတင်းနေပုံကလည်း စွဲဆောင်မှုရှိသည်။

ဆိုင်ထဲကို ဝင်လာကတည်းက မျက်ဝန်းတွေက ပတ်ဝန်းကျင်ကို တစ်ချက်လေး မကြည့်ပါ။ ဒါ တမင်ပဲ ထွင်ထားသော စတိုင်လားတော့မသိ။

နန်းရီတို့နှင့် ထိုင်နေသော ပန်းသံစဉ်ကိုလည်း သူ မြင်တွေ့သွားပါ။ တကယ်မြင်တွေ့လျှင်တောင် မမှတ်မိချင်ယောင်ဆောင်သွားမှာ သေချာသည်။

"သံစဉ် တို့မေဂျာက ကင်းကို နင် စိတ်ဝင်စားသွားတာလား၊ လုပ်လိုက်နဲ့ဟာ တကယ့် မာနခဲနော်"

နန်းရီက သတိပေးသလို ပြောသည်။ ပန်းသံစဉ် နှုတ်ခမ်းလေးဆွေ လှုပ်ခတ်ရုံ ပြုံးမိသည်။

မာနခဲတဲ့လား။ ဘာတွေ မာနထောင်လွှားနေတာလဲ၊ ရှင်းသန့်ချောမောလွန်းသော ရုပ်ရည်ကြောင့်လား။ ပြည့်စုံချမ်းသာလွန်းတဲ့ အရှိန်အဝါကြောင့်လား။

သူ့ကို ကန်ဘောင်မှာ တစ်ခါဆုံဖူးကတည်းက ပန်းသံစဉ် မှတ်မှတ်ရရ ရှိနေခဲ့တာဖြစ်သည်။

သူ ထိုင်ခဲ့နေသော ခုံတန်းလေးမှာ သံစဉ် ခွင့်တောင်းထိုင်ခဲ့ဖူးသည်။ ကိုယ့်ဘက်က လူမှုရေးသဘောနှင့် နှုတ်ဆက်စကားပြောမိတာကို ဆူသလို မတာန်သလို ဆက်ဆံသွားခဲ့သည်။

လူမှုရေးတရား ခေါင်းပါးစွာ ဆက်ဆံပြုမူသွားပုံက သိပ်ကို ဆိုးလွန်းပါသည်။

"နေပါဦး ရုပ်တို့ပုဂ္ဂိုလ်က ဘာတွေ မာနကြီးနေတာလဲ ဂုဏ်ဒြပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဘယ်လောက် မြင့်မားနေလို့လဲ''

''ရုပ်ကတော့ သံစဉ် အမြင်ပဲလေ၊ မိဘတွေကလည်း ပြည့်စုံချမ်းသာတယ်၊ ဒါပေမဲ့ သူက တစ်ယောက်တည်းနေတာတဲ့၊ သူ့မိဘတွေက သူ့စိတ်တိုင်းကျ စီစဉ်ပေးထားတာ၊ ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူး၊ အခုချိန်ထိလည်း ချစ်သူမရှိဘူး''

''မချစ်တတ်တဲ့ ယောကျ်ားပေါ့''

သံစဉ် ဝေဖန်ချက်ကြောင့် နန်းရီ သဘောကျသလိုရယ်သည်။ ပြီးမှ သံစဉ်ကို ငေးငေးလေးကြည့်ရင်း

''သံစဉ်နဲ့တောင် တူနေမယ်ထင်တယ်''

''ဘာကို တူရမှာလဲ၊ အဲဒီလူလောက် သံစဉ် မာနမကြီးဘူး။ လူမှုရေး မခေါင်းပါးပါဘူး''

သံစဉ် မျက်နှာလေးမဲ့ကာ ငြင်းဆန်တော့ နန်းရီ ပြုံးမိပြန်ပါသည်။ အပြစ်ဆိုရက်စရာ မရှိအောင် ချောမောသော ပန်းသံစဉ် ဆိုတာလည်း နိုင်ငံခြားဘာသာတက္ကသိုလ်ရဲ့ ကွင်းတစ်ပါးပဲဖြစ်သည်။

မိဘနှစ်ပါးက မိုးကုတ်က ကျောက်တွင်းသူဌေးတွေဖြစ်ကာ တစ်ဦးတည်းသောသမီး သံစဉ် အလိုကျ ရန်ကုန်မှာ ကျောင်းတက်ခွင့်ပေးထားခြင်းဖြစ်သည်။

အဒေါ်အပျိုကြီးနှင့်အတူ ပန်းသံစဉ်ကို ရန်ကုန်မှာ ခြံနှင့်တိုက် ဝယ်ပေးထားသည်။ ပန်းသံစဉ် မိဘတွေကတော့ မန္တလေးမှာနေကြသည်။

''နန်း အခုမှ တွေ့ကြည့်မိတာပါ၊ သံစဉ်ကလည်း တစ်ဦးတည်းသောသမီးလေ၊ ရန်ကုန်မှာ ကျောင်းတက်နေတယ်၊ ပြီးတော့ တံတိုင်းခလိုပဲ သံစဉ်ကျောင်းမှာ သံစဉ်က အလှဘုရင်မ၊ ဒါပေမဲ့ အခုချိန်ထိ





ချစ်သူရည်းစားမရှိသေးဘူး၊ အဲဒါလည်း တူနေလို့''

''တို့ချစ်သူမရှိတာ စိတ်မဝင်စားလို့ မထားတာပါ၊ ရှင်တို့လူလိုမာနထောင်နေတာ မဟုတ်ဘူး''

''ဘယ့်နှယ် ရှင်တို့လူရမှာလဲ သံစဉ်ရဲ့၊ တံတိုင်းခနဲ့တို့က ဘာမှမပတ်သက်ပါဘူးနော်''

''တို့ပြောတာ နန်းတို့ကျောင်းက သူမို့ပါ''

''ဟုတ်ပါပြီ ကွင်းနဲ့ကင်းနဲ့ တူညီနေတာတွေက တိုက်ဆိုင်နေတာပြီ၊ မချစ်တတ်တဲ့ ကင်းနဲ့ကွင်း ဆုံတွေ့ပေးချင်လိုက်တာ''

နန်းရီ စကားကို သံစဉ် ခေါင်းလေးခါ မျက်နှာလေးမဲ့ချပစ်ရင်း

''ရှင်တို့ ပုဂ္ဂိုလ်နဲ့ သံစဉ် ဆုံဖူးပြီးပြီ''

''ဘယ်လို''

နန်းရီ တအံ့တသြ ဖြစ်သွားတော့ သံစဉ် ကန်ဘောင်မှာ ဆုံခဲ့သည့်အဖြစ်ကို ပြန်ပြောပြမိသည်။ နန်းရီ ခေါင်းလေးညိတ် နားထောင်နေခဲ့၏။

''အဲဒီကတည်းက ရှင်တို့ပုဂ္ဂိုလ်ကို ချဉ်သွားတာ သိလား၊ လူမှုရေးတရားခေါင်းပါးလွန်းတဲ့သူပဲ''

''အင်း ဒီအတိုင်းဆိုရင်တော့ သံစဉ်တို့နှစ်ယောက်ဖာတ်လမ်းက စိတ်ကူးယဉ်လို့တောင် မရတော့ဘူးပေါ့''

''တော်စမ်းပါ ဒီလိုယောကျ်ားမျိုး ဝေးသေးတယ် ကဲ နန်းရီ သို့ပြန်တော့မယ်၊ ရှင်လည်း သံစဉ်ဆီ လာလည်ဦးနော်''

''အင်း လာလည်ပါ့မယ် သံစဉ်၊ တစ်ရက်ရက်တော့ ရောက်မှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



နန်းရီကို နှုတ်ဆက်ပြီး သံစဉ် ပြန်ခဲ့တော့ တံတိုင်းခဆိုသော သူ့အကြောင်းတွေက အာရုံထဲ ကပ်ငြိပါလာသည်။

မိန်းကလေးတွေ နှစ်သက်ငေးမောလောက်အောင် တံတိုင်းခ ဆိုသည့်ယောကျ်ား ချောမောတာကိုတော့ လက်ခံပါသည်။ ဒါပေမဲ့ မာန်တက် ဂုဏ်မက်နေတတ်သော အေးစက်စက် မျက်နှာကိုတော့ လုံးဝ ကြည့်လို့မရပါ။

ကန့်ဘောင်တုန်းက လုပ်သွားသည့် လုပ်ရပ်ကို မမေ့သေး

## အခန်း (၃)

"မင်းကွာ တော်တော် အလုပ်ရှုပ်တဲ့ကောင်၊ ပစ္စည်းတစ်ခုဝယ်ဖို့ ရွေးနေတာ ပြီးပဲမပြီးနိုင်ဘူး မိန်းမကျနေတာပဲ"

ပလာဇာထဲက ထွက်သည်နှင့် တံတိုင်းခ၏မကျေမနပ် အပြစ်တင်သံတွေက ဆက်တိုက်ထွက်ကျလာသည်။

"မင်းကလည်း စိတ်မရှည်လိုက်တာကွာ၊ ပစ္စည်းဝယ်တာပဲကွ စိတ်ကြိုက်ရွေးဝယ်မှာပေါ့"

"ဟ ဝယ်မယ်ဆိုရင် ဘာဝယ်မလဲ အစောကြီးထဲက စဉ်းစားထားပေါ့ကွ၊ အခုတော့ ပလာဇာထဲရောက်မှ ဟိုဆိုင်ဝင် ဒီဆိုင်ဝင်နဲ့ လျှောက်ကြည့်စဉ်းစားနေတာ အကြာကြီး၊ ငါ တော်တော် စိတ်ရှည်အောင် သည်းခံနေရတာနော်"

တကယ်လည်း သူ နေ့ရဲ့အပေါ် ဒေါသတွေ ဆူဝေနေခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



အမှန်။ သူ ပလာဇာမှာ ဝယ်စရာရှိသည်ဆိုတော့ နေရဲကလည်း ဝယ်စရာ ရှိသည်ဆိုကာ လိုက်လာသည်။

ပလာဇာထဲရောက်တော့ သူ ဝယ်ချင်သော စာအုပ်တချို့နှင့် အဝတ်အစားနှစ်စုံ ဝယ်ဖြစ်သည်။ ထိုအချိန်ထိ နေရဲ ဘာမှမဝယ်သေး။ ဟိုငေးဒီငေး လျှောက်ကြည့်နေတုန်းပဲ ရှိသည်။

"ဟေ့ကောင် မင်း ဘာဝယ်မှာလဲ ဝယ်လေ"

"အေးပါကွာ ငါ စိတ်ကြိုက်ရွေးနေတာပါကွာ ခဏလေး"

နေရဲ ကြည့်နေတာတွေက မိန်းကလေး အသုံးအဆောင်ပစ္စည်းတွေရောင်းသည့်ဆိုင်မို့ သူ သံသယတော့ ဖြစ်မိသည်။ နောက်ဆုံး ဝယ်တော့လည်း မိန်းကလေး အသုံးအဆောင် ရင်ထိုးလေးတစ်ခု ဖြစ်နေ၏။

"ဘာလဲ အဲဒါကို မင်းဘာလုပ်ဖို့လဲ"

"သူငယ်ချင်းတစ်ယောက်မွေးနေ့မှာ လက်ဆောင်ပေးချင်လို့ပါကွာ"

ထိုကတည်းက သူ ချက်ချင်းသဘောပေါက်လိုက်ပါသည်။ နေရဲ၏ သူငယ်ချင်းဆိုတာ သူ့ကောင်မလေးပဲဖြစ်မည်။ မိန်းမတစ်ယောက်အတွက်ဆို ငွေကို ရေလိုသုံးသည့်ကောင်။

သူ့စိတ်ထဲကတော့ နေရဲ ငွေပြတ်လို့ လက်ဖြန့်တောင်းလာလျှင် မပေးဘဲ ပညာပေးလိုက်မည်ဟု တွေးထားခဲ့မိသေးသည်။

အလိုမကျသောစိတ်ဖြင့် ပလာဇာထဲကထွက်ခဲ့တော့လည်း သူ နေရဲကိုပဲ ဖိဟောက်နေခဲ့တာ ဖြစ်၏။

သူ ဘယ်လောက်နာအောင်ပြောပြော နေရဲဆိုသည့်ကောင်က





တော့ သူလိုချင်တာ ရသွားပြီမို့ အပြုံးမပျက် ရှိနေသည်။ ဒါကိုမြင်နေရတော့ သူ့စိတ်တွေ ပိုလို့တိုနေမိသည်။

"တံတိုင်း ငါတို့ တစ်ခုခုဝင်စားရအောင်"

"ငါ့မှာ ဗိုက်ဆာအပိုမပါဘူး"

နေရဲကို မကြည့်လင်သည့်စိတ်နှင့် သူ တမင်ပြောပစ်လိုက်တော့ နေရဲ ပခုံးတွန့်ကြည့်ရင်း

"မင်းမပါလည်း ငါ့မှာ ကျန်ပါသေးတယ်ကွ၊ ဗိုက်ဆာနေပြီကွ တစ်ဆိုင်ဆိုင်မောင်း"

နေရဲမှာ ကျန်သမျှကုန်အောင် သုံးပေးမည်ဟု စိတ်ကတွေးရင်း ရပ်ထားသော ကားစတင်းဆီ ထွက်ခဲ့လိုက်သည်။

ကားတံခါးဖွင့်တက်ပြီးမှ သူ့ဘေးမှာ ယှဉ်ရပ်ထားသော ကားတစ်စီးက မလွတ်မလပ်ဖြစ်နေတာကို သတိပြုလိုက်မိ၏။

"အရေးထဲကွာ ဒီကားက အနားလာကပ်ရပ်ထားပြန်ပြီ"

နက်ပြာရောင် ပါဂျဲရိုးကားထဲကို သူ လှမ်းကြည့်တော့ မောင်းသူမရှိပါ။ ပလာဇာထဲ ရောက်နေသည်ထင်သည်။

"မလွတ်ဘူးလား တံတိုင်း"

"မလွတ်ဘူး ထင်တယ်၊ နောက်ကြည့်မှန်က လာငြိနေတယ်ကွ"

"နည်းနည်းရှောင်ထွက်ကြည့်ကွာ၊ ဘေးကားက လူတွေလာတဲ့အထိ စောင့်ရရင် ငုတ်တုတ်မေ့မယ်"

နေရဲ စကားအတိုင်း သူ ကားစက်နှိုးကာ အသာလိုမ့်ထွက်သည်။ သူ့ကားက နှစ်စီးကြားမှာ ညပ်ညပ်ကပ်ကပ် ဖြစ်နေတာမို့



www.burmeseclassic.com

www.burmeseclassic.com



ကသိကအောက်နိုင်လွန်းနေသည်။

"မင်းဘက်က ကားနဲ့လွတ်မလား ကြည့်ထား နေရဲ"

နေရဲကိုပြောပြီး သူ ညာဘက်ကကားနှင့် လွတ်အောင် သတိထားပြီး မောင်းထွက်လိုက်တော့

"ခွမ်း"

"ဟာ ဘက်မှန်နဲ့ ငြိသွားပြီ တံတိုင်းရ"

"သေစမ်းကွာ လွတ်မလွတ် ကြည့်ထားပါလို့ မင်းကို ပြောထားရက်နဲ့ ပြဿနာပဲ"

"သိဘူးလေကွာ ငါက လွတ်မယ်ထင်လို့"

တစ်ဖက်က ပါဂျဲရိုးကား၏ ဘက်ကြည့်မှန်လေးကွဲကာ ရွဲစောင်းသွားတာကို သူ မြင်လိုက်ရသည်။ ကားတံခါးဖွင့်ဆင်းပြီးနှစ်ယောက်သား ကွဲကြေသွားသော ဘက်မှန်လေးကို သွားကြည့်မိ၏။

"တော်သေးတာပေါ့ ဘက်မှန်ပဲထိသွားလို့"

နေရဲ ရေရွတ်နေတုန်းမှာပဲ ပါဂျဲရိုးကားနောက်ခန်း ဖွင့်သွားကာ ဆင်းလာတာက မိန်းကလေးတစ်ယောက်။

ရှေ့ခန်းမှာ လူမမြင်တာမို့ မရှိဘူးထင်နေခဲ့ကြတာ။ နောက်ခန်းထဲမှာ ဒီမိန်းကလေးရှိနေပါလား။

ဝင်းဖန့်ကြည်လင်နေသော မျက်နှာလေးမှာ နေကာ မျက်မှန်လေး တပ်ဆင်ထားပုံကလည်း ကြည့်ကောင်းပါသည်။

"ရှင်တို့ ကျွန်မကားကို ဝင်တိုက်လိုက်ကြတာလား"

"ဆောရီးဗျာ လွတ်မယ်ထင်လို့ ထွက်လိုက်တာ၊ ဘက်မှန်နဲ့ ငြိသွားလို့ပါ"





တိုက်မိသည့် ကိုယ့်မှာ အပြစ်ရှိနေတော့လည်း တံတိုင်း လေသံချိုချိုနှင့် တောင်းပန်ရသည်။ နေရဲကလည်း ဝင်တောင်းပန်၏။

"ဟုတ်ပါတယ်ဗျာ မတော်တဆ ဖြစ်သွားတာပါ၊ ဘက်မှန်ကိုပဲ ထိသွားတာပါ"

"ဘာပဲဖြစ်ဖြစ် ရှင်တို့မှာ တာဝန်ရှိတယ်လေ၊ ကျွန်မကားရဲ့ ဘက်မှန်က လုံးဝပျက်စီးသွားတာ မျက်မြင်ပဲ"

ပြောရင်း နေကာမျက်မှန်လေးကို ချွတ်လိုက်တော့မှ တံတိုင်း မျက်မှောင်တွေကုပ်သွားသည်။ ဒီမျက်နှာလေးကို သူ မြင်ဖူးသည်ထင်၏။

"ယာဉ်ထိန်းရဲခေါ်ရှင်းမလား၊ ရှင်တို့တာဝန်ယူပေးမှာလား၊ အဲဒါကိုပဲ ကျွန်မ သိချင်တယ်"

လေသံက မာတင်းတင်းနိုင်သလို လှပသော မျက်နှာလေးနှင့် လိုက်ဖက်အောင် မာနရိပ်တွေက ရောင်စဉ်လက်ဖြာနေ၏။

"ဟာ မလုပ်ပါနဲ့ တံတိုင်း ငါတို့ ဘယ်လိုလုပ်ပေးမလဲ"

နေရဲက ပြဿနာတွေရှည်မှာ ကြောက်လန့်ကာ တားသလို သူ့ကိုလည်း လှည့်ကြည့်မေးသည်။

"ငါတို့ ရှင်းပေးရမှာပေါ့ကွ၊ ဒီမှာ ပျက်စီးသွားတဲ့ ဘက်ကြည့်မှန်ကို အသစ်လဲပေးမယ် ဒါဆို ကျေနပ်နိုင်မလား"

"မကျေနပ်တော့ကော ဘာတတ်နိုင်မှာတဲ့လဲ၊ ရှင်က ဝင်တိုက်ပြီးနေပြီပဲလေ၊ ဘက်မှန်အသစ်လဲဖို့ ကျွန်မနဲ့သိတဲ့ ဝပ်ရှော့ကို ရှင်တို့ လိုက်ခဲ့ရမယ်"

တံတိုင်း စိတ်ညစ်သွားသည်။ သူမနှင့်သိသည့်ဆိုင်က ဘယ်လောက် ဈေးကြီးမလဲမသိပါ။ တစ်နေ့ကုန် အချိန်ကုန်ရတော့မည့်ကိန်းဆိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါ ခင်ဗျားကြိုက်တဲ့ ဝပ်ရှော့မှာပြင်ပါ၊ ဘယ်လောက်ကျမလဲ ဖုန်းဆက်မေးလိုက်၊ ကျွန်တော် ကျသလောက် ရှင်းပေးပါ့မယ်၊ ဝပ်ရှော့အထိ လိုက်ဖို့တော့ အချိန်မရလို့ပါ"

မျက်ခုံးတန်းတန်းလေးတွေ ကုပ်ပြီး ကြည့်သော သူမ မျက်နှာလေးကို ဒီတစ်ခါတော့ သူ မှတ်မိသွားပါသည်၊ ဒီမျက်နှာလေးကို မြင်ဖူးတာ ကန်ဘောင်ပေါ်မှာတုန်းက ဖြစ်သည်။

စကားအလွန်များသည့် သာလိကာမလေးကို သူ ဘုတောပြီး ရှောင်ထွက်ခဲ့ဖူး၏။

"ငွေပေးရုံနဲ့ မရဘူးလေ၊ ကားပြင်ပြီးတဲ့အထိ ကျွန်မနဲ့အတူ ရှင်တို့ပါရှိနေရမယ်၊ ဒါမှမျှတမှာပေါ့ ကျွန်မမှာလည်း အချိန်ပိုမရှိဘူး"

တမင်ရစ်နေတာတော့ သေချာနေပြီ။ ပျက်စီးသွားသည့် ဘက်မှန်တပ်ပြင်ဆင်တာ ဝပ်ရှော့ကအလုပ်။ သူနှင့်နေရဲက မဆီမဆိုင် အချိန်ကုန်ထိုင်စောင့်ရမှာ မဟုတ်သေး။

"မဟုတ်ဘူးလေဗျာ ဝပ်ရှော့ထိ လိုက်မယ်၊ ကျသလောက် တစ်ခါတည်းရှင်းပေးမယ်၊ ပြီးတဲ့အထိ ကျွန်တော်တို့ ဘာလို့ ထိုင်စောင့်ရမှာလဲ"

"စောင့်ကို စောင့်ရမှာပဲ၊ ဘာလို့လဲဆိုတော့ ကျွန်မအချိန်တွေ ပေးလိုက်ရသလို ရှင်လည်းပေးရမယ်၊ ငွေကြေးက အဓိကမဟုတ်ဘူး။ အဲဒီငွေကိုလည်း ကျွန်မ ဂရုမစိုက်ဘူး"

"ဟာကွာ မင်း သက်သက်ရစ်နေတာပဲ၊ ငါက တမင်ဝင်တိုက်တာလည်း မဟုတ်ဘူး၊ ပြီးတော့ မင်းကားရပ်ကတည်းက ငါ့ကားဘက်ကို ကပ်ပြီး ကျုံ့ရပ်ထားတာ"





တံတိုင်း စိတ်မရှည်နိုင်စွာ ပြောတော့ သူမ အကြည့်စူးစူးလေးတွေ တံတိုင်းဆီမှာပဲ စူးစိုက်ချိန်ရွယ်လာရင်း

"ရှင့်မှာ မျက်လုံးမပါဘူးလား၊ မလွတ်မှန်းသိရက်နဲ့ ဘာလို့ တမင်ဝင်တိုက်သလဲ၊ ကားထဲမှာ ကျွန်မရှိနေတာပဲ ပြောပါလား"

"ဟ မင်းက နောက်ခန်းထဲမှာ ထိုင်နေတာ ငါ ဘယ်မြင်မှာလဲ"

"ဟာ တံတိုင်း တော်ပါကွာ၊ အေးအေးဆေးဆေး စကားပြောညှိနိုင်းကြပါ"

နေရဲ ကြားကဝင်ဖြန်ဖြေသည်။ သူ စိတ်လျှော့ချလိုက်ပေမယ့် သူမဘက်က လျှော့ကျမသွားဘဲ

"ဘာမှညှိနှိုင်းစရာမလိုဘူး၊ ကျွန်မပြောပြီးပြီ၊ အခုဝပ်ရှော့ကို လိုက်ခဲ့ကြ၊ ကျွန်မကားကို ပြင်ဆင်ပြီးတဲ့အထိ ရှင်တို့ပါ ငုတ်တုတ်ထိုင်စောင့်ပေးမှ ကျေနပ်မယ် ဒါပဲ"

"ဒါ သက်သက်ဒုက္ခပေးတာပဲ၊ မင်း ငါ့ကို အနှောင့်အယှက်ပေးတာ နှစ်ခါရှိပြီ၊ ကန်ဘောင်မှာတုန်းက တစ်ခါ"

တံတိုင်း ဆိုတော့ သူမ နှုတ်ခမ်းလေးတွေ လှပစွာ ပြုံးရိပ်လေးတွေ ထင်သွားခဲ့ရင်း

"ကန်ဘောင်တုန်းကလူက ရှင်လား၊ ကျွန်မ စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေတာ၊ ရှင်ပဲဆိုတာသေချာရင် ဒီတစ်ခါတော့ ကျွန်မအလှည့်ပဲ၊ လူမှုရေးတရားခေါင်းပါးတဲ့ ရှင့်လိုလူကို ကျွန်မကလည်း ဘာလူမှုရေးတရားမှ ထားစရာမလိုဘူး"

တံတိုင်း ဒေါသတွေ ဆူဝေလျက် သူမ မျက်နှာလေးကို စူးစူးစိုက်စိုက်ကြီး ကြည့်ပစ်လိုက်သည်။ ပြစ်မျိုးမှဲ့မထင်အောင် လှပသောဘက်

www.burmeseclassic.com



အငြိုးအတေးနှင့် ကောက်ကျစ်လွန်းသည့် မိန်းကလေးပါပဲ။

ကန်ဘောင်ပေါ်မှာတုန်းကကိစ္စအတွက် သူ့ကိုတစ်လှည့် ပြန်ဒုက္ခပေးမည်ဆိုသည့် သဘောလား။

"မင်း တော်တော် စိတ်ပုတ်တဲ့မိန်းမပဲ"

"ရှင့်လို လူမှုရေးတရားခေါင်းပါးပြီး မာန်တက်နေတဲ့ ယောကျာ်းမျိုးအတွက် ကျွန်မစိတ်က ပုတ်သင့်ပုတ်ရမှာပဲ"

"တော်ပြီ နေရဲ ရော့ ဒီမှာပိုက်ဆံအိတ် သူနဲ့လိုက်သွားကွာ၊ ကျသလောက်ရှင်းပေးလိုက်၊ ငါ့ကားယူသွား၊ ငါတော့ တက္ကစီနဲ့ပြန်မယ်၊ ဟော့ ဒီမှာ မင်းကြိုက်တဲ့ဝပ်ရှော့ သွားတော့"

ပြောပြီး တံတိုင်း နေရဲ လက်ထဲ ပိုက်ဆံအိတ်ထည့်ပေးကာ တက္ကစီငှားဖို့ လှည့်ထွက်ခဲ့လိုက်သည်။

ဝပ်ရှော့အထိ သူ လိုက်သွားလျှင် ဒီမိန်းမနှင့်သူ ထပ်ပြဿနာဖြစ်ဦးမှာ သေချာသည်။ နေရဲကိုပဲ လွှတ်လိုက်တာ အကောင်းဆုံး။

စိတ်ထဲမှာတော့ ဒေါသတွေ တရိပ်ရိပ်တက်နေတာ အမှန်။ ပလာဇာရှေ့မှာပဲ တက္ကစီတစ်စီးငှားဖို့ ရပ်စောင့်နေလိုက်၏။

"တီ"

ဟွန်းသံတစ်ချက်ကြောင့် လှည့်ကြည့်တော့ သူမရဲ့နက်ပြာရောင်ပါဂျဲရိုးကားလေး ပလာဇာထဲက ထွက်လာတာတွေ့သည်။

သူ့ကို ဖြတ်အကျော်မှာ မထီတရီ ပြုံးသွားသော အပြုံးတစ်ခုကို မြင်ဖြစ်အောင် မြင်တွေ့လိုက်ရသေးသည်။ ရုပ်ကလေးလှသလောက် စိတ်ထားပုတ်လွန်းသည့် မိန်းကလေး။

တွေးရင်း သူ အံကြိတ်ထားမိတုန်း အနားကို အပြေးရောက်





လာသူက နေရဲ။

"ဟာ နေရဲ မင်း အဲဒီမိန်းမနဲ့ လိုက်မသွားဘူးလား"

"မလိုတော့ဘူး လာ တံတိုင်း ငါနဲ့လိုက်ခဲ့စမ်းပါ"

သူ့လက်ကိုဆွဲကာ ခေါ်နေသော နေရဲ နောက်ကို သူ အူတူတူနှင့် ပြန်လိုက်ခဲ့ရသည်။

ပလာဇာအောက်က ကားစတင်းရောက်တော့ သူ့မျက်လုံးတွေ ပြူးကျယ်သွားရ၏။

"ဟာ ဒါ ဒါ"

"ဟုတ်တယ် တံတိုင်း အဲဒီမိန်းမ ဘာမပြော ညာမပြောနဲ့ ခင်းကားဘက်မှန်ကို ဝင်တိုက်သွားတာ၊ ပြီးတော့ ပြောသွားသေးတယ် ဆပ်တူညီတဲ့ အတုံ့အလှည့် တဲ့"

"တောက်"

ကားဘက်မှန်လေး ကွဲကြေကာ ကြမ်းပြင်မှာ ကျိုးပဲ့ကျနေတာ ကြည့်ရင်း တံတိုင်း ခံပြင်းစွာ တက်ခေါက်မိ၏။

ဖျတ်ခနဲ အာရုံထဲမှာ မြင်ယောင်လိုက်မိတာ သူ့ကို မထီတရီ ပြုံးပြသွားသည့် အပြုံးလေးတစ်ခု။

တော်တော် စိတ်ပုတ် စိတ်ယုတ်တဲ့ မိန်းကလေးပါလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဘုရားရေ နင် အဲဒီလို လက်တုံ့ပြန်လိုက်တာ ဟုတ်လား"

"ဟုတ်တယ်လေ နန်းရဲ့ သင်းက ငွေပေးပြီး ပြင်ပေးရင်ရ တယ်ဆိုတဲ့မာန လာထားတော့ ငါက လက်ခံမတဲ့လား၊ ဒါကြောင့် တမင် ပြန်တုံ့ပြန်လိုက်တာ"

နန်းရီ မျက်တောင်လေးတွေ ပုတ်ခတ်လျက် တအံ့တဩကြည့် နေခဲ့တော့ သံစဉ် ပြုံးပြုံးလေး ပြန်ကြည့်နေလိုက်၏။

"သူတော့ နင့်ကို တော်တော် ဒေါကန်သွားမှာပဲ"

"ကန်ချင်ကန်ပေါ့၊ ဂရုမစိုက်ပါဘူး"

"သံစဉ်ရယ် ဒီပြဿနာတွေ ဖြစ်ထားတာတောင် နင် ငါ့ဆီ လာရဲသေးတယ်နော်"

"အံမယ် ဘာလို့ မလာရဲရမှာလဲ"

"မဟုတ်ဘူးလေဟာ တံတိုင်းခနဲ့ ထိပ်တိုက်ဆုံပြီး ပြဿနာ





တွေ တက်မှာစိုးလို့ပါ"

"ဂရုမစိုက်ဘူး ပန်းသံစဉ်ကို သူ ဘာလုပ်လို့ရမှာလဲ၊ ပါးရိုက် ရင် နားပြန်ကိုက်ရမှာပဲ၊ ငြိမ်ခံမယ် မထင်နဲ့"

နန်းရီ ပခုံးလေးတွန့်ကာပြတော့ သံစဉ် ယဲ့ယဲ့လေး ပြုံးမိပါ သည်။ တကယ်ဆို ပလာဇာမှာ ဖြစ်ပျက်ခဲ့သည့်ကိစ္စက သံစဉ် တမင် သုပ်ဆောင်ထားသည်ဆိုတာ နန်းရီ မသိသေး။

မထင်မှတ်ဘဲ ပလာဇာ ကားစတင်းမှာ သူ့ကားကိုမြင်တော့ သံစဉ် မှတ်မိနေသည်။ ဒါကြောင့်လည်း သူ့ကားကို တစ်ဖက်ကားနှင့် ညှပ်ကာ တမင်မလွတ်အောင် ပိတ်ရပ်ထားလိုက်ခဲ့တာ ဖြစ်၏။

သံစဉ်ကတော့ နောက်ခန်းထဲက ထိုင်ကာ စောင့်ကြည့်နေခဲ့ သည်။ တံတိုင်းခနှင့်နေရဲတို့ ပလာဇာထဲက ထွက်လာတာကိုလည်း သံစဉ် မြင်နေခဲ့သည်။

မလွတ်သည့် ကားရဲ့ပိုင်ရှင် ရောက်လာသည်အထိ သူတို့စောင့် နေကြမည်ဟု သံစဉ် ထင်ထားပေမယ့် ဖွတ်မောင်းထွက်ကာ သံစဉ် အားဘက်မှန်ကို ဝင်တိုက်မိကြတာဖြစ်၏။

ထို့အတွက် ရင်ဆိုင်မိကြရင်း ဒီအခြေအနေတွေအထိ ရောက် လာကြတာဖြစ်သည်။

"တံတိုင်းခတော့ နင့်ကို တော်တော်ဖြုသွားမှာပဲ"

နန်းရီ ပြောတာကို ပြုံးပြုံးလေး နားထောင်နေတုန်းမှာ ကင်တင်းနံရှေ့မှာ မြင်လိုက်ရတာ တံတိုင်းခ။

ရှေ့မှာရပ်ထားသော သံစဉ်ရဲ့ကားကို မှတ်မိကာ တံတိုင်းခ ရပ်ကြည့်နေသည်။ ပြီးမှ ကင်တင်းနံ့ထဲ လှမ်းကြည့်ကာ သံစဉ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့သွားတော့ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းဝင်လာ၏။

ကျောခိုင်းထိုင်နေသော နန်းရီ မမြင်ပေမယ့် မျက်နှာချင်းဆိုင်မို့ သံစဉ်ကတော့ မြင်သည်။ ဒါပေမဲ့ မမြင်ဟန်ဆောင်ကာ အအေးဘူးလေးကိုပဲ တစိမ့်စိမ့်စုပ်သောက်နေလိုက်၏။

"ဟော့ ဒီမှာ မင်းနဲ့ငါ တွေ့ချင်နေတာ"

"ဟင် တံတိုင်းခ"

မျက်နှာကြီးရဲရဲနီကာ စားပွဲရှေ့ရောက်လာသော တံတိုင်းခ မြင်တော့ နန်းရီ မျက်ဝန်းလေးတွေ ဝိုင်းစက်သွားခဲ့သည်။

"ဘာလဲ ဘာတွေလာပြောနေတာလဲ၊ ရှင်နဲ့ကျွန်မ တွေ့စရာ ဘာအကြောင်းမှမရှိဘူး"

သံစဉ်၏မာပြတ်ပြတ် တုံ့ပြန်စကားကြောင့် တံတိုင်းခ မျက်နှာကြီးက ပိုလို့နီမြန်းထူပူသွားခဲ့ရင်း

"ဟေ့ မင်းကိုငါ တမင်တွေ့ချင်တယ်လို့ ထင်မနေနဲ့ ဟိုတစ်နေ့ ကကိစ္စ မကျေနပ်လို့ကွ၊ မင်း ငါ့ကားကို ဘလိုင်းကြီး ပြန်တိုက်သွားတာလေ"

ဒေါသနှင့်ခက်ထန်နေသော တံတိုင်းခ မျက်နှာကို သံစဉ် ငေး ကြည့်လိုက်သည်။ ပန်းနုရောင်သမ်းနေသော မျက်နှာသည် ဒေါသရိပ် တွေနှင့် ခက်ထန်နေတာတောင် ချောမောလွန်းသည်။

ယောကျ်ားတန်မဲ့ ဒီလောက်ချောမောနေတာကြောင့်လည်း တံတိုင်းခ ဘဝင်လေဟပ်နေတာထင်၏။

"ဒီမှာ အဲဒီကိစ္စ ရှင်မကျေနပ်ရင် ကျန်တဲ့နေရာမှာရှင်း ဒါ စာသင်တဲ့ကျောင်း ပလာဇာမဟုတ်ဘူး"





သံစဉ် စကားကြားမှ ပတ်ဝန်းကျင်ကို သတိရသွားကာ တံတိုင်းခ မျက်ဝန်းတွေ ဝေ့ကြည့်မိ၏။

ဆိုင်ထဲ သူဝင်လာကတည်းက အားလုံးက သတိထားမိကြပုံ ရသည်။ အခုလည်း မိန်းကလေးနှစ်ယောက်ဝိုင်းမှာ မတ်တပ်ကြီးရပ် ဆောက်ကွဲနေတာကို စိတ်ဝင်တစား ကြည့်နေကြသည်။

သတိလက်လွတ်ဖြစ်သွားခြင်းအတွက်တော့ သူ ရှက်သွားမိ၏။ ဒေါသတွေကို အသိတရားနှင့် ပြန်ထိန်းရင်း ထိုင်ခုံလွတ်မှာ ဝင်ထိုင်လိုက် သည်။

"ဒီမှာ ဒါ ကျွန်မတို့ထိုင်နေတဲ့ဝိုင်းနော်၊ တခြားဝိုင်းလွတ်တွေ အများကြီးရှိတယ်၊ ရှင့်ဘာသာ ပြောင်းထိုင်ရင်ကောင်းမယ်"

သံစဉ် စကားကအသူ့မျက်နှာကို ဖြတ်အရိုက်ခံရသလို ထူပူသွား ခဲ့သည်။ ဘယ်မိန်းကလေးကိုမှ မပတ်သက် ကင်းရှင်းအောင်နေခဲ့သည့် သူ့ဘဝမှာ ဒီလိုမောင်းထုတ်မတတ် ပြောခံရတာ ဒါပထမဆုံး။

"ဒီမှာ ငါ ထိုင်ချင်လွန်းလို့ ထိုင်တာမဟုတ်ဘူး၊ မင်းငါ့ကို တုံ့ပြန်သွားတဲ့ကိစ္စ ရှင်းချင်လို့"

"ပြောပြီးပြီပဲ ရှင် မကျေနပ်ရင် ဟိုမှာ ကျွန်မကားရပ်ထား တယ်၊ ရှင့်ကားနဲ့ ဝင်တိုက်ချင်တိုက်လိုက်၊ တစ်ခုတော့ရှိတယ် သက်ရောက် မှုတိုင်းမှာ တုံ့ပြန်မှုတော့ရှိတယ်"

"မင်း တော်တော် စိတ်ပုတ်တဲ့ မိန်းကလေးပဲ"

"ဟုတ်တယ်လေ ကျွန်မက ရှင့်လိုတော့ လူမှုရေးမခေါင်းပါးဘူး၊ မာန်မတက်ဘူး၊ ကျွန်မကို ပြုံးပြရင် ပြန်ပြုံးပြမယ်၊ မဲ့ပြရင် ပြန်မဲ့ပြမှာပဲ ရှင့်အပေါ် စိတ်ပုတ်တယ်ဆိုရင် ရှင့်ရဲ့စိတ်ပုတ်မှုကြောင့်ပဲဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာကွ ငါက မင်းအပေါ် ဘာစိတ်ပုတ်ခဲ့လို့လဲ၊ ငါ့ဘာသာ နေတတ်သလိုနေတာ မာန်မာနတက်တာလား၊ မင်း စွပ်စွဲချက်တွေ လွန် နေပြီနော်''

''လွန်နေတာ ရှင်ပဲ၊ အခုပဲကြည့် ကျွန်မတို့ဝိုင်းကို ရောက်လာပြီး ယောက်ျားကြီးတန်မဲ့ ရန်လိုနေတယ်''

''ဘာပြောတယ်ကွ မင်း မင်း''

တံတိုင်းခ မျက်နှာကြီး နီကာ နှုတ်ခမ်းသားတွေ တုန်ခါလာသည်အထိ ဒေါသတွေက ရှူးရှူးရှားရှား။

သံစဉ်ကတော့ ထည်တည်ငြိမ်ငြိမ်လေးပဲရှိကာ နန်းရီ မျက်နှာလေးကတော့ စိုးရိမ်စိတ်နှင့် ဟိုကြည့်ဒီကြည့် ဖြစ်လို့နေသည်။

''သံစဉ် တော်ပါတော့ တံတိုင်းခ ကြားထဲက ငါတောင်းပန်ပါတယ်၊ ကင်တင်းနံ့ထဲမှာလေဟာ မကောင်းပါဘူး''

ကြားထဲက မနေနိုင် နန်းရီ ဝင်တောင်းပန်နေသည်။ တံတိုင်းခ အံကိုတင်းခနဲကြိတ်ကာ ထရပ်သည်။

သံစဉ်ကို တစ်ခုခုပြောဖို့ နှုတ်ခမ်းတွေ လှုပ်ခတ်သွားပြီးမှ တင်းခနဲ ပြန်စေ့ပိတ်ကာ ချာခနဲ လှည့်ထွက်သွားခဲ့သည်။

သံစဉ် ယဲ့ယဲ့လေး ပြုံးကာ လှမ်းကြည့်နေလိုက်သည်။

မြင့်မားသော အရပ်အမောင်းနှင့် အချိုးကျအောင် ဝတ်စားဆင်ယင်တတ်သော စတိုင်၊ လမ်းလျှောက်ပုံကအစ အမှတ်ပြည့်ရလောက်အောင် တံတိုင်းခ ပြည့်စုံပါသည်။

ဒါပေမဲ့ လူမှုရေးတရား ခေါင်းပါးမှုနှင့် စိတ်တိုလွယ်မှုကတော့ အလွန်ဆိုးသည်။





သံစဉ်အပေါ်မှာ တံတိုင်းခ နာကျည်းမုန်းတီးသွားခဲ့သည်ဆိုလျှင်သော့...။

ဆောရီးပါ တံတိုင်းခ။ တကယ် စိတ်မကောင်းပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"တကယ်ဆို ဒီကိစ္စက မင်းမှားတာပဲ တံတိုင်း"

"ဘာကွ"

တံတိုင်းခ ဒေါသတကြီး ဟစ်အော်တော့ နေရဲ ပခုံးတွန့်သွားသည်။ သူ ဒေါသကို နေရဲ အသိဆုံး။

"နေရဲ မင်းဘာပြောတယ်၊ အခုကိစ္စမှာ ငါက မှားတယ်ဟုတ်လား၊ ဒီကိစ္စကို မင်းလည်းအသိဆုံးပဲ၊ ဒီမိန်းမ တမင်ငါတို့ကို ဒုက္ခပေးပညာပြတာ မဟုတ်လားကွ၊ မတော်တဆ ဖြစ်တဲ့ကိစ္စကို ငါတို့ဘက်က တာဝန်အပြည့်အဝ ယူရက်နဲ့ သူက လက်စားချေတုံ့ပြန်သွားတာလေ၊ အဲဒါ ဘယ်သူမှားသလဲ မင်းပြောစမ်း"

ဆူဝေနေသော ဒေါသတွေနှင့် တံတိုင်းခ မနားတမ်း ပြောတာကို နေရဲ ငြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေပြီးမှ လက်ကာပြရင်း

"မင်း အရမ်းစိတ်တိုဒေါသကြီးလွယ်တာ မကောင်းဘူး တံတိုင်း





မင်းကိုငါနားလည်ပါတယ်၊ အခုလည်း ငါပြောတာကို မင်း သည်းခံနားထောင်ပေးသင့်တယ်"

"ဟာကွာ ငါက ကဲ ပြော ပြောစမ်းကွာ၊ မင်းစကားကို ငါ အရင်နားထောင်မယ်"

တံတိုင်းခ ပြောရင်း စီးကရက်ဘူးကို လှမ်းယူသည်။ စိတ်တွေတို ဒေါသထွက်တိုင်း တံတိုင်းခ စီးကရက်ဖွာရှိုက်တတ်တာ အကျင့်တစ်ခုဖြစ်နေပြီ။

တားမရတော့လည်း နေရဲ မတားချင်တော့ပါ။ သောက်ချင်သောက်ပါစေတော့ဟုပဲ သဘောထားပေးလိုက်ရ၏။

"ငါပြောတာက ပန်းသံစဉ်ကိစ္စမှာ နှစ်ဖက်မျှကြည့်တာ"

"ဘယ်က ပန်းသံစဉ်လဲ"

စီးကရက်မီးညှိရင်း တံတိုင်း မေးတော့ နေရဲ အသေအချာအရင်ဆုံး ရှင်းပြရပြန်သည်။

"ပန်းသံစဉ်ဆိုတာ မင်းနဲ့ပြဿနာဖြစ်တဲ့ မိန်းကလေးနာမည်"

တံတိုင်းခ မျက်နှာကို မဲ့ချုပစ်လိုက်တာ နေရဲ မြင်သည်။

"ပန်းသံစဉ် ဟုတ်လား နာမည်နဲ့ မလိုက်ဖက်လိုက်တာကွာ၊ နာမည်လေးက ချိုသာသလောက် လူနဲ့စိတ်ဓာတ်က တခြားစီပဲ"

"ပန်းသံစဉ်က ငါတို့အီကိုက မဟုတ်ဘူး၊ နန်းရီနဲ့ငယ်သူငယ်ချင်းတွေတဲ့ သူက နိုင်ငံခြားဘာသာတက္ကသိုလ် တတိယနှစ်တက်နေတာ ပြောရရင် မင်းလိုပဲ သူလည်း သူ့ကျောင်းမှာ ကွင်းဘွဲ့ရထားတာ"

"သူ့ဘာသာ ကွင်းကွင်း ကင်းကင်း ငါ စိတ်မဝင်စားဘူး၊ ငါနဲ့ မနိုင်းနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"နန်းရီနဲ့ဆုံပြီး ငါသိထားတာကို ပြောတာပါ၊ မင်းနဲ့တူတယ်ဆိုတာက တူညီတာတွေရှိလို့ ပြောတာ၊ ပန်းသံစဥ် မိဘတွေက မန္တလေးမှာနေကြပေမယ့် သမီးကို ရန်ကုန်မှာ ခြံတိုက်ကားနဲ့ အထက်တန်းကျောင်းသူဘဝကတည်းကထားတာ၊ သူ့အဒေါ်နဲ့နေပြီး ကျောင်းတက်နေတာ"

နေရဲ စကားတွေကို စိတ်မဝင်စားပါဘဲ နားထောင်နေမိသားဖြစ်သွား၏။ သူတို့နှစ်ယောက် ရှင်သန်မှုတွေက တူနေတာကြောင့်ဖြစ်၏။ ဒါပေမဲ့ မတူညီတာတွေလည်း ရှိသည်။

ပန်းသံစဥ်မှာက မိဘရင်းချာနှစ်ပါးရှိကာ သူကတော့ မိထွေးမျက်နှာကို ရင်မဆိုင်ချင်တာကြောင့် တစ်ယောက်တည်းနေဖြစ်တာ ဖြစ်၏။

"ပန်းသံစဥ် မိဘတွေက ကျောက်တွင်းသူဌေးတွေကွ၊ ဒီတော့ ချမ်းသာပြည့်စုံတယ်"

"ဟော့ကောင် မင်းပြောချင်တဲ့စကား ရောက်တော့မှာလား"

တံတိုင်းခ မျက်မှောင်ကြီးကုပ်ကာမေးတော့ နေရဲ ပြုံးစကြည့်ရင်း

"မင်း သိသင့်တယ်ထင်လို့ ပြောပြတာပါ"

"ဘာမှ သိစရာ ပတ်သက်စရာမရှိဘူး"

"ဟုတ်ပါပြီ ငါက နန်းရီ ပြောပြတာတွေ ပြန်ပြောတာ၊ တစ်ခုကျန်သေးတယ်၊ သူက အရမ်းချောမောပေမယ့် အခုချိန်ထိ ချစ်သူရည်းစား မထားသေးဘူး"

"လာပြန်ပြီ အဲဒါ ငါနဲ့ဘာဆိုင်လို့လဲ"





"မဆိုင်ပေမယ့် တူနေတာကို ပြောတာပါ၊ ကဲပါကွာ ငါ ပြောချင်တာက သူနဲ့မင်း ကန်ဘောင်မှာ ဆုံခဲ့တဲ့ကိစ္စ"

"အဲဒီကိစ္စ မင်းကိုငါ ပြောပြပြီးပြီလေ"

"မင်းပြောပြသလို သူကလည်း နန်းရီကို ပြန်ပြောပြတယ်လေ၊ အင်တင်းနံမှာ မင်းကိုမြင်တော့ စကားစပ်မိတာတဲ့၊ အဲဒီတုန်းက သူ မင်းကို လူမှုရေးအရ စကားပြောမိတာကို မင်းက မတူမတန်သလို သုပ်သွားတယ်တဲ့"

"ဟာ ဘာဆိုင်လဲ ငါ့ဘာသာ တစ်ယောက်တည်းထိုင်ချင်တာ သူ ရောက်လာပြီး ဟိုမေး ဒီမေး လျှောက်မေးနေလို့ တမင်ရှောင်ထွက်လာတာ"

"အဲဒါတွေ မင်းကိုပြောတာပေါ့ တံတိုင်းရာ၊ မင်းက မင်းစိတ်ဆန္ဒအတိုင်း ပြုမူတာမှန်ပေမယ့် တစ်ခါတလေမှာ တခြားသူအတွက် ဘဝင်မကျစရာဖြစ်တတ်တယ်လေ၊ ပန်းသံစဥ်က မင်းကို လူမှုရေး အသိမရှိဘူး ထင်သွားတာပေါ့"

နေရဲ စကားကို သူ ဘာမှခွန်းတုံ့မပြန်ဘဲ စီးကရက်ကိုပဲ ဖွာနေလိုက်၏။

ကန်ဘောင်မှာတုန်းက သူ့ဘက်က လွန်ကောင်းလွန်လိမ့်မည်။ ဒါပေမဲ့ သူမ ထိခိုက်စေလောက်သော အပြုအမူမဟုတ်ခဲ့ပါ။ ကိုယ်ကတောင် ရှောင်ထွက်ပေးခဲ့ရတာ ဖြစ်၏။

"ပြောရရင် မင်းနဲ့ပေါင်းနေတဲ့ ငါ မင်းကိုနားလည်ပေမယ့် ကျန်တဲ့သူတွေ နားလည်ဖို့ခက်တယ်၊ မင်းက အပေါင်းအသင်းနည်းတယ်လေ၊ မိန်းကလေးအပေါင်းအသင်းဆို ပိုဆိုးသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီလိုပဲနေတတ်တာလေ"

"မင်းနေတတ်တာ မှန်ပေမယ့် ပတ်ဝန်းကျင်နဲ့ သဟဇာတ မဖြစ်ဘူးလေ၊ ဒီတော့ မင်းမှားနေတယ်"

"ဘာဆိုင်လို့လဲ"

"စဉ်းစားကြည့်လေ လောကကြီးထဲမှာ မင်းတစ်ယောက်တည်း နေတာမဟုတ်ဘူး၊ ပတ်ဝန်းကျင်ဆိုတာ ရှိတယ်၊ အဲဒီပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ နေတတ်ရမယ်"

"မင်းက ဆရာကြီးလုပ်သင်ပြနေတာလား"

ဘုဆတ်ဆတ်ကြည့်ကာ ပြောလာသည့် တံတိုင်းခကို နေရဲ စိတ်ပျက်စွာ ခေါင်းခါမိ၏။

"မှားနေတာကို ထောက်ပြတာပါ၊ မင်း မိန်းကလေးတွေနဲ့ ကင်းကင်းနေချင်တာ မှန်ပေမယ့် တစ်ခါဘစ်ရံ လိုက်လျောညီထွေ ဆက်ဆံရမယ်လေ၊ အခုတော့ မိတ္တေး ခံစားချက်တွေနဲ့ မင်း ဆက်ဆံပုံ တွေက လွဲချော်သလိုဖြစ်နေတယ်"

"အဲဒါ ငါ့နေမှုစရိုက်ပဲ၊ ဘယ်သူမှ မထိခိုက်ပါဘူး၊ အခုကိစ္စ မှာ ငါ မမှားဘူး၊ ဒီမိန်းမ အဲ ပန်းသံစဉ် တမင်ရစ်တာကွ"

"ဟိုက မင်းနဲ့ဆုံထားကတည်းက မင်း ဆက်ဆံရေးကို သိနေ တော့ တမင်ပြန်ဆက်ဆံပြလိုက်တာပါ၊ စပြီး မှားခဲ့တာ မင်းလို့ ဒါကြောင့် ငါပြောတာ"

"တော်ပြီကွာ ဘာမှမပြောနဲ့တော့၊ ငါ မကျေနပ်ဘူး၊ ဒါပေမဲ့ ဒီမိန်းမနဲ့လည်း မျက်နှာချင်းတောင် မဆိုင်ချင်တော့ဘူး"

"အဲဒါတော့ ငါ ဘာမှမပြောချင်ပါဘူး၊ ဒါပေမဲ့ နန်းရိုကတော့





မင်းကိုပြောလိုက်တယ်၊ ဖြစ်ပျက်ခဲ့တာတွေအတွက် သူ ကြားထဲက တောင်းပန်ပါတယ်တဲ့၊ ပန်းသံစဉ်က စိတ်ထားကောင်းပြီး ခင်မင်ဖို့ ကောင်းတယ်တဲ့ နှစ်ယောက်ကြားမှာ နားလည်မှုတွေလွဲပြီး ဖြစ်ခဲ့တာတွေ ကို မေ့လိုက်ပါတဲ့"

တံတိုင်း လက်ထဲက စီးကရက်တိုကို ခွက်ထဲထိုးချေပစ်လိုက် သည်။

ဖြစ်ခဲ့တာတွေကို မေ့ပစ်လိုက်ရမည်တဲ့လား။ ကင်တင်းနံမှာ တုန်းကလည်း သူမ စကားလုံးတွေအောက်မှာ ခွန်းတုံ့မပြန်နိုင်ဘဲ သူ ခံခဲ့ရသည်။

သူကလည်း သူပါပဲ။ ပတ်ဝန်းကျင်ကို မေ့လျော့ကာ ဒေါသတွေ ကြီးခဲ့မိသည်။

ဘယ်မိန်းကလေးနှင့်မှ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မရှိခဲ့သလို ပြဿနာရန်ငြိုးလည်း မရှိခဲ့။

ဒါပေမဲ့ ထိုနေ့က သူနှင့်ပန်းသံစဉ်တို့သတင်းက ကျောင်းမှာ တိုးလေးတကြော် ဖြစ်သွားခဲ့သည်။

တစ်ယောက်နှင့်တစ်ယောက် စကားတွေ အပြန်အလှန်စစ်ထိုး နေဖြစ်ခဲ့ကြသည့်အဖြစ်က ရှက်စရာကောင်းသည်။

ကိုယ်က ယောကျ်ားတန်မဲ့ ရန်လိုသလိုဖြစ်သွားခဲ့၏။ ပန်းသံစဉ် ဘဲ့၊ ဒီမိန်းမကိုတော့ သူ ထပ်မဆုံချင်တော့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ပုစွန်ထုပ်ကြော်နဲ့ ငပိကြော်တွေက သား ရေရှည်စားလို့ရအောင် စီစဉ်ပေးထားတာ၊ ကြက်သားကြော်နဲ့ ငါးခူကြော်တွေလည်း ပါတယ် သား၊ ဒါတွေကတော့ ခေါက်ဆွဲခြောက်ထုပ်တွေ၊ ဗိုက်ဆာတဲ့အခါ အလွယ်တကူ စားလို့ရတာပေါ့ကွာ"

ချိုင့်တွေ အိတ်တွေ ဘူးတွေနှင့် တပွေ့တပိုက်ကြီး သယ်ဆောင်လာသော ဒယ်ဒီ့ကို တံတိုင်း စာနာသနားပါသည်။

တကယ်ဆို ဒါတွေက မိထွေးတော် ဒေါ်သဇင်နွယ်ရဲ့အစီအမံတွေဆိုတာကို သူ သိပါသည်။ ဒယ်ဒီ ယူလာတိုင်းလည်း သူ လက်ခံထားပေမယ့် ယောင်လို့တောင် မတို့ခဲ့ပါ။

အခုလည်း ဒယ်ဒီ တကူးတက သယ်ဆောင်လာတာမို့ သူ အားနာစွာ မငြင်းသာခဲ့။

"သားအတွက် တကူးတကကြီး သယ်မလာပါနဲ့ ဒယ်ဒီ၊ အပြင်





မှာ ဝယ်စားဖို့လည်း အဆင်ပြေပါတယ်"

တံတိုင်း စကားကြောင့် ဒယ်ဒီ မျက်နှာပျက်သွားခဲ့သည်။ ရွှေကိုင်းမျက်မှန်ထဲမှ ဒယ်ဒီ့မျက်ဝန်းတွေကို သူ ရင်ဆိုင်ကြည့်မိ၏။

"အပြင်မှာ ဝယ်စားလို့ရပေမယ့် သား အဆင်ပြေပြေ အလွယ်တကူ စားစေချင်လို့ပေါ့ သားရယ်၊ တကယ်ဆို ဒယ်ဒီတို့က သားကို ချက်ပြုတ်ကျွေးမွေးမယ့်သူတစ်ယောက် ရှာပေးချင်တာ"

"မလိုအပ်ပါဘူး ဒယ်ဒီ၊ အခုလည်း အဆင်ပြေပါတယ်၊ သားနဲ့ နေ့ရဲ့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်လို့ပါ"

ဒယ်ဒီ ပင့်သက်ရှိုက်သည်။ ဒယ်ဒီ့ရင်ထဲက စကားတွေကို တံတိုင်း မကြားနိုင်ပေမယ့် နားလည်ပါသည်။

ဒယ်ဒီ တောင့်တမျှော်လင့်နေခဲ့တာ သူ အိမ်ပြန်လာမည့်အချိန်တွေပဲဖြစ်မည်။ ဒေါ်သဇင်နွယ်နှင့်သူ့ကြားမှာ ငြိမ်းချမ်းစွာ ဆက်ဆံနိုင်ဖို့ဆိုတာ..

"သား"

"ပြောပါ ဒယ်ဒီ"

"ဒီနှစ်နွေကျရင် သား ဘယ်မှမသွားပါနဲ့"

"ဗျာ ဘာလို့လဲ ဒယ်ဒီ"

"ဩော် ဒယ်ဒီနဲ့ မန္တလေးလိုက်ခဲ့စေချင်လို့ကွ၊ သားရဲ့ ဘိုးဘိုးနဲ့ ဘွားဘွားက သားကို တွေ့ချင်ရှာလို့တဲ့"

ဒယ်ဒီ့ဘက်က မိဘနှစ်ပါးစလုံး အခုချိန်အထိ မန္တလေးမှာ ရှိနေကြသည်။ အထက်တန်းကျောင်းသားဘဝအထိ ကျောင်းပိတ်ရက်တိုင်း သူ တစ်နှစ်တစ်ခေါက် ရောက်ပေမယ့် တက္ကသိုလ်ရောက်ပြီးက



www.burmeseclassic.com

www.burmeseclassic.com



တည်းက မရောက်ဖြစ်တော့ပါ။

''ဟိုတစ်ပတ်က သား ဘွားဘွား ဒယ်ဒီ့ဆီ ဖုန်းဆက်တယ် သားနဲ့ မသေခင်လေးမှာ ဆုံချင်လို့တဲ့''

သူ့ရင်ထဲမှာ မကောင်းပါ။ ဘွားဘွားသည် တစ်ဦးတည်းသော မြေး သူ့ကိုသိပ်ချစ်သည်။

''သားလည်း မရောက်တာကြာပြီဆိုတော့ လိုက်ခဲ့ပါကွာ၊ ဒယ်ဒီ တို့မိသားစု သွားကန်တော့ရင်း သွားချင်လို့''

မိသားစုဆိုသော စကားကြောင့် သူ တွန့်ခနဲ ဖြစ်သွားမိ၏။ ဒေါ်သဇင်နွယ်ပါ မန္တလေးခရီးမှာ ပါလာမည် ထင်သည်။

ဒါဆိုလျှင်တော့ ဒီခရီးကို သူ မသွားချင်ပါ။ ဒါပေမဲ့ ဘွားဘွား တို့ကိုလည်း တွေ့ချင်မိ၏။

''သား မန္တလေးလိုက်မယ် မဟုတ်လား''

''အင်း ကျောင်းပိတ်ဖို့ လိုပါသေးတယ်၊ ကျွန်တော် နီးမှဖုန်း ဆက်လိုက်မယ် ဒယ်ဒီ''

''ဒီနှစ်တော့ သား ဘိုးဘွားတွေဆီ သွားဖြစ်အောင် ကြိုးစားပါ လို့ ဒယ်ဒီ ပြောချင်တယ်၊ သားရဲ့ဘွားဘွားက သိပ်တွေ့ချင်နေတာ ဒယ်ဒီ့ကိုလည်း အထပ်ထပ်မှာနေလို့''

သူ ခေါင်းညိတ်ပြလိုက်တော့ ဒယ်ဒီ ဝမ်းသာမျက်ဝန်းတွေ အရောင်လက်သွားခဲ့၏။

''ဝမ်းသာတယ် သား၊ ဒါဆို ဒယ်ဒီ ပြန်မယ် သား ဘာတွေ လိုအပ်သေးလဲ ဒယ်ဒီ့ကိုပြောလေ''

''ဟင့်အင်း သားအတွက် ပြည့်စုံပါတယ်''





''သားသုံးချင်တာသုံးဖို့ ငွေငါးသိန်းတော့ ယူထားလိုက် ဟုတ် သား''

ပြောရင်း ဒယ်ဒီ လက်ဆွဲအိတ်ထဲက ငွေငါးထောင်တန်တစ်ထပ် ကို နှိုက်ကာကမ်းပေး၏။

''ကျွန်တော့်မှာ ရှိပါသေးတယ် ဒယ်ဒီ''

''ယူထားလိုက်ပါကွာ၊ အရေးအကြောင်းလိုရင် သုံးရတာပေါ့''

ဆက်ငြင်းဆိုနေရင် ဒယ်ဒီ စိတ်မကောင်းဖြစ်မှာစိုးတာကြောင့် သူ လှမ်းယူလိုက်ရ၏။

''ကဲ ဒယ်ဒီ ပြန်မယ် သား၊ အရေးအကြောင်းရှိရင် ဖုန်းဆက် ပါကွာ၊ ဒယ်ဒီ့ကို သား မေ့မထားပါနဲ့''

ဒယ်ဒီ့စကားက ရင်ထဲအထိ စူးစူးနစ်နစ် ခံစားရပါသည်။ ဆင်ဝင်အောက်က ကားဆီလှမ်းသွားသော ဒယ်ဒီ ကျောပြင်လေးကိုငေး ကြည့်ရင်း ရင်ထဲမှာ ဝမ်းနည်းလာ၏။

တကယ်ဆို ဒယ်ဒီ့ကို မမုန်းချင်ပေမယ့် မုန်းဖို့ကြိုးစားနေခဲ့တာ အမှန်ပဲဖြစ်သည်။

မိသားစုဆိုတဲ့ဘဝတစ်ခုအတွက် သူ ပိုင်ဆိုင်လို့ခဲ့တာပါ။ တစ်နေ့ ...ရင် ပိုင်ဆိုင်ရမည်ဟုလည်း ယုံကြည်ထားခဲ့သည်။

''သွားပြီ သား''

ကားလေး မောင်းထွက်ရင်း လက်ပြနှုတ်ဆက်ကာ ဒယ်ဒီ ထွက်သွားတာကို သူ ငေးကြည့်နေမိဆဲ။

ရင်ထဲမှာတော့ မွန်းကြပ်နေသော ခံစားမှုတွေ ပြည့်နှက်နေ သည်။ သူ့အဖြစ်က မျှော်လင့်သော မိသားစုဘဝလေးနှင့် ဝေးလို့ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့မေတ္တာကိုတောင် စွန့်လွှတ်ပေးထားရသည့်အဖြစ်။
ကံကြမ္မာရယ် ဆိုးလွန်းလိုက်တာ။

■ ■ ■

## အခန်း (၉)

ဆိုင်ထဲကို ဝင်လာတုန်းက သတိမထားမိသော တံတိုင်းခ အသောက်စရာတွေ မှာပြီးတော့မှပဲ ဆိုင်ထဲ ဝေ့ဝဲကြည့်ရင်း သူမကို တွေ့လိုက်ရတာဖြစ်သည်။

ကောင်တာအနီးက စားပွဲဝိုင်းမှာ ထိုင်နေတာ ပန်းသံစဥ် ဆို သော သူမနှင့် နန်းရီကို တွေ့လိုက်ရတာဖြစ်သည်။

သူ့ကို မြင်တော့ နန်းရီ ပြုံးပြနှုတ်ဆက်သည်။ ဒါပေမဲ့ မမြင် ဟန်ဆောင်ကာ သူ ချက်ချင်းအကြည့်လွှဲပစ်လိုက်၏။ သူ့လုပ်ရပ်က မှုရေးခေါင်းပါးသလို ဖြစ်နေမှာသိပေမယ့် မတတ်နိုင်။

ပန်းသံစဥ်သာ နန်းရီအနားမှာ ရှိမနေလျှင်တော့ သူ အလိုက် ဆိုက်တော့ ပြန်ပြုံးပြမိမှာပဲဖြစ်သည်။ အခုတော့ ပန်းသံစဥ် ရှိနေတာ ကြောင့် တမင် မသိကျိုးကျွံပြုလိုက်ခြင်းပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အတူ နေရဲသာပါလာလျှင် သူ့လုပ်ရပ်အတွက် မှားယွင်းသည်ဟု ဝေဖန်ဦးမည်လား မသိပါ။

မှာထားသော အစားအစာတွေရောက်လာတော့ သူ ဗိုက်ဆာဆာနှင့်ပဲ စားသောက်လိုက်ပါသည်။

ကျောင်းပိတ်ရက်မှာ ဝယ်ချင်တာလေးတွေ ဝယ်ဖို့ သူ ထွက်ခဲ့တာဖြစ်သည်။ နေရဲကိုတော့ မခေါ်ချင်တာကြောင့် မခေါ်ခဲ့ပါ။ နေရဲဆိုသည့်ကောင်ကလည်း သူ့ကောင်မလေးနှင့် ချိန်းထားသည်ထင်၏။

သူ ထွက်လာတော့ ရေမိုးချိုး ပြင်ဆင်ကာ ကျန်ရစ်ခဲ့သည်။

စားသောက်ပြီးတော့ ကျသင့်ငွေကို ရှင်းပေးဖို့ သူ ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ပိုက်ဆံအိတ်ကို ယူမိတော့

"ဟင်"

ပိုက်ဆံအိတ်က ဘောင်းဘီအိတ်ထဲမှာ မတွေ့ရပါ။ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားကာ ရှိသမျှ အိတ်တွေထဲ လက်နှိုက်ရှာလည်း မရှိ။

Junction ထဲမှာ ဈေးဝယ်တုန်းက ပိုက်ဆံအိတ်ရှိသေးတာ သေချာသည်။ အိတ်ထဲမှာလည်း ငွေငါးသောင်းကျော်လောက် ကျန်နေတာ သူ သိသည်။

ရပ်ထားသော ကားထဲမှာပဲ ကျန်ရစ်ခဲ့သည်လားမသိ။ ပျောက်သွားလျှင်တော့ ဒီဆိုင်မှာ စားသောက်ထားသမျှ ရှင်းဖို့အတွက် တကယ့်ပြဿနာဖြစ်တော့မည်။

သူ ဆာဆာနှင့် စိတ်ကြိုက်မှာစားထားတာက တစ်သောင်းကျော်ပါးတော့ကျမှာ သေချာ၏။





"ညီလေး ခဏလေးကွာ၊ ဟို အစ်ကို့ကားထဲမှာ ပိုက်ဆံအိတ်ကျန်ခဲ့လို့ သွားယူမလို့"

"ဟုတ်ကဲ့ ရပါတယ် အစ်ကို"

စားပွဲထိုးလေးကို တီးတိုးခေါ်ခွင့်တောင်းပြီး ဆိုင်ရှေ့မှာ ရပ်ထားသော ကားဆီကို သူ လျှောက်ခဲ့လိုက်သည်။ ကားတံခါးဖွင့်ကာ အက်ခ်ျဘုတ်ပေါ် ရှာကြည့်တော့ ပိုက်ဆံအိတ်က မရှိဘဲ ဟန်းဖုန်းလေးပဲ ရှိနေသည်။

လူက ထူပူသွားခဲ့ကာ ကားထိုင်ခုံတွေ ကြမ်းပြင်တွေပေါ်မှာ ပြုတ်ကျမည်လား ရှာဖွေကြည့်သည်။ လုံးဝမတွေ့ရပါ။

"ဟူး ပြဿနာပဲ အရှက်တော့ ကွဲပြီထင်တယ်"

ချက်ချင်းပဲ ချွေးတွေ ပြန်ချင်လာကာ ဟန်းဖုန်းကိုယူပြီး နေရဲဆီ လှမ်းဆက်ကြည့်လိုက်သည်။

"နေရဲ"

"ပြောလေ တံတိုင်း ဘာကိစ္စရှိလို့လဲ"

"ငါ ဒီမှာကျိုင်တက်နေလို့ကွ၊ မင်းအခု ဘယ်မှာလဲ"

"ငါလား အဟဲ သူငယ်ချင်းတစ်ယောက်နဲ့ ပဲခူးသွားနေတာကွ အခုကားပေါ်မှာလေ"

"သေစမ်း"

"ဟာကွာ ဘာဖြစ်တာလဲကွ၊ ဘုရားဖူးသွားနေတာကို"

"မဟုတ်ဘူး ငါ ပိုက်ဆံအိတ်ပျောက်သွားလို့ ဆိုင်ထဲမှာ စား



www.burmeseclassic.com

www.burmeseclassic.com



သောက်ထားတာတွေရှင်းဖို့ခက်နေလို့ မင်းဆီ ဖုန်းဆက်တာကွ''

''ဟင် ဟုတ်လား ငါက မင်္ဂလာဒုံတောင် ကျော်နေပြီကွ ဘယ်လိုလုပ် ပြန်လာလို့ရမှာလဲ၊ ဒီလိုလုပ်လေကွာ ဆိုင်က ချာတိတ်ဖြစ်ဖြစ် ဆိုင်ရှင်ဖြစ်ဖြစ် အကျိုးအကြောင်းပြောပြီး ပစ္စည်းတစ်ခုခုပေးခဲ့လိုက်ပေါ့ကွာ''

''တော်စမ်းကွာ အဲဒါ မင်းပြောမှာလား''

သူ စိတ်ပျက်လက်ပျက် ဖုန်းကို ပိတ်ပစ်လိုက်မိသည်။ နေရဲ့ ဆိုသည့်ကောင်က တကယ့် အရေးအကြောင်းဆိုလျှင် အားကိုးလို့ မရတာ သေချာသည်။

ဒီကောင်ပြောသလို သူ့ရဲ့လက်စွပ်ကို ထားခဲ့လို့ရတာ သိပေမယ့် ဆိုင်ထဲမှာက နန်းရီနှင့်ပန်းသံစဉ်တို့ ရှိနေသည်။

သူ ရင်ဆိုင်နေရသော အဖြစ်တွေကို သူတို့ မသိစေချင်ပါ။ အခုတောင် သူ ဆိုင်အပြင်ထွက်ခဲ့တာကို သူတို့မြင်မှာ သေချာ၏။

''ဟား ချွေးတောင် ပြန်ချင်တယ်''

တံတိုင်း စိတ်ပျက်စွာ ညည်းညူရင်း ဆိုင်ထဲက ဟန်မပျက် ပြန်ဝင်ခဲ့လိုက်သည်။

နန်းရီတို့ဝိုင်းကို လှမ်းကြည့်တော့ ထိုင်နေကြတုန်းရှိသည်။ သူ စားပွဲမှာ ဟန်မပျက်ဝင်ထိုင်ကာ မှာထားသော အအေးဘူးကို မော့သောက်နေလိုက်သည်။

စတော်ဘယ်ရီ အရသာကို လျှာဖျားက ဘာမှခံစားလို့မရသလို





မှိုနေတာ အမှန်။

သူ့စိတ်ဒုက္ခရောက်နေတာကို ပန်းသံစဉ် သိလျှင် ကြိတ်ဝမ်းသာ ပျော်ပြောင်နေမည်လား မသိ။ ဘာပဲဖြစ်ဖြစ် ဟန်မပျက် ဆက်ထိုင်ကာ ပန်းသံစဉ်တို့ ထွက်သွားမှ ရှင်းဖို့ဆုံးဖြတ်လိုက်သည်။

စိတ်ပူလောင်စွာ ထိုင်နေရသည့်အချိန်တွေက ရှည်လွန်းသည်ဟု တောင် ခံစားမိသည်။

ငါးမိနစ်သာသာလောက်ကြာမှ နန်းရီနှင့်ပန်းသံစဉ်တို့ ဆိုင်ထဲက ထွက်သွားကြသည်။

သူ မမြင်ချင်ယောင်ဆောင်မိသလို နန်းရီကလည်း သူ့ကို မမြင်ချင်ယောင်ဆောင်သွားသည် ထင်ပါသည်။ နန်းရီ ပြုံးပြတုန်းက သူ မသိကျိုးကျွံပြုခဲ့သည်ကို။

ပန်းသံစဉ်တို့ကားလေး ဆိုင်ရှေ့က ထွက်သွားတော့မှ စားပွဲထိုးလေးကို သူ လက်ယပ်ခေါ်လိုက်မိ၏။

ရှက်စိတ်ကို သိမ်းဆည်းကာ တောင်းပန်အကူအညီတောင်းရတော့မှာပဲဖြစ်၏။

''ညီလေး ဟို အစ်ကို့ဝိုင်း ဘယ်လောက်ကျသလဲ''

''ရှင်းစရာမလိုတော့ဘူး အစ်ကို၊ အစ်မလေးတွေ ရှင်းပေးပြီး သွားပါပြီ''

''ဟင် ဘယ်လို''

''တေဘယ်လ် သရီးက အစ်မလေးနှစ်ယောက်လေ၊ ခင်ဗျာ



www.burmeseclassic.com

www.burmeseclassic.com



ချောအစ်မလေးက အစ်ကိုဝိုင်းက ကျသင့်ငွေကို တစ်ခါတည်း ရှင်းပေးသွားတယ် ခင်ဗျ''

သူ ဘာမှမပြောနိုင်ဘဲ ခေါင်းညိတ်လိုက်ရပါသည်။ မျက်နှာတော့ ပူမိတာအမှန်။ သူ ဖြစ်ပျက်နေပုံက ပန်းသံစဉ်တို့ သတိထားစရာ ဖြစ်သွားခဲ့သည်ထင်ရဲ့။

နောက်တစ်ကြိမ် မျက်နှာချင်းဆိုင်ဆုံလျှင် မျက်နှာပူစရာ ကောင်းလိုက်တာ။ ဒါပေမဲ့ ပန်းသံစဉ်အပေါ်မှာတော့ သူ အကြွေးတင်သွားခဲ့ပြီ။

■ ■ ■

## အခန်း (၁၀)

''ဟာကွာ ဘာလို့ ပိုက်ဆံပြန်ယူလာရတာလဲ၊ နန်းရီကို ပေးခဲ့ ပြီ ငါ အသေအချာ မှာလိုက်ရက်နဲ့ နေရဲရာ''

မနေ့က နန်းရီတို့ ရှင်းပေးသွားသောငွေအတွက် နေရဲကိုပဲ အကူအညီတောင်းကာ သူ ပြန်ပေးခိုင်းခဲ့သည်။ ထိုငွေတစ်သောင်းကို နေရဲက ပြန်ယူလာတော့ သူ ဒေါသဖြစ်ကာ ဆိုမိ၏။

''ငါပေးတာပဲကွ နန်းရီမှ လက်မခံဘဲ''

''ဟာ လက်မခံလို့ ရမလား။ သူတို့ ငါ့အတွက် စိုက်ရှင်းပေး သွားတာကို ငါ ပြန်ပေးရမှာပေါ့''

''တံတိုင်း အဲဒီငွေက နန်းရီ စိုက်ရှင်းပေးတာ မဟုတ်ဘူးကွ၊ ပန်းသံစဉ် စိုက်ရှင်းပေးသွားတာ၊ ပြီးတော့ မင်းအခက်အခဲဖြစ်နေတာ သိမိလို့ ကူညီပေးတာတဲ့''



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါအတွက် ငါ ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ပိုက်ဆံတော့ ပြန်ပေးရမှာပေါ့''

''ခက်ပါလား တံတိုင်းရာ၊ ဟိုက မင်းကို စေတနာနဲ့ ကူညီတယ်၊ ဒါကို မင်းက ကျေးဇူးတင်ကြောင်း ပြောလိုက်ရင် ပြီးပြီပေါ့။ ငွေတစ်သောင်းဆိုတာက အရေးမကြီးပါဘူး''

''ငါ ကျေးဇူးတင်တာမှန်ပေမယ့် အကူအညီ မလိုချင်ဘူး''

တံတိုင်း ဖွင့်ပြောနေတော့ နေရဲ စိတ်ပျက်သလို ခေါင်းကို ခါရမ်းသည်။

''တံတိုင်း ဒါဆိုလည်း မင်းကိုယ်တိုင် ပန်းသံစဉ်ကို သွားပေးပေါ့ကွာ၊ မင်း ဒီလောက်ပေးချင်နေတယ်ဆိုရင် ပန်းသံစဉ် ရှိတဲ့ကျောင်းအထိ သွားပေးပေါ့''

သူ့ပေါင်ပေါ်ကို ငွေတစ်သောင်း ပစ်တင်ပေးပြီး နေရဲ အခန်းထဲက ထွက်သွားခဲ့သည်။

ပန်းသံစဉ်တို့ကျောင်းအထိ သူ သွားပေးရမည်ဆိုတာ မဖြစ်နိုင်ဟု ထင်သည်။ တကယ်ဆို ပန်းသံစဉ်နှင့်သူ မျက်နှာချင်းမဆိုင်ရဲတာ အမှန်။

ကိုယ်က ကင်းကင်းရှင်းရှင်း နေချင်ပေမယ့် အခြေအနေရောထွေးကုန်သည့်အဖြစ်။ ပြီးတော့ တကယ်တမ်း တွေးကြည့်လျှင် ပန်းသံစဉ်က သူ့အခက်အခဲကို ကူညီပေးသွားခဲ့တာမို့လည်း

မျက်နှာချင်းဆိုင် ဆုံရဖို့ သူ မျက်နှာပူမိသည်။





သူမကို စိတ်ပုတ်သည်ဟု ပြောထားသော သူ့စကားတွေအတွက်လည်း နောင်တရမိသည်။

နေရဲ ပြောသလို သူ့ရဲ့ဆက်ဆံမှုတွေက လူမှုရေးတရား ခေါင်းပါးသလို ဖြစ်နေခဲ့ပြီလား။

ပင့်သက်မောကိုချမိရင်း နေရဲ ပေးခဲ့သော ငွေတစ်သောင်းကို ယူကာ အံဆွဲထဲ ထည့်လိုက်မိသည်။

ဘာပဲဖြစ်ဖြစ် ပန်းသံစဉ်ရဲ့စေတနာကိုတော့ သူ အသိအမှတ်ပြုရမှာပဲဖြစ်သည်။ သူမနှင့်ပြန်ဆုံဖြစ်လျှင်တော့ သူ တောင်းပန်စကားတစ်ခွန်းတော့ ဆိုသင့်သည်။

မဖိတ်ခေါ်ဘဲ အာရုံထဲ အရိပ်ထင်လာသော ပန်းသံစဉ် မျက်နှာလေးကို မြင်ယောင်လိုက်မိ၏။

မျက်နှာလေးက လှပချောမောသလို သူမ စိတ်ထားကလည်း ချောင်တာကိုတော့ သူ လက်ခံရတော့မည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကျောင်းမှာ မဆုံဖြစ်သော ပန်းသံစဉ်ကို မထင်မှတ်ဘဲ ပြန်ဆုံဖြစ်တော့လည်း ရန်ကုန်မြို့ရဲ့ပလက်ဖောင်းတစ်ခုပေါ်မှာ ဖြစ်သည်။

ကားလမ်းနံဘေးက ပလက်ဖောင်းလေးပေါ်မှာ မတ်မတ်လေး ရပ်နေသည့် ပန်းသံစဉ်ကို သူ ကားမောင်းလာရင်း မြင်လိုက်ရတာဖြစ်သည်။

နံဘေးမှာ အဖော်မပါဘဲ တစ်ယောက်တည်း တွေ့ရသော ပန်းသံစဉ်မှာ ကားပါလာပုံမရပါ။ ကြည့်ရတာ တက္ကစီငှားဖို့ စောင့်နေတာလား မသိ။

သူ ကားလေးကို ပန်းသံစဉ်အနားမှာ ထိုးရပ်လိုက်သည်။

မထင်မှတ်ဘဲ သူ့ကိုမြင်လိုက်တော့ ပန်းသံစဉ် မျက်ဝန်းလေးတွေ အံ့သြသွားခဲ့သည်။ ပြီးမယောင် နှုတ်ခမ်းတွေက ချက်ချင်း ပြန်တည်သွားခဲ့တာကိုလည်း သူ တွေ့လိုက်သည်။

တံတိုင်းခဆိုသည့်ကောင်က လူမှုရေးခေါင်းပါးသည်ဟု ထင်နေပုံပါပဲ။





"မပန်းသံစဉ် အတော်ပဲဗျာ ကျွန်တော် တွေ့ချင်နေတာ"

သူ့ဘက်က တရင်းတနှီး နှုတ်ဆက်လိုက်တာကြောင့် ပန်းသံစဉ် အံ့သြသွားပုံရသည်။

"ဟိုတစ်ခါ ဆိုင်ထဲမှာ ကူညီပေးခဲ့တာအတွက် ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ"

"သြော် ရပါတယ်၊ အဲဒီတုန်းက ရှင် အခက်အခဲ တကယ်ဖြစ်နေတယ်ထင်လို့"

"ဟုတ်တယ်ဗျာ၊ အဲဒီတုန်းက ပိုက်ဆံအိတ်ပျောက်သွားလို့ အတော် စိတ်ညစ်သွားတာ၊ အိတ်ထဲမှာ တစ်ပြားမှမရှိဘဲ စားထားတာတွေ ရှင်းဖို့ ခက်နေတာ"

သူ မျက်နှာပူပူနှင့်ပဲ ရှင်းပြရင်း ကျေးဇူးတင်စကားဆိုတော့ ပန်းသံစဉ် ပြုံးပြုံးလေး နားထောင်နေ၏။

"ပန်းသံစဉ် အချိန်ရမယ်ဆိုရင် တစ်ဆိုင်ဆိုင် ထိုင်ရအောင်ဗျာ"

"အင်း အချိန်ရပါတယ်၊ ဒါပေမဲ့ ကျွန်မ ဖိနပ်ပြတ်သွားလို့"

"ဟင်"

ဒီတော့မှပဲ သူမ ခြေထောက်တွေကို သူ ငုံ့ကြည့်မိတော့သည်။ ရှင်းသန့်သော ခြေဖမိုး ဖြူဖြူလေးအောက်က စလစ်ပါ အနက်ရောင်ဖိနပ်လေးက ခေါင်ကြိုးလေး ပြုတ်ထွက်နေသည်။

"တက္ကစီငှားပြီး ဖိနပ်ဆိုင်သွားမလို့"

"ဟာ ကျွန်တော့်ကားနဲ့ သွားမယ်လေ တက်ပါ ကျွန်တော် လိုက်ပို့ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ တံတိုင်းခ"

ခေါင်ပြုတ်နေသည့် ဖိနပ်လေးကို ထိန်းစီးရင်း ပန်းသံစဉ် သူ့ဖွင့်ပေးသော ကားတံခါးမှ ဝင်ထိုင်သည်။

အနီးဆုံး ဖိနပ်ဆိုင်လေးဆီသို့ သူ့ကားလေးကို မောင်းထွက်ခဲ့လိုက်သည်။

"ပန်းသံစဉ် ဒီနေ့ ကားမပါဘူးလား"

"မပါဘူး တံတိုင်းခရဲ့ အိမ်ကထွက်ကတည်းက တက္ကစီနဲ့ပဲ လာခဲ့တာလေ"

ဖိနပ်ဆိုင်လေးရှေ့ရောက်တော့ သူကားလေးကို ထိုးရပ်ရင်း

"ပန်းသံစဉ် မဆင်းနဲ့လေ နံပါတ်ပြော ကျွန်တော် သွားဝယ် လိုက်မယ်"

"အားနာစရာရှင် ရပါတယ် ကျွန်မဘာသာ ဆင်းဝယ်ပါ့မယ်"

"အားနာစရာ မဟုတ်ပါဘူးဗျာ နံပါတ်တယ်လောက်လဲပဲပြော ကျွန်တော် ဝယ်ခဲ့ပေးပါ့မယ်"

"ကျေးဇူးပဲ တံတိုင်းခ နံပါတ်ခုနစ်ပါ"

"အိုခေ ရပြီ"

တံတိုင်းခ ကားတံခါးဖွင့်ဆင်းခဲ့ကာ ဖိနပ်ဆိုင်လေးထဲ လှမ်းဝင်ခဲ့လိုက်သည်။

စလစ်ပါ ဖိနပ် အနက်ရောင်လေးကိုပဲ ရွေးချယ်ဝယ်ယူပြီး ကားဆီ ပြန်ခဲ့လိုက်၏။

"အဆင်ပြေမလား စီးကြည့်လိုက်ဦး ပန်းသံစဉ်"

အိတ်လေးထဲက ဖိနပ်လေးကို ထုတ်ယူကာ ပန်းသံစဉ် စီးကြည့်





...တော့ အဆင်ပြေပြေပဲ ဖြစ်၏။

"အိုကေတယ် တံတိုင်းခ ဟိုဖိနပ်ဖိုး ဘယ်လောက်လဲဟင်"

"မပေးနဲ့တော့လေ ပန်းသံစဉ်ရဲ့ ကျွန်တော့်တုန်းကလည်း ပန်းသံစဉ် ကူညီပေးခဲ့တာပဲ"

"အဟင်း ဒါဆို ကြေသွားပြီပေါ့"

"တစ်ဆိုင်ဆိုင်မှာထိုင်ပြီး ကျွန်တော်တို့ တစ်ခုခု စားပြီးရင် ပန်းသံစဉ်နဲ့ ကျွန်တော်ကြားမှာ မိတ်ဆွေတွေ ဖြစ်လောက်ပြီထင်တယ်"

"ကောင်းတာပေါ့၊ ကျွန်မလည်း ဗိုက်ဆာနေတာ"

"အိုကေ ဒါဆို သွားကြရအောင်"

ထိုနေ့က ဆိုင်လေးမှာ သူနှင့်ပန်းသံစဉ် အတူထိုင်ဖြစ်ခဲ့ကြသည်။ နှစ်ယောက်ကြားမှ ရင်းနှီးမှုတွေ ပိုင်ဆိုင်ခဲ့ကြတာတော့ သေချာသည်။

သူ့အတွက် ပန်းသံစဉ်သည် ပထမဆုံး ခင်မင်ရင်းနှီးရသော မိန်းကလေး သူငယ်ချင်းတစ်ယောက် ဖြစ်ခဲ့၏။

ဒါကို နေရဲ သိသွားတော့ တအံ့တဩနှင့် ဆိုသေး၏။

"တကယ် အံ့ဩစရာသတင်းပဲ တံတိုင်း မင်းနဲ့ပန်းသံစဉ်ကြားက ပြေလည်မှုရသွားပြီပေါ့"

"သူ ကူညီခဲ့တဲ့ကိစ္စအတွက် ငါ့ဘက်ကပြန်ကူညီရင်း မိတ်ဆွေတွေ ဖြစ်ခဲ့ကြတာပါကွာ"

"ဘာပဲဖြစ်ဖြစ် အံ့ဩစရာသတင်းပဲ တံတိုင်း၊ မင်းမှာ ပထမ မိန်းကလေးသူငယ်ချင်းက ပန်းသံစဉ်ပေါ့"

ပြုံးဖြီးဖြီး ဆိုနေသော နေရဲကိုကြည့်ကာ သူ လိပ်ပြာလုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိသေးသည်။

"တံတိုင်း ဒါ မင်းအတွက် ထူးခြားတဲ့အပြောင်းအလဲတစ်ခု လို့ ငါထင်တယ်"

"ဟော့ကောင် ပေါက်ကရတွေ မပြောနဲ့၊ ငါတို့နှစ်ယောက်က ရိုးရိုးသားသား သူငယ်ချင်းမိတ်ဆွေတွေပါ"

"အေးပါကွာ ငါ ဘာမှမပြောပါဘူး အဟဲ"

တံတိုင်း ဘုကြည့်ကြည့်ကာ အခန်းထဲက ထွက်ခဲ့ချိန်ထိ နေရဲ စပ်ဖြီးဖြီးမျက်နှာနှင့် ကျန်ရစ်ခဲ့သည်။

နေရဲ ပြောသလို တံတိုင်းကိုယ်တိုင်လည်း ကိုယ့်ကိုကိုယ် အံ့ဩမိတာအမှန်ပဲဖြစ်သည်။ ဘယ်မိန်းကလေးနှင့်မှ မပတ်သက် မခင်မင်လိုသော သူနှင့်ပန်းသံစဉ်ကို ဆုံတွေ့ရင်းနှီးစေခဲ့တာ ကံကြမ္မာရဲ့ ထူးဆန်းသော စီရင်မှုတစ်ခု ဖြစ်လိမ့်မည်။

လောကကြီးက တစ်ခါတစ်ရံတော့ အံ့ဩစရာ အကောင်းသား

■ ■ ■

## အခန်း (၁၂)

နန်းရီထံ ပန်းသံစဉ် လာလည်တိုင်း သူနှင့်ဆုံတွေ့ရတာတ်စမြဲ ဖြစ်သည်။ ကင်တင်းနံက ဆိုင်လေးမှာ အတူထိုင်ဖြစ်ကြသည်။

ဘယ်တုန်းကမှ မိန်းကလေးသူငယ်ချင်းမိတ်ဆွေနှင့် မတွေ့ရသော သူ့ကို နန်းရီတို့နှစ်ယောက်နှင့်တွေ့နေတော့ အားလုံးက အံ့ဩနေကြတာလည်း သူ သိသည်။

ဒါပေမဲ့ ထိုတအံ့တဩ အကြည့်များစွာကို သူ ဥပေက္ခာပြုထားလိုက်သည်။

အမှန်ဝန်ခံရလျှင် ပန်းသံစဉ်နှင့် ဆုံတွေ့ခွင့်ရသော အချိန်လေးတွေကိုတော့ သူ ကြည်နူးနေမိခြင်းပင်။

"ဘာလိုလိုနဲ့ စာမေးပွဲတောင် နီးလာပြီနော်"

"ဟုတ်တယ်နော် တံတိုင်းကော စာတွေကျက်ဖြစ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျက်ဖြစ်ပါတယ် သံစဉ်ကော"

"ပိုင်ပါတယ် စာမေးပွဲအတွက် အသင့်ပဲလေ"

ပန်းသံစဉ်နှင့် ခင်မင်ရင်းနှီးခွင့်ရတော့မှ ပန်းသံစဉ်ရဲ့စိတ်ကို သူ ပိုလို့ နားလည်လာခဲ့သည်။

ပန်းသံစဉ်သည် ရည်ရွယ်ချက်ကြီးမားစွာနှင့် ဘဝကို ရှင်သန် နေသော မိန်းကလေးဖြစ်သည်။

"တို့က နိုင်ငံတကာ ဘာသာစကားတွေကို စိတ်ဝင်စားတယ် ဒါကြောင့်လည်း ဒီကျောင်းကိုတက်ဖြစ်တာလေ၊ ကျောင်းပြီးသွားရင်လည်း နောက်ထပ် ဘာသာစကားတွေ ထပ်သင်ဖြစ်ဦးမှာ၊ မေမေတို့ကတော့ တို့ဝါသနာကို နားလည်တယ်၊ တို့စိတ်တိုင်းကျလည်း လုပ်ခွင့်ပေးထား တယ်၊ တို့က နိုင်ငံတကာနဲ့ပတ်သက်ဆက်နွယ်နိုင်တဲ့ လုပ်ငန်းတစ်ခု တည်ထောင်မယ်လို့ ရည်ရွယ်ထားတယ်"

ရည်မှန်းချက် ကြီးမားသော ပန်းသံစဉ်ကို သူ လေးစားအထင် ကြီးမိသလို အခုချိန်ထိ မရေရာသော သူ့ရည်ရွယ်ချက်အတွက်လည်း ပြန်တွေးမိကာ ပင့်သက်ရှိုက်မိသေး၏။

တကယ်ဆို ကျောင်းပြီးလျှင် ဒယ်ဒီရဲ့လုပ်ငန်းတွေကို သူ ဦးစီးလုပ်ကိုင်ချင်သည်ဆိုပေမယ့်လည်း ဒေါ်သဇင်နွယ်နှင့် မပတ်သက်ချင် တာတော့ အမှန်ပဲဖြစ်သည်။

လက်ရှိမှာ ဒယ်ဒီရဲ့လုပ်ငန်းတွေဆိုသည်က ဒေါ်သဇင်နွယ်နှင့် လည်း ပတ်သက်ဆက်နွယ်နေတာပဲဖြစ်သည်။

သူ သိထားသလောက် ဒယ်ဒီနှင့်လက်မထပ်ခင်ကတည်း ဒေါ်သဇင်နွယ်က ကုမ္ပဏီလုပ်ငန်းတွေပိုင်ဆိုင်ထားသည်။ ငွေကြေး





ပြည့်စုံပြီးသော ဒေါ်သဇင်နွယ် ဒယ်ဒီလိုယောကျ်ားကို လက်ထပ်ခဲ့တာ ကြေးကြောင့်မဟုတ်တာ သေချာ၏။

"တံတိုင်း"

လွင့်ခနဲ မျောသွားသော အတွေးတွေက ပန်းသံစဉ် ခေါ်သံ ကြားမှပဲ ပြန်စုစည်းမိတော့၏။

"ပြောလေ ဘာပြောမလို့လဲ သံစဉ်"

"ဪ တံတိုင်း ဘာတွေတွေးနေသလဲလို့ပါ၊ တံတိုင်းကကော ကျောင်းပြီးရင် ဘာလုပ်မှာလဲ"

"အင်း ဒယ်ဒီရဲ့အလုပ်မှာပဲ ကိုယ် ဝင်လုပ်ဖြစ်မှာပါ၊ ဒါပေမဲ့ သေအချာတော့ မပြောတတ်သေးဘူး"

"ကောင်းတဲ့ရည်ရွယ်ချက်ပဲ တံတိုင်းရဲ့၊ ကိုယ့်မိဘရဲ့လုပ်ငန်း ကို တံတိုင်း ဦးဆောင်သင့်တာပေါ့၊ တံတိုင်း ယူထားတဲ့ဘွဲ့နဲ့လည်း ပြတာပဲလေ"

သံစဉ် ပြောတာ မှန်ပေမယ့် သူ့မှာက သံစဉ် မသိသော အကြောင်းတွေ ရှိနေသေးသည်။

တကယ်ဆိုလျှင် သူတို့မိသားစုရဲ့အတိတ်သမိုင်းတွေကို သူက ဘယ်သူမှမသိနိုင်ပါ။ နေရဲတောင် ပြည့်စုံစွာ မသိသေးသော ကြောင်းတွေရှိသည်။

"တံတိုင်း ဒီနှစ် နွေကျောင်းပိတ်ရက် ဘယ်သွားဦးမှာလဲ"

မေးလာတော့ သူ ချက်ချင်းမဖြေနိုင်ပါ။ ကျောင်းပိတ်ရက်တိုင်း ခါန်မှာ မရှိတတ်တာကို သံစဉ်ကို ပြောပြဖူးထား၏။

"ဘာလဲ နေရဲတို့မြို့ကိုပဲ လိုက်သွားဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း မပြောတတ်သေးပါဘူး သံစဉ်"

"သံစဉ်တော့ ဒီနှစ် မန္တလေးပြန်ဖြစ်မယ်"

မန္တလေးဆိုသော စကားကိုကြားမှ ဒယ်ဒီ ပြောခဲ့သော စကားတွေကို ပြန်သတိရ၏။ ဒီနွေမှာ သူ့ကို ဒယ်ဒီ မန္တလေး လိုက်ခဲ့ဖို့ ခေါ်ထားသည်။

ဘိုးဘိုးဘွားဘွားတို့ကလည်း သူ့ကို တွေ့ချင်နေသည်။ သူလည်း ဘွားဘွားတို့ကို သတိရလွမ်းပါသည်။

ဒါပေမဲ့ ဒေါ်သဖင်နွယ်နှင့်အတူသွားရမည့် ခရီးကို သူ မလိုက်ချင်တာလည်း အမှန်ပဲဖြစ်သည်။

"အားလုံးကို တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်နော်၊ တို့မန္တလေးက ပြန်လာတဲ့အခါ လက်ဆောင်တွေတော့ ယူခဲ့မယ်"

သံစဉ်ပြောတော့ နန်းရီက ခေါင်းလေးညိတ်သည်။ သူကတော့ သံစဉ်မျက်နှာလေးကိုပဲ ငေးစိုက်ကြည့်နေမိသည်။

နွေကျောင်းပိတ်ရက်ရှည်ကြီးမှာ သူ မမြင်ခွင့်မရတော့သော မျက်နှာလေးကိုတော့ သတိရနေတော့မှာ သေချာသည်။

ဘယ်မိန်းကလေးကိုမှ မနှောင်တွယ်ဖူးသော သံယောဇဉ်တွေနှင့် သံစဉ်အပေါ်မှာ သူ တွယ်ငြိနေခဲ့ပြီလား။

အချိန်တိုလေးအတွင်းမှာ ဒီလောက်အထိတော့ သူ ငြိတွယ်မိမယ်ဟု ထင်သည်။ သံစဉ် မျက်ဝန်းတွေထဲမှာကော သံယောဇဉ်နှောင်ကြိုးတွေ တည်ရှိနေသည်လား။

သူ ဝေခွဲမတတ်သေးတာတော့ အမှန်။

■ ■ ■



## အခန်း (၁၃)

သူတို့ထက် စာမေးပွဲ ကြိုတင်ဖြေဆိုပြီးသွားသော သံစဉ်လေးက မိဘတွေဆီ ပြန်သွားပြီဆိုသည့်သတင်းကို နန်းရီထံမှ ကြားရသည်။

"တတိုင်းကိုလည်း နှုတ်ဆက်သွားတယ်လို့ ပြောခိုင်းလိုက်တယ်"

"သံစဉ်ကလည်း တစ်ခေါက်လောက်တောင် မလာဘူးလား"

"နန်းရီတို့လည်း စာမေးပွဲတွေ ဖြေနေတော့ အနှောင့်အယှက်ဖြစ်မှာစိုးလို့တဲ့၊ နန်းရီဆီတောင် ဖုန်းပဲဆက်တာ"

သူ့ရင်ထဲမှာ ခံစားလိုက်ရသော ဝေဒနာက တစ်ကြိမ်တစ်ခါမှ မခံစားရဘူးသော ဝေဒနာအသစ်တစ်ခု ဖြစ်နေခဲ့သည်။

ကျောင်းတွေ မပိတ်ခင်မှာ ပန်းသံစဉ်နှင့်ဆုံတွေ့ခွင့်လေးရဦးမည်ဟု ထင်မှတ်ထားခဲ့သည်။ မျှော်လင့်ထားခဲ့မိသည်။ ဒါပေမဲ့ အခုတော့ မျှော်လင့်ချက်တွေ ကင်းမဲ့ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲရက်တွေမှာတော့ သူကော နေရဲပါ အိမ်မှာပဲ အခန်းအောင်း စာကျက်ဖြစ်သည်။

စာကိုပုံမှန်ကျက်ဖြစ်သည့် သူ့အတွက် သက်တောင့်သက်သာရှိပေမယ့် နေရဲမှာတော့ မျက်ကလူးဆန်ပြာ ဖြစ်နေ၏။

"တံတိုင်း ဒီပုစ္ဆာက ငါ မရှင်းဘူး၊ ရှင်းပြစမ်းပါကွာ"

"ဟေ့ကောင် နက်ဖြန်သဘက် ဖြေခါနီးမှ ဖုတ်ပူမီးတိုက် လုပ်မနေနဲ့၊ စာကျက်ပါ သတိပေးတုန်းက အေးဆေးပါဆို"

"ဟာကွာ သူငယ်ချင်းကလည်း မင်းတစ်ယောက်လုံးရှိနေတာပဲ အားကိုးပါရစေ ငါ ကျက်စာတွေ ရပါတယ်၊ အဲ နည်းနည်းပါးပါး မရတာ တွက်စာတွေပါ"

"အခုမှ မျက်နှာချိုလာသွေးမနေနဲ့"

နေရဲ တွက်မရသော ပုစ္ဆာတွေကို သူကပဲ ရှင်းလင်းပြရသည်။ စာမေးပွဲနားနီးတိုင်း နေရဲ ဖြစ်တတ်သည့် ပြဿနာမို့ သူ့အတွက် အဆန်းတော့ မဟုတ်တော့ပါ။

"ကဲ ရှင်းပြီလား နေရဲ"

"အိုကေ သိုင်းကျူး ဖဲရီးမက်ချ် ရော့ ကော်ဖီလေးသောက်လိုက်ဦး တံတိုင်း"

"ဟေ့ကောင် လာဟားမနေနဲ့ နောက်ထပ်မရတဲ့ ပုစ္ဆာရှိရင်ပြော"

"အဟဲ အလျှူလက်ဖက်နဲ့ မျက်နှာလုပ်တာ မဟုတ်ပါဘူးကွာ ဒီအချိန်မှာ ဆရာသမားမို့ ပူဇော်တာ၊ ကော်ဖီသောက်လိုက်ဦး ပြီးမှ နောက်တစ်ပုဒ်ပြပေးကွာ"

ဘာပဲဖြစ်ဖြစ် ခင်မင်စရာကောင်းသလို စိတ်ပျက်စရာကောင်း





သော နေရဲကိုတော့ သူ ခင်မင်ပါသည်။

သူ့အတွက်နေရဲက သူငယ်ချင်းလည်း ဟုတ်သလို ညီအစ်ကိုလိုလည်း ခင်မင်ရသူဖြစ်သည်။

"ဟေ့ကောင် နေရဲ ဒီနေ့ ဖြေနိုင်ရဲ့လား"

"အေး ညတုန်းက မင်းကိုပြခိုင်းတဲ့ ပုစ္ဆာတွေကွက်တိပဲ မင်းကျေးဇူးကြောင့်အောင်မှာပါ ခဏလေးကွာ တံတိုင်း"

"ဟေ့ကောင် ပြန်မယ်လေ ဘယ်သွားမှာလဲ"

"ငါးမိနစ်ပဲ ခဏလေး"

သူ့လက်ကိုကာပြပြီး နေရဲ သုတ်ချေတင်သွားကာ သက်သက်ဦးဆီပဲဟု သူ သဘောပေါက်လိုက်သည်။

စာမေးပွဲရက်တွေမှာ သူပြောမှာကြောက်သည့်စိတ်ကြောင့် နေရဲ သက်သက်ဦးရဲ့ အဆောင်ကိုမသွား၊ ဖုန်းဆက်လျှင်လည်း အရင်လို အကြာကြီးမပြောရဲပါ။

စာမေးပွဲပြီးလျှင်တော့ သက်သက်ဦးဆီပြေးကာ တစ်ခဏလောက် စကားပြောရတာအမော။

နေရဲကို သူ အပြစ်မပြောချင်တော့ပါ။ နေရဲအပေါ်မှာ သူစာနာတတ်နေခဲ့ပြီ။

တံတိုင်းခဆိုသည့် သူလည်း သံယောဇဉ်တွေ ငြိတွယ်နေခဲ့ပြီပဲ။ သံစဉ်ကို တွေ့ချင်သည့်စိတ်တွေက ပြင်းပြနေတာ သူကိုယ်တိုင်ပဲ အသိဆုံးဖြစ်သည်။

ပန်းသံစဉ်ဆိုသော မိန်းကလေးကို သူ သတိတရ တွေ့ချင်စိတ်တွေ ပြင်းပြနေတာ အချစ်ပဲလား။



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစရာတော့ ကောင်းပါသည်။ အချစ်ဆိုတာ သူ့နှလုံးသား ထဲကို ဒီလောက်အထိ မြန်ဆန်စွာ ဝင်ရောက်လာမည်ဟု မထင်ခဲ့မိ။

■ ■ ■

## အခန်း (၁၄)

နောက်ဆုံးနေ့ စာမေးပွဲပြီးဆုံးတော့ နေရဲက ထုံးစံအတိုင်း ချစ်သူနှင့် လည်ပတ်မည်ဆိုကာ ပါသွားခဲ့သည်။

သူကတော့ ဘယ်ကိုမှလည်း သွားချင်စိတ်မရှိတာကြောင့် အိမ် ကိုပဲ ပြန်ခဲ့သည်။ စိတ်ထဲမှာ တမ်းတမ်းတတ သတိရနေမိတာ ပန်းသံစဉ် ကိုဖြစ်သည်။

ဒီအချိန်ဆို သံစဉ် မန္တလေးမှာ မိဘတွေနှင့် ပျော်နေမည် ထင်သည်။ သူ့ကို သတိမှရရဲ့လားမသိ။

သံစဉ်ရဲ့ ဖုန်းနံပါတ် တောင်းမထားလိုက်မိတာကို နောင်တတွေ ရမဆုံးဖြစ်နေသည်။ သံစဉ် မျက်နှာလေးကို မဆုံတွေ့ခဲ့ရတာ ဆယ်ရက် ကျော်ခန့်ပဲ ရှိဦးမည်။

နောက်ထပ် ကျောင်းပိတ်ရက်ရှည်ကြီးကို ဘယ်လိုရင်ဆိုင်ကျော် ဖြတ်ရမည်လဲ မသိတော့ပါ။

ဝိုး ဒို၊ ငသေပ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မွန်းကြပ်မှုတွေကို ရင်ဖွင့်ချင်ပေမယ့်လည်း အနားမှာ ဘယ်သူမှမရှိ။ နေရဲဆိုသည့် ကောင်ကလည်း တစ်နေ့ကုန်မှ ပြန်လာမှာ သေချာသည်။

ညွှန်းခန်းဆိုဖာထိုင်ခုံမှာ ဝင်လှဲနေတုန်းမှာပဲ ဖုန်းသံက မြည်လာသည်။ ချက်ချင်း မကိုင်ဖြစ်သေးဘဲ တွေနေမိ၏။ ဒယ်ဒီဆီက ဖုန်းပဲထင်သည်။ သူ့ကို မန္တလေးလိုက်ဖို့ ခေါ်တာဖြစ်မည်။

သူ မလိုက်ဖို့ ဆုံးဖြတ်ထားခဲ့တာကို ဒယ်ဒီသိလျှင် စိတ်ကောင်းမှာမဟုတ်ပါ။ ဒါပေမဲ့ အဆက်မပြတ်မြည်နေသော ဖုန်းကို သူကောက်ကိုင်လိုက်၏။

"ဟုတ်ကဲ့ ဟဲလိုခင်ဗျာ... တံတိုင်းခပါ"

"မြေးလေးလား ဘွားဘွားပါ"

"ဟင် ဘွား"

မန္တလေးက ဘွားဘွားဆီက ဖုန်းဖြစ်နေတာကြောင့် သူအံ့သြသွားမိတာတော့ အမှန်။

"မြေးက ဘွားကိုတော်တော် စိမ်းကားနေတာပဲ၊ တစ်ခါမှ ရောက်မလာသလို ဖုန်းတောင်မဆက်ဘူးနော်"

"မဟုတ်ပါဘူး ဘွားရယ်၊ ဟိုလေ ကျောင်းစာတွေနဲ့ လုံးပန်းနေရလို့ပါ"

ဘွားကျော့နှပ်အောင် သူ လိမ်ညာလိုက်ရသည်။

"ကဲ ထားပါတော့ကွယ်၊ မြေး ဒီနေ့ပဲ စာမေးပွဲပြီးပြီလို့ သားဆီကကြားတယ်၊ အခုလည်း သားဖုန်းနံပါတ်ပေးလို့ ဘွား မြေးဆီဆက်လိုက်တာ"





ဒယ်ဒီက ဘွားဆီ ဖုန်းနံပါတ်ပေးလိုက်ခြင်းဟု နားလည်မိခြင်းနှင့်အတူ ဒယ်ဒီရဲ့ ရည်ရွယ်ချက်ကိုလည်း ရိပ်မိလိုက်ပါသည်။

မန္တလေးကို သူသွားဖို့အတွက် ဘွားကိုယ်တိုင်ကို ခေါ်ခိုင်းခြင်းပဲထင်၏။

ဘွား ကိုယ်တိုင် တောင်းဆိုလာတော့ သူငြင်းရခက်စွာ တွေတွေကြီး နှုတ်ဆိတ်နေမိ၏။

"မြေး ဘွားဆီမလာချင်ဘူးလား၊ ဘွားတို့က အသက်ကြီးပါပြီကွယ်၊ ဒီတစ်ခါ ဆုံတွေ့ခြင်းက နောက်ဆုံးဆုံတွေ့ခြင်းလည်း ဖြစ်သွားနိုင်တယ်ဆိုတာ မြေး လက်ခံရလိမ့်မယ်"

"အို ဘွားရယ် ဘာတွေပြောနေတာလဲ ဘွားကော ဘိုးပါ နေကောင်းတာပဲဟာ"

"သေခြင်းတရားဆိုတာ အမြဲတမ်း အနီးဆုံးမှာရှိတယ် မြေး၊ ဘာပဲဖြစ်ဖြစ် မသေခင် ဘွားမြေးကိုတွေ့ချင်တယ်၊ ပြီးတော့ မှာစရာတွေလည်းရှိနေတယ်၊ ဒါကြောင့် မြေးရောက်အောင်လာခဲ့ပါ"

"စိတ်ချပါ ဘွား ကျွန်တော်ရောက်အောင် လာခဲ့ပါ့မယ်"

"ဝမ်းသာလိုက်တာ မြေးရယ်၊ ဘွား မျှော်နေမယ်နော်"

ဘွားကျေနပ်အောင် သူကတိပေးခဲ့ရပြီး မန္တလေးကိုတော့ မဖြစ်မနေ သွားရတော့မှာပဲဖြစ်သည်။

ဒယ်ဒီနှင့်အတူတော့ မလိုက်ဖို့ သူဆုံးဖြတ်ထားသည်။ ခေါ်သဖင်နှယ်ပါ အတူပါလာမည့်ခရီးကို အတူတော့ သူ မသွားချင်ပါ။

ထို့အတွက် ဒယ်ဒီ စိတ်မကောင်းဖြစ်ခဲ့လျှင်လည်း မတတ်နိုင်ပါ။ ဒယ်ဒီကိုချစ်ပေမယ့် ဒယ်ဒီရဲ့ဇနီးကိုတော့ သူ့စိတ်က လက်မခံနိုင်တာ အမှန်ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီရဲ့အမြင်မှာ သူ့ဘက်က တစ်ဖက်သတ် ခါးသီးနေခြင်းဟု ထင်ကောင်းထင်လိမ့်မည်။ ဒါပေမဲ့ ဒေါ်သဇင်နွယ်ကို သူမုန်းတာမဟုတ်ပါ။ မိသားစုဝင်တစ်ယောက်အဖြစ် လက်မခံနိုင်တာပဲ ဖြစ်သည်။

သူ ဘာကြောင့် လက်မခံနိုင်သည်ဆိုတာကိုလည်း ဒယ်ဒီသိမှာပဲ ဖြစ်သည်။ သူမျှော်လင့်သော မိသားစုဘဝတစ်ခုကို ဘယ်သောအခါမှ ပိုင်ဆိုင်ခွင့်မရနိုင်တော့ဟု စိတ်ကသိနေသည်။

ထိုအသိကြောင့်ပဲ သူ့စိတ်တွေ ညစ်ညူးနေခဲ့တာ အသေအချာ ဖြစ်သည်။

''မဖြစ်နိုင်တော့တဲ့ အခြေအနေတစ်ခုကို တောင့်တမနေပါနဲ့တော့ သားရယ်၊ အားလုံးက ပြီးဆုံးခဲ့ပါပြီ၊ ဘယ်လိုမှ ပြန်ဆက်လို့မရနိုင်တော့တဲ့ ကြိုးတစ်ချောင်းကို သား ပြန်ဆက်ဖို့ မကြိုးစားပါနဲ့တော့ကွာ''

ဒယ်ဒီနှုတ်က ပြတ်သားစွာဆိုခဲ့သော စကားတွေကို သူ မမေ့သေးပါ။

ဒယ်ဒီရင်ထဲမှာ အတိတ်ဆိုတာ အပြီးအပိုင် မေ့ပစ်ထားခဲ့သော အရာတစ်ခုလား။ တကယ်ဆိုလျှင် အတိတ်ဆိုတာ ပြီးဆုံးလွန်မြောက်ပြီးခဲ့ပေမယ့် အိမ်မက်တစ်ခု မဟုတ်ခဲ့ပါ။

ဒါကိုသိနေသော သူ့အတွက် အတိတ်အိမ်မက်ကို မက်ခွင့်ရချင်သည်။

ဒယ်ဒီပြောသလို မေ့ပစ်လိုက်ရအောင်လည်း လွယ်ကူသော အရာမဟုတ်ခဲ့၊ ဇာတ်လမ်းတွေက တကယ်မှမပြီးဆုံးခဲ့သေးပဲ ဒယ်ဒီရယ်

■ ■ ■



## အခန်း (၁၅)

မန္တလေးကို ဒယ်ဒီတို့နှင့်မလိုက်ဘဲ သူအရင်သွားမည်ဆိုတော့ ဒယ်ဒီ မျက်နှာပျက်သွားခဲ့တာ သူမြင်ခဲ့သည်။ ဒါပေမဲ့လည်း ဒယ်ဒီက ခေါင်းညိတ်ခွင့်ပြုခဲ့သည်။

''သားသဘောပဲလေ ဒယ်ဒီတို့တော့ နောက်တစ်ပတ်လောက်မှ လာဖြစ်မယ်လို့ သား ဘွားဘွားတို့ကို ပြောပြလိုက်နော်၊ ဒီရက်မှာ အလုပ်ကိစ္စလေးတွေ ဒယ်ဒီ စီစဉ်ထားခဲ့ရဦးမှာမို့ကွာ''

အလုပ်တာဝန်တွေထဲမှာ နစ်မြုပ်နေသော ဒယ်ဒီကိုလည်း သူ သနားမိပါသည်။ သူသာအိမ်မှာရှိလျှင် ဒယ်ဒီကို ကူညီနိုင်မှာသိပေမယ့် အိမ်မှာမနေချင်သောစိတ်က သူ့ရင်မှာ ခိုင်မြဲနေခဲ့၏။

''သား ကားယူသွားမှာလား''

''မယူဘူး ဒယ်ဒီ လွတ်လွတ်လပ်လပ် ရထားနဲ့သွားချင်လို့ ကားကို ဒယ်ဒီ့အိမ်ပြန်လာပို့ထားတာပါ''



www.burmeseclassic.com

www.burmeseclassic.com



''အိတည်းကောင်းပါတယ် သားရယ်၊ ကားနဲ့ခရီးရှည်ကြီးကို ကိုယ်တိုင်မောင်းနှင်သွားတာ အန္တရာယ်ရှိပါတယ်''

သူ့အတွက် စိုးရိမ်စွာ ဒေါ်သဇင်နွယ် ဝင်ပြောပေမယ့် သူတစ်ချက်လေးတောင် လှည့်မကြည့်ဖြစ်ခဲ့ပါ။

''အိမ်ယော့ကို နေရဲ လာပို့ပေးလိမ့်မယ် ဒယ်ဒီ၊ ဒီကောင်က နောက်သုံးရက်လောက်နေမှ ပြန်ဖြစ်မှာမို့ပါ''

''ရတယ် သား မောင်နေရဲ နေပါစေ''

''ဒါဆို ကျွန်တော်ပြန်မယ် ဒယ်ဒီ''

''သား မနက်ဖြန်မှ သွားမှာမဟုတ်လား၊ ဒီတစ်ညဒီမှာပဲ အိပ်လိုက်ပါလား သား''

သူလက်မခံနိုင်မှန်း သိနေလျက်နှင့် ဒယ်ဒီတောင်းဆိုနေသလို သူ့ဘက်ကလည်း ငြင်းဆန်ဖို့ မတွန့်ဆုတ်ခဲ့ပါ။

''မအိပ်တော့ဘူး ဒယ်ဒီ ပြင်ဆင်စရာလေးတွေရှိလို့ ပြီးတော့ နေရဲနဲ့လည်း ပြောစရာစကားတွေ ရှိသေးလို့ပါ''

သူ့ လိမ်ညာ ငြင်းပယ်တာကို သိပေမယ့် ဒယ်ဒီခေါင်းညိတ်ပေးပါသည်။ ဒေါ်သဇင်နွယ်က

''သား ထမင်းစားပြီးမှ ပြန်ပါလား၊ သားကြိုက်တဲ့ ပုဇွန်ထုပ်ဟင်း ချက်တယ်လေ''

''ဟင့်အင်း ကျွန်တော် ပုဇွန်ထုပ်ဟင်း မကြိုက်တာကြာပြီ''

တမင် သူ့ရွဲ့ဖြေလိုက်တာသိတော့ ဒေါ်သဇင်နွယ် မျက်နှာညှိုးကျသွားသည်။ ဒယ်ဒီကလည်း မျက်နှာမကောင်းပါ။

''ကိုတို့ စကားပြောကြဦးနော် နွယ် လုပ်စရာလေးရှိလို့''





ဒေါ်သဇင်နွယ် တမင်ရှောင်ထွက်သွားတာ သူသဘောပေါက်သည်။ ဒီတော့မှ သူလည်း ဆိုဖာထိုင်ခုံပေါ်မှဆင်းကာ ကြမ်းပြင်မှာ ဒူးတုပ်ထိုင်လိုက်၏။

''ဒယ်ဒီကို သားကန်တော့ခဲ့ပါတယ်''

ဒယ်ဒီတစ်ယောက်တည်းကိုပဲ သူကန်တော့ပြီး ပြန်ခဲ့မိ၏။ ဒီအိမ်ကို သူဘယ်တော့မှ မလာချင်ပါ။ ဒီအရိပ်ဒီနေရာရောက်လျှင် သူလည်း နာကျင်ခံစားရသည်။

ဒယ်ဒီကိုလည်း စိတ်မကောင်းမဖြစ်စေချင်ပါ။ သူမကြည်ဖြူသည့်ကြားက ဒေါ်သဇင်နွယ်ကို လက်ထပ်ခဲ့ခြင်းအတွက် ဒယ်ဒီနောင်တရနေခြင်းမရှိသလို သူကလည်း ဒယ်ဒီ ဖြစ်စေချင်သော ဆန္ဒအတိုင်း ဖြစ်မလာမှာ သေချာနေခဲ့၏။

အိမ်ကိုပြန်ရောက်တော့ နေရဲလည်း ပြန်ရောက်နေသည်။ မနက်က နေရဲ အပြင်သွားခဲ့သလို သူလည်း အပြင်ထွက်ခဲ့တာ ဖြစ်၏။

''လက်မှတ်ကိစ္စ အဆင်ပြေလား တံတိုင်း''

''ပြေပါတယ် မနက်ဖြန် ငါသွားမယ်''

''မင်းမိဘတွေ အိမ်ဝင်ခဲ့သေးလား''

သူ ခေါင်းညိတ်ပြလိုက်သည်။ သူ့မျက်နှာ တည်ကြည်နေတာကြောင့် နေရဲ ဘာမှ ထပ်မမေးတော့ပါ။ ဒယ်ဒီနှင့်သူ့ကြားမှာ နေရဲ ဘယ်လိုပဲ ဖျောင်းဖျ ဖျောင်းဖျ သူ့ဘက်က မပြောင်းလဲတော့ နေရဲလည်း ဆက်လျော့ အရှုံးပေးသွားခဲ့ပြီ ထင်ပါသည်။

''နေရဲ မင်းညနေစာ စားပြီးပြီလား''

''မစားရသေးဘူးလေ မင်းကော စားခဲ့ပြီးပြီပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မစားခဲ့ပါဘူး ခဏနေရင် အတူထွက်စားကြမယ်လေ မင်းကိုငါ ကျွေးမွေးပါ့မယ်"

"အိုကေ ဒါဆို မင်း ရေမိုးချိုးလိုက်ဦးလေ"

နေရဲကို ခေါင်းညိတ်ပြပြီး သူ ရေချိုးခန်းဘက် လှမ်းခဲ့လိုက်သည်။ ဘွားကြောင့် မန္တလေး ပြန်ဖြစ်သွားခဲ့သော သူ အချိန်လွန်မှ နောင်တရမိတာတစ်ခု ရှိသေးသည်။

မန္တလေး ပြန်သွားခဲ့သော ပန်းသံစဉ်ရဲ့ လိပ်စာကို မမေးထားလိုက်မိတဲ့အတွက်ဖြစ်သည်။ နန်းရီ ရှိနေလျှင် သံစဉ်ရဲ့ဖုန်းနံပါတ်ကို သိနိုင်သေးပေမယ့် နန်းရီကလည်း ခရီးထွက်သွားတာမို့ ရန်ကုန်မှာ မရှိပါ။

ပန်းသံစဉ်ရှိသော မန္တလေးကို သူရောက်ခဲ့လျှင်တောင်မှ ပန်းသံစဉ်နှင့်ဆုံတွေ့ဆိုက မလွယ်ကူနိုင်သည့် အဖြစ်ပါပဲ။

ကံကြမ္မာကပဲ ဆိုးလွန်းတာလား။ သူပဲ ညံ့ဖျင်းလွန်းတာလား။

■ ■ ■

## အခန်း (၁၆)

သူ့ကိုမြင်သည်နှင့် ဘွားမျက်ရည်တွေ စီးကျကာ သူ့ကို ပွေ့ဖက်ထားတော့သည်။ ဘွားရဲ့ရင်ခွင်က ဟိုးအရင်ကလိုပဲ သူ့အတွက် နွေးထွေးငြိမ်းချမ်းနေခဲ့သည်။

ဘိုးက သူနှင့်ဘွားဘွားတို့ကိုကြည့်ရင်း ရှေ့ကိုင်းမျက်မှန်ထဲက ...ဝန်းတွေ မျက်ရည်စို့နေခဲ့၏။

"မြေးကို မြေးဘွားက တမျှော်မျှော် ဖြစ်နေတာကွ မြေးရောက် ...တာ ဘိုး သိပ်ဝမ်းသာတယ်၊ အင်း ဘိုးတို့မှာလည်း သားတွေမြေးတွေ ...ပျက် အတူမနေနိုင်တဲ့ ဘဝတွေပဲ"

ဘိုး ကြေကြေကွဲကွဲဆိုတော့ သူ့ရင်ထဲမှာလည်း မကောင်းပါ။ ဘိုးနှင့်ဘွားက မွေးရပ်မြေ မန္တလေးကို မခွာနိုင်ကြတာမို့ ရန်ကုန်ကို ...မနေခဲ့ပါ။

မိုး မိုး ၁ ၁ ၆ ၂

www.burmeseclassic.com

www.burmeseclassic.com



"ကဲ မြေးဘွားနဲ့ စကားပြောကြဦးနော် ဘိုး ခြံထဲဆင်းပြီး လမ်းလျှောက်လိုက်ဦးမယ်"

နံဘေးမှာ ထောင်ထားသော တုတ်ကောက်လေး ကိုင်ကာ ဘိုး ခြံထဲဆင်းသွားခဲ့သည်။

မန္တလေးကို မခွဲခွာနိုင်သည့် ဘိုးနှင့်ဘွားအတွက် ဒယ်ဒီကတော့ အဆင်ပြေအောင် စီစဉ်ပေးထားသည်။

ဒယ်ဒီရဲ့ အစ်မဝမ်းကွဲ အဒေါ်အပျိုကြီးက ဘိုးနှင့်ဘွားကို စောင့်ရှောက်ပေးသည်။ ဒီအသက်အရွယ်အထိ ဘိုးနှင့်ဘွားတို့ ကျန်းမာနေကြတာကိုပဲ ဝမ်းသာရတော့မည်။

"ဘွား မငိုနဲ့တော့နော် သား ရောက်လာပြီပဲ၊ ဒယ်ဒီကလည်း နောက်တစ်ပတ်လောက်ဆို ရောက်လာမှာပါ"

"သား ဘွားဆီမနေ့က ဖုန်းဆက်ပါတယ်၊ မြေးကအရင်လာနေပြီတဲ့ နေပါဦး မြေးက ကိုယ့်အဖေနဲ့အတူ မလာချင်လို့လား"

ဘွားမေးတော့ သူမဖြေဘဲ နှုတ်ဆိတ်နေမိသည်၊ ဒါကိုပဲ ဘွားက နားလည်စွာပြုံးရင်း သူ့ခေါင်းကို ပွတ်သပ်နှစ်သိမ့်၏။

"သားရယ် ဘာပဲဖြစ်ဖြစ် သားအဖေကို နားလည်ပေးလိုက်ပါကွယ်၊ သူ နောက်အိမ်ထောင်ပြုတာကို ဘွားတော့ အပြစ်မမြင်တော့ပါဘူး"

"သားကတော့ အခုချိန်ထိ လက်မခံနိုင်ဘူး ဘွား၊ မေမေ့ နေရာမှာ ဘယ်သူကိုမှ သား အစားမထိုးနိုင်ဘူး"

ရင်ထဲက ခံစားချက်အတိုင်း သူပြောတော့ ဘွားနားလည်သလို စိုက်ကြည့်ရင်း ခေါင်းတညိတ်ညိတ် ငြိမ်သက်နေခဲ့၏။ တကယ်ဆို ဒယ်ဒီ





နောက်အိမ်ထောင်ပြုမည် ဆုံးဖြတ်စဉ်က ဘွား ခါးသီးစွာ ငြင်းပယ်ခဲ့သေးသည်။

နောက်ပိုင်းကျမှ ဘွားက ဒယ်ဒီဆန္ဒကို ခွင့်ပြုခဲ့တာဖြစ်သည်။

"ဘွားလည်း သားလိုပဲ ငြင်းခဲ့သေးတာပဲကွယ်"

"နောက်ပိုင်းကျမှ ဘွားက ဘာလို့ ဒယ်ဒီကို ခွင့်ပြုလိုက်တာလဲ ဘွားရယ်"

"ဘွား မတားသင့်ဘူး ထင်လို့ပဲ မြေးရယ်၊ ဘွားတို့ကိုယ်တိုင် သဘောတူခဲ့တဲ့ သားရဲ့အိမ်ထောင်ရေးက မအောင်မြင်ခဲ့ပဲကွယ်၊ နောက် တစ်ကြိမ်အတွက်ကိုတော့ မြေးအဖေကိုယ်တိုင် ရွေးချယ်သင့်တယ်လို့ ထင်လို့ပေါ့"

"ဘာပဲဖြစ်ဖြစ် မြေးကတော့ လုံးဝသဘောမတူဘူး ဘွား၊ ဒယ်ဒီဟာ မာမီမရှိတဲ့ အကြာကြီးနေလာပြီးမှ ဒေါ်သဇင်နွယ်ဆိုတဲ့ မိန်းမ နဲ့တွေ့မှ လက်ထပ်ဖြစ်သွားတာ အံ့သြမဆုံးဘူး"

"အံ့သြစရာမဟုတ်ပါဘူး မြေးရယ် သဇင်နွယ်လေးက သားရဲ့ ငယ်ချစ်သူ ဖြစ်နေတာကိုး"

"ဘယ်လို ဘွား"

သူ အံ့သြသွားမိသည်။ ဒေါ်သဇင်နွယ်က ဒယ်ဒီရဲ့ငယ်ချစ်သူ ဖြစ်နေတာကို သူ မသိခဲ့ပါ။ ဘွားကတော့ သိနေတာ အံ့သြစရာ။

"မြေးသိအောင်ပြောရရင် မြေးတို့အမေနဲ့ ဘွားတို့ စီစဉ်ကတည်းက သားမှာချစ်သူရှိနေခဲ့တာပါကွယ်၊ ဒါပေမဲ့ မိဘစကားကို မလွန်ဆန်နိုင်တဲ့ မြေးတို့အဖေက ဘွားစကားကို နားထောင်ပြီး ချစ်သူကို စွန့်လွှတ်ခဲ့တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဘွားပြောမှပဲ သူ သိရတော့သည်။ ဒယ်ဒီရဲ့စိတ်အာရုံတွေဟာ ဒေါ်သဇင်နွယ်အပေါ်မှာ ငြိတွယ်သွားခဲ့တာ ဒါကြောင့်ပါလား။

"ဒီအကြောင်းတွေကို မြေးလည်း နားလည် ခွင့်လွှတ်ပေးလိုက်ပါကွယ်၊ ဘာလို့လဲဆိုတော့ တစ်ချိန်မှာ မြေးလည်းချစ်သူ ရှိနိုင်လာမှာပဲလေ"

ဘွား စကားကြောင့် သူ့ အာရုံထဲမှာ ပေါ်မြင်မိတာ ပန်းသံစဉ်ရဲ့ မျက်နှာလေးပဲ ဖြစ်သည်။

"ကဲ မြေးအရမ်း ပင်ပန်းနေပြီ အနားယူလိုက်ဦးနော်၊ ပြီးမှ ထမင်းဝိုင်းမှာ လက်ဆုံစားရင်း ဆုံကြရအောင်နော်"

ဘွားကို ခေါင်းညိတ်ပြရင်း သူ လှေကားထစ်တွေအတိုင်း လှမ်းတက်ခဲ့လိုက်သည်။

ဘွားတို့ဆီရောက်တိုင်း သူ တည်းခိုနေကျအိပ်ခန်းက ဒုတိယထပ်မှာရှိသည်။ အခုလည်း ထိုအိပ်ခန်းလေးကို ဒေါ်လေးစီက ပြင်ဆင်ပေးထားမှာ သေချာ၏။

အိပ်ခန်းတံခါးကို ဆွဲဖွင့်တော့ အပြာနုနုအိပ်ရာနှင့် ခန်းဆီးတွေကလည်း အပြာရောင်တွေပဲ တွေ့လိုက်ရတာမို့ သူ ကြည်နူးသွား၏။ ဒေါ်လေးစီသည် သူနှစ်သက်သော အရောင်ကို ယခုချိန်အထိ မှတ်မိနေဆဲပါလား။

ရန်ကုန် မန္တလေးခရီးကို အထူးရထား၏ အိပ်စင်တွဲက စီးလိုက်လာခဲ့တာမို့ သူ အိပ်ရေးမပျက်ခဲ့ပါ။ ဒါပေမဲ့ ခုတင်ကြီးပေါ်မှာ ခြေဆန့်လက်ဆန့် လှဲလိုက်မိသည်။

မရောက်တာ တက္ကသိုလ် ပထမနှစ်ကတည်းက ဖြစ်ပေမယ့်





ဘွားတို့အိမ်ကြီးက သူနှင့်ကျွမ်းဝင်နေဆဲ ရှိသလို နွေးထွေးမှုတွေလည်း အပြည့်ရှိနေခဲ့သည်။

သို့ပေမယ့် နောက်တစ်ပတ်ဆိုလျှင်တော့ ဒယ်ဒီနှင့်အတူ ပါလာမည့် ဒေါ်သဇင်နွယ်လည်း ရောက်လာတော့မည်။ ဒါကလည်း ဘိုးနှင့်ဘွားက ခွင့်ပြုတာကြောင့် ဒယ်ဒီခေါ်လာတာဖြစ်မည်။

သူကသာ ခါးသီးစွာငြင်းဆိုနေပေမယ့် ဘွားတို့ကတော့ ဒယ်ဒီကို နားလည်ခွင့်လွှတ်ပေးပြီးပြီဆိုတာ သေချာလွန်းနေသည်။

ဒေါ်သဇင်နွယ် ဆိုတာ ဒယ်ဒီရဲ့ငယ်ချစ်သူတစ်ယောက် ဆိုတာ သူ သိလိုက်ရချိန်မှာ မယုံနိုင်ခဲ့။ ဘွားပြောမှ သိခဲ့ရသောအဖြစ်။

မာမီနှင့်မပတ်သက်ခင်မှာဘဲ ဒယ်ဒီနှင့် ဒေါ်သဇင်နွယ်တို့ ဇာတ်လမ်းတွေ ရှိခဲ့ကြခြင်းပေါ့။

ပင့်သက်မောနှင့်အတူ အတွေးတွေက နောက်ကိုသွားခဲ့ရတာ တော့အမှန်။

ဒီအတိုင်းဆိုလျှင် ဒယ်ဒီအပေါ်မှာ မတရားသလို ဖြစ်နေခဲ့ပြီလား။ အရင်က မစာနာတတ်ပေမယ့်လည်း အခုချိန်မှာ ဒယ်ဒီအပေါ် သူ စာနာတတ်ခဲ့တာ ပန်းသံစဉ်ကြောင့်ပဲလား မသိ။

သူသာ မန္တလေးမှာ ရောက်နေမှန်း ပန်းသံစဉ်သိလျှင် ဘယ်လောက်ကောင်းမည်လဲ။

ဘယ်ဆီတယ်မှာမသိသော ပန်းသံစဉ်ကို ရှာဖွေဖို့ ဆိုတာတော့ သိပ်ကို စိတ်ကူးယဉ်ဆန်လွန်းပါသည်။

ဒါပေမဲ့လည်း အချစ်ဆိုတာ ဆန်းကြယ်လွန်းသည် မဟုတ်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မဖြစ်နိုင်မှန်း သိပေမယ့်လည်း အပြင်ထွက်တိုင်း သူ့မျက်ဝန်းတွေက ပန်းသံစဉ်ကို တွေ့မည်လား ရှာဖွေကြည့်မိတတ်စမြဲ။

လွန်ခဲ့သော သုံးလေးနှစ်က ရောက်ဖူးသော မန္တလေးသည် တံတိုင်းအတွက်တော့ ပြောင်းလဲသလိုရှိနေ၏။ ဒါကြောင့်လည်း ဘွားနဲ့ကားနှင့် သူ နေ့စဉ် အပြင်ထွက်ဖြစ်သည်။

စားချင်တာတွေကို သူလျှောက်စား လည်ပတ်ရင် မန္တလေးမြို့ရဲ့ အရသာကို ခံစားနေမိ၏။

မန္တလေးကျုံးနံဘေးနားက အအေးဆိုင်လေးမှာထိုင်ရင်း ညနေခင်းလေးကို သူ အရသာခံစားကြည့်မိသည်။ အခုချိန်သာ ပန်းသံစဉ်နှင့်ဆုံတွေ့လိုက်လျှင် ညနေခင်းလေးက ပိုလို့လှပသွားမည် ထင်၏။

ကိုယ့်စိတ်ကူးနှင့်ကိုယ် တံတိုင်း ဟိုငေးဒီငေး ထိုင်နေတုန်း စားပွဲမှာ ဘုတ်ခနဲ ခွင့်မတောင်းဘဲ ဝင်လာထိုင်သူနှစ်ယောက်ကြောင့်





မျက်မှောင်ကုပ်ကြည့်မိ၏။

သူတစ်ခါမှ မမြင်ဖူးသောမျက်နှာတွေ။ ဆံပင်ရှည်ရှည်နှင့် နှစ်ယောက်ပုံစံတွေက သူ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း

"မင်းက ဒီမှာရှောင်နေတာလား"

မေးလာပုံက ဂျစ်ကန်ကန်။ လူပဲမှားနေတာလား။

"ရဲရင့် မင်းဒီလိုရှောင်နေလို့ ပြဿနာက ရှင်းမှာလား"

ဦးထုပ်နှင့်ကောင်က မေးရင်း စားပွဲပေါ်တင်ထားသော သူ့စီးကရက်ဘူးကို ပိုင်စိုးပိုင်နင်း ယူသောက်သည်။

"ဒီမှာ ရဲရင့် မင်းဘက်က အားလုံးမပေးနိုင်သေးရင်တောင် နည်းနည်းတော့ ခွဲပေးပေါ့ကွာ ငါ့မှာလည်း အသုံးပြတ်နေလို့ကွ"

ဆံရှည်ကပါ ဘူးထဲက တစ်လိပ်လှမ်းယူကာ ပြောနေပြန်တော့ တံတိုင်း နားမလည်နိုင်စွာ ခေါင်းကိုခါးရမ်းရင်း

"ဒီမှာ ခင်ဗျားတို့ လူမှားနေသလား ကျွန်တော့်နာမည်ရဲရင့် မဟုတ်ဘူး တံတိုင်း"

"ဘာရယ် တံတိုင်း"

နှစ်ယောက်သား ရေရွတ်ရင်း သူ့ကို စူးစူးစိုက်စိုက်ကြည့်နေကြပြန်သည်။

"ရဲရင့် မင်းဆံပင်တွေ အရောင်ပြောင်းလိုက်တာပဲရှိတယ် မင်းရုပ်က ဘာမှမမှတ်မိစရာမရှိဘူး"

"ဟာ ခက်ပါလားဗျာ ကျွန်တော် ရဲရင့်မဟုတ်ဘူးလို့ ပြောပြီးပြီ။ မန္တလေးသားလည်းမဟုတ်ဘူး၊ ရန်ကုန်က လာလည်တာဗျ"

"ရန်ကုန် တောင်ကြီးသားက ရန်ကုန်သား ဖြစ်နေပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ပြဿနာပဲ ဘာတွေလဲ ခင်ဗျားတို့ကိုလည်း ကျွန်တော် မသိဘူး"

ဒီတစ်ခါတော့ နှစ်ယောက်သား တွေခနဲဖြစ်သွားခဲ့ကြသည်။ ပြီးတော့မှ သူ့လည်ပင်းက ပလက်တီနမ်ဆွဲကြိုးကို လက်ညှိုးထိုးကာ

"မင်းဝတ်ထားတာ အတုတွေလား"

"ဘာဗျ ကျုပ်က အတုဝတ်ရမှာလား"

"စိတ်မဆိုးပါနဲ့ကွာ ရဲရင့်ဆိုတဲ့ကောင်က ဒီလိုပဲအတုတွေဝတ် ပြီး ဟန်ရေးကောင်းတတ်လို့ မေးတာ"

"ဟာ ခင်ဗျားတို့ လွန်နေပြီ ကျုပ်ရဲရင့်မဟုတ်ဘူး တံတိုင်း၊ တံတိုင်း"

သူထပ်ရှင်းပြနေတာကိုပဲ မယုံသင်္ကာမျက်ဝန်းတွေနှင့် စိုက် ကြည့်နေတော့ စိတ်ကတိုချင်လာပြီ။

"ကဲ ဒီလောက်တောင် ခင်ဗျားတို့သံသယဖြစ်နေရင် ဟောဒီမှာ မှတ်ပုံတင်ကော ကျောင်းသားကဒ်ပါ ပါတယ် ကြည့်ကြဗျာ"

စားပွဲပေါ်ကို အိတ်ထဲက ကျောင်းသားကဒ်နှင့်နိုင်ငံသားကဒ် ကို ပစ်ချပြလိုက်တော့ ဆံရှည်ကောင် လှမ်းယူကြည့်ရင်း

"မင်းက တက္ကသိုလ်ကျောင်းသားလား"

"ဟုတ်တယ် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ တတိယနှစ် ဖြေထားပြီးလို့ ကျုပ်အဘွားအိမ် လာလည်တာပဲ"

"ဆောရီးကွာ အဲဒီကတည်းက စလွဲတာပဲ၊ ငါတို့ ရဲရင့်က ဆယ်တန်းမှာပဲ ကျောင်းထွက်ခဲ့တဲ့ကောင် တကယ့်ငပွေး၊ အဲ မင်းနဲ့တော့ ရုပ်ချင်းတူတာ အမှန်ပဲ၊ မျက်ခုံး မျက်လုံး နှာတံ၊ နှုတ်ခမ်းကအစ ...





မရဘူး"

"ဟုတ်တယ် ဒီကောင်က ဆံပင်တွေတော့ ရွှေရောင်ဆိုးထား တာ ပခုံးထိရှည်တယ်၊ ကြိုးနဲ့တောင် စည်းထားတာကွ၊ ငါတို့က မင်း ဆံပင်ညှပ် ရုပ်ပြောင်းထားတာထင်လို့"

သူတို့နှစ်ယောက် စကားတွေ နားထောင်ရင်း သူ့စိတ်တွေ လှုပ်ရှားသွားတာ အမှန်ဖြစ်၏။

"ခင်ဗျားတို့ ပြောတဲ့ ရဲရင့်ဆိုတာ ဘယ်သူလဲ၊ သူ့မိဘတွေကော ရှိသလား၊ ကျုပ်နဲ့တူလို့လားဟင်"

တံတိုင်း သိချင်စိတ်နှင့် မေးမိတော့ ဆံရှည်လူက ခေါင်းတစ် ချက်ညိတ်ရင်း

"ရုပ်ကတော့ တူတယ်၊ ရုပ်တင်မကဘူး အရပ်အမောင်းပါ တစ်ပုံစံတည်းပဲ၊ အဲ သူ့မှာတော့ အဖေမရှိဘူး၊ အမေကလည်း နိုင်ငံခြား မှာတဲ့၊ ဒီကောင်က အဒေါ်နဲ့နေတာ၊ ဒီမှာမဟုတ်ဘူး တောင်ကြီးကကွ"

"တောင်ကြီးက ဟုတ်လား အခု မန္တလေးမှာလား"

"အင်း မန္တလေး ရောက်နေတယ် ကြားလို့ ငါတို့ရှာနေကြတာ၊ ဒီကောင့်ဆီက ရစရာအကြွေးလေး ရှိနေလို့၊ မင်းကိုတွေ့တော့ ဝမ်းသာ သွားတာ သွားပါပြီကွာ"

ဆံရှည်လူ စိတ်ပျက်သလို ပြောနေသလို ဦးထုပ်နှင့်လူကလည်း လက်ထဲက စီးကရက်တိုကို လက်နှင့်တောက်ထုတ်ရင်း

"ရဲရင့် မန္တလေးမှာ ရောက်နေတယ်ဆိုတာ ဟုတ်ပါ့မလား ကောင်ကြီး ဟောဒီလူကိုမြင်ဖူးပြီး မှားပြောတာလားကွာ"

"အေး မင်းပြောမှ ငါစဉ်းစားမိတယ် ကတုံးရ ခင်ဗျားနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတော့်ကိုတူတာကို တကယ်ဗျာ ခင်ဗျားတို့နှစ်ယောက်ဆုံရင်တောင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အံ့ဩမှာ သေချာတယ်''

"တော်ပါဗျာ လူမှားပြီး အကြွေးတောင်းခံရမှာတော့ မနိုင်ပါဘူး''

"ဆောရီးနော် ငါတို့တောင်းပန်တယ်၊ ကဲ ခွင့်ပြုဦး ကတုံးရေ ရဲရင့် မန္တလေးမှာမရှိရင် ငါတို့ပြန်မှဖြစ်မယ်၊ အကြွေးမရပဲ ကုန်ကျစရိတ်နဲ့ မွဲကိန်းပဲကွ''

နှစ်ယောက်သား သူ့ကိုနှုတ်ဆက်တောင်းပန် ထွက်သွားကြတော့ သူတစ်ယောက်တည်း အတွေးတွေနှင့် ကျန်ရစ်ခဲ့သည်။

ကံကြမ္မာက ပြန်ဆုံခွင့်ပေးမည်ဆိုလျှင်တော့ သူ့ရဲ့အမွှာညီလေးကို ပြန်တွေ့ရမည်ထင်ရဲ့။

■ ■ ■

## အခန်း (၁၈)

"ဘုတ်''

"အွတ်''

"ဟာ''

မျက်နှာချင်းဆိုင် ထိပ်တိုက်ကြီး ဝင်တိုက်မိကြတာမှ တည့်တည့်ကြီးမို့ နှစ်ယောက်စလုံး ဟန်ချက်ပျက် ယိုင်ထိုးကာ ပြိုလဲလုမတတ်။

တစ်ဖက်ကလူ ပြုတ်ကျသွားသော ဦးထုပ်ကို ပြန်ကောက်ဆောင်းနေချိန်မှာ သူ တောင်းပန်မိ၏။

"ဆောရီးဗျာ ကျွန်တော် အငေးလွန်သွားလို့''

သူ့ကိုမော့ကြည့်သော ထိုလူ မျက်နှာကို မြင်လိုက်ရချိန်မှာ တံတိုင်း မျက်ဝန်းတွေပြူးသွားသလို ထိုလူလည်း ပါးစပ်အဟောင်းသား အံ့ဩသွားခဲ့၏။

"ရဲ ‥ ရင့်''

တံတိုင်းနှုတ်က ယောင်ယမ်းခေါ်လိုက်မိတာ ဖြစ်သည်။ ငွန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့်နှစ်ရက်ကပဲ လူမှားခဲ့ဖူးသည့် ရဲရင့်ဆိုတာ သေချာပါသည်။

ရွှေရောင်ဆိုးထားသော ဆံပင်တွေကို ဂုတ်နောက်မှာ သိမ်းစုချည်နှောင်ထားကာ သက္ကလပ်ဦးထုပ်ကြီး ဆောင်းထားသေးသည်။

အဲမှတ်တမဲ့ဆိုလျှင် သူ့မျက်နှာကို မြင်ရမလွယ်ပေမယ့် အခုတော့ မျက်နှာချင်းဆိုင် ထိပ်တိုက်ဝင်တိုးမိတာပဲ ကံကောင်းသလိုပါပဲ။

“ခင်ဗျား ဘယ်သူလဲ ကျုပ်နာမည်ကို သိနေတာလား”

“ဟို အဲ ဟုတ်တယ်”

တံတိုင်းက ရူးရူးစိုက်စိုက်ကြည့်နေသည့် ရဲရင့် မျက်ဝန်းတွေကမျက်တောင်မခတ်တမ်း အံ့ဩနေတာ သေချာ၏။ တံတိုင်း စိတ်ထဲမှာလည်း ကိုယ့်ရုပ်သွင်ကို မှန်ထဲမှာ ပြန်မြင်တွေ့နေရသလို ခံစားနေရ၏။

“မင်းက ငါ့ရဲ့အမွှာအစ်ကို ဆိုတာထင်တယ်”

ရဲရင့်နှုတ်က အသေအချာကြီး ထွက်လာသော စကားကြောင့်တံတိုင်းစိတ်တွေ လှုပ်ရှားသွားရင်း

“မင်း မင်းသိနေသလား ညီလေး ဒီကိစ္စတွေကို မင်းသိနေသလားကွာ”

“မင်းအဖေနာမည်က ဦးဆက်နွယ် ဆိုရင် ငါပြောတာ မမှားဘူး”

ဒယ်ဒီနာမည်ကို ရဲရင့်သိနေသည်ဆိုတော့ ရဲရင့်သည် သူ့ရဲ့အမွှာညီဆိုတာ သေချာနေပြီ။

“ညီ ညီလေး မင်းအမေနာမည်က ဒေါ်နှင်းမခ လား”

“သေချာတာပေါ့ အဲဒါ ငါ့မေမေပဲ၊ ဒါပေမဲ့ အခုမေမေက စက်ာပူမှာကွ”



“ဟာ ဝမ်းသာလိုက်တာကွာ ဘာပဲဖြစ်ဖြစ် ညီလေးနဲ့ပြန်ဆုံတာ ငါ ဝမ်းသာတယ်”

ရဲရင့်လက်တွေကို ဆုပ်ကိုင်ရင်းသူဆိုတော့ ရဲရင့် မျက်ဝန်းတွေက ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရင်း

“မင်းနဲ့ငါ လူရှင်းတဲ့တစ်နေရာရာမှာ သွားစကားပြောရင် ကောင်းမယ် ငါမတွေ့ချင်တဲ့သူတွေနဲ့ မတိုးချင်ဘူး”

သူသဘောပေါက်လိုက်သည်။ ရဲရင့် မတွေ့ချင်တာ သူဆုံခဲ့သော ဆံရှည်နှင့်ပုဂ္ဂိုလ်တွေကိုပဲ ဖြစ်မည်။

“အေး ဒါဆို တစ်နေရာသွားရအောင် ဟောဟိုမှာ ငါ့ကားပါတယ်”

ပလက်ဖောင်းမှာ ရပ်ထားသော သူ့ကားကို ညွှန်ပြတော့ ရဲရင့်ခေါင်းညိတ်သည်။ နှစ်ယောက်သား တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာ ကားဆီ လျှောက်ခဲ့လိုက်သည်။

တံတိုင်း ရင်ထဲမှာ ဝမ်းသာခြင်း၊ အံ့ဩခြင်းတွေနှင့် လှုပ်ခတ်နေခဲ့၏။

သူတွေ့ချင်နေသော အမွှာညီလေးနှင့် ပြန်ဆုံရပြီ။ ပြီးတော့ မာမီရဲ့သတင်းကိုလည်း ပြန်ကြားရပြီ။

ကံကြမ္မာရယ် ကျေးဇူးတင်လိုက်တာ . . ။

■ ■ ■

ဟိုတယ်ကြီးတစ်ခုရဲ့ သီးသန့်စားသောက်ခန်းလေးထဲ ရောက်တော့မှပဲ ခေါင်းမှာဆောင်းထားသည့် ဦးထုပ်ကြီးကို ရဲရင့် ချွတ်နိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကောင်းတယ် ဒီလိုနေရာကို ဒီကောင်တွေ အနားတောင် မသီနိုင်ပါဘူးကွာ ငါတို့ညီအစ်ကို လွတ်လွတ်လပ်လပ် စကားပြောလို့ ရတာယ်"

"ရဲရင့် မင်းကို အဲဒီလူတွေ ဘာလို့လိုက်ရှာနေတာလဲ မင်းနဲ့ ဘာပြဿနာရှိလို့လဲ"

တံတိုင်းမေးတော့ ရဲရင့် မဲ့ခနဲပြုံးသည်။ ပြီးမှ ခေါင်းကိုခါရမ်း ကာ

"အေးဆေးပါ ရှော့ခ်မရှိဘူး ဒီကောင်တွေကို မေ့ထားလိုက်ပါ လောလောဆယ် ဗိုက်လည်းဆာတယ်ကွာ"

"မင်း စားချင်တာ မှာလေ"

ရဲရင့် မီနူးကဒ်ကို ဆွဲယူကာ စားချင်တာတွေ ရွေးချယ်မှာယူ နေသည်။ တံတိုင်း ရဲရင့်မျက်နှာကို အသေအချာစိုက်ကြည့်နေမိသည်။ တကယ်ပါပဲ မှန်ထဲမှာ ကိုယ့်ပုံရိပ်ကို မြင်နေရသလိုရှိသည်။

မျက်ခုံး မျက်လုံး နှာတံကော နှုတ်ခမ်းပါ ရဲရင့်နှင့်သူ တထေရာ တည်းတူညီသည်။ ရဲရင့် ဆံပင်တွေက ပခုံးအထိရှည်ကာ နဖူးကို အ ပြောင်သိမ်း စုစည်းထားတာမို့ မျက်နှာချောချောက ပေါ်လွင်လွန်းနေ၏

"မင်း နည်းနည်းပါးပါး ချဦးမလား"

ရဲရင့် သူ့ကိုဖျပ်ခနဲ မော့ကြည့်ကာမေးလာတော့ သူ အူတူတူ ဖြစ်သွားခဲ့ရ၏။

"ဘာလဲ ဘာကိုမေးတာလဲ"

"ဩော် ဘီယာလေး ဘာလေးပြောတာ"





"ဟင့်အင်း ငါမသောက်တတ်ဘူး"

"ငါတော့ နည်းနည်းသောက်မယ်ကွာ"

ပြောရင်း ရဲရင့် ဘီယာဘူးတွေ မှာနေသည်။ တံတိုင်း ရဲရင့်ကို ကြည့်ကာ စဉ်းစားနေမိသည်။ ကိုယ်က ဒါတွေဘာမှ မလုပ်ပေမယ့် စီးကရက်ကိုတော့ သောက်တတ်ပါသည်။

ရဲရင့်ကတော့ တကယ့်လိုင်းစုံသည့် ပုံရှိသည်။ ကွဲကွာသွားကြ သည့် ကာလက နှစ်နှစ်ဆယ်ကျော်မှာ ရဲရင့် ဘယ်လိုရှင်သန်ခဲ့ရသည် သော်။

ဘီယာဘူးရောက်လာတော့ ရဲရင့် ကိုယ်တိုင်ပဲ ဆွဲယူဖောက်ကာ မော့သောက်သည်။ မျက်နှာက တစ်ချက်လေးမဲ့မသွားခဲ့။

"မင်း ဆေးလိပ်ကော သောက်တတ်သလားကွ"

"တံတိုင်းခေါင်းညိတ်ရင်း အင်္ကျီအိတ်ထဲက စီးကရက်ဘူးကို ဆုတ်ပေးလိုက်သည်။

ရဲရင့် လှမ်းယူပြီး တစ်လိပ်ထုတ်ယူတော့လည်း တံတိုင်း မီးခြစ် နှင့်အသင့် ညှိပေးလိုက်ပါသည်။

"ဒါနဲ့ မင်းနာမည်ကဘယ်သူလဲ"

အခုမှပဲ ရဲရင့် သူ့နာမည်ကို မေးဖို့သတိရပုံပေါ်၏။

"တံတိုင်းခ"

"တံတိုင်းခ ဟုတ်လား။ ငါ့နာမည်က ရဲရင့်ကျော် မာမီက ငါ့ကို ရဲရဲရင့်ရင့်နဲ့ ကျော်ကြားအောင် ပေးခဲ့တာ"

ပြောရင်း ရဲရင့် ဘီယာကို ငုံသောက်ပြန်သည်။ ပြီးတော့ စားပွဲထိုးလေး လာချပေးသော အာလူးကြော်တစ်ဖတ်ကို ယူစား၏။



www.burmeseclassic.com

www.burmeseclassic.com



"မာမီက မြန်မာပြည်မှာ မရှိဘူးပေါ့ ဟုတ်လား ရဲရင့်"

တံတိုင်းမေးတော့ ရဲရင့် မဲ့ခနဲပြုံးကာ ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် စင်္ကာပူရောက်နေတာပဲ ငါးနှစ်လောက်ရှိနေပြီ ငါက အန်တီလေးနဲ့နေတာ မာမီရဲ့ညီမလေး ဒေါ်နှင်းနှင်းဝေ တဲ့။

"သူက တောင်ကြီးမှာပဲ နေတာလား"

"ဟုတ်တယ် ငါလည်း တောင်ကြီးမှာနေတာ ပြဿနာလေးရှိလို့ အခု မန္တလေးမှာ ခဏနိုနေတာလေ"

"ညီလေး မင်းဘာတွေလုပ်နေတာလဲ မင်းရဲ့ပညာရေးကကော ဘယ်နှစ်တန်းအထိ တက်ခဲ့တာလဲ"

"ဆယ်တန်း သုံးနှစ်ကျကတည်းက ထွက်လိုက်ပြီ"

"ဒါဆို ဘာအလုပ် လုပ်နေသလဲ"

ရဲရင့် ပခုံးလေးတွန့်ကာ ဘီယာနောက်တစ်ဘူးကို ထပ်ဖောက်နေပြန်သည်။

"အလုပ်အကိုင် အတိအကျမရှိပေမယ့် ငါ့ဘာသာငါတော့ ရှင်သန်နိုင်ပါတယ်၊ အေးဆေးပါ"

ရဲရင့်ပုံစံကတော့ အရာရာကို အလေးအနက်မထားဟတ်တာ ပေါ်လွင်လွန်းနေသည်။

"ရဲရင့် မင်း အန်တီလေးနဲ့ အတူမနေဘူးလား"

"နီး ငါနဲ့အန်တီလေးက လုံးဝကျိုင်တွေပဲ မတွေ့လိုက်နဲ့ တွေ့တာနဲ့ ပြဿနာကွ ဒီတော့ အိမ်မှာမနေဖြစ်တာ များတယ်"

"မာမီနဲ့ကော မင်း အဆက်အသွယ် မရှိဘူးလား"

"မရှိတော့သလောက်ပဲ ငါကလည်း စိတ်မဝင်စားပါဘူး မာမီနဲ့





ယောက်ျားနဲ့ငါမှ မတည့်တာ"

"ဘာရယ် မာမီက နောက်အိမ်ထောင်နဲ့လား"

ရဲရင့် စီးကရက်ကို တရှိုက်မက်မက် ရှိုက်ဖွာရင်း တံတိုင်းကို အူနစ်နစ် စိုက်ကြည့်နေခဲ့တာ အတန်ကြာသည်။ ပြီးမှ

"ငါနဲ့ မင်းက ငယ်ငယ်ကတည်းက ကွဲသွားတော့ မာမီ့အကြောင်းတွေ မင်းဘာမှမသိနိုင်ဘူး တံတိုင်း၊ ငါ မှတ်မိသလောက်တော့ မာမီ ယောက်ျားယူတာ လေးငါးကြိမ်လောက်ရှိပြီ"

"ဟင်"

တံတိုင်း ရင်ထဲမှာ ခံစားလိုက်ရသော ဝေဒနာကြီးက ရင်ကို နင့်ကြပ်သွားစေသည်။ မာမီကို ပြန်တွေ့လျှင် သူ့ရဲ့ညီဖြစ်သူနှင့် အတူ တွေ့ရမည်ဟု ထင်မှတ်ထားသမျှ လွဲချော်နေပြီ။

"တံတိုင်း မင်းက ငါ့ထက်တော့ ကံကောင်းမှာပါ၊ ငါ့ဒယ်ဒီကော အဆင်ပြေပြေပဲလား၊ နောက်အိမ်ထောင်ပြုသေးသလား"

"အေး ဒယ်ဒီ အိမ်ထောင်ပြုလိုက်တာ လေးနှစ်လောက်ပဲ ရှိသေးတယ်"

"မာမီထက်စာရင် ဒယ်ဒီက အများကြီးတော်သေးပါတယ်၊ မင်းလည်း မင်းနဲ့အတူနေကြတာ မဟုတ်လား"

ရဲရင့်မေးတာကို တံတိုင်း ပြန်မဖြေချင်လောက်အောင် စိတ်တွေ ထောင်း နုံးချိနေသည်။ မာမီအပေါ် သူ မျှော်လင့်ထားသည့် အခြေအနေ တွေက လွဲချော်နေကတည်းက စိတ်မချမ်းမြေ့နိုင်ပါ။

"အင်း ငါ အဆင်ပြေပါတယ်"

မှာထားသည့် အစားအသောက်တွေ ရောက်လာတော့ ရဲရင့်



www.burmeseclassic.com

www.burmeseclassic.com



ဘူးထဲက လက်ကျန်ဘီယာတွေကို မော့သောက်လိုက်ပြီး

"စားကြရအောင်ကွာ ငါတော့ ဗိုက်ဆာနေပြီ"

ရဲရင့်ပြောရင်း အားပါးတရ စားသောက်နေပေမယ့် သူကတော့ ဘယ်လိုမှစားလို့ မဝင်နိုင်ပါ။

ဒီမိသားစု ဘဝလေးကို ပြန်လည်ပေါင်းစည်းချင်သည့် သူ့ရည်ရွယ်ချက်တွေကတော့ ပြိုကွဲပျက်ဆီးခဲ့ပြီ ထင်သည်။

"တံတိုင်း စားလေကွာ"

"မင်းစားပါ ငါ ဗိုက်မဆာလို့"

ရဲရင့်ဘာမှ မပြောတော့ဘဲ ခေါင်းငုံ့ကာ စားနေတာကြည့်ရင်း သူ့ ရင်ထဲမှာ မကောင်းဖြစ်ရသည်။

မာမီက အဝေးရေခြား မြေခြားမှာရှိနေတာ။ တောင်ကြီးက အဒေါ်နှင့်လည်း အဆင်မပြေသည့် ညီလေး ဘယ်လိုရှင်သန်ရပ်တည်နေသည်လဲ။

သေချာသည်က ရဲရင့် ရှင်သန်နေသည့် အခြေအနေတွေက ရင်မောစရာတွေပဲ ဖြစ်နိုင်၏။ ဒီလို အခြေအနေကြီးကို သူဘယ်လိုမှ မကြည့်ရက်နိုင်ပါ။

"ဟား ဒီညအတွက်တော့ မင်္ဂလာပဲကွာ၊ တို့ညီအစ်ကို ပြန်ဆုံရတာ ဝမ်းသာတယ်၊ တံတိုင်း မင်းလိပ်စာဖြစ်ဖြစ် ဖုန်းနံပါတ်ဖြစ်ဖြစ် ပေးလိုက်ကွာ"

"အေး ငါ့ဖုန်းနံပါတ်တော့ ယူထားလိုက် ငါ နေတာက ရန်ကုန်မှာကွ"

"ဟေ ရန်ကုန်မှာနေတာ ဒါဆို မန္တလေးကို ဘာလာလုပ်တာလဲ"





"မန္တလေးမှာ ဒယ်ဒီ မိဘတွေရှိတယ်လေ၊ ဒါကြောင့် ငါ လာလည်တာ"

"ဪ ဒီလိုလား အေးကွာ ငါ လိုက်လည်ချင်ပေမယ့် အရေးကြီးကိစ္စတွေရှိနေလို့ မလာတော့ဘူး နောက်မှဆုံကြတာပေါ့"

"မင်း ဘယ်ပြန်မှာလဲ ညီ ငါလိုက်ပို့ပေးမယ်"

"မပို့ပါနဲ့ ငါ့မိတ်ဆွေတစ်ယောက်အိမ်မှာတည်းမှာ ငါ့ဘာသာပဲ ပြန်မယ်၊ မင်းဖုန်းနံပါတ် ယူသွားမယ်"

တံတိုင်း ရေးပေးသော ဖုန်းနံပါတ် စာရွက်လေးကို ဘောင်းဘီအိတ်ထဲ ရဲရင့်ထိုးထည့်ပြီး ထထွက်ဖို့ပြင်တော့

"ညီ နေဦးကွာ ခဏလေး"

တံတိုင်း ခေါက်ပိုက်ဆံအိတ်လေးကို အိတ်ထဲက ထုတ်ယူလိုက်သည်။ ကုန်ကျသမျှတွေ ရှင်းလင်းပြီး ပိုနိုင်သေးသည့် ငါးထောင်တန် ဆယ်ရွက်ကျော်လောက် ထုတ်ယူလိုက်၏။

"ဘယ်လိုမှ မထင်နဲ့ကွာ၊ မင်းလိုမယ်ထင်လို့ ယူထားလိုက်"

"ဟား တကယ်လိုတာပေါ့၊ ကျေးဇူးပဲ တံတိုင်း ငါ လစ်ပြီ"

သီးသန့်အခန်းလေးထဲက ရဲရင့် လှစ်ခနဲ ထွက်သွားချေပြီ။ တံတိုင်း ပင့်သက်ကြီးရှိုက်ကာ ကျန်ရစ်ခဲ့သည်။

သူ တွေ့ချင်လှသော ညီလေးကိုလည်း ပြန်တွေ့နေရပြီ။ မာမီ့ကိုလည်း ပြန်ဆုံနိုင်ခဲ့ပြီ။

ဒါပေမဲ့ သူ့မျှော်လင့်ချက်တွေ အကောင်အထည်ပေါ်လာဖို့ဆိုသည်ကတော့ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဒယ်ဒီတို့လင်မယားရောက်လာတော့ ဘိုးဘိုးနှင့်ဘွားဘွားတို့ ဝမ်းသာမျက်ရည်တွေနှင့် ကြိုဆိုကြသည်။

ဒယ်ဒီကိုယ်တိုင်လည်း ဘွားကိုပွေ့ဖက်ထားရင်း မျက်ရည်တွေ ဝဲနေသလို ဒေါ်သဇင်နွယ်လည်း မျက်ရည်လေး ဝိုင်းနေ၏။

"သမီးလေးပါ ရောက်လာလို့ မေမေ ဝမ်းသာပါတယ်ကွယ်"

ဘွားက ဒေါ်သဇင်နွယ်ကို ပွေ့ဖက်ကာ ပြောသည်။ ဒယ်ဒီရဲ့ ဇနီးအပေါ်မှာ ဘွားတို့ကတော့ နွေးထွေးမှုတွေအပြည့်ပြနေ၏။

"သမီးလည်း အရမ်းဝမ်းသာပါတယ် မေမေနဲ့ဖေဖေ"

ပျော်စရာမိသားစုဘဝလေးကို ပိုင်ဆိုင်နေရသူတစ်ယောက်လို ဒယ်ဒီ ကြည်နူးစွာ ပြုံးနေသည်။ သူကတော့ ဒယ်ဒီ့ကိုကြည့်ရင်း မြင်ယောင်နေမိတာ ရဲရင့်ကျော် မျက်နှာကိုပဲဖြစ်သည်။

ဒယ်ဒီရဲ့သားငယ် ရဲရင့်ကျော်နှင့် ဆုံတွေ့ခဲ့ပြီဆိုတာ သိလျှင်





ဒယ်ဒီ ဘယ်လိုနေမည်လဲ သူသိချင်လှသည်။

ဒါပေမဲ့လည်း အခုမှ ရောက်လာသော ဒယ်ဒီ့ကိုတော့ သူ ချက်ချင်းကြီး ဖွင့်မပြောချင်သေးပါ။

"သား အဆင်ပြေတယ်နော်"

"ဟုတ်ကဲ့ အဆင်ပြေပါတယ် ဒယ်ဒီ"

"မြေးကတော့ မန္တလေးရောက်ကတည်းက နေ့တိုင်း အပြင်ထွက်နေတာ သားရေ၊ မန္တလေးသူလေးတွေများ တွေ့နေပြီလား မသိဘူး"

ဘွားက ရယ်ရယ်မောမော ပြောသည်။ သူ နေ့တိုင်း အပြင်ထွက်နေတာကို ဘွား သိထား၏။

"ကဲ ကဲ သားတို့နားလိုက်ကြဦးလေ၊ ပြီးမှ ဘွားတို့မိသားစု လက်ဆုံထမင်းစားကြတာပေါ့ကွယ်"

မိသားစုနှင့် ဆုံတွေ့နေခြင်းအတွက် ဘွား ဝမ်းသာနေခဲ့တာ သေချာသည်။ ဒယ်ဒီတို့အိပ်ခန်းထဲ ဝင်သွားကြချိန်မှာ သူ ခြံထဲဆင်းခဲ့လိုက်သည်။

ဒီနေ့ သူ ဘယ်ကိုမှ မသွားချင်ပါ။ ဒယ်ဒီတို့ရောက်လာကြမည်ဟု ကြိုဖုန်းဆက်ထားတာမို့လည်း အိမ်မှာရှိနေပေးတာဖြစ်၏။

မန္တလေးရောက်နေချိန်လေးမှာတော့ ဘွားနှင့်ဘိုး စိတ်ချမ်းသာအောင် သူ ဂရုစိုက်ပေးဖို့ ဆုံးဖြတ်ထားသည်။

အတွေးတွေကို သူ့ခါးကြားက ဖုန်းသံလေးက ဖြတ်တောက်လိုက်တာမို့ သူ ဖြုတ်ယူနားထောင်လိုက်မိ၏။

"ဟဲလို တံတိုင်းခပါ"

"တံတိုင်း ငါပါ ရဲရင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ဆီက ဆက်လာသောဖုန်းမို့ သူ စိတ်လှုပ်ရှားသွားမိသည်။ မနေ့က ဆိုခဲ့သော ရဲရင့် ဘာကြောင့် ချက်ချင်း ဒီမနက်ဆက်တာလဲ။

"ရဲရင့် ညီလေး ဘာပြောမလို့လဲ"

"ငါ တောင်ကြီးပြန်တော့မလို့ အဲဒါ မင်းကို လိုက်နှုတ်ဆက်တာ"

"ဘယ်လို မင်းက ချက်ချင်းကြီး ပြန်တော့မှာလား"

"ဟုတ်တယ် မပြန်လို့မဖြစ်ဘူး၊ မဖြစ်မနေ ပြန်ရမှာ"

တံတိုင်း ဘာပြောရမှန်းမသိအောင် စိတ်ရှုပ်သွားမိသည်။ ရဲရင့်နှင့်သူ ထပ်ဆုံချင်သေးပေမယ့် အခြေအနေက မပေးတော့။

"တံတိုင်း ငါ နှုတ်ဆက်တယ်ကွာ"

"ရဲရင့် ငါ မင်းနဲ့ ထပ်တွေ့စရာအကြောင်းတွေ ရှိသေးတယ်၊ ဖြစ်နိုင်မယ်ဆိုရင် မင်း မန္တလေးမှာပဲ ခဏလောက်ရှိနေစေချင်တယ်"

"ဘယ်လိုမှ မရဘူး တံတိုင်း၊ ငါ့မှာအရေးကြီးတဲ့ကိစ္စတွေ ရှိနေလို့ပါကွာ၊ ဒါပေမဲ့ မပူပါနဲ့ ငါတို့ ထပ်ဆုံကြဦးမှာပဲ၊ ကဲ ဒါပဲကွာ ကားထွက်တော့မှာမို့"

သူ ဘာမှမပြောလိုက်ရခင်မှာဘဲ ရဲရင့်ဘက်က ဖုန်းချသွားခဲ့သည်။ ညီအစ်ကိုနှစ်ယောက် ပြန်ဆုံတွေ့ခွင့်က တကယ့်ကို ခဏလေးပဲလား။ ရဲရင့်မှာ ဒီထက်အရေးကြီးတာ ဘာကိစ္စတွေရှိနေသလဲ။

တံတိုင်း တွေးရင်း ရဲရင့်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။ ရဲရင့်အတွက်လည်း စိုးရိမ်စိတ်တွေ ဖြစ်မိသည်။

မန္တလေးကို ရဲရင့်ရောက်နေတာ ပြဿနာအတွက် ရှောင်တိမ်းလာခြင်းဟုတော့ သဘောပေါက်မိသည်။ ရဲရင့်ဆီက ရစရာအကြော





သည်ဟု ရှာနေသူတွေနှင့်လည်း သူ ဆုံဖူးခဲ့ပြီးပြီ။

ရဲရင့် ဘာတွေလုပ်နေ ရှုပ်နေသည်လဲ။

ဖြစ်နိုင်လျှင် ရဲရင့် ပြဿနာတွေကို သိချင်သည်။ ဖြေရှင်းပေးချင်သည်။ သွေးရင်းချာအမွှာညီတစ်ယောက်ရဲ့ဒုက္ခတွေကို သူ မမြင်ရက်ပါ။

"သား"

ခေါ်သံကြောင့် သူ လှည့်ကြည့်တော့ ခြံထဲဆင်းလာသော ဒယ်ဒီ့ကို တွေ့ရသည်။ ဒယ်ဒီတစ်ယောက်တည်းပဲဖြစ်ကာ ဒေါ်သဇင်နွယ်ကတော့ ပါမလာပါ။

"မန္တလေးမှာ နေရတာ သား အဆင်ပြေ စိတ်ချမ်းသာရဲ့လား"

ဒယ်ဒီ သစ်ရိပ်အောက်က ခုံတန်းလေးမှာ ဝင်ထိုင်ရင်း မေးလာတော့ သူ အခြေအနေတွေကို ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပြီးဖြစ်၏။

"အဆင်ပြေပါတယ် ဒယ်ဒီ၊ ဒါပေမဲ့ စိတ်မချမ်းမြေ့စရာအခြေအနေတွေကိုလည်း သား ကြုံဆုံနေရတယ်"

"ဘယ်လို သား။ စိတ်မချမ်းမြေ့စရာ ဟုတ်လား။ ဘာအကြောင်းတွေလဲ သား"

တံတိုင်း ဒယ်ဒီ့နံဘေးမှာ ဝင်ထိုင်ရင်း ဒယ်ဒီ့မျက်နှာကို စိုက်ကြည့်လိုက်သည်။

"ဒယ်ဒီ သားနဲ့သားရဲ့အမွှာညီလေးနဲ့ ဆုံခဲ့ပြီးပြီ"

"ဘာရယ်"

ဒယ်ဒီ့မျက်ဝန်းတွေထဲမှာ အံ့ဩရိပ်တွေ ချက်ချင်းလွှမ်းခြုံသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လို သား၊ သားရဲ့ညီ ဟုတ်လား၊ ဘယ်မှာလဲ ဒ ဘယ်မှာလဲ၊ ဒီမန္တလေးမှာရှိနေသလား''

စိတ်လှုပ်ရှားမှုကြောင့် ဒယ်ဒီ့အသံတွေ လှုပ်ခတ်တုန်ယင်နေ ၏။ ဒယ်ဒီကိုယ်တိုင်လည်း ကိုယ့်ရင်သွေး သားငယ်အတွက် သံယောဇဉ် တော့ မပြတ်နိုင်သေးဟု သူ ယုံ၏။

''ညီလေးနာမည်က ရဲရင့်ကျော် တဲ့ ဒယ်ဒီ၊ သူ့ကိုတွေ့လိုက် ရတော့ သားမျက်နှာကို မှန်ထဲမှာ ပြန်မြင်လိုက်ရသလိုပဲ''

''အင်း သားတို့က တစ်ယောက်နဲ့တစ်ယောက် မိနစ်ပိုင်းလေး ပဲခြားတဲ့ အမွှာညီအစ်ကိုတွေပဲသားရယ်''

ရဲရင့်နှင့်ပြန်ဆုံခဲ့ရတာကို ဒယ်ဒီ သိအောင် သူ ရှင်းပြလိုက် သည်။ ဒယ်ဒီက သူ ပြောနေတာတွေကို ငြိမ်သက်စိတ်ဝင်စားစွာ နား ထောင်နေခဲ့သည်။

''စောစောကပဲ သူ သားဆီ ဖုန်းဆက်တယ် ဒယ်ဒီ၊ မ တောင်ကြီးပြန်သွားပြီ''

''ဟင် ဒယ်ဒီနဲ့တောင် မတွေ့လိုက်ရပါလားကွာ''

''ညီလေးမှာ ပြဿနာတွေ ရှိနေပုံပဲ ဒယ်ဒီ''

''ပြဿနာ ဘာပြဿနာလဲ သား၊ ဒယ်ဒီ့ကိုပြောစမ်းပါ''

နှစ်နှစ်ဆယ်ကျော် မမြင်ဘူး မဆုံဘူးသော သားငယ်အပေါ် တော့ ဒယ်ဒီ့ရဲ့သံယောဇဉ်တွေက ကြီးမားဆဲ။

''သား အသေအချာ မပြောတတ်ပေမယ့် ရဲရင့် ရှင်သန် ရုန်းကန်နေရတဲ့ဘဝက သိပ်မကောင်းဘူးထင်တယ် ဒယ်ဒီ''

''သူ့အမေကကော သား''





မာမီ့ကိုမေးတော့ တံတိုင်း ပင့်သက်ရှိုက်မိသည်။

''မာမီက စင်ကာပူမှာတဲ့၊ ညီလေးနဲ့အဆက်အသွယ်ပြတ်နေ တာ ကြာပြီ၊ မာမီက အိမ်ထောင်နဲ့တဲ့''

ဒယ်ဒီ့မျက်နှာက ထူးခြားသော ပြောင်းလဲမှုမရှိဘဲ ခေါင်းတ ညိတ်ညိတ်နှင့် ပင့်သက်ရှိုက်၏။

''ဒယ်ဒီ မှော်လင့်ပြီးသားပါ၊ ကိုယ့်သွေးသားရင်းကို တာဝန် မယူနိုင်ဘဲ သူ ခေါ်သွားကတည်းက ဒယ်ဒီ လက်မခံချင်ခဲ့ဘူး၊ ခုတော့ သားကို ဥပေက္ခာပြုပြီး သူက အဝေးမှာတဲ့လား''

မာမီနှင့်ပတ်သက်ပြီး ဒယ်ဒီ့ခံစားမှုတွေက သွေးအေးတည်ငြိမ် နိုင်ပေမယ့် သူကတော့ ရင်ထဲမှာ တဆစ်ဆစ် ခံစားနေရ၏။

ဒယ်ဒီ အိမ်ထောင်ပြုမည်ဆိုတော့ ခါးသီးစွာ တားမြစ်ခဲ့တာ တစ်နေ့မှာ သူတို့သားအဖနှင့် မာမီတို့သားအမိ ပြန်ပေါင်းစည်းနိုင်ဖို့ ရည်ရွယ်ချက်နှင့်ဖြစ်သည်။

အခုတော့ ထိုမျှော်လင့်ချက်တွေ အကုန်ပျက်စီးသွားခဲ့ပြီ၊ မာမီ သည် ရဲရင့်နှင့်သူ့ကို အလေးမထားသလို ဒယ်ဒီ့အပေါ်မှာလည်း သံ ယောဇဉ်ကင်းပြတ်ခဲ့ပြီဆိုတာ သေချာလွန်းသည်။

ရဲရင့် ပြောပုံအရဆိုလျှင် မာမီသည် တစ်ကိုယ်ကောင်းဆန်ဆန် ဘဝကို ရှင်သန်ခဲ့သော မိန်းမတစ်ယောက်ပါပဲ။

ဒါကြောင့်လည်း ဒယ်ဒီ့ဘက်က ယတိပြတ် သံယောဇဉ်ကင်း ပြတ်ခဲ့တာ ဖြစ်မည်။

''နေဦး သား၊ သားငယ်က အခု ဘယ်သူနဲ့နေတာလဲ''

''သူ့ဒေါ်လေးနဲ့တဲ့၊ ဒါပေမဲ့ အဆင်ပြေပုံမရပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ တွေတွေလေး ငေးရင်း ငြိမ်သက်သွားခဲ့၏။ ရဲရင့်အတွက် ဒယ်ဒီ သောကတွေ ဝေသွားမှာ သေချာ၏။

"ဒယ်ဒီ သူ့ကိုတွေ့ချင်တယ် သား"

"ကျွန်တော်လည်း ဆုံပေးချင်တာပါ ဒါပေမဲ့ ရဲရင့်ကိုယ်တိုင်က တောင်ကြီး ပြန်သွားပြီ၊ သူ သားဆီတော့ ဆက်သွယ်ဦးမှာပါ ဒယ်ဒီ"

"ကောင်းပြီ သား၊ သူ သားကိုဆက်သွယ်လာရင်တော့ ဒယ်ဒီကို အကြောင်းကြားပါကွာ"

"စိတ်ချပါ ဒယ်ဒီ၊ ညီလေးကို ဒယ်ဒီ ဥပေက္ခာပြုမပေးတာအတွက် သား ဝမ်းသာပါတယ်"

သူ့စကားကြောင့် ဒယ်ဒီ ယဲ့ယဲ့ပြုံးသည်။ ပြီးတော့ သူ့ပခုံးကို ဒယ်ဒီ သိုင်းဖက်ရင်း

"သားတို့ညီအစ်ကိုက ဒယ်ဒီ့ရဲ့သွေးသားတွေပါ၊ သားတို့မားကို ဒယ်ဒီ ဥပေက္ခာပြုခဲ့တာလည်း မဟုတ်ဘူး၊ သူကိုယ်တိုင်က ဒယ်ဒီ့ကို ဥပေက္ခာပြုဖို့ ရွေးချယ်ခဲ့တာပါကွာ၊ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေမှာ ဒယ်ဒီဘက်က အကောင်းဆုံး ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ သူ လက်မခံလို့ ဒီလိုတွေ ဖြစ်ကုန်တာပဲ"

"အခုချိန်မှာ သား နားလည်သင့်သလောက် နားလည်ပါတယ် ဒယ်ဒီ"

"ကျေးဇူးတင်တယ် သား၊ ဘာပဲဖြစ်ဖြစ် သားတို့ညီအစ်ကို ပြန်ဆုံဆည်းမှုအတွက် ဒယ်ဒီ ဝမ်းသာပါတယ်၊ သားငယ် ဒုက္ခရောက်နေတာကိုလည်း ဒယ်ဒီ မကြည့်ရက်ပါဘူး"

ဒယ်ဒီ့ရင်ထဲက စကားတွေအတွက် သူ ဝမ်းသာကြည်နူးမိသည်။





ဒယ်ဒီ့အပေါ်မှာလည်း သူ နားလည်မှုတွေရှိခဲ့တာတော့ သေချာ၏။

ဒယ်ဒီနှင့်ဒေါ်သင်းနွယ်အတွက် သူ့ရဲ့ အမြင်မကြည်လင်မှုတွေ ပြိုပျက်ခဲ့တာတော့ သေချာပါသည်။

ဒယ်ဒီ့ကို သူ နားလည်နိုင်ခဲ့ပြီ။

■ ■ ■

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၂၀)

အိပ်စက်ခြင်းကို လက်မခံသော မျက်ဝန်းတွေက ကြောင်... နေသည့်အဆုံး ဦးဆက်နိုင် အိပ်ရာပေါ်က အသာထလိုက်သည်။

နံဘေးမှာ အိပ်မောကျနေသည့် သဇင်နွယ်ကတော့ ငြိမ်သ... နေဆဲ။ ခုတင်ပေါ်ကဆင်းကာ အခန်းအပြင် ထွက်လိုက်၏။

“ဟင်”

သားအခန်းက မီးရောင်ကို မြင်နေရသည်။ သား မအိပ်သေး... ဘူးထင်သည်။ သားအခန်းရှေ့အထိလျှောက်ခဲ့ကာ တံခါးခေါက်ဖို့ပြင်ပြီး... မခေါက်ဖြစ်တော့ပါ။

ဒီအချိန်မှာ သားလည်း သူ့လိုပဲ အတွေးတွေလွင့်မျော... နေလိမ့်မည်။ နေပါစေတော့။ သားကို အနှောင့်အယှက်မပေးလို... ကြောင့် ပြန်လှည့်ထွက်ခဲ့ကာ ဝရန်တာလေးမှာ ထွက်ရပ်နေလိုက်သည်။

မီးရောင်အောက်မှာ ခြံလေးထဲက မြင်ကွင်းတွေအားလုံး ...





...အေးချမ်းနေသည်။ အရာရာအားလုံး ငြိမ်းချမ်းစွာ အိပ်ပျော်နေကြ...မှာ သူကတော့ မငြိမ်းချမ်းနိုင်ပါ။

မေ့ပစ်ထားခဲ့တာ ကြာပြီဖြစ်သော အတိတ်သည် ဟိုးအရင်...တည်းက မငြိမ်းချမ်းစွာ ရှိခဲ့တာပါ။

ဒါတွေအားလုံးသည် နှင်းမခကို လက်ထပ်ပြီးချိန်မှာကတည်းက ...ဆုံရတာတွေ ဖြစ်သည်။

ငေးကြည့်လောက်အောင် ချောမောလှပကာ လှပသလောက်...ည်း ပြင်ဆင်ခြယ်သတတ်သော နှင်းမခကိုတော့ သူ ချစ်ခင်နှစ်သက်...ာ မဟုတ်ပါ။ မေမေ့ကြောင့် လက်ထပ်ခဲ့ရခြင်းဖြစ်၏။

“မေမေ သား သူ့ကို လက်မထပ်နိုင်ဘူး၊ သားမှာချစ်သူရှိပါ...၊ မေမေတို့သဘောတူနိုင်တဲ့သူပါပဲ၊ တခြားသူမဟုတ်ပါဘူး သဇင်...ပါ၊ သားတို့ချင်း ရည်ငံ့နေတာ ကြာပါပြီ”

သူ့ဘက်က ပွင့်လင်းစွာ မေမေ့ကို ဝန်ခံမိသည်။ သဇင်နွယ်...တွေဆိုတာလည်း မေမေနှင့်ရင်းနှီးသူတွေပဲဖြစ်သည်။

ဂုဏ်သရေရှိ လူကြီးလူကောင်းတွေဖြစ်သလို သဇင်နွယ်က...ည်း ပညာတတ် ယဉ်ကျေးပျူငှာသော မိန်းမကောင်းတစ်ယောက်ပဲ...

“သဇင်နွယ်လေးကို မေမေ သဘောမကျစရာမရှိပါဘူး သား၊ ...မဲ့ မေမေ့ဆန္ဒကတော့ သား နှင်းမခလေးကိုပဲ လက်ထပ်စေချင်တယ် ...လည်း အကြောင်းရှိတယ် သား၊ မေမေတို့စီးပွားရေးတွေကျဆင်းပြီး ...ရောက်နေချိန်မှာ နှင်းမခလေးရဲ့မိဘတွေက ကူညီပေးခဲ့တယ်၊ ...ကြောင့် မေမေတို့စီးပွားရေးတွေ ပြန်ထောင်မတ်လာခဲ့တာ”



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတရားကို အလေးထားသော မေမေ့စကားတွေက သူ့ကို တုတ်နှောင်သော ကြိုးတွေလို ချည်နှောင်ခဲ့၏။

"အဲဒီတုန်းကတည်းက အချိန်တန်အရွယ်ရောက်ရင် သားနဲ့ နှင်းမခလေးကို လက်ထပ်ပေးကြဖို့ မေမေတို့ ကတိပြုခဲ့ကြတယ် သား အခုတော့ မထင်မှတ်တဲ့ နှင်းမခလေးရဲ့မိဘနှစ်ပါး ကားအက်စီးဒင့်ကြောင့် ဆုံးရှာပြီ၊ ဆွေမရှိမျိုးမရှိ နှင်းမခလေးဘဝလည်း တွယ်ရာမဲ့နေပြီ၊ မိဘ တွေရဲ့စီးပွားရေးတွေလည်း ကျဆင်းဒုက္ခရောက်နေတယ်၊ ဒီအချိန်မှာ မေမေတို့ဘက်က ဥပေက္ခာပြုလိုက်မှာ မတရားပါဘူး၊ လောကကြီးထဲမှာ မရှိတော့ပေမယ့် ကျေးဇူးရှင်တွေကို မေမေတို့ ကျေးဇူးမမေ့သင့်ပါဘူး ကတိသစ္စာကိုလည်း တန်ဖိုးထားရမယ်"

နောက်ဆုံးတော့ ချစ်သူကိုစွန့်ကာ မေမေတို့ဆန္ဒကို သူ လိုက် လျှော့ခဲ့ရတော့သည်။

ဒါကပဲ ကြီးမားသော အမှားကြီးဖြစ်မည်ဟု သူ မထင်ခဲ့သလို မေမေတို့ကလည်း ကြိုတင်မသိခဲ့တာ သေချာသည်။

သူ လက်ထပ်လိုက်သည့် နှင်းမခသည် အိမ်ထောင်ရှင်မကောင်း တစ်ယောက်မဟုတ်ခဲ့မှန်း လက်ထပ်ပြီးမှ သူ သိခဲ့ရသည်။ ထို့ထက်ပိုဆိုး သည်က နှင်းမခသည် မိခင်ကောင်းတစ်ဦးလည်း မဟုတ်ခဲ့ပေ။

အိမ်ထောင်ရှင် မိခင်တစ်ဦးဘဝ ရောက်ခဲ့ပေမယ့် နှင်းမခ၏ အပြုအမူ အကျင့်စရိုက်တွေက ပြောင်းလဲမသွားခဲ့တော့ အိမ်ထောင်ရေး မှာ ပြဿနာတွေ ရှုပ်ထွေးလာခဲ့တာ မဆန်းပါ။ မတွေးချင်သော အတိတ် သည် ခါးသီးစွာပဲ အာရုံထဲမှာ ပြန်ထင်ဟပ်လာခဲ့ရပြန်ပါသည်။

■ ■ ■





အလှပြင်မှန်တင်ခုံမှာ ပြင်ဆင်နေတာက တစ်နာရီနီးပါး ရှိနေ ပြီ။ မျက်နှာမှာလည်း ရောင်စုံကာလာတွေ စုံလင်နေပြီ။

စိတ်မရှည်နိုင်စွာ ရပ်စောင့်နေသော သူ့ကို တစ်ချက်လေး ရှုမစိုက်တဲ့ ကိုယ်လုံးပေါ် မှန်ကြီးရှေ့မှာ တကြည့်ကြည့်လုပ်နေပြန်တော့ သူ မသည်းခံနိုင်တော့ပါ။

"ဘယ်လိုလဲ နှင်းရာ၊ ပြင်လို့မပြီးသေးဘူးလား"

"ဟာ နှင်းဘာသာ ပြင်ဆင်နေတာ ဘာလို့ကြည့်ပြီး ဝေဖန်နေ တာလဲ"

"ဝေဖန်နေတာ မဟုတ်ဘူးလေကွာ၊ ဟိုမှာ မင်္ဂလာပွဲက စနေ လောက်ပြီ သိပ်နောက်ကျနေလို့ ဘယ်ကောင်းမှာလဲ"

"ဟင် နှင်း မင်္ဂလာဆောင်မလိုက်ပါဘူး၊ မလိုက်ဘူးလို့ ကို့ကို ပြောထားပြီးပြီပဲ"

"ဟာ မဟုတ်တာ နှင်းမလိုက်လို့ ဘယ်ဖြစ်မှာလဲ"

"ဟင့်အင်း နှင်းလည်း အရေးကြီးပွဲ သွားစရာရှိတယ်၊ ကိုပဲ မင်္ဂလာဆောင်သွားလိုက်ပါ"

အလှပြင်မှန်ထဲကြည့်ကာ ခန္ဓာကိုယ်လေး ဘယ်ညာလှည့်ပတ် ကြည့်ရင်း အလေးမထားသလို ပြောနေသော နှင်းမခကို သူ စိတ်တို သွားမိ၏။

"ဒီမှာ နှင်း ဒီမင်္ဂလာပွဲက သူစိမ်းသူရဲ့ပွဲမဟုတ်ဘူးကွ၊ မင်းရဲ့ ယောက်မရဲ့ပွဲ၊ ဒီလောက်ရင်းတာ မင်း မလိုက်လို့ဖြစ်မလား"

"ခင်လေးပွဲဆိုတာသိပါတယ်၊ ခင်လေးကိုလည်း နှင်း ပိုင်ပြီး ဘားပဲလေ၊ နောက်မှ တောင်းပန်လိုက်မှာပေါ့၊ နှင်းကတော့ ပျင်းရော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ မင်္ဂလာဆည်ခံပွဲကြီးမှာ ထိုင်မနေချင်ပါဘူး''

''နေစမ်းပါဦး နှင်း မင်းကဘယ်သွားမှာမို့ ပြင်ဆင်နေတာလဲ''

''ပါတီပွဲ တစ်ခုတက်စရာရှိတယ် ကိုရဲ့၊ ဒါလီသိန်းရဲ့ပွဲလေ နှင်းကို အသေအချာဖိတ်ထားတာ''

''နှင်း အဲဒီပွဲနဲ့ ဒီပွဲ ဘယ်ဟာက အရေးကြီးသလဲ''

''ဟာ မရစ်စမ်းပါနဲ့ ကိုရာ၊ ပါတီပွဲက မဖြစ်မနေသွားရမှာ မင်္ဂလာပွဲကို ကိုပဲသွားလိုက် ဒါပဲ''

သူ့ကိုပြောကာ စားပွဲပေါ်က ဆလင်းဘတ်အိတ်လေး လှမ်းယူနေသည့် နှင်းအနားကို သားကြီးရောက်လာပြီး

''မာမီ သားလည်း လိုက်ချင်တယ်''

''ဟယ် မဟုတ်တာ ပါတီပွဲက ကလေးနဲ့ဘာဆိုင်လို့လဲ သွား သွား ဒေါ်လုံးဆီသွားနေစမ်း''

သုံးနှစ်သားပဲ ရှိသေးသော သားငယ်ကိုတောင် နှင်း မခင်တွယ်ဘဲ အတင်းမောင်းနှင်လွှတ်နေတော့ သားကြီး ငိုမဲ့မဲ့လေး ထွက်သွားရှာ၏။

''သား ဗိုက်ဆာတယ် မာမီ ဗိုက်ဆာတယ်''

အခန်းတံခါးဝကအထွက် သားငယ်က မိခင်ဖြစ်သူ ငါ့ချည်ကို ဆွဲကာ ပြောလာတော့

''ဟဲ့ ဟဲ့ အို ဒီကလေး ပေပေကျံကျံ လက်တွေနဲ့ ကိုင်ရသလား ငါ ရိုက်လိုက်ရ သွား ဗိုက်ဆာရင် မီးဖိုထဲသွား၊ ရှိတဲ့လူကို ထမင်းခူးခိုင်း''

နှင်းရဲ့လုပ်ရပ်တွေကို မြင်တွေ့နေရတော့ သူ့ရင်ထဲမှာ တကယ် မကောင်းဖြစ်ရသည်။ ဝမ်းနှင့်လွယ်မွေးထားသော ရင်သွေးနှစ်ယောက် အပေါ်မှာတောင် မိခင်စိတ်ကင်းမဲ့လွန်းပါလား။





မွေးကတည်းက ကလေးနှစ်ယောက်စလုံးကို နို့တိုက်ဖို့ မဖြစ်နိုင် ဆိုကာ နို့မှုန့်ပဲတိုက်ခဲ့သည်။

သားနှစ်ယောက် ဝေယျာဝစ္စမှန်သမျှကလည်း အိမ်ဖော်တွေ ဖြစ်သည့် ဒေါ်လုံးနှင့်မစိန်တို့နှစ်ဦးလက်နှင့်ပဲ ပြီးခဲ့သည်။ နှင်းကတော့ နေချင်သလိုနေ သွားချင်ရာသွား သံယောဇဉ် ကင်းခဲ့တာ သူ သိပါသည်။

သားနှစ်ယောက်ကို သူပဲ မီးဖိုခန်းခေါ်ခဲ့ကာ ဒေါ်လုံး လက်ထဲကို အပ်ရ၏။

''ဒေါ်လုံး သားတို့ကို တစ်ခုခုကျွေးလိုက်ပါဗျာ၊ ကျွန်တော် လာပွဲပြီးတာနဲ့ ပြန်လာခဲ့မယ်''

''ဟုတ် ဟုတ်ကဲ့ ဆရာလေး''

သူ ဧည့်ခန်းထွက်ခဲ့ချိန်မှာပဲ ဆင်ဝင်အောက်က ကားမောင်း ထွက်သွားတာကို ကြားရသည်။

သူ ရောက်တော့ ခြံစောင့်ကြီး ဦးစိုင်းက ဆင်ဝင်အောက်မှာ ခံ၍ သူ့ကို လှမ်းပြော၏။

''ဆရာလေး မမလေးက အပြန်မိုးချုပ်မယ်လို့ ပြောခိုင်းလိုက် ''

သူ အံကိုတင်းတင်းကြိတ်ရင်း ဒေါသစိတ်တွေကို မျိုချထား က်ရသည်။ နှင်းမခနှင့် ပတ်သက်ပြီး ရင်ထဲမှာ နာကျင်မျိုသိပ်ခဲ့တာတွေ များနေပြီ။

လင်သားကိုလည်း လေးစားဂရုစိုက်မှုမရှိ၊ သားတွေကိုလည်း ခင်စိတ်မရှိ၊ ထင်ရာစိုင်းရင်း နေချင်သလိုနေသည့် နှင်းမခ စိတ်ကို တော့ သူ နာကျည်းချင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အာရုံထဲမှာ ဝင်လာသော သားနှစ်ယောက်ကြောင့်သာ မဟုတ်လျှင် ကွဲကြတာကြာပြီ။

■ ■ ■

## အခန်း (၂၁)

"တူ တူ တူ"

မေးခနဲ အိပ်ပျော်သွားသည့် မျက်ဝန်းတွေက ဖုန်းမြည်သံကြောင့် လန့်နိုးကာ ဆတ်ခနဲ ဖြစ်သွားခဲ့၏။ မှီထိုင်နေသော ဆိုဖာထိုင်ခုံမှထကာ စားပွဲလေးပေါ်က ဖုန်းကိုကောက်ကိုင်လိုက်ရ၏။

"ဟဲလို"

"နှင်း မင်းပြန်မလာသေးဘူးလား"

"ဒီည ပြန်မလာတော့ဘူး ကို ဒီမှာ သူငယ်ချင်းတွေဆုံနေလို့ အဟင်း ဟင်း မနက်မှပဲ ပြန်ခဲ့တော့မယ် နော်"

"နှင်း မင်းမဟုတ်သေးဘူး မင်းလုပ်နေတာတွေ လုံးဝမဟုတ်ဘူး"

"အာ ဘာတွေပြောနေတာလဲကွာ ဒီမှာ ပွဲကအရှိန်ကောင်းနေလို့ ပလိစ် ပလိစ် မနက်ပြန်ခဲ့မယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူဘာမှ မပြောနိုင်ခင် ဖုန်းချသွားခဲ့သည်။ ရင်ထဲမှာ ဒေါသတွေက ဆူဝေလာပေမယ့် နံရံပေါ်က နာရီကိုကြည့်ကာ လျှော့ချပစ်ရ၏။

ညဆယ်နာရီ ကျော်နေသည်အထိ ပြန်မရောက်လာသော နှင်းမခက သူငယ်ချင်းအိမ်မှာ ညအိပ်မည်တဲ့။

ဖုန်းထဲမှာလည်း ဘေးကစကားသံတွေ ရယ်မောသံတွေကို သူကြားနေခဲ့ရပါသည်။ မိန်းမသံကော ယောကျ်ားသံတွေရော အထွေအ ရှားပါပဲ။

လောင်းကစားဝိုင်းကာ နှင်းမခ ဖြစ်ချင်တိုင်းဖြစ်နေသည့် သတင်းတွေကို ပတ်ဝန်းကျင်မှာလည်း သူကြားရတာကြာပြီ။

"ကိုဆက်နိုင် စိတ်တော့မရှိနဲ့ဗျာ သတိပေးချင်လို့"

"ဟာ ပြောပါ ကိုရဲမြိုင် ဘာများလဲ"

"ခင်ဗျားဇနီး မနှင်းခ တွဲနေတဲ့မိတ်ဆွေတွေက လောင်းကစားသမားတွေဗျ။ တကယ့်နာမည်ကြီးတွေ ဒါကြောင့် ဆင်ခြင်နိုင်းဦး လောင်းကစားကြောင့် ဘဝပါပျက်နိုင်တယ်"

"အင်း ဟုတ်ကဲ့ ကျေးဇူးပါပဲဗျာ"

ဒီလိုပြောကြသည့် စကားတွေက တစ်ယောက်တည်းမဟုတ် ကြားရတာတွေကများပြီ။

ပြီးတော့ သူကိုယ်တိုင်လည်း သတိထားမိသည်။ အဆိုးဆုံး အကျင့်စရိုက်မကောင်း နာမည်ပျက်ရှိသော ယောကျ်ားတချို့နှင့် နှင်းမခ တွဲနေတာဆိုးသည်။

ပြောမရလို့ ဥပေက္ခာပြုထားပေမယ့် မိသားစု ဂုဏ်သိက္ခာ သားသမီးမျက်နှာကိုတော့ နှင်း ထောက်ထားသင့်ပါသည်။





အခုလည်း လူမမည် သားနှစ်ယောက်နှင့် ခင်ပွန်းကို ဥပေက္ခာပြုထားကာ လောင်းကစားဝိုင်းမှာ ညလုံးပေါက်ထိုင်နေမည့် မိန်းမတစ်ယောက် အကျင့်စရိုက်က မဟုတ်တော့ပါ။

နှင်းမခရဲ့ အကျင့်စရိုက်ဆိုးတွေကို သူဘယ်လို ပြင်ဆင်ပေးရမည်လဲ။ မလွယ်တော့ဘူး ထင်သည်။

တိုးတိုးတိတ်တိတ်လည်း ဆုံးမဖူးသည်။ အတိုက်အခံလည်း ပြောဖူးသည်။ ဘယ်လို ဆုံးမစကားကိုမှ မနာခံဘဲ ထင်ရာစိုင်းနေတော့လည်းအခက်။

ညှီခန်းတံခါးကို သော့ခတ်ပိတ်ပြီး သူအပေါ်ထပ်ကို တက်ခဲ့လိုက်သည်။

သားနှစ်ယောက် အိပ်ခန်းထဲလှမ်းဝင်ခဲ့တော့ ခုတင်ပေါ်မှာ ချွေချွေလေးတွေ အပြစ်ကင်းစင်စွာ အိပ်ပျော်နေကြသည်။

ခြုံစောင်တွေကို သားတွေ ခန္ဓာကိုယ်ပေါ်လွှမ်းခြုံပေးပြီး အခန်းမီးမှိတ်ကာ ညမီးလေးတွေ ဖွင့်ပေးခဲ့ပြီးမှ သူထွက်ခဲ့လိုက်သည်။

နှင်းမခနှင့် အတူအိပ်စက်ဖူးသော အခန်းထဲမှာ သူ မအိပ်ဖြစ်တာလည်း လနှင့်ချီကြာခဲ့ပြီ။

သီးသန့်အိပ်ခန်းထဲမှာပဲ သူအိပ်ခဲ့တာဖြစ်၏။

နှစ်ယောက်ကြားမှာ အေးစက်နေသော သံယောဇဉ်တွေသည် ပြတ်တောက်လုမတတ် ရှိနေခဲ့တာ ကြာခဲ့ပြီ။

သားနှစ်ယောက်ရဲ့ နှောင်ကြိုးတွေဆိုတာကလည်း သူ့ဆီမှာပဲ ရှိနေခဲ့ကာ နှင်းမခအတွက်တော့ သားနှစ်ယောက်အပေါ်မှာလည်း နှောင်တွယ်ခြင်းမရှိဟု ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြတ်လုလုကြိုးတစ်ချောင်းကို သူ ဘယ်အချိန်ထိ တင်းခံနိုင်မည်လဲ။ ရင်ထဲက ပေါက်ကွဲမှုတွေ လွင့်စင်သွားခဲ့လျှင်တော့ . . .။

■ ■ ■

## အခန်း(၂၂)

အလုပ်ကိစ္စဖြင့် သူမန္တလေးမှာ သုံးရက်ခရီးကြာခဲ့သည်။ မဖြစ်မနေ သွားခဲ့ရပေမယ့် သားနှစ်ယောက်ကို သူစိတ်မချနိုင်ခဲ့တာ အမှန်ဖြစ်သည်။

"နှင်း မင်းတခြားအချိန်တွေမှာ သွားချင်တာသွားပါ၊ ငါမရှိတဲ့ သုံးရက်မှာတော့ ကလေးတွေကို ဂရုစိုက်နေပေးပါ"

"အင်းပါ ကိုရဲ့ စိတ်ချ"

"နှင်း အရင်လို အိမ်ကထွက်သွားတာမျိုး လုံးဝမလုပ်ပါနဲ့နော် သားတွေကို ငါ စိတ်မချဘူး"

"အမလေးရှင် ဒါ ရှင့်သားတွေချည်း မဟုတ်ပါဘူး ကျွန်မဝမ်းနဲ့ လွယ်မွေးထားတဲ့ သားတွေပါ"

"ဒါပေမဲ့ မင်း အမြဲဉပေက္ခာပြုထားလို့ ပြောနေတာ"

"ဘုရားရေ ဉပေက္ခာပြုထားလို့ ဟုတ်လား၊ အမြဲတမ်း ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ပိုက်ထားရမယ့် အရွယ်တွေမှမဟုတ်တာ၊ ကဲပါ ကိုဆက်နိုင် ရှင်းအောင် ပြောတော့ သာ စိတ်ချသွားစမ်းပါ ဘာမှမဖြစ်စေရဘူး''

နှင်းမခကို မယုံကြည်လှပေမယ့်လည်း သူ ယုံကြည်ခဲ့သည်။ မန္တလေးမှာရှိနေသည့် ရက်တွေမှာ ဖုန်းဆက်ဖြစ်တာလည်း နေ့စဉ်။

''ဟုတ်ကဲ့ ပြောပါဆရာလေး''

''သားတွေ နေကောင်းလား ဒေါ်လုံး နှင်းမခကော်''

''ရှိ ရှိပါတယ် ဆရာလေး ခြံထဲမှာ သားတွေကို ထမင်းကျွေး နေပါတယ်''

''ဩော် ဟုတ်လား ဒါပဲ ဒေါ်လုံး ရပြီ စိုးရိမ်လို့ လှမ်းဆက် တာပါ''

ဘာပဲဖြစ်ဖြစ် သူ မရှိချိန်မှာ သားတွေကို ဂရုစိုက်ပေးနေသော အတွက်တော့ ဝမ်းသာမိသည်။

သားသမီးရင်းချာဆိုတော့လည်း နှင်းမှာ မိခင်စိတ်လေးတော့ ရှိရှာသားဟု တွေးမိသေးသည်။

ဒါပေမဲ့ သူ ယုံကြည်ထားမှုတွေက မန္တလေးက ပြန်ရောက်သည့် နေ့မှာပဲ ပေါက်ကွဲစရာတွေ ဖြစ်တော့၏။

''သားရေ သားတို့ရေ''

''ဟင် ဆရာလေး ပြန်လာပြီလား''

သူ ဧည့်ခန်းထဲလှမ်းဝင်တော့ ဒေါ်လုံး မျက်စိမျက်နှာပျက်နေ လက်ထဲကအိတ်တွေ ကူသယ်ပေးသည်။

''ဒေါ်လုံး သားတွေကော နှင်းကော ဘယ်မှာလဲ''

''ဟို ဟို ဟိုလေ''





''ဒယ်ဒီ''

အော်သံနှင့်အတူ သားကြီး သူ့ဆီပြေးလာသည်။ သူ့ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်ထားရင်

''သားကြီး ညီလေးကော''

''ညီလေး ဆေးရုံမှာ''

''ဘာ ဒေါ်လုံး သားဘာဖြစ်တာလဲ''

''သားငယ် သွေးလွန်တုပ်ကွေးဖြစ်လို့ ဆေးရုံတင်ထားရတယ် ဆရာလေး''

''ဘာဗျ သားဆေးရုံတင်ထားရတယ် ဟုတ်လား''

''သက်သာနေပါပြီ ဆရာလေး ဆေးရုံမှာ မစိန်ကော ဦးစိုင်းပါ နေ့တိုင်း စောင့်ပေးနေပါတယ်ရှင့်''

သူ့ရင်ထဲမှာ စိုးရိမ်စိတ်တွေ ပူလောင်သွားခဲ့တာ အမှန်ပဲ ဖြစ်၏။ သားငယ်ဒီလောက်အထိ ဖြစ်နေတာ သူ မသိ။ နှင်းကလည်း ဘာကြောင့် ဖုန်းမဆက်ရတာလဲ။

''နှင်းမခရော ဒေါ်လုံး''

''ဟို ဟို သူ မ မရှိဘူး''

''ဘာ မရှိဘူး ဘယ်သွားလို့လဲဗျ''

ဒေါ်လုံး မျက်စိမျက်နှာပျက်နေတာကိုကြည့်ရင်း သူ သံသယ ဖြစ်လာသည်။ ဘာတွေလိမ်ညာထားသည်လဲ။

''ဒေါ်လုံး အမှန်ပြောစမ်းဗျာ''

''ဟို ဆရာလေး မန္တလေးသွားပြီး နောက်တစ်နေ့မှာပဲ သူ သူငယ်ချင်းတွေနဲ့ ခရီးထွက်သွားတာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ"

"ဟုတ်ပါတယ် ပေလီခရီးသွားတာပါ၊ ဆရာလေးဖုန်းဆက်ရင် မပြောရဘူးပြောလို့ မပြောရဲခဲ့တာပါ"

"တောက်"

သူ ရင်ထဲမှာ နာကျည်းခံပြင်းစွာ တက်ခေါက်လိုက်မိသည်။ သူ့အတန်တန် မှာထားရက်နှင့် နှင်းမခ လုပ်ရက်သည်။

ကလေးနှစ်ယောက်ကို ဥပေက္ခာပြုကာ အပျော်ခရီးသွားသည် တဲ့လား။ သူ မသိအောင်တောင် လိမ်ညာခိုးသည်တဲ့။

အခုတော့ သားငယ် ဆေးရုံတင်ထားရပြီ။ ဒါတွေကို နှင်းမခ လုံးဝမသိဘဲ ပေလီမှာ အပျော်ကျူးနေသည်ပေါ့။

သူ အံကိုတင်းတင်းကြိတ်ရင်း သားကြီးကို ပွေ့ချီလိုက်သည်။

"ဒေါ်လုံး ကျွန်တော် ဆေးရုံလိုက်သွားဦးမယ်"

တစ်ညလုံး မမောတမ်း မောင်းခဲ့ရသော ကားပေါ်ပြန်တက်ကာ သူ ဆေးရုံကို ဆက်မောင်းခဲ့ရသည်။

နှင်းမခအတွက်တော့ ရင်ထဲမှာဆုံးဖြတ်ချက်တစ်ခုက ပြတ်သားနေခဲ့ပြီ။

■ ■ ■

"ကလေး ဆေးရုံတင်ရတာ နှင်း ဘာတတ်နိုင်မှာလဲ ဒီမှာ ဒေါ်လုံးတို့ မစိန်တို့ရှိတာပဲ"

"နှင်းမခ မင်းဒီလိုမပြောနဲ့"

"ပြောရမှာပဲလေ ရှင်က လူကိုအပြစ်တင်နေတာပဲ အဲဒီအချိန်မှာ နှင်းမှအိမ်မှာမရှိတာ"





"အေး မင်း ငါမရှိဘဲ ဥပေက္ခာပြု ထွက်သွားရက်တာကို အံ့ဩမိတယ်၊ မင်းမှာ မိခင်စိတ်ဆိုတာ မြူတစ်မှုံတောင်မရှိဘူး။ မင်းတော်တော် အသိတရားကင်းမဲ့တဲ့ မိန်းမပဲ နှင်းမခ"

"ရှင် ဘာမှပြဿနာမရှာနဲ့၊ အခု ဘာဖြစ်သွားလို့လဲ သားလေးဝဲ ဆေးရုံကပြန်ဆင်းလာလို့ သက်သာနေပြီပဲ၊ ပြီးပြီပေါ့ ဘာမှမဟုတ်တာကို ရှင် ပြဿနာရှာနေတာပဲ"

နှင်းမခ ခါးခါးသီးသီး တုံ့ပြန်နေတာ ကြည့်ရင်း သူ ရွံရှာစက်ဆုပ်ချင်လာသည်။ ဘယ်လိုအကြောင်းနှင့်မှ နှင်းမခလုပ်ရပ်တွေကို သူ သက်ခံလို့မရတော့ပါ။

ယောက်ျားနှင့် သားတွေကို တိရစ္ဆာန်တွေလို သဘောထားတတ်သည့် နှင်းမခလုပ်ရပ်ကတော့ လွန်ကျူးသွားခဲ့ပြီ။

"ဒီမှာ နှင်းမခ မင်းရဲ့အကျင့်စရိုက်ဆိုးတွေကို ငါ ဆက်သည်းခံနိုင်တော့ဘူး"

"ဘာရယ် ရှင့်စကားက ဘာအဓိပ္ပါယ်လဲ"

"ရှင်းရှင်းပြောမယ် မင်းကိုငါ ဆက်မပေါင်းနိုင်တော့ဘူး"

"အဟင်း ဟင်း ဒါဝမ်းနည်းစရာကိစ္စမှမဟုတ်တာ၊ ကျွန်မကလည်း ရှင့်ကိုစိတ်ကုန်နေတာကြာပြီ"

"နှင်းမခ မင်းအကြောင်းတွေ ငါသိတယ်၊ မင်းဘာတွေ လုပ်နေတယ် ဘာတွေရှုပ်နေတယ်ဆိုတာ ငါသိတယ်"

"အဲဒီတော့ ရှင်ဘာဖြစ်ချင်သလဲ"

"မင်းနဲ့ငါ အပြီးအပြတ် စာရင်းရှင်းမယ်"

သူ့ဆုံးဖြတ်ချက်ကို နှင်းမခဘက်ကလည်း မတွန့်ဆုတ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးအပြီးအပြတ် လမ်းခွဲခဲ့ကြသည်။

ပိုင်ဆိုင်မှုအတွက် နှင်းမခဘက်က တောင်းဆိုသမျှကို သူလိုက်လျောခဲ့သည်။ ဒါပေမဲ့ နှင်းမခက သားငယ်ကို ခေါ်သွားမည်ဆိုတော့ သူ လက်မခံနိုင်ခဲ့ပါ။

"ဘာကွ အဓိပ္ပါယ်မရှိတာ မင်းနောက်ကို ငါ့သားတစ်ယောက်ကို ဘာလို့ထည့်ပေးရမှာလဲ"

နှင်းမခ မျက်နှာက လှောင်ပြုံးတွေနှင့်အတူ သူ့ကိုကလန်ကဆန်ပြုဖို့အတွက် ကြိုတင်ကြံစည်ထားပြီး ဖြစ်နေ၏။

"သားကြီးကိုရှင်ယူ သားငယ်ကို ကျွန်မ စောင့်ရှောက်မယ် ဒါမျှတတဲ့ ဆုံးဖြတ်ချက်ပဲလေ"

"နှင်းမခ မင်းမှာမိခင်စိတ် မရှိဘဲ ငါ့သားလေးကို မစောင့်ရှောက်နိုင်ပါဘူး"

"အဲဒါရှင့်ကိစ္စမဟုတ်ဘူး ဦးဆက်နိုင်၊ ကျွန်မသားတစ်ယောက်ကိုတော့ ကျွန်မရအောင်ခေါ်မယ်၊ ဒါကိုမှ ရှင်လက်မခံရင် တရားရုံးမှာ ရှင်းလည်းရတယ်၊ အဲဒီအခါကျရင် သားနှစ်ယောက်စလုံးကိုတောင် ရှုံးရှုံးရချင်ရနိုင်တယ် အဟင်း ဟင်း"

"တောက် မင်းက တမင်ငါ့ကို ကလန်ကဆန် လုပ်ချင်တာပဲ မင်းကျေနပ်သလောက်လည်း ငါပေးခဲ့တယ်၊ သားကို မွေးချင်တယ်ဆိုတာက မင်းဘက်က တမင်လုပ်တာပဲ"

"ရှင် ထင်ချင်သလို ထင်နိုင်တယ်"

သူ အံကိုတင်းတင်းကြိတ်ရင်း နှင်းမခကို ကြည့်မိသည်။ နှင်းမခ အပြုံးတွေက ရိုးသားမှုမရှိတာ အထင်အရှား။





ဒါပေမဲ့ သားနှစ်ယောက်ကိုတော့ သူ အဆုံးအရှုံးမခံနိုင်ပါ။

"ကောင်းပြီ မင်းသားငယ်ကိုခေါ်သွား ငါလက်ခံတယ်"

သူခွင့်ပြုပေးခဲ့ရသည်။ ဒါပေမဲ့ တစ်ချိန်ချိန်မှာ နှင်းမခ လက်ထဲက သားငယ်ကို သူပြန်လည်စောင့်ရှောက်ခွင့် ရနိုင်မည်ဟု ထင်ခဲ့သည်။

ကံကြမ္မာက သူ ထင်မှတ်ထားသလို ဖြစ်ခွင့်မပြုခဲ့ပါ။

နှင်းမခ သူနှင့်ကွာရှင်းပြီး ယူလိုက်သော ယောကျ်ားက ပိုင်းလုံးကောင်တစ်ယောက်ပဖြစ်ကာ လောင်းကစားသမားတစ်ယောက်။

ခြောက်လလောက်ပဲပေါင်းသင်းကာ ကွဲပြဲကြတော့ နှင်းမခမှာလည်း ခြုံကာဖြုံကာကျသွားခဲ့သည်။

နှင်းမခ တောင်ကြီးက ညီမဝမ်းကွဲတစ်ယောက်ဆီ ထွက်သွားသည်ဟု ကြားသည်။ သားလေးကို သူနှင့်ဝေးရာ ခေါ်သွားခဲ့တာပဲဖြစ်သည်။

သည့်နောက်ပိုင်းမှာ ကြားရသော နှင်းမခ သတင်းတွေက ကောင်းလှပါ။ အိမ်ထောင်အခါခါပြုလိုက် ပြတ်ဆဲလိုက်နှင့် ထင်ရာစိုင်းနေခဲ့သည်။

နောက်ပိုင်းမှာ ရေခြားမြေခြား ထွက်သွားသလို နောက်ဆုံးကြားရ၏။ သားလေးလည်း သူမနှင့်အတူ ပါသွားသည်ဟု သတင်းကြားသည်။

ထိုကတည်းက သူ စိတ်လျှော့ကာ သားကြီး တံတိုင်းခအပေါ်မှာပဲ ဂရုစိုက်ခဲ့သည်။

နှင်းမခ ကျေနပ်အောင်ပေးလိုက်ရသော ငွေကြေးတွေကြောင့် သူလုပ်ငန်းတွေမှာ အင်အားချိနဲ့သွားခဲ့ရတာတော့ အမှန်ပဲဖြစ်သည်။ ထိုအခြေအနေကို ကျားကန်ကြိုးစားနေရင်း ပြန်ဆုံခဲ့ရတာ ငယ်ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



သဇင်နွယ် ဖြစ်သည်။

သူ့အကြောင်းတွေ သိနေသော သဇင်နွယ်က သူ့ကို အများကြီးကူညီပေးခဲ့သည်။

တကယ်ဆို သဇင်နွယ် ထောက်ပံ့သော ငွေကြေးတွေကြောင့် သူ့လုပ်ငန်းတွေ ပြန်ဦးမော့လာနိုင်ခဲ့တာဖြစ်သလို သဇင်နွယ်နှင့် ရှယ်ယာတူ ပူးပေါင်းပြီးသည့်နောက်ပိုင်းမှာ ပိုတိုးတက်အောင်မြင်ခဲ့၏။

ကံကြမ္မာက ပြန်စုံစည်းခွင့်ပြုသော ချစ်သူနှင့်သူ့အနာဂတ်ဘဝကို ရှင်သန်ဖို့ ဆုံးဖြတ်ခဲ့သည်။ သဇင်နွယ်သည် သူ့ကို သစ္စာရှိရှိချစ်ခဲ့ကာ လက်ရှိအချိန်ထိ အိမ်ထောင်မပြုဘဲ နေခဲ့သူဖြစ်သည်။

တကယ်ဆို အိမ်ထောင်ပျက် သူ့ကို လက်ထပ်ခဲ့တာ သဇင့်အတွက် အရှုံးတွေပါပဲ။ ဒါပေမဲ့ သဇင့်ချစ်ခြင်းက ဖြူစင်၏။

"ကို့သားလေးကိုလည်း သဇင့်သားလို ချစ်ပါတယ်၊ သဇင်သားကို မိခင်မေတ္တာအပြည့်အဝ ပေးမှာပါ ကို"

သားအပေါ်မှာ သဇင်က မိခင်မေတ္တာတွေပြည့်ဝစွာပေးခဲ့ပေမယ့် သားရဲ့တုံ့ပြန်မှုတွေက ခါးသီးလွန်းနေခဲ့၏။

သူနှင့်နှင်းမခတို့ ကွာရှင်းခဲ့စဉ်က သားက ငယ်ရွယ်လွန်းသေးသည်။ မိခင်အကြောင်း ဘာမှမသိခဲ့။ အခုတော့ သားကြီး ငါ့တိုင်းအမှန်တွေကိုသိသွားခဲ့ပြီထင်သည်။

သူ့ကို နားလည်သလို သဇင့်အပေါ်မှာလည်း အမြင်ကြည်လင်သွားနိုင်ပါသည်။

လတ်တလောမှာတော့ ရဲရင့် ဆိုသော သားငယ်အတွက် သူ့ဘက်က ဖခင်မေတ္တာပေးဆပ်ဖို့ အသင့်ရှိပါသည်။ ဒါကို သဇင်နွယ်





ကလည်း နားလည်လက်ခံမှာ သေချာ၏။

အတိတ်ရဲ့နှောင်ကြိုးတွေကိုတော့ သူ ဖြတ်တောက်ဖို့ ခက်ခဲလွန်းပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"မြေး မနက်ဖြန်တော့ အပြင်မထွက်နဲ့နော်၊ ဘွားနဲ့အရမ်းခင်မင်တဲ့မိတ်ဆွေတွေ လာကြမှာ၊ ဘွားအားလုံးနဲ့မိတ်ဆက်ပေးချင်လို့"

ဘွား ညကတည်းက ပြောထားတာမို့ သူ အပြင်မထွက်ဖြစ်ပါ။ အခုချိန်လောက်ဆို ရဲရင့်လည်း တောင်ကြီး ပြန်ရောက်နေလောက်ပြီ၊ မန္တလေးမှာ ဆုံတွေ့စရာ မရှိတော့ပါ။

သူ မျှော်လင့်မိတာ ရဲရင့်ဆီက ဖုန်းဆက်သွယ်မှုကို ဖြစ်သည်။ ဒါပေမဲ့ ရဲရင့်က မဆက်သွယ်သေးပါ။

ဒီအချိန်မှာ သူ သတိရမိတာ ပန်းသံစဉ် ဖြစ်သည်။ ပန်းသံစဉ်ကိုရှာဖွေရင်း ပြန်ဆုံရတာ အမွှာညီရဲရင့်ကို ဖြစ်သည်။

ကံကြမ္မာက ဆန်းကြယ်သည်။ ဘယ်တော့မှ မတွေ့နိုင်ဟု ထင်မှတ်ထားသူကို တွေ့ခဲ့သည်။ တွေ့ရမည်ဟု မျှော်လင့်ထားသော ပန်းသံစဉ်ကိုတော့ မတွေ့ခဲ့ပါ။



ကျောင်းတွေ ပြန်ဖွင့်လျှင်တော့ ပန်းသံစဉ်ကို သူ တွေ့နိုင်မှာသေချာသည်။ အခုချိန်မှာတော့ သူ သတိရလွမ်းနေဖို့ပဲရှိ၏။

"သား သားရေ ဘွား ခေါ်နေတယ်"

အခန်းတံခါး ခေါက်သံနှင့်အတူ အပြင်က လှမ်းခေါ်သော ဒေါ်သဇင်နွယ် အသံကြောင့် သူ ဒရင်းဘတ်ပေါ်က ထလိုက်ရင်း

"ဟုတ်ကဲ့ အန်တီနွယ် အခုပဲ လာခဲ့ပါ့မယ်"

"အေး အေး ဘွား ဧည့်ခန်းက စောင့်နေလိမ့်မယ်"

မာမ့်အကြောင်းတွေကို အမှန်အတိုင်း သိခွင့်ရလိုက်ချိန်မှာ ဒယ်ဒီ့အပေါ်လည်း သူ အမျက်ပြေခဲ့သည်။ ဒေါ်သဇင်နွယ်ကိုလည်း နားလည်နိုင်ခဲ့သည်။

တကယ်ဆို ဒယ်ဒီ့ဘဝမှာ ပျော်စရာဘဝတစ်ခုကို မပိုင်ဆိုင်ခဲ့ရဘဲ မာမီ့ဒုက္ခတွေကိုပဲ ရင်စည်းခံခဲ့ရတာ ဖြစ်၏။

အခုမှ ဒယ်ဒီ့ဘဝလေး ချစ်ရသူနှင့် နီးစပ်ခွင့်ရတာကို သူ စာနာပေးတတ်ခဲ့ပြီ၊ သူ့ဘဝမှာလည်း ချစ်ရသူနှင့်ပဲ ပေါင်းဖက်ချင်ပါသည်။

သူ့နှလုံးသားမှာ ငြိတွယ်ခဲ့တာ တစ်ယောက်တည်းသော မိန်းကလေးပဲရှိသည်။ ပန်းသံစဉ် ပဲဖြစ်၏။

မမြင်တွေ့ရသည့်အချိန်တွေရောက်မှ ပန်းသံစဉ်ကို ဘယ်လောက်ချစ်သည်ဆိုတာ သူ သိလာသလိုပါပဲ။

လက်ပြတ်စွပ်ကျယ်ပေါ်မှာ ရှပ်လက်တိုလေးကိုပဲ ထပ်ဝတ်ဆင်ပြီး သူ ဧည့်ခန်းကို ဆင်းခဲ့၏။ ဘွား အသံတွေကို လှေကားထစ်ကတည်းက ကြားနေရပြီ။

"မြတ်မြတ်တို့ရောက်လာမှပဲ အမေက ဆုံတွေ့ရတော့တာကွဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အသက်ရလာပြီဆိုတော့လည်း ဘယ်မှမသွားနိုင်တော့ဘူး"

"အမေကြီးင်က မာချာပါသေးတယ်၊ မေမေက အမေကြီးင်လောက် မမာတော့ဘူး၊ အခုတောင် သွေးတွေတိုးနေလို့ ကျန်ခဲ့ရတာလေ"

"အေးကွယ် အသက်ကြီးတော့ ရောဂါတွေက တိုးလာတာပဲ အင်း သဘာဝပဲပေါ့လေ"

ဘွားနှင့်ဘွားဧည့်သည်တွေ စကားကောင်းနေတုန်း သူ ဧည့်ခန်းကို ဆင်းလာတော့ ဒယ်ဒီက လှမ်းမြင်သွားကာ

"သား လာလေ ဒီမှာ ဧည့်သည်တွေနဲ့ တွေ့ရအောင်"

သူ့ကို လှမ်းကြည့်လာသော မျက်နှာတွေထဲမှာ ထင်းခနဲ မြင်လိုက်ရသော မျက်နှာလေးကြောင့် တံတိုင်းခ မျက်လုံးတွေ ဝိုင်းစက်အံ့သြသွားခဲ့သည်။

"ပန်း သံစဉ်"

"တံ တံတိုင်းခ"

သူ့နှုတ်က အံ့သြစွာ ရေရွတ်မိသလို ပန်းသံစဉ် သည်လည်း တအံ့တသြလေး ရေရွတ်သည်။

"ဟင် သားတို့က သိကြတာလား"

ဒယ်ဒီ အံ့သြသလိုမေးမှ သူ သတိဝင်လာကာ ခြေလှမ်းတွေဆက်လှမ်းပြီး ဘွားဘေးမှာ ဝင်ထိုင်လိုက်၏။

"မြေးတို့က လူချင်းသိနေကြတာလားကွဲ့"

ဘွား တအံ့တသြ မေးလာပြန်တော့ တံတိုင်းခ ခေါင်းညိတ်ကာ ဖြေရတော့၏။





"ဟုတ်တယ် ဘွား၊ ကျောင်းချင်းမတူပေမယ့် ပန်းသံစဉ်နဲ့ သား သိကျွမ်းပါတယ်"

"ဟယ် ဟုတ်လား သမီး၊ ကိုဆက်နိုင်သားနဲ့ သမီးက ရင်းနှီးပြီးသွားပေါ့"

"ဟုတ်ကဲ့ မေမေ၊ တံတိုင်းနဲ့သမီးက မိတ်ဆွေတွေပါ၊ တံတိုင်းမွှေးလေးရောက်နေမယ်လို့ မထင်ထားဘူး"

သံစဉ် အံ့သြရိုပ်မပြေသေးသော မျက်ဝန်းလေးတွေနှင့် ကြည့်ပြောနေပြန်တော့ တံတိုင်းခ ဝမ်းသာအပြုံးတွေနှင့် ရှင်းပြမိ၏။

"ကိုယ်လည်း အစီအစဉ်မရှိဘူး သံစဉ်ရဲ့၊ ဒယ်ဒီတို့ ဘွားဆီ ဘာမယ်ဆိုလို့ လိုက်လာဖြစ်သွားတာ"

သူတို့လူငယ်နှစ်ယောက် ခင်မင်နေသည်ဆိုတော့ ဒယ်ဒီတို့ လူကြီးတွေမျက်နှာက ပြုံးရွှင်သွားခဲ့ကြသည်။ ဘွားကလည်း ကျေနပ်အပြုံးတွေနှင့် ခေါင်းတညိတ်ညိတ် ရှိနေရင်း

"ကဲ ကဲ မြေးတို့နှစ်ယောက်က သိကျွမ်းခင်မင်နေပြီဆိုတော့ ဘွားတို့ မိတ်ဆက်ပေးဖို့ မလိုတော့ဘူးပေါ့ကွယ်၊ ဟောဒီက မြတ်မြတ်ဆိုတာ ဘွားနဲ့သိပ်ခင်မင်ရင်းနှီးတဲ့သူတွေ၊ မြတ်မြတ်တို့အမေနဲ့ဘွားက ငယ်သူငယ်ချင်းတွေပဲ မြေးရဲ့"

"ဟုတ်တယ် သား၊ ဒယ်ဒီနဲ့သမီးလေးအဖေ ကိုအောင်ပန်းဆိုတာလည်း မန္တလေးတက္ကသိုလ်မှာ အတူတက်ခဲ့ကြတာကွ"

သူ ရှာဖွေနေသော ပန်းသံစဉ်နှင့်သူ့ကြားမှာ ပြန်ဆုံတွေ့မှုက အံ့သြစရာကောင်းပါသည်။ ပန်းသံစဉ်မိဘတွေက ဒယ်ဒီတို့ ဘွားတို့နှင့်ပါ ရင်းနှီးကျွမ်းဝင်နေသည်ဆိုတော့ ပိုလို့ကျေနပ်စရာကောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဟော့ ရန်ကုန်မှာကျောင်းတက်နေကြသူတွေဆိုတော့ တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းနေပြီ သမီးကလည်း ကိုဆက်နိုင်တို့အိမ်ကို လာနော်၊ သူစိမ်းတွေ မဟုတ်ဘူး"

"ဟုတ်ကဲ့ပါ မေမေ"

"အားလုံး ပျော်စရာမိသားစုလေး ဆုံပြီဆိုတော့ ထမင်းဝိုင်းလေးမှာ လက်ဆုံစားကြရအောင်ကွယ်"

ဒေါ်သဇင်နွယ်က ပြောတော့ အားလုံး စားသောက်ခန်းဘက် လှမ်းခဲ့ကြသည်။ သူ့ရင်ထဲမှာ ကြည်နူးလှိုက်ဖိုခြင်းနှင့် ရင်ခုန်သံတွေ နွေးထွေးရှိန်းမြနေသည်။

မမြင်ရတာ ကြာပြီဖြစ်သော ပန်းသံစဉ် မျက်နှာလေးကို ငေးကြည့်တော့ သူမ မျက်နှာလေးကလည်း အပြုံးလေးတွေ ဝေနေသည်။

ကံမကောင်းခြင်းတွေ ပြည့်နှက်နေခဲ့သော သူ့ဘဝမှာ ပန်းသံစဉ်နှင့် ဆုံဆည်းမှုတွေမှာတော့ ကံကောင်းခြင်းတွေ ပြည့်ဝနေခဲ့သည်။

စားသောက်ပြီး လူကြီးတွေ အချိုပွဲထိုင် ရှေးဟောင်းနှောင်းဖြစ်တွေပြောဆိုနေကြချိန်မှာ ပန်းသံစဉ်နှင့်သူ ခြံထဲမှာ စကားတွေပြောဖြစ်ကြသည်။

"တံတိုင်း မန္တလေးရောက်နေတာ အံ့ဩမဆုံးဘူး"

"ကိုယ်က မရည်ရွယ်ဘဲရောက်ခဲ့တာ၊ ရောက်တော့ သံစဉ်ကို မန္တလေးမြို့အနှံ့ ကိုယ် ရှာသေးတယ်"

"ဟင် ဘယ်မှာနေတယ်ဆိုတာ မသိဘဲနဲ့"

"ဟုတ်တယ် မသိဘဲနဲ့ တွေ့မယ်ထင်ပြီး လိုက်ရှာခဲ့မိတာ အခုတော့ မရှာဘဲဆုံတွေ့လို့ ဝမ်းသာနေတာ မပြောတတ်အောင်ပဲ"





ပန်းသံစဉ် သဘောကျသလို ရယ်နေတော့ စွဲမက်စရာမျက်နှာလေးကို သူ ငေးကြည့်နေခဲ့မိပြန်၏။

"ထူးဆန်းတယ်နော် ဒီလို ဆုံမယ်လို့ လုံးဝမထင်ထားတာ"

"ဟုတ်တယ် ကိုယ်လည်း သံစဉ်ဆီက ဖုန်းနံပါတ် တောင်းမထားမိတာကို နောင်တရမဆုံး ဖြစ်နေခဲ့တာ"

"မသိဘူးလေ တံတိုင်း မန္တလေးမှာ အသိအကျွမ်းရှိမယ်မှ မထင်တာ"

"ဘွားကော ဒယ်ဒီတို့နဲ့ပါ သံစဉ်မိဘတွေက ရင်းနှီးနေတာဆိုတော့ ကိုယ်နဲ့သံစဉ်ရဲ့ ရင်းနှီးမှုက ပိုလို့ခိုင်မြဲသွားပြီထင်တယ်"

"အရင်ကတည်းက သံစဉ်တို့က ရင်းနှီးပြီးသားပါနော်၊ ဒါနဲ့ နက်ဖြန် မန္တလေးအနှံ့ လျှောက်လည်မလို့ တံတိုင်း လိုက်ခဲ့မလား"

"လိုက်ခဲ့မှာပေါ့၊ ကိုယ် ဘယ်ကိုလာခဲ့ရမှာလဲ"

"သံစဉ် လာခေါ်မယ်လေ၊ ဒီကပဲ စောင့်နေပေါ့"

တံတိုင်း ခေါင်းလေးညိတ်မိပါသည်။ မန္တလေးမှာ သံစဉ်နှင့် ဒီလိုပြန်ဆုံတွေ့ရခြင်းအတွက် ကြည်နူးစိတ်တွေ ဖုံးမဖိနိုင်ခဲ့ပါ။

သံစဉ်လည်း သူ့လိုပဲ ခံစားနေရမည်လား။ သံစဉ်ရင်ထဲက ရင်ခုန်သံ သံစဉ်ချိုချိုလေးတွေကို သူ ကြားချင်မိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဘဝမှာ ကြည်နူးရင်ခုန်စရာကောင်းသော အချိန်တွေဆိုတာ ပန်းသံစဥ်နှင့်အတူရှိနေသော အချိန်လေးတွေဆိုတာ သူ ခံစားသိနားလည်ခဲ့ရ၏။

မန္တလေးမြို့အနှံ့ ပန်းသံစဥ်နှင့်အတူ လျှောက်လည်နေခဲ့ရသော အချိန်လေးတွေသည် ကြည်နူးပျော်ရွှင်စရာ အချိန်လေးတွေပဲဖြစ်ခဲ့သည်။

မဟာမြတ်မုနိဘုရားကြီးမှာလည်း ပန်းသံစဥ်နှင့်အတူ ဖူးမြော် ကြည်ညိုခွင့်တွေ ရခဲ့သည်။

ခရမ်းရောင်ချိတ်ထဘီလေးနှင့် မြန်မာဆန်ဆန်လေးလှပနေသော ပန်းသံစဥ်ကိုကြည့်ရင်း သူ့ရင်ထဲက ချစ်ခြင်းတွေ ပိုလို့ကြီးမားရသည်။ တံတိုင်းခ ဆိုသော သူ့ဘဝမှာ မိန်းကလေးတစ်ယောက်ကို အခုလို လျင်မြန်စွာ စွဲလန်းသွားမည်ဟု မထင်ခဲ့ပါ။

နေရဲသာသိလျှင်တော့ သူ့ကို အနိုင်ရသည့် အပြုံးတွေနဲ့





လှောင်ပြောင်ဟားတိုက်ဦးမှာ သေချာသည်။

ကိုယ်ကလည်း စကားတွေလွှန်ကျူးခဲ့တာမဟုတ်လား။

တံတိုင်းခဆိုသော သူ့ဘဝကို ပြောင်းလဲသွားစေခဲ့သော အချိန်လေးတွေက တခဏလေးပဲဖြစ်သည်။

ဒီကာလလေးမှာ ဒယ်ဒီ့ကိုလည်း သူ နားလည်ခံစားတတ်ခဲ့ပြီ။ ဒေါ်သဇင်နွယ်အပေါ်မှာလည်း အမုန်းတွေပြေနိုင်ခဲ့သည်။ ဒါတွေအားလုံးသည် ပန်းသံစဥ်ကိုချစ်မိသော နှလုံးသားကြောင့်ပဲထင်သည်။

ချစ်ခြင်းမေတ္တာတရား၏ သိမ်မွေ့နူးညံ့ခြင်းတွေကြောင့် သူ့စိတ်တွေပါ နူးညံ့ပြောင်းလဲသွားခြင်း ထင်သည်။

"သံစဥ် နောက်တစ်ပတ်ထဲကျရင် မေမေတို့နဲ့ မိုးကုတ်လိုက်သွားဦးမယ်"

"ဟင် သံစဥ်က မန္တလေးမှာပဲ နေမှာမဟုတ်ဘူးလား"

"မိုးကုတ်မှာ ဖေဖေတို့အလုပ်တွေရှိတယ်၊ ဖေဖေတို့က မိုးကုတ်အိမ်နဲ့ မန္တလေးအိမ်ကို ဒီလိုပဲ ခေါက်တုံ့ခေါက်ပြန် သွားနေရတာလေ၊ ဖေဖေတို့သွားရင် သံစဥ်လည်း လိုက်သွားမှာပေါ့ တံတိုင်းရဲ့"

သံစဥ်နှင့်အတူ မန္တလေးမှာ သူ ကျောင်းဖွင့်ချိန်အထိ အတူနေနိုင်မည်ဟု မျှော်လင့်ထားတာလေးတွေ ပြိုပျက်ရပြန်သည်။

"တံတိုင်းက မန္တလေးမှာ ဘယ်အချိန်ထိ ရှိမှာလဲ"

"အင်း ဘွားကျေနပ်အောင်နေပေးရဦးမှာပဲ သံစဥ်ရဲ့၊ ဒယ်ဒီတို့ကတော့ နောက်တစ်ပတ်လောက်ဆို ပြန်ကြမှာလေ၊ ဟိုမှာ အလုပ်တွေပစ်ထားခဲ့ရတာကိုး"

"ဒါဆို တံတိုင်း မန္တလေးမှာရှိဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သံစဉ် ဒါကြောင့် ကိုယ်က သံစဉ်နဲ့မန္တလေးမှာ အမြဲတွေ့နေရတော့မယ် ထင်ထားမိတာ"

"လူချင်းမဆုံနိုင်လည်း ဖုန်းနဲ့စကားပြောနိုင်သေးတာပဲ တံတိုင်းရဲ့ သံစဉ် ဖုန်းနံပါတ် ပေးခဲ့မှာပေါ့"

မြင်တွေ့ခွင့်မရသော နှစ်ကိုယ်တူအချိန်လေးအတွက် နှမြောမိပေမယ့်လည်း သံစဉ်နှင့်ဆက်သွယ်မှုလေး ပြတ်တောက်မသွားခြင်းအတွက် ဝမ်းသာရသေးသည်။

သံစဉ်အပေါ် သူ့ရင်ထဲကအချစ်တွေအတွက် ရင်ဖွင့်လိုက်ချင်ပေမယ့်လည်း သံစဉ် အထင်သေးသွားမှာ စိုးရိမ်သည်။ ခင်မင်မှုတွေကို အခွင့်ကောင်းယူသလို ဖြစ်သွားမည်လား။

မိန်းကလေးတွေနှင့် ပတ်သက်ပြီး အတွေ့အကြုံမရှိသော ယောက်ျားအတွက်တော့ အကြံပေးမည့်သူ မရှိပါ။ ဒီလိုအချိန်မှာ နေရဲကို သတိရမိ၏။

နေရဲသာအနားမှာရှိနေလျှင် အကြံကောင်းတွေပေးလိမ့်မည် သည်။

မန္တလေးမှာ ပျော်ရွှင်ကြည်နူးစရာ အဖြစ်လေးတွေ ပေးခဲ့ပြီး သံစဉ်တို့မိသားစု မိုးကုတ်တက်သွားချိန်မှာ သူ့အဖြစ်က နေမထိထိုင်မသာ ဖြစ်ကျန်ရစ်စေ၏။

အချစ်ဆိုတာ ထိရှလွယ်သော ခံစားမှုတွေ ပေးတတ်သည်လား သံစဉ်ရယ် ဒီကောင့်ရင်ထဲကို မင်း မြင်ကြည့်စေချင်လိုက်တာ။

■ ■ ■



## အခန်း (၂၅)

"သားကို ဒယ်ဒီ ကျေးဇူးတင်ပါတယ် သားရယ်၊ သဇင့်အပေါ်မှာ သား နားလည်မှုတွေပေးပြီး ဒယ်ဒီ့ကို စာနာပေးတဲ့အတွက် ဒယ်ဒီ ဝမ်းသာတယ် သား"

ဒေါ်သဇင်နွယ်အပေါ်မှာ သူ့ရဲ့ဆက်ဆံပုံတွေ ပြောင်းလဲကြည်ဖြူသွားခြင်းအတွက် ဒယ်ဒီ ဝမ်းသာအားရ ဆိုနေခဲ့၏။

"သား တကယ်စိတ်မကောင်းပါဘူး ဒယ်ဒီ၊ မာမီနဲ့ညီလေးအတွက် မျှော်လင့်ချက်တွေထားပြီး ဒယ်ဒီ့ကို အထင်လွဲခဲ့တာပါ၊ ဒါပေမဲ့ အခုချိန်မှာ သား ဒယ်ဒီ့ကို နားလည်တယ်၊ အန်တီနွယ်ကိုလည်း အပြစ်မမြင်တော့ပါဘူး"

"အဲဒီအတွက် သဇင်လည်း အရမ်းဝမ်းသာနေတယ် သား၊ သဇင်က သားကိုလည်း ချစ်ခင်ပါတယ်၊ သားငယ် ရဲရင့်အကြောင်း ဒယ်ဒီပြောပြတော့လည်း သဇင်က အတော်စိတ်မကောင်းဖြစ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် သားတို့နှစ်ယောက်ကို အိမ်မှာပဲ အတူတူလာနေစေချင်တယ် တဲ့''

ဒေါ်သဇင်နွယ်ရဲ့မေတ္တာစွမ်းအားက ဒယ်ဒီ့တစ်ယောက်တည်း အတွက်မဟုတ်ဘဲ သူတို့ညီအစ်ကိုအပေါ်မှာ ရှိနေခြင်းဟု သိလိုက်ရတော့ သူ ဝမ်းသာရပြန်၏။

''အန်တီနွယ်ရဲ့မေတ္တာစေတနာကို သား နားလည်နိုင်ပါပြီ ဒယ်ဒီ၊ ဒါပေမဲ့ ဒီတစ်နှစ်တော့ သား လက်ရှိအတိုင်းပဲ ကျောင်းတက်ပါရစေ၊ နောက်ပိုင်းကျရင် ဒယ်ဒီတို့အရိပ်ကို သား ပြန်လာမှာပါ''

''သား တကယ်ပြောတာလားဟင်''

''တကယ်ပါ ဒယ်ဒီ သား ကတိပေးပါတယ်၊ သားရဲ့ညီလေး ရဲရင့်ကိုလည်း သားတို့အရိပ်အောက်မှာ ရှိစေချင်တယ်၊ တကယ်ဆို ညီလေးဘဝက သနားဖို့ကောင်းပါတယ်၊ မာမီနဲ့အတူနေရပေမယ့် မာမီရဲ့ မေတ္တာအရိပ်ကို မပိုင်ဆိုင်ခဲ့ရရှာပါဘူး''

''သားငယ်အတွက် ဒယ်ဒီလည်း စိတ်မကောင်းခဲ့ပါဘူး သားရယ်၊ သားငယ်သာ ပြန်လာမယ်ဆိုရင် ဒယ်ဒီ အမြဲတမ်း အသင့်ပါကွာ ဒယ်ဒီတင်မကဘူး သဇင်ကလည်း ကြိုဆိုနေမှာပါ''

''သားအရမ်းဝမ်းသာတယ် ဒယ်ဒီ၊ ညီလေးဆီက အဆက်အသွယ်ရတာနဲ့ သား နားလည်အောင်ပြောပြ ခေါ်ခဲ့ပါမယ်''

''ခေါ်ခဲ့ပါ သား၊ ဒယ်ဒီတို့ နောက်နှစ်ရက်လောက်ဆို ပြန်မယ်၊ သားကတော့ ဘိုးဘိုးဘွားဘွားတို့နဲ့ နေပေးလိုက်ပါဦးနော်''

''ဟုတ်ကဲ့ပါ ဒယ်ဒီ၊ သား ဘွားတို့စိတ်ချမ်းသာအောင် နေပေးမှာပါ၊ ကျောင်းတွေဖွင့်ခါနီးမှ ပြန်ခဲ့မယ်''





''ကောင်းပြီ သား၊ ကဲ သားရဲ့ဘွားဆီ သွားလိုက်ဦးနော်၊ ဘွားက သားပြန်ရောက်ရင် သူ့ဆီလွှတ်လိုက်ပါလို့ မှာထားလို့''

''သား သွားလိုက်ပါ့မယ် ဒယ်ဒီ''

ဒယ်ဒီ့ကို နှုတ်ဆက်ပြီး ဘွားအခန်းဆီ သူ ထွက်ခဲ့လိုက်သည်။ စေ့ပိတ်ထားသော တံခါးလေးရှေ့ရောက်တော့ သူ ဘွားကိုခွင့်တောင်းလိုက်သည်။

''ဘွား သား ဝင်ခဲ့မယ်နော်''

''မြေးလား ဝင်ခဲ့ ဝင်ခဲ့''

သူ တံခါးဖွင့်ဝင်ခဲ့တော့ အခန်းထဲက ဒရင်းဘတ်မှာ ထိုင်နေသော ဘွားကိုသာမကပဲ လမ်းလျှောက်နေသော ဘိုးကိုပါ တွေ့ရ၏။

''ဘိုးပါ ရှိနေတာလား''

''ဟုတ်တယ် သား၊ အခုပဲ ဆေးသောက်ပြီးလို့ လမ်းလျှောက်နေတာကွ ထိုင်ဦး မြေး''

ဘွား နံဘေးက သိုးမွှေးထိုင်ခုံပုလေးမှာ သူ ဝင်ထိုင်လိုက်တော့ ဘွားက သူ့ကိုပြုံးကြည့်နေရင်း

''မြေး ဘွား မြေးကို အသိပေးစရာတွေရှိလို့''

''ဘာလဲဘွား ပြောလေ''

ဘွားက မပြောသေးဘဲ ဘိုးဘိုးကို လှမ်းကြည့်သည်။ ဘိုးက ခေါင်းတစ်ချက်ညိတ်ပြရင်း ပက်လက်ကုလားထိုင်မှာ ဝင်ထိုင်၏။

''ဘိုးကော ဘွားပါ စီစဉ်ထားကြတဲ့ကိစ္စပါ သား၊ ဒီရက်အတွင်းမှာ သားကို ဘွားတို့ပိုင်ဆိုင်သမျှ အမွေပေးခဲ့ချင်လို့ပဲ''

''ဟော် ဘွားရယ် အဲဒါတွေ သား မမက်ပါဘူး၊ ဘိုးနဲ့ဘွားရဲ့



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတွေကိုပဲ သား မျှော်လင့်တာပါ''

''မြေးကို ဘွားတို့ ချစ်ပြီးသားလေ၊ ပြီးတော့ ဘိုးဘွားအမွေဆိုတာလည်း မြေးက ခံယူရမှာပဲ၊ ဒါကြောင့် သား ဒီမှာရှိနေတုန်းမှာ တရားဝင် လွှဲပေးထားချင်တယ်''

ဘွားဆန္ဒကို သူ မငြင်းဆန်ချင်တော့ပါ။ ဘွား မျက်ဝန်းတွေက သူ့ကိုစိုက်ကြည့်ရင်း ငေးငေးလေး ဖြစ်သွားခဲ့၏။

''တကယ်ဆို ဘွားတို့မှာ မြေးနှစ်ယောက်ရှိတာပါ၊ ဒါပေမဲ့ မြေးအငယ်ကတော့ အခုချိန်ထိ ဘယ်ဆီရောက်နေသလဲ မသိဘူး။ သူ့အမေနောက်ပါသွားကတည်းက သတင်းပြတ်သွားခဲ့တာ''

ရဲရင့်နှင့်သူ ဆုံခဲ့ပြီဆိုတာ ဘွားကိုပြောပြချင်ပေမယ့် မပြောချင်သေးပါ။ အသက်ရွယ်ကြီးမှ မြေးငယ်အတွက် ဘွားမှာ စိုးရိမ်သောကတွေ မဖြစ်စေချင်ပါ။

''ဘွားနဲ့ဘိုးတို့ ပိုင်ဆိုင်သမျှ အနားမှာရှိနေတဲ့ သားကိုပဲ ဘွားတို့ လွှဲပေးခဲ့ချင်တယ်၊ တစ်ချိန်မှာ မြေးငယ်ကိုတွေ့ရင် သားကပြန်ပြီး ခွဲဝေပေးချင်ပေးပေါ့''

''သား ညီလေးကို ဘွားတို့ပေးသမျှ တစ်ဝက်ပြန်ခွဲပေးရင် ဘွားတို့ သဘောတူသလားဟင်''

သူ မေးတော့ ဘွားက ပြုံးပြုံးကြီး ခေါင်းညိတ်၏။

''နှစ်ယောက်စလုံးက ဘွားမြေးတွေပဲကွယ်၊ ဘွားတို့က ကြည်ဖြူပြီးသားပါ၊ မြေးက အကြီးဆိုတော့ မြေးကို အားလုံးလွှဲပေးခဲ့တာပါ၊ အမွေဆိုတာ ထိုက်တန်သူမှ ခံစားပိုင်ခွင့်ရှိတာပါ မြေး၊ တစ်ချိန်မှာ မြေးရဲ့ညီလေးကို ရှာတွေ့ခဲ့ရင် မြေး သဘောပါပဲ''





သူ ဘွားရဲ့ခွင့်ပြုချက်အတွက် ဝမ်းသာမိပါသည်။ ရဲရင့်ဆိုတာ သူ့ရဲ့သွေးရင်းအမွှာညီလေးပဲလေ။ သူ ပိုင်ဆိုင်သမျှ ပေးဆပ်ဖို့ ဆုံးဖြတ်ပြီးသား။

တကယ်ဆိုလျှင် ညီလေးဘဝက သူ့ထက်ကြမ်းတမ်းခဲ့သည်။ ထို့အတွက် သူ စာနာပါသည်။

''မြေး မြေးကို အရေးကြီးဆုံးအချက် ပြောချင်သေးတယ်''

''ပြောပါ ဘွား သားနားထောင်နေပါတယ်''

''ဒီအချက်ကို မပြောခင် ဘွားက အရင်မေးချင်တယ်၊ မြေး အမှန်အတိုင်းဖြေပါ''

ဘွား ဘာမေးချင်တာလဲဟု စဉ်းစားရင်း သူ ခေါင်းညိတ်ပြလိုက်ပါသည်။

''ဘွားကို သားမညာပါဘူး မေးပါဘွား''

''တခြားမဟုတ်ပါဘူး ငါ့မြေးမှာ ချစ်သူရည်းစားတွေ ရှိနေပြီလား''

ဘွား စကားကြောင့် သူ့အာရုံထဲမှာ ချက်ချင်း အရိပ်ထင်လာသာ ပန်းသံစဉ်ကိုပဲ ဖြစ်၏။ ဒါပေမဲ့ ပန်းသံစဉ်ကို သူချစ်နေတာ ကာယကံရှင်တောင် မသိသေး။

''ဟင့်အင်း မရှိသေးပါဘူး ဘွားရဲ့''

''သေချာရဲ့လား မြေး၊ မညာနဲ့နော်၊ မြေးမှာ ချစ်သူရှိရင်လည်း ဘွားတို့က ကြည်ဖြူတယ်''

ပန်းသံစဉ်နဲ့သူသာ ချစ်သူတွေဖြစ်နေပြီဆိုလျှင် အခုချိန်မှာ ဘွားကို သူ ဝန်ခံလိုက်မှာ သေချာ၏။ ဒါပေမဲ့ . . .။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ ဘွားရဲ့ သား ချစ်သူမရှိသေးပါဘူး"

"အင်း ဒီမေးခွန်းကို ဘွားမေးတာ မြေးကို မြေးဒယ်ဒီလို အဖြစ်တွေ ကြုံဆုံမှာစိုးလို့ပါ"

"ဘယ်လို ဘွား"

"ဟုတ်တယ် သား ဘွားကော မြေးရဲ့အဖေကပါ မြေးကို သဘောတူထားတဲ့ မိန်းကလေးရှိတယ်"

"ဟင် ဒယ်ဒီ ဘာမှမပြောပါလား"

"အခု ဘွားပြောနေပြီလေ၊ အဲဒီမိန်းကလေးက တခြားသူ မဟုတ်ဘူး ဟိုတလောက ရောက်လာကြတဲ့ မြတ်မြတ်လေးရဲ့သမီး ပန်းသံစဉ်လေးပဲ သား"

"ဗျာ"

သူ အံ့သြထိတ်လန့်စွာ ရေရွတ်မိတော့ ဘွား သူ့မျက်နှာကို အကဲခတ်ကြည့်ရင်း

"သား ကြည့်ဖြူမှ ဘွားတို့က စီစဉ်မှာပါ။ သားမှာချစ်ခင်သူရှိရင် ဖွတ်မစီစဉ်ပါဘူး၊ သား ငြင်းဆိုခွင့်ရှိတယ်၊ သားရဲ့အိမ်ထောင်ဖေးကို သားစိတ်ကြိုက် ရွေးပါ"

ဒယ်ဒီတုန်းက အဖြစ်မျိုး မြေးအလှည့်မှာ ကြုံဆုံမှာကို ဘွား စိုးရိမ်စွာနှင့် ကသောကမျော ဆိုရှာသည်။ တကယ်ဆို သူ့ရင်ထဲမှာ ဝမ်းသာကြည်နူးစိတ်နှင့် အံ့သြနေတာ ဘွား မသိရှာပါ။

"မြေး ဘွားပြောတာ နားလည်တယ်နော်"

"နားလည်တယ် ဘွား၊ သား ဝမ်းသာအံ့သြလွန်းလို့ ဘာပြောရမှန်းမသိဖြစ်နေတာ ဘွားရဲ့"





"ဘယ်လို"

"ဟုတ်တယ် သားမှာချစ်သူမရှိပေမယ့် သားရင်ထဲက ချစ်နေသူရှိတယ်၊ အဲဒီသူက ပန်းသံစဉ်လေ"

"ဟယ် တကယ်"

"ဟုတ်တယ် ဘွား ပန်းသံစဉ်ကို သားချစ်နေတာ၊ ဒါပေမဲ့ ဖွင့်မပြောရသေးဘူး။ ဒါကြောင့် ဘွားတို့ပါ ကြည်ဖြူတော့ ဝမ်းသာလိုက်တာ ဘွားရယ်"

"အို မြေးရယ် ပန်းသံစဉ်လေးဆိုရင် အတိုင်းထက်အလွန်ပေါ့ကွယ်"

"ဘွား သား မငြင်းဘူးနော်၊ ဒါပေမဲ့ ဘွားတို့ ဘာမှမစီစဉ်ပါနဲ့ဦး၊ ဘာလို့လဲဆိုတော့ သားနဲ့သံစဉ်ကြားမှာ လူငယ်ချင်း ကျွမ်းဝင်မှုရယူချင်သေးတယ်"

"ဘယ်လို ဘွား သဘောမပေါက်ဘူး"

"ဟာ မင်းကလည်း မြေးပြောတာ မြေးက သူ့အစွမ်းအစနဲ့ ကြိုးစားချင်တဲ့သဘော၊ သူတို့လူငယ်ချင်း အဆင်ပြေမှ မင်းတို့လူကြီးတွေက စီစဉ်ဖို့ ဟုတ်လား မြေး"

တစ်ချိန်လုံး ငြိမ်နားထောင်နေသော ဘိုးက ရှင်းတော့ သူ ခေါင်းညိတ်ထောက်ခံသည်။ ဘွားကလည်း ခေါင်းတညိတ်ညိတ်နှင့်

"ဘွား နားလည်ပြီ ကောင်းတယ် ကောင်းတယ် မြေးတို့လူငယ်ချင်း အရင်ကြိုးစားကြည့်ကြပါကွယ်"

"မြေး ငါ့မြေးက လူချောပဲကွာ၊ ဘိုးလောက်တော့ အစွမ်းမနည်းသေးဆင်တယ်၊ ဘိုးတောင် မင်းအဘွားကို သုံးနှစ်သုံးမိုး ပိုးပန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



အရယူခဲ့တာကွ''

''ဟာ ဘိုးကလည်း အဲဒါ ဘိုးတို့ခေတ်ကလေ မြေးတို့ခေတ်မှာ သုံးနှစ်မလိုပါဘူး၊ ဒီတစ်နှစ်ကျောင်းတက်ရင်း ကြိုးစားပြမယ်''

''ဟား ဟား မြေးက ဘိုးထက်လက်စွမ်းထက်နေပါလား ဟားဟား''

ဘိုး အားပါးတရ ရယ်မောတော့ သူလည်း ကြည်နူးစွာ ပြုံးနေလိုက်ပါသည်။

ဘွားကတော့ သူတို့မြေးအဘိုးကိုကြည့်ရင်း ပါးနှစ်ဖက်ချိုင့်ဝင်အောင် ရယ်မောလို့ . . ။

သံစဉ်ရယ် မင်းရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရရင် ကိုယ့်ဘဝအတွက် အပျော်ဆုံးဖြစ်မှာပါ။

■ ■ ■

## အခန်း (၂၆)

မန္တလေးမှာရှိနေသည့်ရက်တွေမှာ သံစဉ်ရဲ့ဖုန်းလေးကို သူ နေ့စဉ်ဖုန်းခေါ်ဖြစ်သည်။

ပန်းသံစဉ်ရဲ့အသံချိုချိုလေးတွေကြောင့်ပဲ သူ ကြည်နူးစရာ အချိန်တွေကို ပိုင်ဆိုင်ခဲ့ရတာ ဖြစ်၏။

နှစ်ဦးကြားမှာ ပွင့်လင်းစွာ မပြောဖြစ်ခဲ့သေးပေမယ့် တစ်ယောက်ရင်ထဲကို တစ်ယောက် မြင်နေခဲ့ရသည်ဟု ထင်သည်။

''ကျောင်းတွေဖွင့်တော့မယ်နော် သံစဉ်''

''ဟုတ်တယ် တံတိုင်း သံစဉ်တော့ မိုးကုတ်ကပဲ ရန်ကုန်တန်း ပြန်ဖြစ်မယ်''

''ဟာကွာ ကိုယ်က သံစဉ် မန္တလေးပြန်လာဦးမယ်ထင်တာ အတူရန်ကုန်ပြန်ချင်တာ''



www.burmeseclassic.com

www.burmeseclassic.com



“ရန်ကုန်ရောက်တော့လည်း ဖမတူဆုံမှာပဲလေ တံတိုင်းရဲ့”

“အင်းပါလေ ကျောင်းဖွင့်ရက်တွေ ကိုယ်အမြန်ရောက်ချင်နေပြီ”

“ဘာလဲ လွမ်းနေရတဲ့သူတွေကို တွေ့ချင်မြင်ချင်နေပြီ ထင်တယ်”

“ဟာ နိုး လုံးဝမရှိဘူး။ ကိုယ်နဲ့ခင်မင်တဲ့မိန်းကလေးတွေ သိပ်မရှိဘူး”

“အဟင်း ဟင်း အဲဒီကိုကင်းကြီး စကားကို ယုံရခက်ခက်ပဲ၊ တံတိုင်းခ ဆိုတာ နာမည်ကြီးပဲ”

“ဟာကွာ မဟုတ်က ဟုတ်ကတွေ”

“ဟုတ်က ဟုတ်ကတွေ မဟုတ်ဘူးပေါ့”

သံစဉ် ရယ်ရယ်မောမောလေး နောက်ပြောင်နေမှန်း သိပေမယ့် သူ ကြောက်ကြောက်ကန်ကန် ငြင်းဆိုနေမိ၏။ တံတိုင်းခ ဆိုသော ယောကျ်ားဘဝမှာ တစ်ယောက်တည်းပဲရှိသည်။

အဲဒီတစ်ယောက်က ပန်းသံစဉ်ပဲ။

ဒီစကားတွေကိုတော့ သူ့နှုတ်က မပြောဖြစ်ဘဲ စိတ်ထဲကပဲ ပြောလိုက်တာ ဖြစ်သည်။

“သံစဉ်”

“ပြောလေ”

“သံစဉ်မှာလည်း လွမ်းစရာတွေရှိနေသလားဟင်”

“လွမ်းစရာတွေ ဟာ ရှိတာပေါ့”

“ဟင် ဘယ်သူတွေလဲ”





“အများကြီးပဲ သူငယ်ချင်းတွေ ကျောင်းကဆရာမတွေ အများကြီးပေါ့”

“အဲဒီအများကြီးထဲမှာ ယောကျ်ားလေးတစ်ယောက်မှ မပါဘူး မဟုတ်လားဟင်”

“အဲ ဟို သုံးယောက်ပဲပါတယ်”

“ဟင် ဘယ်သူတွေလဲ သံစဉ်”

“ကိုရီးယားဘာသာ သင်ပေးတဲ့ ဆရာကြီးရယ်၊ ဂျာမန်ဘာသာ သင်တဲ့ ဆရာကြီးနဲ့ တရုတ်ဘာသာ သင်တဲ့ ဆရာကြီး၊ သူတို့ကို တန်တော့ဖို့တောင် လက်ဆောင်တွေ ဝယ်ထားတယ်”

သံစဉ် စကားတွေကြောင့် သူ့ရင်ထဲက စိုးရိမ်မှုအလုံးကြီး ပြိုကျသွားခဲ့ရ၏။

သံစဉ်ကို စွန့်လွှတ်ရမည်ဆိုလျှင် သူ ရင်ကွဲမှာ သေချာသည်။ သံစဉ်ရယ် မချစ်တတ်တဲ့ ကိုယ့်နှလုံးသားနုနုလေး ကြေကွဲအောင် မကြည့်ပါနဲ့။

ရင်ထဲက ချစ်ခြင်းတွေက သံစဉ်အတွက်ပဲ ရှိနေတာ ယုံပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

ရန်ကုန်ကို သူ ပြန်ရောက်တော့ ဒယ်ဒီတို့အိမ်ကို အရင်ဆုံး ရောက်ခဲ့သည်။

''ဟော သားပြန်လာပြီလား ဖုန်းဆက်ရောပေါ့ကွယ် သား ဒယ်ဒီ လာကြိုမှာပေါ့''

အန်တီနွယ်က ဝမ်းသာအားရ ဆီးကြိုရင်းပြောတော့ တံတိုင်း ခေါင်းခါပြရင်း

''ဒယ်ဒီ လာကြိုရင် ပင်ပန်းမှာစိုးလို့ပါ အန်တီနွယ်၊ တက္ကစီ ငှားလာလို့ ရပါတယ်''

''ဟော သား ပြန်လာပြီလား ထိုင်လေကွာ''

အခန်းထဲက ထွက်လာသော ဒယ်ဒီ သူ့ကို နှုတ်ဆက်ရင်း ဆိုဖာမှာ ဝင်ထိုင်တော့ သူလည်း ဝင်ထိုင်လိုက်ရသည်။

''မေမေကတော့ ဖုန်းဆက်ပါတယ်၊ ဒါပေမဲ့ သားက လာကြိုဖို့





မိုးလို့ မဆက်နဲ့တဲ့၊ ဒယ်ဒီ့ကိုလည်း မကြိုနဲ့လို့ မှာလို့ကွ''

သူ့အတွက် ပူပန်တတ်သော ဘွားက ဒယ်ဒီဆီ ဖုန်းဆက်သည် ထင်၏၊ ဒါပေမဲ့ ဒယ်ဒီက အလိုက်သိစွာ လာမကြိုတာကိုပဲ နားလည်လိုက်ပါ သည်။

''သား သံပုရာရည်လေး သောက်ဦးနော်''

''ကျေးဇူးပဲ အန်တီနွယ်''

အန်တီနွယ် ကမ်းပေးသော သံပုရာရည်ခွက်ကို သူ လှမ်းယူ သောက်လိုက်ပါသည်။ ဘယ်တုန်းကမှ အန်တီနွယ်ရဲ့ ဂရုစိုက်မှုတွေကို လက်မခံဘဲ ငြင်းပယ်ခဲ့သည့် သူ ဒီတစ်ခါတော့ အသိအမှတ်ပြုမိ၏။

''သား ပင်ပန်းလာရင် ခဏနားပြီး ရေမိုးချိုးလိုက်နော်''

''ဟုတ်ကဲ့ အန်တီနွယ်''

''သား ထမင်းစားပြီးမှ ပြန်ပါလား၊ သား ရောက်လာမယ်ဆို လို့ အန်တီနွယ် ချက်ပြုတ်စီစဉ်ထားလို့ပါ''

ဒယ်ဒီက သူ့ကိုလှမ်းကြည့်နေ၏၊ သူ အန်တီနွယ်ကို နှစ်လိုဖွယ် ပြုံးပြရင်း ခေါင်းညိတ်လိုက်၏။

''ဟုတ်ကဲ့ ကျွန်တော် ဒီည ဒီမှာအိပ်ပြီး မနက်ဖြန်မှ အိမ်ကို သွားမှာပါ''

''ဟာ ကောင်းတာပေါ့ သားရာ၊ ဒယ်ဒီလည်း သားနဲ့စကားတွေ ပြောချင်သေးတယ်၊ ဒီည နားလိုက်ပါကွာ သားရဲ့ခြံနဲ့အိမ်ကိုလည်း ဒယ်ဒီ အသင့်ပြင်ဆင်ခိုင်းထားပါတယ်၊ မောင်နေရဲတော့ ရောက်မလာ သေးဘူး သားရဲ့''

''သားဆီ ဖုန်းဆက်တယ် ဒယ်ဒီ၊ နေရဲ နောက်တစ်ပတ်ကျမှ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှာပါ''

''ကဲ ကဲ သားတို့သားအဖ စကားတွေပြောကြဦးဟုတ်လား အန်တီနွယ် မီးဖိုထဲမှာ သွားကူပေးလိုက်ဦးမယ်''

အန်တီနွယ် ပြောကာ မီးဖိုခန်းဘက် လှမ်းဝင်သွားခဲ့သည်။ သူကတော့ ဒယ်ဒီနှင့်အတူ ထိုင်ရင်း ကျန်ရစ်ခဲ့သည်။ ဒယ်ဒီ့မျက်နှာက သူ့ရဲ့ပြောင်းလဲမှုတွေအတွက် ဝမ်းသာကျေနပ်ရိပ်တွေ ဖြာနေ၏။

''သား သား ဒယ်ဒီတို့နဲ့ နွေးနွေးထွေးထွေး ရှိလာလို့ ဒယ်ဒီ သိပ်ဝမ်းသာတယ်''

''သားလည်း ဝမ်းသာပါတယ် ဒယ်ဒီ၊ ဒယ်ဒီ့အပေါ်မှာ သား ဥပေက္ခာပြုခဲ့တာတွေကို တောင်းပန်ပါတယ်နော်''

ဒယ်ဒီ သူ့ပခုံးကို သိုင်းဖက်လာရင်း ကျေကျေနပ်နပ်ကြီး ပြုံး၏။

''တောင်းပန်ဖို့ မလိုပါဘူး သားရာ၊ ဒယ်ဒီ နားလည်ပေးနိုင်ပါ တယ်၊ သားရဲ့ခံစားချက်တွေကို ဒယ်ဒီ နားလည်ပေးခဲ့ပြီးသားပါ''

ဒယ်ဒီ့မျက်ဝန်းတွေထဲကို စိုက်ကြည့်ရင်း သူ့ရင်ထဲမှာ နွေးထွေး သွားခဲ့၏။

တစ်ချိန်မှာ သူ မျှော်လင့်သော ဒယ်ဒီ ရဲရင့်နှင့်သူတို့မိသားစု ဘဝလေးကို ပိုင်ဆိုင်ရမှာ ယုံသည်။

မာမီအတွက်တော့ သူ စွန့်လွှတ်ခဲ့ပြီ။ ဒါပေမဲ့လည်း မာမီနှင့် ဆုံခွင့်လေးတော့ သူ ရချင်သေးသည်။

''သားငယ်သတင်း ဘာကြားသေးလဲ သား''

''အခုထိတော့ ဖုန်းမဆက်သေးဘူး ဒယ်ဒီ၊ သားလည်း မျှော်





နေတာပဲ၊ တောင်ကြီးမှာပဲ ရှိမယ်ထင်တယ်''

''အင်း သူ့သားဆီတော့ ဖုန်းဆက်မှာပါ၊ အဲဒီအခါကျ ဒယ်ဒီ တို့ အတူဆုံတွေ့ခွင့်ရမှာပါကွာ''

နှစ်နှစ်ဆယ်ကျော် ခွဲခွာနေရသော သားငယ်အပေါ်မှာ ဒယ်ဒီ ရဲ့ မေတ္တာတရားက နွေးထွေးလို့နေဆဲ။

ဒယ်ဒီရဲ့ချစ်ခြင်းတရားမျိုး မာမီရဲ့သွေးထဲမှာ တစ်ဝက်လောက် ပဲရှိနေရင် ဘယ်လောက်ကောင်းမည်လဲ။

မာမီ ဘာကြောင့် ညီလေးအပေါ်မှာ မေတ္တာဓာတ်တွေ ကင်းစင် ခဲ့တာလဲ၊ မာမီရဲ့အရိပ်အောက်မှာ ရှင်သန်ခဲ့ရသော ရဲရင့်အတွက်ကတော့ တံဆိုးပါသည်။

အခြေအနေအားလုံးကိုသာ တစ်ကပြန်စခွင့်ရလျှင် ညီလေး ရဲရင့်ဘဝလေးကို သူ့ဘဝနှင့် လဲလှယ်ပေးလိုက်ချင်ပါရဲ့။

ဒါ သူ့ရင်ထဲက ညီလေးအပေါ်ထားရှိသော မေတ္တာအင်အား ပါပဲ၊ ဒါကို ညီလေး နားလည်စေချင်ရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဘာ ဘာရယ် တံတိုင်း ပန်းသံစဉ်တို့ကျောင်းကို သွားမလို့ ဟုတ်လား"

မျက်လုံးကြီးပြူးကာ နေရဲ မေးတော့ သူ တွန့်ခနဲ ဖြစ်သွားရင်း

"ဟာကွာ ဒီစကားပြောတာကို မင်းက ဘာလို့ မျက်လုံးကြီး ပြူး ပြန်မေးရတာလဲ"

"ဟ ငါ နားကြားလွဲသလားလို့ ပြန်မေးတာ"

"နားကြားလွဲတာမဟုတ်ဘူး၊ အဲဒီအတိုင်းပဲ ကျောင်းစဖွင့်တဲ့ နေ့ကျရင် မင်း ငါနဲ့အဖော်လိုက်ခဲ့ပေးမလား"

"ဘာကိစ္စလဲ တံတိုင်း ဟိုတစ်ခါ မပေးရသေးတဲ့ အကြွေး သွားပေးမလို့လား"

"ဟော့ကောင် လာနောက်မနေနဲ့"

"မသိဘူးလေ ထင်တာမေးကြည့်ရတာပေါ့၊ မင်းက ဘာကိစ္စ





သူတို့ကျောင်းသွားမှာလဲ၊ ပြဿနာရှာရင် ကျိုင်နော် သူများကျောင်းမှာ"

"ဟာ ငါက ဘာပြဿနာရှာရမှာလဲ သွားလည်မှာ၊ ငါ ဖုန်း ကြိုဆက်ထားပြီးပြီ သံစဉ်က လာခဲ့တဲ့"

"ဟား အထူးအဆန်းတွေပါလား၊ သံစဉ်တွေ ဘာတွေဖြစ်လို့ နေပါဦး တံတိုင်း မင်းတို့ဒီလောက်အထိ ရင်းနှီးသွားတာ အံ့သြစရာကြီး နော်"

သူ မျက်နှာပူပူနှင့်ပဲ သံစဉ်နှင့်သူ့အကြောင်းတွေကို နေရဲ သိအောင် ပြောပြရတော့၏။ သူ့စကားတွေကို နေရဲ စိတ်ဝင်တစား နားထောင်နေပြီးမှ

"ဟား ဒီကျောင်းပိတ်ရက်ကြီးက တံတိုင်းဘဝကြီးကို ပြောင်းလဲ ပေးလိုက်တာပေါ့လေ ဟုတ်လား"

သူ မျက်နှာပူပူနှင့်ပဲ ငြိမ်သက်နေပေမယ့် မငြိမ်သက်နိုင်တာက နေရဲရဲ့ပါးစပ်ကြီးပဲ ဖြစ်၏။

"တံတိုင်း တံတိုင်း အရင်ကတော့ ဘယ်မိန်းမနဲ့မှ မပတ်သက် ပါဘူးလေး ဘာလေးနဲ့၊ အခုတော့လည်း ချာန်လျောပြီပေါ့လေ"

"ငါ ဝန်ခံတယ် နေရဲ ငါ သူ့ကို သံယောဇဉ်ငြိသွားတာပါ"

"မင်း ကံကောင်းလှချည်လား၊ မင်းမိဘတွေလည်း ကြည်ဖြူ သဘောတူပြီးသားဆိုတော့"

"မဟုတ်ဘူး ဒီကိစ္စကို ငါပဲသိတာ၊ သံစဉ် မသိဘူး၊ ငါကလည်း ဖွင့်မပြောရသေးဘူး"

နေရဲ မျက်နှာကြီး မဲ့ကျသွားခဲ့ကာ ခေါင်းခါရမ်းသည်။

"ဟား တုံးလှချည်လားကွာ၊ မန္တလေးမှာ နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



လည်ခဲ့ကြဲ့ချိန်တွေ မင်း ဘာလုပ်နေတာလဲ''

''ငါနဲ့သူ ခင်မင်တာ မကြာသေးဘူးလေ၊ ဒါကြောင့် ငါ မပြောရဲဘူး''

''ဟာ ညံ့လိုက်တာကွာ ရေကန်အသင့် ကြာအသင့် ပန်းဆင်မယ့်သူတောင် အသင့်ဖြစ်နေတာကို မင်း ဘာလို့ ဒူးပြီး ပန်မပေးလိုက်တာလဲ တံတိုင်းရ''

''ဟာကွာ ငါက အတွေ့အကြုံမှ မင်းလိုမရှိတာ''

''အင်း အတွေ့အကြုံသာမရှိတယ် ဖုန်းနံပါတ်တွေ ဘာတွေနဲ့ အိုကေနေပြီးသားပဲကွာ၊ ဘာမှတုံ့ဆိုင်းမနေနဲ့၊ ရဲရဲပြောလိုက်ပေါ့၊ အေး မပြောရဲလည်း မင်းဘွားဘွားနဲ့ဒယ်ဒီကို အားကိုးလိုက်ပေါ့၊ ပွဲက ခြေပြတ်ဂိုးပြတ်ကြီး ဖြစ်နေပြီပဲ''

''ဟင့်အင်း သူ့ကို ငါ အဲဒီလို မပိုင်ဆိုင်ချင်ဘူး နေရဲ၊ ငါနဲ့သူ အဆင်ပြေပြီဆိုမှ မိဘတွေကို စီစဉ်ခွင့်ပေးမှာ၊ ငါ့ရင်ထဲက အချစ်ကို သူ သိစေချင်သလို သူ့အချစ်ကိုလည်း ငါ ပိုင်ဆိုင်ချင်သေးတယ်''

''ဟား ဟား ဟား''

သူ့စကားကို ဟားတိုက်ရယ်လိုက်သော နေရဲ အပြုအမူကြောင့် သူ ကြောင်တွေ မင်သက်သွားရသလို နေရဲကိုလည်း ဘုဆတ်ဆတ်ကြည့်လိုက်မိ၏။

''မင်း ဘာရယ်တာလဲ နေရဲ၊ ငါ့ကို လှောင်တာလား''

''မဟုတ်ဘူး တံတိုင်း၊ အချစ်ဆိုတာကို မယုံကြည်တဲ့ မင်းနှုတ်က အချစ်ဆိုတဲ့စကားတွေ အများကြီးကြားရလို့ သဘောကျသွားတာ''

သူ့မျက်နှာကြီး ရဲခနဲ ထူပူသွားခဲ့၏။ သူကလည်း သူပါပဲ၊





အခုချိန်မှာ နေရဲ ဆိုသမျှ သူ ခေါင်းငုံ့ခံရတော့မည်။

''ဘာပဲဖြစ်ဖြစ် ငါ နားလည်ပါတယ် တံတိုင်း၊ မင်းချစ်တတ်သွားတာကို ဂုဏ်ပြုတဲ့အနေနဲ့ ငါ လိုက်ခဲ့ပေးမယ်''

''တကယ်နော် နေရဲ''

''အေး ဒါပေမဲ့ ခက်တာက ကျောင်းတွေစဖွင့်တဲ့ရက်ဆိုတော့ ငါလည်း အသက်ကို တွေ့ချင်သေးတယ်''

''ဟာကွာ မင်းတို့ချင်းက ချစ်သူတွေပဲကွာ၊ ပြီးတော့ တစ်ကျောင်းတည်းပဲဥစ္စာ၊ အမြဲတွေ့လို့ရပါတယ်ကွာ၊ ဒီတစ်ခါတော့ ငါ့ကို ကူညီပါ၊ မင်းစားချင်တာ ကျွေးမယ်ကွာ''

''စားချင်လို့ မဟုတ်ပါဘူးကွာ၊ မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ငါ လိုက်ပေးမယ် စိတ်ချ''

နေရဲ ရဲရဲကြီး ကတိပေးတော့ သူ ဝမ်းသာကျေနပ်ရသည်။ သံစဉ်နှင့်ဆုံတွေ့ရမည့်အဖြစ်က ရင်ခုန်သံတွေကို နွေးထွေးစေသည်။

သူနဲ့သံစဉ်ကြားမှာ ရင်ခုန်သံတွေ ရင်းနှီးဖို့လိုသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"မင်းကိုတော့ ငါ နားမလည်တော့ဘူး တံတိုင်း"

"ဟင် ဘာကိုလဲ"

သံစဉ်တို့ကျောင်းက ပြန်လာခဲ့ကြချိန်မှာပဲ မကျေမနပ် မေးလာသော နေရဲမျက်နှာကြီးက သုန်သုန်မှုန်မှုန် ဖြစ်နေ၏။

"ဘာရမလဲ တံတိုင်းရ မင်းပဲ ပန်းသံစဉ်ဆီ လာချင်တယ်ဆိုလို့ ငါ့ကို အဖော်ခေါ်တယ်၊ ဒီရောက်တော့လည်း ကင်တင်းနံ့ထိုင် စကားပြော ဘာမှလည်း မဟုတ်ဘူး"

"အေးလေ ငါလာတာ သံစဉ်နဲ့တွေ့ဖို့ သံစဉ် မျက်နှာလေး မြင်ပြီး စကားသံလေး ကြားရဖို့ပဲဥစ္စာ"

"သေလိုက်စမ်းကွာ"

"ဘာကို ပြောတာလဲ နေရဲ"

"ဘာကိုပြောရမှာလဲကွာ ဒီကျောင်းအထိ တကူးတက လာပြီး





တော့ မင်း အကျိုးရှိအောင်လုပ်သင့် ပြောသင့်တာပေါ့၊ ငါက မင်း သံစဉ်ကို ချစ်စကားပြောမယ်ထင်ထားတာ"

"ဟာကွာ အချိန်တွေ ရှိပါသေးတယ်၊ ဒီနေ့မှ ကျောင်းစဖွင့်တာကို ငါက ပြောလို့သင့်ပါ့မလား"

"ဟ ပြောရမှာပေါ့ မင်းအခြေအနေက ပြောသင့်တာထက်တောင် လွန်နေသေးတယ်၊ မင်းအတွက် အကျိုးရှိမယ်ထင်လို့ ငါလိုက်ခဲ့တာလေ၊ အခုတော့ကွာ သံစဉ် နေကောင်းလား၊ ထမင်းစားပြီးပြီလား၊ ငါတို့ပြန်တော့မယ်ဆိုတာလောက်နဲ့ကွာ လာရကျိုးမနပ်လိုက်တာ"

နေရဲ သူ့ကိုယ်စား အားမလိုအားမရ ဖြစ်နေတာကို သူ သိပါသည်။

"နေရဲရာ ဒီနေ့ကျောင်းစထက် ကျောင်းဖွင့်ရုံပဲရှိသေးတယ်၊ ငါက ချက်ချင်းရည်းစားစကားပြောလိုက်လို့ မကောင်းဘူးလေ၊ စာသင်ချိန် ဒီနှစ်တစ်နှစ်လုံးလည်း အချိန်တွေရှိပါသေးတယ်ကွ"

သူ ပြောသည့်စကားကို နေရဲ လက်မခံသလို ခေါင်းကိုခါသည်။

"မင်း အဲဒီလိုမနေနဲ့၊ ပန်းသံစဉ်က တကယ်ချောတယ်၊ ဒီကျောင်းရဲ့ အလှဘုရင်မတွဲ့ ရထားတဲ့ကျောင်းသူ၊ မင်းလက်နှေးနေရင်တော့ ခံစားသွားရမှာပဲ"

"မင်း ထင်လို့ပါကွာ၊ ပန်းသံစဉ်က အခုချိန်ထိတောင် ရည်းစားမှမထားသေးတာ"

"ဟား ကံကြမ္မာဆိုတာ ဘာမှကြိုပြောလို့ မရဘူးကွ၊ ပြီးတော့ ဒီနေ့နဲ့ မနက်ဖြန်ကလည်း မတူနိုင်ဘူး၊ မင်းပဲကြည့်လေ ဘယ်မိန်းကလေးကိုမှ မပတ်သက် မရင်းနှီးဘူးလို့ ကြွေးကြော်ထားတဲ့ကောင်က အခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပန်းသီစဉ်ကို စွဲလန်းနေပြီမဟုတ်လား။ ပန်းသီစဉ်လည်း အရင်ကချစ်သူ မရှိပေမယ့် ချက်ချင်းပြောင်းလဲသွားနိုင်တယ်''

နေရဲ စကားကြောင့် တံတိုင်း တွေခနဲ ဖြစ်သွားရသည်။ ပန်းသီစဉ်ကို စွန့်လွှတ်ရလျှင်ဆိုသော အတွေးက စိတ်ကို အမြဲတမ်း ချောက်ချားစေ၏။

''ကင်တင်းန်ထဲမှာ ထိုင်တုန်းကလည်း ငါ သတိထားမိတယ် တံတိုင်း ဆိုင်ထဲက ကျောင်းသားတိုင်းလိုလို ပန်းသီစဉ်ဆီမှာပဲ မျက်လုံးတွေ ကျွတ်ကျမတတ် ရောက်နေတာ''

နေရဲ ပြောတာကို သူ သတိတောင် မထားမိတာ အမှန်ဖြစ်သည်။ ပန်းသီစဉ်နှင့်ပဲ စကားတွေပြောရင်း သူ ပတ်ဝန်းကျင်ကို မေ့နေခဲ့၏။

''ငါပြောတာ  မမေ့နဲ့ တံတိုင်း၊ နောက်ကျတယ်ဆိုတာ သေတာကလွဲလို့ ဘာမှမကောင်းဘူးကွ''

''ငါက ငါနဲ့သီစဉ်ကြားမှာ ရင်းနှီးမှုတွေ ခိုင်မာချင်လို့''

''မလိုပါဘူး တံတိုင်းရာ မင်းနဲ့သီစဉ် နွေကျောင်းပိတ်ရက်တွေမှာလည်း ဆုံတွေ့နေခဲ့ကြတာပဲ၊ ယောကျာ်းလေးနဲ့ မိန်းကလေး ကြားမှာ အရင်ဆုံး ချစ်ရေးဆိုရမှာ ယောကျာ်းလေးတွေဘက်ကကိစ္စ၊ ဒီတော့ မင်းလုပ်သင့်တာကို အမြန်လုပ်''

နေရဲ ပြောတာလည်း သဘာဝကျနေတော့ တံတိုင်း ခေါင်းညိတ်မိသည်၊ အမြဲတမ်း နေရဲကိုပဲ ဆူပူဟိန်းဟောက်လာသော တံတိုင်း အခုတော့ နေရဲ စကားတွေကို ခေါင်းလေးညိတ် နာခံနေရသည့်အဖြ

''ငါ့မှာတော့ကွာ အသက်နဲ့တောင်မတွေ့ရဘဲ မင်းဆီကို အရင်





ဆုံး လိုက်လာပေးတာ၊ ဒီရောက်တော့ ဘာမှလည်း မဟုတ်ဘူး''

''အေးပါကွာ ငါ နားလည်ပါတယ် သူငယ်ချင်းရာ''

တံတိုင်း မျက်နှာငယ်လေးနှင့် နေရဲကို တောင်းပန်မိသည်။ နေရဲက သူ့ပခုံးကို လှမ်းဖက်ရင်း

''တောင်းပန်စရာ မလိုဘူး အရေးကြီးတာ ပန်းသီစဉ်ကို မင်းဘက်က အမြန်ဆုံး ဖွင့်ပြောဖို့ပဲ''

''အေး ငါ ကြိုးစားမှာပါ''

''ကြိုးစားမယ် မလုပ်နဲ့၊ နောက်တစ်ပတ်ကျရင် ပန်းသီစဉ်တို့ကျောင်းကိုသွား၊ ပြီးရင် ပြောရမယ့်စကားကို ပြောဖြစ်အောင်ပြော''

''အေးပါကွာ ငါ ပြောမှာပါ''

''မဖြစ်မနေကိုပြောရမှာ၊ ငါ ထင်ပါတယ်ကွာ ပန်းသီစဉ်ကလည်း မင်းကို ငြင်းပယ်မှာမဟုတ်ဘူး၊ သူ့မျက်ဝန်းတွေထဲမှာ မင်းကို ကြည်ဖြူတဲ့အရိပ်တွေ ရှိတယ်''

''နေရဲ အဲဒီနေ့ကျရင် မင်းပါလိုက်ခဲ့ကွာ ဟုတ်လား''

''အေးပါ ငါ လိုက်ခဲ့မှာပါ ဒါပေမဲ့ မင်း အူတူတူတော့ မလုပ်နဲ့နော်၊ ဒီနေ့လို အကျိုးမရှိတော့ မဖြစ်စေနဲ့''

''အေးပါကွာ''

ဘာပဲဖြစ်ဖြစ် နေရဲဆိုတာ သူ့ထက် အတွေ့အကြုံတော့ရှိသည်။ ဒီကိစ္စမှာ နေရဲရဲ့ အကြံဉာဏ်တွေကို သူ ယူရမှာပဲဖြစ်၏။

ပန်းသီစဉ်နှင့်ဆိုလျှင် သူ့နှုတ်တွေက အာစေးမိသလို တွန့်ဆုတ်နေတတ်တာလည်း အမှန်။

ပန်းသီစဉ်ကိုတော့ ဆုံးရှုံးရမှာ သူ ကြောက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

တစ်ပတ်ပြည့်လျှင် ပန်းသံစဉ်ဆီ ပြန်သွားမည်ဟု နေရဲနှင့်တိုင်ပင်ထားခဲ့သည်။

ဒီရက်တွေမှာတော့ ပန်းသံစဉ်နှင့် ဆုံခွင့်မရှိခဲ့ပါ။ အရင်က နန်းရီဆီ ရောက်လာတတ်သော ပန်းသံစဉ်လည်း သူတို့ကျောင်းကို ရောက်မလာတော့ တွေ့ချင်စိတ်က ပြင်းပြနေသည်။

သူနှင့်ပန်းသံစဉ်သာ တစ်ကျောင်းတည်း ကျောင်းတက်သူတွေ ဖြစ်လျှင် ဘယ်လောက်ကောင်းမည်လဲ။ အခုတော့ တွေ့ချင်ပေမယ့်လည်း အလွယ်တကူ တွေ့ခွင့်မရှိတာက ဆိုးလွန်း၏။

ကျောင်းတက်သွားဖို့ အခန်းထဲမှာ တံတိုင်း ပြင်ဆင်နေတုန်းမှာပဲ ဟန်းဖုန်းလေးက မြည်လာသည်။

ရင်ထဲမှာ ထိတ်ခနဲ ခုန်သွားခြင်းနှင့်အတူ သံစဉ်ဆက်တာလား ဟု ထင်မိ၏။ နန်းရီဆီလာလည်လျှင် သူ့ဆီကိုဖုန်းဆက်လိုက်မည်ဟု သံစဉ် ပြောဖူးသည်။



ဖုန်းလေးကို ကောက်ယူကာ ဝမ်းသာအားရ ကြည့်မိတော့မှ စိတ်ပျက်သွားခဲ့တာ သံစဉ်ရဲ့ဖုန်းနံပါတ်မဟုတ်တာကြောင့်ဖြစ်သည်။ သူ မသိသော ဖုန်းနံပါတ်ဖြစ်နေ၏။

"ဟဲလို တံတိုင်းပါ"

"တံတိုင်း ငါပါ ရဲရင့်"

ရဲရင့်ဆိုသော အမည်ကြောင့် သူ ချက်ချင်းဝမ်းသာအံ့သြသွားမိသည်။ မန္တလေးမှာ တစ်ခါဆုံဖူးပြီးသည့်နောက်ပိုင်း ရဲရင့်နှင့်အဆက်အသွယ်ပြတ်သွားခဲ့သည်။

"ရဲရင့် မင်းကွာ ဖုန်းမဆက် ဘာမဆက်နေနိုင်လိုက်တာ၊ ငါက မင်းဖုန်းကို မျှော်နေတာကွ"

"အေးကွာ ငါလည်း လုံးဝချာလည်နေတာမို့ပါ"

ရဲရင့် ဘာတွေ ပြဿနာရှုပ်ထွေးနေသည်လဲဆိုတာ သူ မသိပါ။ ညီအစ်ကိုနှစ်ယောက် ပြန်တွေ့တာတောင် ဒီကောင် အရေးမထားနိုင်အောင် ဘာတွေ ချာလည်နေသည်လည်း မပြောတတ်။

"ရဲရင့် မင်း အခုတောင်ကြီးမှာလား"

"မဟုတ်ဘူး အခု ရန်ကုန်ရောက်နေတယ်"

"ဘယ်လို ရန်ကုန်မှာ"

"အေး ဒီနေ့ပဲရောက်တာ၊ မင်းနဲ့တွေ့ချင်လို့ ဖုန်းဆက်လိုက်တာကွ"

ဘာပဲဖြစ်ဖြစ် ရဲရင့်နှင့် သူတွေ့ချင်သည်။ ရန်ကုန်ရောက်နေသည်ဆိုတော့လည်း ပိုလို့အဆင်ပြေသည်။ ဒယ်ဒီက သူ့သားငယ်ကို အရမ်းတွေ့ချင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



“မင်း ဘယ်မှာလဲ ညီလေး၊ ငါ လာတွေ့လို့ရမလား”

“အင်း မင်းလာတွေ့ရင် ပိုအဆင်ပြေတာပေါ့ကွာ၊ ငါက ရန်ကုန်ကို ဒါပထမဆုံးရောက်ဖူးတာ၊ နေရာဒေသ သိပ်မကျွမ်းကျင်ဘူး”

“ဟုတ်ပြီ မင်းဘယ်မှာရောက်နေတယ်ဆိုတာတော့ သိမှာပေါ့၊ အဲဒီနေရာပြောလေ ငါ လာခေါ်မှာပေါ့”

ရဲရင့်ပြောပြသော နေရာက တည်းခိုခန်းတစ်ခုနာမည် ဖြစ်နေသည်။ မြို့နယ်နှင့်လမ်းနာမည် သိရတာမို့ သူ့အတွက် လွယ်သည်။

“အေး မင်းပြောတဲ့နေရာဆိုရင် ငါ တစ်နာရီလောက်ကြာမှ ရောက်မယ်၊ မင်းစောင့်နေလိုက် ညီ၊ ငါ လာခဲ့မယ် ဟုတ်လား”

ရဲရင့်ကိုပြောပြီး ဖုန်းကို ပြန်ပိတ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ရဲရင့်နှင့်ဒယ်ဒီကို ဆုံတွေ့ပေးနိုင်တော့မှာမို့ သူ ဝမ်းသာမိ၏။

“တံတိုင်း လစ်ကြမယ်လေကွာ၊ မင်းလည်း ပန်းသံစဥ်နဲ့တွေ့မှ ရေရေလည်လည် ပြင်ဆင်တတ်နေလိုက်တာ”

အပြင်ဘက်က နေရဲအသံကို ကြားတာမို့ သူ အခန်းထဲက ထွက်ခဲ့လိုက်သည်။

“ဒါက ဘာလုပ်တာလဲကွ ကျောင်းသွားမယ့်သူက ကျောပိုးအိတ်မေ့နေပြီ”

“နေရဲ ငါ ဒီနေ့ကျောင်းမတက်ဖြစ်တော့ဘူး၊ သွားစရာရှိတယ်”

“ဟင် ဘာကိစ္စလဲ ဘယ်သွားမှာလဲ၊ စောစောကပဲ ကျောင်းတက်မယ်ဆို”

“အေး အရေးတကြီးကိစ္စတစ်ခုပေါ်လာလို့ကွာ ငါ သွားစရာရှိတယ်၊ မင်းဘာသာပဲ ကျောင်းသွားလိုက်တော့”





“ဟာကွာ ကျောင်းရှေ့အထိ လိုက်ပို့ပေးလေကွာ၊ ပြီးမှ မင်းကိစ္စသွားပေါ့၊ ဒါနဲ့ ဘာကိစ္စလဲ အရေးကြီးတဲ့ကိစ္စလား”

နေရဲ အမေးကို ခေါင်းပဲညိတ်ပြလိုက်မိသည်။ ဒီအချိန်မှာ ဒီအကြောင်းတွေ နေရဲကို ရှင်းပြလို့ မရသေးပါ။

“နောက်မှ ရှင်းပြမယ်ကွာ၊ အခု ငါ အမြန်သွားရမှာ၊ မင်းဘာသာ တက္ကစီနဲ့လစ်တော့၊ ဒီမှာပိုက်ဆံလိုရင် ယူသွား”

အိတ်ထဲက ငါးထောင်တန်တစ်ရွက် နေရဲဆီ ကမ်းပေးပြီး သူ ခပ်သုတ်သုတ် ထွက်ခဲ့လိုက်သည်။ ရဲရင့်နှင့်လွဲလို့မဖြစ်ပါ။ ဒီကောင်က ဆလိုပဲ ဖမ်းရခက်သည့်ကောင်။

ဖုန်းထဲက ရဲရင့်ပြောခဲ့သည့် လိပ်စာအတိုင်း မောင်းခဲ့လိုက်သည်။ ရဲရင့် တည်းခိုသည့်အဆောင်က ခပ်ညံ့ညံ့တည်းခိုဆောင်တစ်ခုပဲဖြစ်သည်။

တည်းခိုဆောင်ရှေ့က ကွန်ကရစ်ခုံလေးမှာ ထိုင်စောင့်နေသော ရဲရင့်အနားမှာ သူ ကားကိုရပ်လိုက်တော့ ရဲရင့်ကားဆီလျှောက်လာသည်။

ရွှေရောင်ဆံပင်အရောင်နှင့် ရဲရင့် မျက်နှာက တည့်တည့်ပဲဖြစ်သည်။ ဆံရှည်တွေကို နောက်လှန်သိမ်းကာ စည်းနှောင်ထားပုံက မြင့်မားသောအရပ်အမောင်းနှင့် လိုက်ဖက်ပါသည်။

ဝတ်ဆင်ထားတာက အနက်ရောင်လက်ရှည်တီရှပ်နှင့် ဂျင်းပင်အပြာရင့်ရင့်နှင့်ဖြစ်သည်။ ပထမတစ်ခါ တွေ့စဥ်ကထက် ထူးခြားပြောင်းလဲသောတာ တိုစိပ်စိပ်ပေါက်နေသော မုတ်ဆိတ်ပါးသိုင်းရာတွေဖြစ်သည်။

မတွေ့ဖြစ်သည့်နှစ်လကျော်လေးမှာ ရဲရင့် ပေပေတေတေ ပြန်ဖြစ်နေသည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



''တက်ကွာ တစ်နေရာရာကို သွားကြမယ်''

ရဲရင့် ခေါင်းတစ်ချက်ညိတ်ကာ တံခါးဖွင့်တက်သည်။ တံတိုင်းကားလေးကို မောင်းထွက်ခဲ့လိုက်သည်။

''မင်းကို မန္တလေးမှာတွေ့လိုက်ပြီးကတည်းက အဆက်ပြတ်သွားတာနော်''

''အေး ငါ တောင်ကြီးကို ခဏပြန်တာ၊ နောက်တော့ ပြင်ဦးလွင်ရောက်သေးတယ်၊ မန္တလေးအထိ မရောက်တော့လို့ကွ''

''ဟာကွာ ဖုန်းဆက်လိုက်ရောပေါ့၊ ငါ ကျောင်းပိတ်ရက်တွေ မန္တလေးမှာပဲ ရှိနေတာ''

''အဲဒီတုန်းက မင်းပေးထားတဲ့ ဖုန်းနံပါတ်က ပါမလာဘူး တောင်ကြီးမှာ ကျန်ခဲ့လို့ကွ''

ရဲရင့် ကားကူရှင်မှာ မှီထိုင်ရင်း ပေါ့ပေါ့ပါးပါးပဲ ပြောသည်။ ရဲရင့်ပုံစံက မန္တလေးမှာတွေ့ခဲ့တုန်းကလို တစ်ယောက်ယောက်ကို ရှောင်တိမ်းနေပုံမဟုတ်ဘဲ သက်တောင့်သက်သာမို့ သူ စိတ်တော့အေးရသည်။

''တံတိုင်း စီးကရက်ဘူး မပါဘူးလား၊ တစ်လိပ်လောက်တိုက်ကွာ''

''မပါဘူး ငါ စီးကရက်ဖြတ်လိုက်ပြီ''

ရဲရင့် ပခုံးတွေကျုံ့ကာ ကူရှင်မှာ ပြန်မှီထိုင်သွား၏။ ပန်းဘဲ့စဉ်နှင့်ခင်မင်ပြီးသည့်နောက်ပိုင်းမှာ သူလည်း စီးကရက်ကို အပြတ်ဖြတ်ပစ်လိုက်သည်။

''ရဲရင့် မင်း ရန်ကုန်မှာကြာမှာလား ညီလေး''

''မပြောတတ်သေးဘူး ငါ့စိတ်ပျော်သလောက်ပေါ့၊ အိမ်မှာ





မနေချင်လို့ ထွက်လာတာ၊ ရန်ကုန်မှာ မင်းရှိနေတော့ ထွက်လာဖြစ်တာ''

''ညီ မင်းက ဘာလို့ အိမ်မှာမနေချင်တာလဲ''

''မာမီ ရောက်နေလို့''

''ဘာရယ် မာမီရောက်နေတယ် ဟုတ်လား''

သူ့ရင်တွေ လှုပ်ခတ်တုန်ယင်သွားခဲ့ကာ ထပ်မေးတော့ ရဲရင့် ခေါင်းတစ်ချက်ပဲ ညိတ်ပြသည်။

ကိုယ့်ဆီကို မာမီ ပြန်ရောက်လာတာကို ရဲရင့် တမင်ရှောင်ထွက်လာသည်တဲ့လား။ မာမီ့ကို ရဲရင့် ဆက်ဆံပုံက သူစိမ်းဆန်လွန်းသည်ဟု သူ ထင်သည်။

မာမီ မကောင်းတာတော့ မကောင်းသည်ပဲထား။ ဒါပေမဲ့ မိဘအရင်းအချာမို့ မိခင်က မိခင်ပဲဖြစ်၏။ ဒါကို ရဲရင့် လက်ခံပုံမရဟု ထင်သည်။ ရဲရင့်ပုံစံကတော့ သူ့စိတ်နှင့်မတူတာတော့ အမှန်။

ရဲရင့်သည် သူ့ကို အစ်ကိုတစ်ယောက်ပေမယ့် ပြောဆိုဆက်ဆံပုံက မင်းနဲ့ငါပဲဖြစ်သည်။

မိနစ်ပိုင်းပဲခြားသည့် အမွှာညီအစ်ကိုမို့ သူငယ်ချင်းလို ပြောဆိုဆက်ဆံသည့်သဘောလား။ နှုတ်က အကျင့်ပါနေတာလား။ သူကလည်း နားလည်ပေးခဲ့ကာ မတားမြစ်ခဲ့ပါ။

ကော်ဖီဆိုင်လေးကိုရောက်တော့ ရဲရင့်က အကျီရင်ဘတ်မှာ ချိတ်ထားသော နေကာမျက်မှန်ကိုတပ်ကာ တံခါးဖွင့်ဆင်းသည်။

ဆိုင်လေး၏ ထောင့်ကျကျအတွင်းစားပွဲဝိုင်းလေးမှာပဲ ထိုင်လိုက်ကြသည်။ ကော်ဖီနှင့်စားသောက်စရာတွေမှာပြီးသည်နှင့် တံတိုင်း မေးချင်တာတွေကို ဆက်မေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညီ မာမီက ခဏပြန်လာတာလား၊ အပြီးပြန်လာတာလား"

"မသိဘူး မာမီ မရောက်ခင် နှစ်ရက်ကတည်းက ငါ ထွက်လာတာ"

"မာမီ တစ်ယောက်တည်း လာတာလား"

"မပြောတတ်ဘူး၊ စိတ်မဝင်စားလို့ အန်တီလေးကိုလည်း မမေးပါဘူး"

ရဲရင့်ကတော့ စိတ်မဝင်စားသလို ဖြေနေရင်း အသားပေါင်းကို ယူစားနေ၏။

"ငါ မာမီ့ကို တွေ့ချင်လိုက်တာကွာ"

"မင်းက ဘာလို့တွေ့ချင်တာလဲ၊ ဘာထူးခြားမှာမို့လဲ၊ မင်း စိတ်ညစ်စရာပဲကောင်းမှာ"

"ငါ မာမီ့ကို မတွေ့ရတာ နှစ်နှစ်ဆယ်ကျော်ပြီလေ"

"မထူးခြားပါဘူး မာမီ စရိုက်အသွင်က ဒီအတိုင်းပဲ အသက်ကြီးလာလို့ သံယောဇဉ်ကြီးလာမယ် မင်းထင်လို့လား"

ရဲရင့် စကားတိုင်းမှာ မာမီ့အပေါ် သံယောဇဉ် ကင်းမဲ့လွန်းတာ ထင်ရှားနေသည်။ မာမီရဲ့မေတ္တာကင်းမဲ့မှုကြောင့် ရဲရင့်ကလည်း မေတ္တာကင်းမဲ့နေတာလား တံတိုင်း မသိပါ။

"မင်းက ငါ့ထက်စာရင် ကံကောင်းမှာပါ၊ ဒယ်ဒီက ဒီလောက်တော့ ဆိုးမယ်မထင်ဘူး"

ရဲရင့် ကော်ဖီကို တစ်ငုံသောက်ရင်းပြောတော့ တံတိုင်း ခေါင်း တစ်ချက်ညိတ်ရင်း

"အင်း ဒယ်ဒီက ငါ့ကိုချစ်ပါတယ်၊ မင်းကိုလည်း ဒယ်ဒီတွေ့





ချင်နေတယ် ညီ"

"ဒယ်ဒီက ဟုတ်လား၊ သူ့မှာနောက်မယားနဲ့ဆို မိထွေးတို့ ပထွေးတို့ဆိုတာ မကောင်းတဲ့သူချည်းပါပဲ"

ရဲရင့် ခံစားချက်တွေနှင့်ပြောသည်။ မာမီနှင့်နေစဉ်မှာ ပထွေးရဲ့အတွေ့အကြုံဆိုးတွေကို ရဲရင့် ခံစားခဲ့ရဖူးသည်ထင်၏။

"ဒယ်ဒီရဲ့ဇနီးကတော့ ကောင်းပါတယ်၊ ပထမတော့ ငါ့တောင် အမြင်မကြည်ဘူး၊ ဒါပေမဲ့ သူက ငါ့အပေါ်ကောင်းပါတယ်"

ရဲရင့် ဘာမှမပြောပေမယ့် မျက်နှာမဲ့ ပခုံးတစ်ချက်တွန့်ပြသည်။ သူ့စကားကို လက်မခံသည့်သဘော။

"ညီလေး၊ မင်းကို ဒယ်ဒီ တွေ့ချင်နေတယ်"

"ဖြစ်မှာမဟုတ်ပါဘူး၊ ဒယ်ဒီက မာမီ့ကို စိတ်နာနေတော့ ငါ့ကိုလည်း သံယောဇဉ်ကင်းလောက်ပြီပေါ့"

"မဟုတ်ဘူး ဒယ်ဒီက မင်းကို သိပ်တွေ့ချင်နေတာ၊ မာမီ့ဆီ မင်းပါသွားပေမယ့် ဒယ်ဒီက ထည့်လိုက်ချင်တာမှ မဟုတ်တာ"

"ငါက မိထွေးဆိုရင် ကြည့်မရဘူးကွ၊ ထားလိုက်ပါ ဒယ်ဒီ တွေ့ချင်ရင် တစ်ကြိမ်တော့ တွေ့မှာပေါ့ နောက်မှကွာ"

"နောက်မှမလုပ်နဲ့ ငါလည်း မာမီ့ကိုတွေ့ချင်တယ်၊ တစ်ခါလောက်ဖြစ်ဖြစ် မြင်ဖူးချင်တယ်ကွာ"

"မင်း ဒီလောက်တွေ့ချင်တယ်ဆိုရင် တောင်ကြီးသွားတွေ့လိုက်လေ"

"ဟို မာမီက ငါ့ကို နွေးနွေးထွေးထွေး ကြိုပါ့မလား၊ ဒယ်ဒီ့ကို မုန်းသလို မုန်းနေမလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါတော့ မာမီပဲသိမယ်၊ ဒယ်ဒီ့ကိုတော့ မာမီ တော်တော် စိတ်နာပုံပဲ၊ ငယ်ငယ်က ငါ မှတ်မိတယ်၊ ငါ့ဒယ်ဒီနဲ့အစ်ကိုအကြောင်း မေးရင် ဒယ်ဒီ လုံးဝမကြိုက်ဘူး"

"ဒါဆိုရင် ငါတွေ့လို့ လွယ်ပါ့မလား"

တံတိုင်း မငံ့မရဲ ရေရွတ်တော့ ရဲရင့် ငြိမ်သက်သွားသည်။ မျက်ဝန်းတွေက တံတိုင်းကို စူးစူးနစ်နစ်ကြည့်နေရင်း

"တစ်ခုတော့ ရှိတယ်၊ မင်း သိပ်တွေ့ချင်တယ်ဆိုရင် ငါ့ကိုယ် စားသွားတွေ့ပေါ့"

"ဘယ်လို မင်းကိုယ်စား"

"အေးလေ မင်းနဲ့ငါက ရုပ်ချင်းခွဲမရအောင်တူတဲ့ အမွှာညီအစ် ကိုပဲကွာ၊ ဘယ်သူ ခွဲနိုင်မှာမို့လဲ"

ရဲရင့်စကားကြောင့် တံတိုင်း တွေခနဲ ဖြစ်သွား၏။ မာမီ့ကို သိပ်တွေ့ချသည်။ မသေခင် နောက်ဆုံးတစ်ကြိမ်လောက်ပဲဖြစ်ဖြစ် သူ မြင်တွေ့သွားချင်သည်။

ဒါကို ဒယ်ဒီဆီ ခွင့်တောင်းလျှင်လည်း တားမြစ်မှာသေချာသည် ရဲရင့်ပြောသလို ရဲရင့်အယောင်ဆောင်တွေ့လျှင်ကော. . .။

"ရဲရင့် ငါ မာမီကိုတစ်ခါလောက်ဖြစ်ဖြစ် တွေ့ချင်တယ်၊ မင်း ပြောသလို မင်းကိုယ်စား သွားတွေ့မယ်ကွာ"

"မင်းသဘောလေ ငါကတော့ မတိုက်တွန်းချင်ဘူး။ မင်းဆန္ဒ မင်းပဲ"

"ဒါပေမဲ့ ဒယ်ဒီမသိအောင် တွေ့ချင်တယ်၊ ဒီတော့ ငါ မာမီ့ဆီ သွားနေချိန်မှာ မင်းက ငါ့ကိုယ်စား နေပေးပါ"





"ဘယ်လို မင်းအစားနေပေးရမယ်"

"ဟုတ်တယ် ငါ မာမီ့ဆီသွားတာ ဒယ်ဒီ မသိစေချင်ဘူးလေ"

"အာ ဒယ်ဒီနဲ့ငါ တွေ့လို့မဖြစ်ဘူး၊ မဖြစ်ဘူးထင်တယ်"

ရဲရင့် ဒယ်ဒီနှင့်ရင်ဆိုင်ဖို့ ငြင်းဆိုနေတာကြောင့် တံတိုင်း အခက်ကြုံသွားရ၏။

"ဒယ်ဒီနဲ့ငါက အတူနေတာ မဟုတ်ပါဘူး။ ငါက အိမ်သပ်သပ် နေတာပါ၊ ဒယ်ဒီက တစ်ခါတလေမှ လာတတ်တာ၊ တစ်ခုပဲရှိတယ်၊ ငါနဲ့အတူနေတဲ့ သူငယ်ချင်း နေရဲတော့ ရှိတယ်၊ ဒီကောင့်ကိုလည်း မသိစေချင်ဘူး"

"တခြားသူက အကြောင်းမဟုတ်ဘူး၊ အရေးကြီးတာ ဒယ်ဒီနဲ့ ငါ မျက်နှာချင်းဆိုင်တွေ့နေရင် မဖြစ်ဘူး။ အကြာကြီးဟန်ဆောင်လို့ရမှာ မဟုတ်ဘူး"

"တစ်ပတ် ဆယ်ရက်လောက်ပဲကွာ၊ ငါ့ကို ကူညီပေးပါ၊ ငါ့ဘဝ မှာ မာမီနဲ့တစ်ကြိမ်လောက် ဆုံချင်လို့ကွာ"

ရဲရင့် တွေတွေလေး ငြိမ်သက်နေ၏။ ပြီးမှ ခေါင်းညိတ်သည်။

"အေးကွာ ငါလည်း မင်းနေရာမှာ ခဏလောက် နေကြည့်ချင် တယ်၊ အတွေ့အကြုံအသစ်ပေါ့၊ ငါ တက္ကသိုလ်ကျောင်းမတက်ဖူးတော့ ခဏလောက် တက်ကြည့်တာပေါ့"

"အိုကေ ဒါဆို တစ်ခုတော့ရှိတယ်၊ မင်း ဆံပင်တွေညှပ်ပြီး အနက်ရောင် ပြန်ဆိုးရမယ်"

"ဟာကွာ နှမြောစရာကြီးကွာ"

"ဆံပင်က ဘယ်အချိန်အရောင်ဆိုးဆိုး ရပါတယ်ကွာ၊ ညှပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင်လည်း ပြန်ရှည်လာမှာပဲ၊ မင်းပဲ အတွေ့အကြုံသစ် ရချင်တယ်ဆို''

''အင်းလေ ဒီလောက်တော့ ရင်းရမှာပေါ့''

ရဲရင့် လက်ခံပြီဆိုတော့ တံတိုင်း ဝမ်းသာသွားမိသည်။ မာမီ့အနားကို တခဏလေး ပြန်ရောက်ခွင့်ရမည့်အဖြစ်က ရင်ခုန်စရာတော့ ကောင်းပါသည်။

သူ မရခဲ့သော မိခင်မေတ္တာကို ပိုင်ဆိုင်ခွင့် မရခဲ့လျှင်တောင် မာမီ မျက်နှာကို မြင်ခွင့်ရမည်။ မာမီ့အနားမှာ တခဏလေး နေခွင့်ရမှာဖြစ်သည်။

ဒါ သူလိုချင်ခဲ့သော အိပ်မက်တစ်ခုပဲလေ။

■ ■ ■

## အခန်း (၃၁)

ပခုံးမှာဝဲကျမတတ်လုလု ရှည်သော ဆံပင်တွေကိုတော့ ဆုံးရှုံးခံလိုက်ရသည်။ အနက်ရောင်ပြန်ဆိုးကာ တံတိုင်းခရဲ့ဆံပင်ပုံစံအတိုင်း ပုံသွင်းညှပ်လိုက်တော့ သူ့ရုပ်သွင်က တံတိုင်းခနှင့် ခွဲမရအောင် တူသွားခဲ့၏။

''ဟယ် တကယ့်ရွှေမင်းသားလေးနှစ်ပါး ရုပ်နေသလိုပဲ သိလား အံ့သြစရာကောင်းလိုက်တာဟယ်''

မြူတီဆလွန်းက ဖန်တီးရှင်မာမီတွေတောင် သူနှင့်တံတိုင်းခကို ကြည့်ကာ အံ့သြမဆုံးခဲ့ကြ။

''မင်းနဲ့ငါ အတော်တူတာပဲနော် တံတိုင်း''

''အမှာညီအစ်ကိုတွေပဲကွာ တူမှာပေါ့ ကဲ မင်း ငါ့အိမ်ကို ဒီကပဲ သွားလိုက်တော့၊ ငါကားယူသွား ဖုန်းပါယူသွားလိုက် အရေးကြီးကိစ္စရှိရင် ငါ ဖုန်းလှမ်းဆက်မယ် ဟုတ်လား ညီ''

www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းခက ကားတွေ ဖုန်းတွေပေးသည်။ ခြံသော့ကိုလည်း ပေးနေသည်။ သူ့ဘဝက နေ့ချင်းညချင်း ဘဝပြောင်းသွားသလို ခံစားလိုက်ရသည်။

''မင်းက ပြန်မလိုက်တော့ဘူးလား တံတိုင်းရ၊ မနက်ကျမှ ကားစီးရမှာကို ဒီည ငါနဲ့ပဲလိုက်အိပ်ပေါ့''

''မဖြစ်ဘူးလေ ညီရဲ့၊ နေရဲက ကျောင်းဆင်းရင် ပြန်လာမှာ အေး မင်းအမိက ဆက်ဆံပြောဆိုရမှာ နေရဲပဲရှိတယ်၊ ငါ ပြောထားတာ တွေ မမေ့နဲ့၊ ငါ ဒီတစ်ည တည်းခိုခန်းမှာအိပ်ပြီး မနက်သွားမယ်''

မာမီလို လူတစ်ယောက်ကိုမှ မြင်တွေ့ချင်နေသည့် တံတိုင်းခ တက်ကြွနေတော့လည်း ရဲရင့် ခေါင်းညိတ်လိုက်ပါသည်။

''ငါ့အခန်းက အပေါ်ထပ် ညာဘက်အခန်းနော်၊ ဘယ်ဘက် အခန်းက နေရဲအခန်း၊ ငါ့အခန်းထဲက ဗီရိုစားပွဲထဲမှာ ပိုက်ဆံရှိတယ် မင်းလိုအပ်တာ ယူသုံးလို့ရတယ် ညီ''

ကိုယ့်အတွက် ပူစရာမရှိ စားသောက်သုံးစရိတ်ငြိမ်းဆိုတော့လည်း ရဲရင့် ကျေနပ်သွားသည်။

''ကဲ သွားတော့ ညီလေး''

ရပ်ထားသော ပရာဒို နက်ပြာရောင်ကားကြီးအနားထိ တံတိုင်းခက သူ့ကိုလိုက်ပို့ပေးသည်။

ဒီလို ဇိမ်ခံကားကြီးမျိုးကို သူကိုယ်တိုင်တောင် မောင်းနှင်စီးရမည့်အဖြစ်က အိပ်မက်ဆန်လွန်းနေ၏။ အခုတော့ ထိုအိပ်မက်တွေကို ရဲရင့် အလွယ်တကူပဲ မက်ခွင့်ရနေပြီ။

''သွားပြီ တံတိုင်း''





နှုတ်ဆက်ပြီး ကားကိုမောင်းထွက်ခဲ့လိုက်သည်။ တံတိုင်းခ ညွှန်ပြလိုက်သည့် လမ်းတွေအတိုင်း ကားကိုမောင်းနှင်ခဲ့လိုက်သည်။

အလွယ်တကူပဲ ခြံအမှတ်ကို တွေ့သည်။ ခြံထဲမှာ လှမ်းမြင်နေရသော နှစ်ထပ်တိုက်လေးက သစ်လွင်ခန့်ညားသည်။ တံတိုင်းခအတွက် ဒယ်ဒီက သီးသန့်ခြံနှင့်တိုက် စီစဉ်ပေးထားတာတဲ့။

တံတိုင်းခ သိပ်ကံကောင်းသည်။ သူ့မှာတော့ မာမီနှင့်အတူ လိုက်နေရင်း ကြုံဆုံရသော ဒုက္ခတွေကစိတ်ပျက်စရာတွေပဲဖြစ်သည်။

ကံကြမ္မာက သူ့အပေါ်မှာ ဆိုးလိုက်တာ။ ငယ်ငယ်ကသာ မာမီက တံတိုင်းခကို ခေါ်သွားပြီး သူ့ကိုဒယ်ဒီနှင့် ထားရစ်ခဲ့လျှင် ဘယ်လောက်ကောင်းမလဲ။

ဒါပေမဲ့ အခုလည်း တံတိုင်းခ ထားခဲ့လို့ ဒီနေရာကို သူ ပိုင်ဆိုင်ခံစားဖူးတော့မည်။

ကိုယ်တိုင်ပဲ ဆင်းကာ ခြံတံခါးဖွင့်လိုက်သည်။ ပြီးတော့မှ ကားပေါ်တက်ကာ ခြံထဲမောင်းဝင်ခဲ့လိုက်သည်။ တံတိုင်းခ ပြောသည့် နေရဲကတော့ ညနေမှပြန်လာမည်တဲ့။

နေရဲ ဆိုသည့်ကောင်က တံတိုင်းရဲ့အခင်ဆုံးသူငယ်ချင်းဖြစ်ကာ တံတိုင်းအိမ်မှာ အဖော်အဖြစ် လာနေသူဖြစ်သည်။ တံတိုင်းပြော ပြထားသမျှ သူ မှတ်ထားပါသည်။

ဧည့်ခန်းတံခါးသော့ကိုဖွင့်ကာ ဧည့်ခန်းထဲလှမ်းဝင်လိုက်က တည်းက သစ်လွင်ပြည့်စုံသော ပရိဘောဂတွေက အပြည့်။ ခြေရင်းဘက် က လှေကားအတိုင်း သူ တက်ခဲ့လိုက်သည်။

ညာဘက်အခန်းက သူ့အခန်းတဲ့။ အခန်းတံခါးသော့ဖွင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အလွယ်တကူပါပဲ။

သူ တည်းခိုခဲ့သော ခပ်ညံ့ညံ့အခန်းလေးနဲ့ကတော့ အပုံကြီး ကွာခြားလှသည်။ ခုတင်ကြီးက အိစက်ရှင်းသန့်သည်။ စာကြည့်စားပွဲမှာက စာအုပ်တွေ အစီအရီ၊ တံတိုင်းရဲ့ကျောင်းစာအုပ်တွေထင်၏။

နံရံပေါ်မှာလည်း စာအုပ်တွေအစီအရီ ရှိနေသည်။ ဒီကောင်က စာဖတ်တာ ဝါသနာပါသည်ထင်ရဲ့။

သူကတော့ စာဖတ်ရမှာကို သိပ်ပျင်းသည်။ ဒါကြောင့်လည်း ဆယ်တန်းစာမေးပွဲ သုံးနှစ်ဆက်ကျတာ မဆန်းပါ။

အခန်းထောင့်က ဗီရိုကြီးဆီ လျှောက်ခဲ့ကာ ဖွင့်ကြည့်လိုက်တော့ အဝတ်အစားတွေက အများကြီးရှိသည်။ တံတိုင်းခရဲ့ပစ္စည်းတွေဆိုတော့ သူ့စိတ်ကြိုက် ယူသုံးလို့ရသည်။

ဗီရိုရဲ့အံဆွဲကို ဆွဲဖွင့်လိုက်တော့ ရဲရင့်ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ငွေတွေက အပြည့်ရှိသည်။ ငါးထောင်တန်၊ တစ်ထောင်တန်အုပ်တွေက အများကြီးဖြစ်၏။

"ဟား အိုကေ"

ရဲရင့် လက်နှစ်ဖက်မြှောက်ကာ ဝမ်းသာအားရ ဟစ်ကြွေးလိုက်မိသည်။ သူ့အတွက် ဘာမှလိုလေသေးမရှိအောင် စီစဉ်ပေးသွားသည့် တံတိုင်းကိုတော့ ကျေးဇူးတင်မိသည်။

ဗီရိုတံခါးကိုပြန်ပိတ်ကာ ရဲရင့် မွေ့ရာကြီးပေါ် ဝုန်းခနဲ ပစ်လှဲပစ်လိုက်သည်။ စိတ်အာရုံက ပျော်ရွှင်လွတ်လပ်ချမ်းမြေ့နေစေ၏။

တောင်ကြီးက ရန်ကုန်ကို ထွက်လာတာ မာမီ ပြန်လာလျှင် မဆုံချင်တာကြောင့်လည်း ပါသည်။ ပြီးတော့ သူရှင်းရမည့် အကြွေး





ကိစ္စတွေကြောင့်လည်း ပါသည်။ အထူးသဖြင့် ကျော်ဇောတို့ကိုပေးစရာရှိသည့်အကြွေးက ခေါင်းပူစေ၏။

လောင်းကစားဝိုင်းတစ်ခုမှာပဲ သူ ကျော်ဇောတို့ကို တင်ခဲ့သည့်အကြွေးက သိန်းနှစ်ဆယ်ဖြစ်သည်။

ထိပ်တိုက်တွေ့လျှင် သူ တောင်းပန် ညှိနှိုင်းလိုက်နှင့် ရှောင်တိမ်းလာခဲ့တာကြာပြီ။ ဒီတစ်ခါတော့ သူ ရှောင်လို့မရတော့တာ သေချာသည်။

"ငါ မာမီပြန်လာတာနဲ့ မင်းအကြွေးတွေ အကုန်ဆပ်မယ်၊ အရင်းမကဘူး အတိုးပါ ပေးလို့ရတယ်"

စင်ကာပူက မာမီကို အားကိုးခုတုံးလုပ်ကာ သူ ကျော်ဇောတို့ကို ညာထားခဲ့သည်။ ဒီကောင်တွေကလည်း ယုံကြည်နေခဲ့၏။ အခုတော့ မာမီရောက်လာပြီ။

သူ့ရဲ့လောင်းကစားအကြွေးတွေကို မာမီက ဘယ်လိုမှ ရှင်းပေးမည်မဟုတ်ပါ။ သိန်းနှစ်ဆယ်ဆိုသော ငွေလည်း မာမို့လက်ထဲမှာ ပါလာမည်မထင်ပါ။

ဒီတော့ သူ ပြေးဖို့ရှောင်ဖို့ စဉ်းစားရင်း တံတိုင်းခရှိသော ရန်ကုန်ကို ထွက်ခဲ့တာ ဖြစ်သည်။

ရန်ကုန်ဆိုလျှင် ကျော်ဇောတို့ ခြေရာခံမိမှာမဟုတ်။ ဒါပေမဲ့ တံတိုင်းခကိုတွေ့လျှင်တော့ ပြဿနာဆက်မှာ သေချာ၏။

ဘာပဲဖြစ်ဖြစ် ထိုပြဿနာကို တံတိုင်းခ ဖြေရှင်းပေးနိုင်မည်ဟု ယူဆသည်။ သူ ရန်ကုန်မှာရှိနေတာကိုတော့ တံတိုင်းခက ဖွင့်ပြောမည်မဟုတ်ဟု ယုံသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ခုတ် နှစ်ချက်ပြတ်ရုံမကဘဲ သူ့အတွက် အားလုံး အဆင်ပြေစေခဲ့ကာ တံတိုင်းခကို ဒုက္ခတောထဲ ပို့သလိုဖြစ်ပြီလား။

ဒါပေမဲ့ ရှင်းဖို့က ဒီလမ်းပဲရှိသည်။ ဒယ်ဒီ့အရိပ်မှာ ကောင်းစား အေးချမ်းခဲ့သော တံတိုင်းခ သူပြဿနာကိုတော့ တစ်ခါလောက် ခံပါစေတော့။

အတွေးတွေနှင့် စီးမျောရင်း သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။

■ ■ ■

''ဟော့ကောင် ထတော့ ဘယ်အချိန်ရှိပြီထင်လဲ့ကွ''

ဖြန်းခနဲ ပခုံးကိုရိုက်ကာ နှိုးသံကြောင့် သူ လန့်နိုးသွားသည်။ သူ့ကို လာနှိုးသောသူရဲ့ မျက်နှာက သူတစ်ခါမှ မမြင်ဖူးသူ။

''နေ ရဲ''

''နေရဲလုပ်မနေနဲ့ ထတော့ကွ၊ ငါးနာရီကျော်နေပြီ၊ ငါ ကျောင်းကပြန်ရောက်တော့နှိုးမလို့ အိပ်ပါစေဆိုပြီး မနှိုးတာ၊ ဘယ့်နှယ်ကွာ မအိပ်စဖူး အိပ်နေတာ မထတော့ဘူး၊ ရေမိုးချိုးကွာ ညနေစာ သွားစားကြမယ်''

သူ ဒီလောက်အထိ အိပ်ပျော်သွားခဲ့သည်လား။ ခုတင်ပေါ်က လူးလဲထလိုက်ရင်း နေရဲကိုကြည့် ပြုံးပြလိုက်၏။

''ဆောရီးကွာ ငါ တကယ်အိပ်ပျော်သွားလို့''

''မင်း ဘယ်အချိန်ပြန်ရောက်တာလဲ တံတိုင်း''

''ငါလား နေ့လယ်လောက်ကမှ ပြန်ရောက်တာပါ''

''အေး ခြံတံခါးလည်း ပြန်မပိတ်ဘဲ ဟင်းလင်းကြီးဖွင့်ထား





ဘယ်၊ ညှော်ခန်းတံခါးလည်း အတူတူပဲ၊ ပစ္စည်းတွေ ဝင်ခိုးမသွားတာ တော်သေးတယ်''

နေရဲ ပြောမှ သူ တံခါးတွေ ပြန်မပိတ်ခဲ့တာ သတိရတော့သည်။ ဟုတ်သားပဲ ဒီအိမ်မှာ သူနှင့်နေရဲပဲ နေကြတာပဲ။

''ငါ သတိမေ့သွားလို့ကွာ ဆောရီး''

''ခဏ ခဏ တောင်းပန်မနေနဲ့ ဒီနေ့ မင်းနောက်ထပ်တောင်းပန်ရမယ့်သူတစ်ယောက် ရှိလာဦးမှာ သဘောပေါက်''

''ဟင် ဘာ ငါက ဘယ်သူ့ကို တောင်းပန်ရမှာလဲ''

''ဒီနေ့ ကျောင်းကို ပန်းသံစဉ် လာသွားတယ်ကွ''

ပန်းသံစဉ် တဲ့။ ဒီနာမည် တံတိုင်း မပြောခဲ့ပါ။ ဘယ်သူလဲ ဘယ်ကလဲ တံတိုင်းနှင့် ဘယ်လိုပတ်သက်နေသည်လဲ။

''မင်းကိုမတွေ့တော့ ငါ့ကိုလာမေးတယ်၊ ငါလည်း မင်းနေမကောင်းဘူး ရှီးလိုက်တော့ သူ တော်တော်စိတ်ပူသွားတယ်ကွ၊ သူ ဖုန်းဆက်ရင် မင်းကြည့်ပြောလိုက်၊ ဟော့ကောင် အခွင့်သင့်ရင် တစ်ခါတည်း ရည်းစားစကားပါ ပြောပစ်လိုက်''

နေရဲ ပြောတာတွေကို အလိုက်အထိုက် နားထောင်ရင်း သူ သိလာတာ တံတိုင်းကြိုက်နေသော ကောင်မလေးနာမည် ပန်းသံစဉ်ဟုပဲ ဖြစ်၏။

''နေပါဦး မင်းက ဘာအရေးကြီးကိစ္စကြောင့် ကျောင်းမတက်ဘဲ ထွက်သွားရတာလဲ''

''အင်း ဒီလိုပဲကွာ အရေးကြီးကိစ္စရှိလို့''

သူ မရေမရာဖြေရင်း စားပွဲပေါ်က စီးကရက်ဘူးကို လှမ်းယူ



www.burmeseclassic.com

www.burmeseclassic.com



တော့ နေရဲ မျက်မှောင်ကုပ်ကြည့်ရင်း

"တံတိုင်း မင်းစီးကာရက်ဖြတ်လိုက်ပြီဆို"

"ဟင် အေးပါ တစ်ခါတလေ ခံတွင်းချဉ်လို့"

"ဖြတ်လက်စနဲ့ ဖြတ်လိုက်ရောပေါ့ကွာ၊ ကဲ ရေမိုးချိုးတော့ကွာ ငါ ညှော်ခန်းက စောင့်မယ်"

နေရဲ အခန်းထဲက ထွက်သွားတော့ သူ အဝတ်အစားချွတ်ကာ ရေချိုးခန်းဘက် ထွက်ခဲ့လိုက်သည်။ နေရဲဆိုသည့်ကောင်ကိုတော့ သူ သတိထားရမည်။

ဒီကောင်က တံတိုင်းအကြောင်း အကုန်သိနေသူမို့ သူ သတိထား ဆက်ဆံရမည်။

မသိသေးတာတွေလည်း နေရဲကိုပဲ အစ်အောက်ပြီး သိအောင် ကြိုးစားရမည်။ သူ့အတွက်တော့ ဒါက ကြီးမားသော အခက်အခဲ မဟုတ်ပါ။

အင်း ခုလောက်ဆို တံတိုင်း တည်းခိုခန်းမှာ မာမီနှင့်ဆုံနိုင်တို့ အတွေးနယ်ချဲ့နေမည်လား။

■ ■ ■



## အခန်း (၃၂)

"နေရဲ မင်းပဲ ကားမောင်းခဲ့ကွာ"

သူပြောရင်း မောင်းသူဘေးက ထိုင်ခုံမှာ ဝင်ထိုင်တော့ နေရဲ ျက်မှောင်ကုပ်ကြည့်ရင်း

"ဘယ်လိုဖြစ်တာလဲ ငါမောင်းတဲ့ကားဆို စိတ်မချလို့ ဘယ်တုန်း ာမှ မမောင်းနိုင်းတဲ့ကောင်က"

"မောင်းစမ်းပါကွာ ငါ အာရုံတွေ မလန်းလို့ပါ"

နေရဲ ဘာမှမပြောတော့ဘဲ ကားကို မောင်းထွက်သည်။ သူ့ ျက်လုံးတွေ မှိတ်ထားရင်း ရှေ့ဆက်ရင်ဆိုင်ရမည့် အခြေအနေတွေကို ကြည့်မိသည်။

ဒီနေ့ကစပြီး သူ မကျွမ်းဝင်သော တံတိုင်းရဲ့တက္ကသိုလ်ကျောင်း ာဝကို ရင်ဆိုင်ရတော့မည်။ ကျောင်းတောင်မသိတာမို့ နေရဲကို င်ကားမောင်းနိုင်းခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညကလည်း ပန်းသံစဉ်ဆိုသော ကောင်မလေးရဲ့ အသံချိုချို လေးကို သူ ဖုန်းထဲက ကြားရသည်။ သူ နေမကောင်း၍ စိုးရိမ်ကာ မေးလာခြင်းဖြစ်၏။ အသံလေးက ချိုသာကြည်လင်သလို ရုပ်ကလေး ကလည်း ချောမည်ထင်သည်။

တံတိုင်းခကလည်း လူချောဆိုတော့ ဒီကောင် ကြိုက်နေသည့် ကောင်မလေးလည်း ချောမောမည်ထင်၏။ ခက်တာက မျက်နှာချင်းဆိုင် ဆုံလျှင်တောင် သူမသိတော့ အခက်။

''တံတိုင်း မင်း ကလပ်စ်ထဲပဲ သွားမှာမို့လား''

''ဟင် ဘာလဲ ဘာလဲကွ''

''ငါပြောတာ ကျောင်းတက်မှာလား၊ စာသင်ခန်းထဲသွားမှာလား မေးနေတာ၊ ငုတ်တုတ်အိပ်နေသလား တံတိုင်းရာ''

''အတွေးလွန်နေလို့ပါကွ ငါ စာသင်ခန်းထဲ မသွားချင်သေးဘူး ဒီနေ့ ကျောင်းတက်ချင်စိတ်မရှိဘူး၊ ကျောင်းဝင်းထဲမှာပဲ နေခဲ့မယ်''

''ဒါဆို ကင်တင်းနိမ့်မှာ နေခဲ့ကွာ၊ ငါတော့ အသက်နဲ့သွားတွေ့ စရာရှိလို့''

အသက်.တဲ့။ နေရဲ ကောင်မလေး ထင်သည်။ ဘာပဲဖြစ်ဖြစ် သူလည်း လွတ်လွတ်လပ်လပ် လေ့လာချင်တာတွေရှိ၏။

''သွားလေ ရတယ် ငါ့ကို ကင်တင်းနိမ့်ပဲ ပို့ပေးခဲ့၊ ဒြော် ဒီနေ့ ပန်းသံစဉ်က ကင်တင်းနိမ့်မှာ ရှိနေမလား မသိဘူး''

''မနေ့ကပဲ လာသွားတာ ဒီနေ့ ထပ်လာမလားကွ၊ သူလည်း သူ့ကျောင်းသူ တက်ဦးမှာပေါ့၊ မင်းတွေ့ချင်ရင် သူ့ကျောင်းသွားတွေ့ ငါတော့ မလိုက်နိုင်ဘူး''





''ဟာ မတွေ့ပါဘူး ရတယ် အေးဆေး''

ပန်းသံစဉ်နှင့်တံတိုင်းခ ကျောင်းချင်းမတူတာ သေချာ၏။ ဒါဆို ပြဿနာမရှိ။ ဆုံစရာမရှိတာ သေချာသွားပြီ။

ကင်တင်းနိမ့်မှာ သူ့ကို နေရဲ ပို့ပေးခဲ့ကာ ထွက်သွားသည်။ သူ ကင်တင်းနိမ့်ဆိုင်လေးထဲကို ဝေ့ကြည့်လိုက်သည်။

ဆိုင်ထဲက စားပွဲဝိုင်းတွေဆီ ကောင်မလေးတွေ အကြည့် မျက်ဝန်းတွေက သူ့ဆီရောက်လာသည်။ တံတိုင်းခ ဆိုသည့်ကောင်ရဲ့ ပုံစံစတိုင်နဲ့တော့ တော်တော် စန်းပွင့်မည်ထင်ရဲ့။

သူ ကျောပိုးအိတ်ကို ပခုံးမှာလွယ်ရင်း ဆိုင်ထဲဝင်ခဲ့လိုက်သည်။ လွတ်နေသော စားပွဲတွေရှိပေမယ့် မိန်းမချောလေးတစ်ယောက်တည်း ထိုင်နေသော စားပွဲဆီကိုပဲ ဦးတည်လျှောက်ခဲ့ကာ

''တို့ ခဏလောက် ထိုင်ခွင့်ရှိမလား''

''ဟင် ရှင်''

''ဪ အနှောင့်အယှက်မဖြစ်ဘူးဆို ဒီမှာ ထိုင်ပါရစေ''

ကောင်မလေး မျက်တောင်ကော့ကြီးတွေ ပုတ်ခတ် အံ့သြရင်း ခေါင်းလေးကို ပုတ်သင်ညိုလေးလို ညိတ်ရှာ၏။

''ထိုင် ထိုင်ပါ တံတိုင်းခ တို့ကို နောက်နေတာတော့ မဟုတ် ပါဘူးနော်''

သူ ကောင်မလေးနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း ယဲ့ယဲ့ လေး ပြုံးလိုက်မိ၏။

''နောက်စရာလား နေပါဦး တို့နာမည် မင်းသိတယ်၊ တို့က မင်းကို သိပ်မမှတ်မိဘူး''



www.burmeseclassic.com

www.burmeseclassic.com



"သဲစုက ဒုတိယနှစ်ကလေ တံတိုင်းခက မသိပေမယ့် တို့က တံတိုင်းခကို သိတာမဆန်းပါဘူး၊ တံတိုင်းခက ရွှေမင်းသားလေးပဲဟာ"

"အဟွန်း မင်းကလည်း ရွှေမင်းသမီးလေးပဲလေ၊ သဲစုတဲ့လား အသဲတွေ စုထားတာဆိုတော့ ကြက်သီးတောင် ထလာပြီ အဟွန်း"

"အံမယ် မဟုတ်ပါဘူးနော် အဖော်ကင်းလို့တောင် တစ်ယောက်တည်း ထိုင်နေတာ၊ တံတိုင်းကကော ဘာလို့ ဒီမှာဝင်ထိုင်တာလဲ၊ ဘာလဲ နိုင်ငံခြားဘာသာတက္ကသိုလ်က အလုပ်ဘုရင်မကို လာစောင့်တာလား"

"ဘယ်သူ တို့ မရှင်းဘူး"

"မညာပါနဲ့နော် တွေ့တာပဲ လေးငါးခါမကဘူး၊ အဲဒီ မိန်းမ နာမည်က ပန်းသံစဉ် တဲ့၊ ကဲ ဘာပြင်းမလဲ"

"ဩော် သူ့ကိုပြောတာလား သူငယ်ချင်းတွေပါကွာ"

သဲစု မျက်ဝန်းလေးတွေ ဝင်းလက်ဖြာကာ မျက်နှာလေးမှာ ကြည်နူးအပြုံးလေးတွေ ဖြာဝေနေသည်။ သေချာသည်က ဒီကောင်မလေး တံတိုင်းအကြောင်းတွေ သိနေသည်။

ဒီကောင်မလေးနှင့်သာ အတူအချိန်တွေကုန်နိုင်ခဲ့လျှင် ဒီနေ့လေးက သူ့အတွက် ကြည်နူးစရာတွေ ပြည့်ဝနေမည်။

"လူကိုကြည့်ပြီး ဘာတွေ တွေးနေတာလဲ"

"ဩော် ဘယ်သွားရင်ကောင်းမလဲလို့ တစ်ယောက်တည်းဆိုတော့ ငေါင်စီစီဖြစ်နေလို့၊ သဲစု ရှိရင် အဆင်ပြေမယ် ထင်တယ်"

"တံတိုင်း ဘယ်သွားချင်လို့လဲ၊ သွားမယ်လေ သဲစုလည်း ကျောင်းမတက်ချင်လို့ လာထိုင်နေတာ"

နှစ်ခါ လမ်းမခင်းလိုက်ရပါဘဲ သဲစု ခေါင်းလေးညိတ်ကာ





အသင့်ရှိနေခဲ့သည်။

တံတိုင်းခရဲ့တန်ခိုးပါဝါက ဒီအထိတောင် စွမ်းအားကြီးသည်လား။

မင်းနေရာက ပျော်စရာအချိန်လေးတွေအတွက် ငါ့ကို တဒင်္ဂ ခံစားခွင့်ပေးတာ ကျေးဇူးပါပဲ တံတိုင်းခရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ခြံကြီးကကျယ်ပေမယ့် ခြံထဲက တစ်ထပ်တိုက်ပုလေးကတော့ ခပ်သေးသေးလေးပါပဲ။ ဆေးရောင်တွေတောင် မွဲခြောက်နေတာ မပြင် မဆင်ဘဲ ပစ်ထားပုံရှိသည်။

ခြံထဲမှာလည်း သစ်ပင်ကြီးတွေလောက်သာရှိကာ အလှပန်းပင် တွေဆိုလို့ လုံးဝမရှိ။

တိုက်ပုလေးရှေ့မှာ တက္ကစီလေး ထိုးရပ်တော့ တံတိုင်းခ ဆင်း လိုက်သည်။ ပါလာသော ခရီးဆောင်အိတ်နှင့် လက်ဆွဲအိတ်တွေဆွဲကာ ဧည့်ခန်းထဲ လှမ်းကြည့်လိုက်တော့

"ဟင်"

တံတိုင်း ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားခဲ့ကာ တွေခနဲ ဖြစ်သွား၏။ ဆိုဖာထိုင်ခုံမှာ ထိုင်နေသော မိန်းမကြီးတစ်ယောက်သည် မာမိပဲဟု





မြင်ရုံနှင့် သူ သိသည်။

ရွှေရောင်ဆံပင်အခွေအလိပ်တွေကြားက မျက်နှာက သူတို့ ညီအစ်ကိုနှင့်ဆင်သည်။ ပန်းဆီရောင်ဂါဝန်နှင့် ခြေတစ်ဖက်ချိတ်ထိုင်ကာ သူ့ကို လှမ်းကြည့်နေ၏။

"ဘာလုပ်နေတာလဲ ရဲရင့် မအေတစ်ယောက်လုံး ရောက်နေ တာတောင် မင်းက အိမ်မကပ်နိုင်ဘူးပေါ့"

အသံစူးစူးနှင့် သူ့ကို ဆူပူမာန်မဲလိုက်တော့ မာမို့အသံကြားမှ သူ သတိဝင်လာရင်း ဧည့်ခန်းသံပန်းဘာဂျာတံခါးကို ဆွဲဖွင့်ကာ ဝင်ခဲ့ လိုက်သည်။

မာမိကတော့ သူ့ကို ရဲရင့်ကျော်ဟုပဲ ထင်နေတာ သေချာ၏။

"မာမိ"

သူ ခေါ်တော့ မျက်ခုံးတွေကျုံ့ရင်း မာမိ စူးစူးစိုက်စိုက်ကြည့်နေ သည်။ သူ မာမိရှေ့ လှမ်းခဲ့ရင်း ကြမ်းပြင်မှာ ဒူးထောက်ထိုင်ချလိုက်၏။

"မာမိ ကျွန်တော် ခရီးလွန်နေလို့ပါ၊ ဒီမှာ မာမို့အတွက် စားစရာနဲ့မုန့်တွေပါ"

လက်ထဲက ဆွဲအိတ်နှစ်အိတ်ကို စားပွဲလေးပေါ်တင်ပေးပြီး သူ ဦးချကန်တော့လိုက်သည်။

"သွားချင်ရာသွား ပေချင်ရာပေပြီး မင်းက လိမ္မာပြနေတာလား ရဲရင့်၊ မင်းသတင်းဆိုးတွေ ညီမလေးက ငါ့ကိုပြောပြီးထားပြီကွ"

သူ ဘာမှခွန်းတုံ့မပြန်ဘဲ မာမိကို လက်အုပ်ချီထားလျက်က ငေးစိုက်ကြည့်နေလိုက်သည်။ မာမို့မျက်ဝန်းတွေထဲက ဒေါသငြိုပ်တွေ ပြေလျော့သွားခဲ့ကာ

www.burmeseclassic.com



"ကဲ ထိုင်ခုံမှာ ထိုင်ပါဦး၊ သားကို မာမီ မေးစရာရှိလို့"

"ဟုတ်ကဲ့ပါ မာမီ"

သူ မာမီ့နံဘေးမှာ ဝင်ထိုင်လိုက်သည်။ လှပဆဲမျက်နှာကို ပန်းနုကာလာတင်ကာ နှုတ်ခမ်းကိုလည်း ပန်းဆီဖျော့ဖျော့ တင်ထားသော မာမီသည် ချောမောဆဲပေမယ့် ဖရာကြောင့် အသားအရေတို့ လျော့ကျ ချင်နေပြီ။

"သား ဘာလို့ ဒီလောက်တောင် ဆိုးချင်နေတာလဲ၊ ဘာလဲ မာမီ့ခြေရာနင်းနေတာလား"

"မ မဟုတ်ပါဘူး မာမီ"

"အဟင်း ဟင်း မင်း မာမီ့ခြေရာတော့မနင်းပါနဲ့ သား၊ မာမီ့ ဘဝက နောက်ဆုံးအချိန်ရောက်နေပြီ၊ သားက အခုမှ အညွန့်တလူလူ ပဲ ရှိပါသေးတယ်"

မာမီ့ရင်ထဲက မိဘတစ်ယောက်ရဲ့စကားကို ကြားတော့ သူ့ ရင်ထဲမှာ နင့်ခနဲ ခံစားရသည်။ မာမီသည် ရဲရင့်ပြောသလောက် မဆိုးဟု ထင်သည်။ မာမီ့မှာလည်း ခံစားချက်တွေ ရှိနိုင်၏။

"ကဲ မာမီ ရှိနေချိန်မှာ သား အိမ်မှာပဲနေပါကွယ်၊ မာမီ သားကို ပြောစရာစကားတွေ ရှိတယ်"

"မာမီ ဒီကို အပြီးပြန်လာတာမဟုတ်လားဟင်"

မာမီ ယဲ့ယဲ့လေး ပြုံးသည်။ ပြီးမှ ခေါင်းကိုခါရမ်းကာ သူ့ ဆံနွယ်တွေကို ပွတ်သပ်ရင်း

"မာမီ အပြီးပြန်လာဖို့ မဖြစ်နိုင်သေးဘူး သား၊ မာမီ ပြန်လာ တာ မာမီ့သားငယ်အတွက်၊ သားကို မာမီ ဥပေက္ခာပြုထားတယ် ထင်





နေသလား။ အင်းလေ မာမီ ဥပေက္ခာပြုသလို ဖြစ်ခဲ့ပါတယ်၊ ဒါပေမဲ့ မာမီ့ရင်ထဲမှာ သားက အမြဲရှိတယ်"

မာမီ့စကားတွေ မာမီ့မျက်ဝန်းထဲက မေတ္တာတွေက သူ တစ်ခါ မှ မပိုင်ဆိုင်ဖူးသော မိဘမေတ္တာတွေပဲဖြစ်မည်။

မာမီကို မြင်လိုက်ရချိန်မှာ မာမီ့ကို သူ သတ်မှတ်ထားခဲ့သော သတ်မှတ်ချက်တွေ ကင်းစင်ပျောက်ကွယ်ကုန်၏။ မာမီသည် သူ့ရဲ့မိခင် မေတ္တာဓာတ်တို့ ပေးစွမ်းနိုင်သော မိခင်ပဲဟု ယုံသည်။

"ကဲ သား ခရီးပန်းလာရောပေါ့၊ ခဏနားပြီး ရေမိုးချိုးလိုက် နော်၊ ပြီးရင် ထမင်းဝိုင်းမှာ ဆုံကြရအောင်"

"ဟော ရဲရင့်ကျော် ပေါ်တော်မူကိုယ်တော်လေး ဘယ်က ပေတေပြီး ပြန်လာတာလဲ"

ဧည့်ခန်းထဲ ဝင်လာသော မိန်းမတစ်ယောက်ကြောင့် သူကော မာမီပါ လှည့်ကြည့်မိ၏။ ရဲရင့်ကျော် ပြောသော အန်တီလေး ဒေါ်နှင်းနှင်း ဝေ ဆိုတာဖြစ်မည်။

"အန်တီလေး"

"မင်း တော်တော်ဒုက္ခပေးပါလား မောင်ရဲ့ မင်း ပြဿနာတွေ ကို ငါ ဒိုင်ခံရှင်းနေရတယ်"

"ကဲပါ ညီမလေးရယ် ထားလိုက်ပါတော့"

"မမက ဘာမှမသိဘဲ သူရှာထားတဲ့ ပြဿနာတွေက အများ ကြီး ကြည့်ပါ မမကိုယ်တိုင် ရင်ဆိုင်ရတော့မှာ"

"ငါ့သားရဲ့ပြဿနာတွေပဲ ငါ ရင်ဆိုင်ရမှာပေါ့၊ ကဲ သား ရှုပ်ည်းတွေသွားသိမ်း ပြီးရင် ရေမိုးချိုး ထမင်းဝိုင်းမှာ ဆုံမယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမီ့စကားကိုခေါင်းညိတ်ရင်း သူ ခရီးဆောင်အိတ်ကို ကောက်ယူပြီးမှ

"ဩော် အန်တီလေး ကျွန်တော် ဘယ်အခန်းမှာနေရမှာလဲ"

"အမလေးတော် အပိုတွေမေးနေပြန်ပြီ၊ မင်းအခန်းမှာပဲနေပေါ့"

"ဟိုလေ မာမီ့အတွက် စီစဉ်ပေးတဲ့အခန်းနဲ့ မှားမှာစိုးလို့ မေးတာပါ"

"မမက ညာဘက်အခန်းပဲ၊ မင်းဘာသာ ဘယ်ဘက်အခန်းမှာပဲနေပေါ့၊ ကျွန်မ ရှင်းလင်းပေးထားပါတယ်တော်"

မာမီရဲ့ညီမဝမ်းကွဲ ဒေါ်နှင်းနှင်းဝေက ရဲရင့်အပေါ်မှာတော့ အတော် စိတ်ကုန်ညစ်ညျူးနေတာ သေချာသည်။

ရဲရင့် ဆိုသော ညီကလည်း ဘယ်လောက်ဆိုးခဲ့သည်မသိ။

သူ ထပ်ရင်ဆိုင်ရဦးမည့် ပြဿနာတွေလည်း ရှိနိုင်တာ ကြို တွေးထားပြီးသား။

ဘာပဲဖြစ်ဖြစ် မာမီနှင့်ပြန်ဆုံချိန်လေးမှာ သူ အရာရာကို ရင်ဆိုင်ဖို့ တွေးထားသည်။

အခုလောက်ဆို ရဲရင့် သူ့နေရာမှာ အဆင်ပြေမည်လား။ နောက်မှပဲ ဖုန်းဆက်ကြည့်ရပါဦးမည်။

■ ■ ■

## အခန်း (၃၄)

"တံတိုင်း မနေ့က မင်းအခန်းထဲ မလာဘူး၊ ကောင်မလေး တစ်ယောက်နဲ့ ထွက်သွားတယ်ဆို"

"သူငယ်ချင်းပါကွာ ကျောင်းမတက်ချင်လို့ အင်းလျားဘက် သွားတာ"

နေရဲ သူ့ကိုမျက်မှောင်ကြီးကုပ်ကြည့်နေခဲ့သည်၊ သူကတော့ မသိကျိုးကျွံပြုရင်း ခုတင်မှာ ထိုင်ရင်း ဖုန်းလေးနှင့် ဂိမ်းကစားနေဆဲ။

"တံဘိုင်း"

"ဘာလဲ နေရဲရာ ဒီမှာကစားနေတာကို"

"ဟေ့ကောင် မင်းဘာတွေလုပ်နေတာလဲ၊ မင်း သွားတဲ့ သဲစုဆိုတဲ့ကောင်မလေးနဲ့သတင်းက ကျောင်းထဲမှာ ပျံ့နေပြီကွ"

"ဟာကွာ ရိုးရိုးသားသားကိစ္စကို လူတွေက ဘာပြောနေတာလဲ၊ အင်းလျားမှာ လူတွေပေါလို့ ငါက ဘာလုပ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာတွေပြောနေတာလဲ၊ မင်း ဒီလို တစ်ခါမှ မလုပ်ဖူးဘူး ဆိုတာ ငါသိတယ်၊ အားလုံး သိတယ်၊ မင်းရည်ရွယ်ချက်က ဘာလဲ"

နေရဲ ပြောတော့ သူ မော့ကြည့်ရင်း ဖုန်းလေးကို စားပွဲပေါ် လှမ်းတင်လိုက်ရသည်။ သူ့လုပ်ရပ်တွေက တံတိုင်းခနှင့် လွဲချော်နေပြီလား။

"တကယ်ဆို ဒီကိစ္စကို ပန်းသံစဉ် သိရင် မင်းဘယ်လိုရှင်းမလဲ"

"ငါဘက်က ရိုးသားပါတယ်"

"ဟော့ကောင် ရိုးသားတာ ပြဿနာမဟုတ်ဘူး၊ ပန်းသံစဉ်ကတော့ ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူး၊ ပြီးတော့ မင်းဘက်က ပန်းသံစဉ်ကိုတောင် ချစ်ရေးမဆိုရသေးဘဲ ဒီလို တခြားကောင်မလေးတွေနဲ့ ပတ်သက်နေတာ မကောင်းဘူး၊ မင်း စဉ်းစားနော်"

မမြင်ဖူးသေးသော ပန်းသံစဉ် အကြောင်းကို နေရဲ ဘာလို့ပြောနေသည်လဲ၊ တဒင်္ဂနေရသည့် အချိန်လေးမှာ ဒီကောင် ချုပ်ချယ်နေတာ လွန်နေပြီ။

"ငါ့ဇာတ် ငါနိုင်ပါတယ်ကွာ"

"ဘာပြောတယ် ဒါဆို မင်းက ပန်းသံစဉ်ကို တကယ် ချစ်တာမှဟုတ်ရဲ့လား၊ ဒါမှမဟုတ် အချိန်တန်ရင် မိဘတွေပေးစားမှာပဲဆိုပြီး အပိုင်တွက်ထားတာလား"

သူ မျက်မှောင်ကြီးကုပ်သွားရသည်။ ပန်းသံစဉ်က တံတိုင်းခကို မိဘတွေကြည်ဖြူထားသည့် မိန်းကလေးပေါ့။ ဒါကို သူ အခုမှပဲ သိတော့သည်။





"တံတိုင်း မင်း မဟုတ်သေးဘူး"

နေရဲ အပြစ်တင်တော့ သူ မျက်နှာချိုသွေးပြုံးပြရင်း စားပွဲပေါ်က စီးကရက်ဘူးကို လှမ်းယူဖွာရှိုက်လိုက်၏။

"မင်း စီးကရက်တွေ ပြန်သောက်တာလည်း မကောင်းဘူး။ မင်းဘာဖြစ်နေတာလဲ၊ မင်းပြောတော့ မင်းမိဘတွေနဲ့ အဆင်ပြေသွားပြီဆို"

"အေးပါ ငါ ဘာမှမဖြစ်ပါဘူး၊ ပန်းသံစဉ်ကိုလည်း ငါချစ်ပါတယ်၊ မနေ့ကကိစ္စက လူတွေအထင်လွဲတာပါ၊ ငါက ပန်းသံစဉ် ရှိနေရက်နဲ့ သဲစုကို စိတ်ဝင်စားစရာလား"

သူ ခပ်တည်တည်ပြောတော့ နေရဲ ယုံကြည်သွားခဲ့ပုံရှိသည်။

"အေး ငါက သတိပေးတာပါ"

"စိတ်ချ ငါ မင်းကိုနားလည်ပါတယ်"

နေရဲ တစ်ခုခုပြောဖို့ ကြံစည်တုန်း စားပွဲပေါ်က ဖုန်းလေးမြည်လာတာမို့ သူ ခုတင်ပေါ်က လူးလဲထ ကိုင်လိုက်ရ၏။

"ပန်းသံစဉ်ဆီကကွ ခဏ"

ပြောပြီး သူ ဖုန်းယူကာ ဝရန်တာလေးကို ထွက်ခဲ့လိုက်သည်။ တံတိုင်းခနှင့်ဒယ်ဒီတို့ သဘောတူထားသော မိန်းကလေးဆိုတော့ သူ သတိထား ဆက်ဆံရမည်။

"ဟဲလို တံတိုင်းခပါ"

"တံတိုင်း သံစဉ်ပါ၊ ဘာလို့ ဖုန်းမဆက်တာလဲ"

"ဟို ကိုယ် ဒီရက်အလုပ်တွေရှုပ်နေလို့ပါ၊ အခုတောင် ဖုန်းဆက်မလို့ သံစဉ် ဖုန်းက ဝင်လာလို့ ဝမ်းသာသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ရဲ့လား နန်းရို ပြောတယ်နော်၊ မနေ့က ကျောင်းသူ တစ်ယောက်နဲ့ တွေ့လိုက်တယ်ဆို''

''အဲဒါ နေရဲရဲ့ကိစ္စပါကွာ၊ ဒီကောင့်ကို လိုက်ရှာကြရင်း တခြား လူတွေမြင်ပြီး အထင်လွဲသွားတာ၊ သံစဉ်ရယ် ကိုယ့်ကို မယုံဘူးလား''

''ဘာကို ယုံရမှာလဲ''

''ကိုယ် သံစဉ်ကို ချစ်တာကိုလေ''

''ဗုဒ္ဓေါရေ ဒါ တံတိုင်း ရည်းစားစကား ပြောတာလား''

သူ သတိလက်လွတ် ပါးစပ်က လွှတ်ထွက်သွားခဲ့ပြီ။ အခုမှ တော့ မထူးတော့ပြီမို့

''သံစဉ်ရယ် ဖွင့်မပြောခင်ကတည်းက ရင်ထဲက ချစ်ခြင်းတွေ ကို သံစဉ် ရိပ်မိနေမယ် ထင်တာ''

''. . .''

''သံစဉ်''

''နားထောင်နေပါတယ် တံတိုင်း''

''ကိုယ့်ကို စိတ်ဆိုးသွားလားဟင်''

''အံ့သြသွားတာ ဒီလို ဖုန်းထဲက အလွယ်တကူကြီးပြောမယ် လို့ ထင်မထားဘူးလေ''

တံတိုင်းခ မဟုတ်သော သူနှင့်ဘယ်တူမှာလဲ။ ဒါကို သံစဉ် မသိရှာ။ ဒါပေမဲ့ ယုံကြည်အောင်တော့ ပြောရမည်။ တံတိုင်းခအတွက် တော့ ဒီလောက်တော့ အကျိုးဆောင်ထားရမည်။

''သံစဉ် မျက်နှာကိုမြင်ရင် ရင်ထဲက စကားတွေပျောက်ကုန် ရော၊ ဒါကြောင့် ဖုန်းထဲကပဲ အရဲစွန့်ပြောလိုက်တာ''





''ဒီလိုမှန်းသိရင် ဖုန်းမဆက်ပါဘူး''

''မရက်စက်ပါနဲ့ သံစဉ်ရယ်၊ တို့ရင်ထဲမှာ အရမ်းခံစားနေရတာ သံစဉ် မြင်ကြည့်ပေးပါ''

''ဖုန်းထဲက ဘယ်လိုမြင်ရမှာလဲ တံတိုင်းရဲ့''

''ဒါဆို တို့အခုချက်ချင်းလာခဲ့မယ် လာခဲ့ရမလား''

''အို မဟုတ်တာ ညကြီးမိုးချုပ်''

''အချစ်ဆိပ်က ညကြီးမိုးချုပ်တက်နေတာကိုး''

''တံတိုင်း စကားတွေအရမ်းတတ်နေပါလား၊ တံတိုင်း ဒီလောက် ပြောတတ်မယ် မထင်ဘူး''

''အဟွန်း သံစဉ်ကိုချစ်စိတ်နဲ့ ရင်ထဲက ပွင့်ကျကုန်တာ ကဲ သံစဉ် အဖြေလေးကို ရင်ခုန်ခွင့်ပေးပါ''

''မရဘူးလေ ဒီလောက်အထိ သံစဉ်အချစ်ကို တန်ဖိုးမလျှော့ စေချင်ဘူး စဉ်းစားဦးမယ်''

''ဟာကွာ မျှော်လင့်ရတာ ရင်မောစေတယ်''

''တံတိုင်း ဘယ်လောက် ဖွဲ့ရှိသလဲဆိုတာ စောင့်ကြည့်ဦးမယ်''

''အိုကေ သံစဉ်အတွက် တို့က ဘယ်အရာမှာမဆို သူရဲကောင်း ဆိုတာ သိလာမှာပါ''

သူ ဖုန်းချရင်း ပြုံးလိုက်မိသည်။ ပန်းသံစဉ် ဆိုသော ကောင် မလေး ရင်ဘတ်ထဲကို သူ မြင်ပြီးသား။ ဒီကောင်မလေး ရင်ထဲမှာ တံတိုင်းခကိုချစ်သည့်စိတ်က ရှိနေပြီးသား။

တမင်ဟန်ဆောင်တတ်ကြတာ မိန်းကလေးတွေရဲ့သဘာဝ။ သူတို့အလုပ်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



မပူနဲ့ တံတိုင်းခရေ မင်းအတွက် အိုကေမှာပါ။ မင်းပြန်လာရင်တော့ ငါ့ကိုကျေးဇူးတင်တော့။

ငါက မင်းအတွက် မြားနတ်မောင်လေးပဲပေါ့ကွာ။

■ ■ ■

## အခန်း (၃၅)

သူ ရေချိုးခန်းထဲက အတွက်မှာပဲ ကြားလိုက်ရသော ညှော်ခန်းထဲက အသံတွေကြောင့် တုံ့ခနဲ ဖြစ်သွားခဲ့သည်။

အသေအချာ နားစွင့်ထားတော့ မာမီနှင့် လူစိမ်းယောကျ်ား တစ်ယောက်အသံတွေ ဖြစ်နေ၏။

"နေပါဦး သားက မင်းတို့ကို အကြွေးပေးရမယ်ဆိုတာ တကယ်ပဲလား"

"လိမ်ညာလို့မှ မရပဲ အန်တီ၊ ရဲရင့်ကို မေးကြည့်ပါ"

ပြဿနာတော့ ရှုပ်ပြီ။ ရဲရင့် ဘာဗယားတွေ ရှုပ်နေသည်လဲ။ သူ သဘက်တစ်ထည် ပခုံးမှာ လွှားပြီး ထွက်ခဲ့လိုက်သည်။

"ဟော့ကောင် ရဲရင့် ဒီမှာ လာရှင်းကွာ"

သူ့ကို ရဲရင့်ဟုထင်နေသော ပုဂ္ဂိုလ်က လှမ်းမြင်ကာ ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပုံစံတွေက တကယ့် ပေပေတေတေ ပုံတွေ။ ဝတ်ဆင်ထားသော တီရှပ်လက်ပြတ် အပြင်က အသားတွေမှာ ဆေးမင်ကြောင်တွေက ဗရွ

"သား လာဦး သူတို့ပြောတာ မှန်သလား"

"ဘာလဲ ဘာကိစ္စလဲဗျ"

"ရဲရင့် အူတူတူမလုပ်နဲ့၊ မင်းပေးရမယ့် ငွေဆယ့်ငါးသိန်းပေး မယ်ဆို၊ မင်းမာမီပြန်လာရင် ချက်ချင်းပေးမယ်ဆိုကွဲ"

"ဆယ့်ငါးသိန်း"

"အေးလေ မင်း မသိသလို ရူးသလို မလုပ်နဲ့၊ ငါ့အကြောင်း မင်းသိပါတယ်၊ ယူတုန်းကလိုပဲ မင်း ပြုံးပြုံးလေး ပြန်ပေးဖို့ လိုတယ်"

ငွေဆယ့်ငါးသိန်းတောင် ရဲရင့် အကြွေးတင်သတဲ့လား။ ဒီငွေ တွေကို ဘာလုပ်လိုက်တာလဲ သူမသိ။ ရဲရင့်ပဲ အသိဆုံးဖြစ်မည်။

"ကဲ ကောင်းပြီ မင်းတို့ရစရာရှိတာကို တစ်ခါတည်း ပေးလိုက် မယ် ဟုတ်လား"

မာမီ ပြောရင်း အခန်းထဲ ဝင်သွားသည်။ မာထန်နေသော ဆေးမင်ကြောင်ပုဂ္ဂိုလ်မျက်နှာက ပြေလျော့ကာ သူ့ကိုကြည့်၏။

"ရဲရင့် မင်းမာမီက နားလည်သားပဲ"

"နေပါဦး ခင်ဗျား ရစရာရှိတာ အဲဒီလောက် ဟုတ်ရဲ့လား"

"ဟော့ကောင် လောင်းကစားဝိုင်းမှာ မင်းကို ငါ ထုတ်ချေး တာလေ၊ စောင့်ရတာပဲ သုံးလလောက်ရှိပြီ၊ ဘာလဲ အကြွေးတွေပိုင်ပြီ မင်း မေ့ပစ်ချင်တာလား"

သူ ဘာမှမပြောနိုင်ခင်မှာဘဲ မာမီ ပြန်ရောက်လာကာ ငွေ စက္ကူထုပ်တွေကို စားပွဲပေါ် ဘုတ်ခနဲ ပစ်တင်သည်။





"အားလုံး ဆယ့်ငါးသိန်း မင်းနဲ့သားတို့အကြွေး ကင်းပြီလား"

"ဟုတ်ကဲ့ ကင်းပါပြီ အန်တီ"

"အေး တစ်ခုပြောမယ် ပြဿနာကင်းပြီဆိုရင် ငါ့သားကို ဘာမှထပ်ရန်မရှာနဲ့၊ နောက်ထပ် အကြွေးရစရာရှိတဲ့လူရှိရင်လည်း လွှတ် လိုက် ရဲရင့်အမေက ရှင်းပေးမယ်လို့"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျော်ကြီးတို့ လာကြပါလိမ့်မယ်"

ဆေးမင်ကြောင်ပုဂ္ဂိုလ်က နံဘေးက အဖော်ကို မျက်စပစ်ပြကာ ငွေထုပ်ယူကာ ပြန်သွားခဲ့၏။

မာမီ ဘူးထဲက စီးကရက်တစ်လိပ်ယူကာ မီးညှိဖွာရှိုက်ရင်း သူ့ကို ကြည့်နေတော့ သူ မာမီကိုတောင် မကြည့်ရဲပါ။

"သား ရဲရင့် မင်းပြဿနာတွေ မာမီ အားလုံးရှင်းပေးမယ်၊ ပြီးရင် မင်းဘဝကို အသစ်ပြန်စဖို့အတွက်လည်း မာမီ လုံလောက်တဲ့ ငွေပေးခဲ့မယ်၊ မင်း ဒီမြို့မှာမနေတော့ဘဲ တခြားနေရာသစ်မှာ ရှင်သန် ကြိုးစားပါ သား"

"ဟင် မာမီကကော"

"မာမီက စင်ကာပူပြန်ရမယ်၊ နောက်လည်း မကြာခဏ လာ ဖို့ မလွယ်တော့ဘူး"

"ဗျာ"

"ဟုတ်တယ် သား၊ မာမီ သားကို ငယ်ငယ်က တာဝန်မကျေ ခဲ့ဘူး၊ ဒါတွေကို မာမီ တောင်းပန်တယ်၊ ဒါကြောင့် အခု သားကို မာမီ ပြန်ပေးဆပ်နေတာ၊ သား လိမ္မာသွားတာပဲ မာမီ မြင်ချင်တယ်"

မာမီ့ကိုငေးကြည့်ရင်း သူ ကြောင်တွေနေသည်။ ညီလေး ရဲရင့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပြဿနာတွေကို မာမီ ငွေထုပ်ပိုက် လာရှင်းပေးနေတာတဲ့လား။ ပြီးတော့ ရဲရင့်ကို ယုံကြည်စိတ်ချစွာ ငွေပုံပေးထားခဲ့မည်လား။

ရဲရင့်အတွက်တော့ မြင်းကိုချိတပ်ပေးလိုက်သလိုပဲ ဖြစ်သွားမှာ မာမီ မတွေးတော့ဘူးလား။

မေးချင်သည့် မေးခွန်းတွေ ရင်ထဲမှာ ပြည့်နှက်နေပေမယ့် သူ မမေးရက်ခဲ့ပါ။

မာမီ သိထားသော သူသည် ရဲရင့်ပဲဖြစ်၏။ မာမ့်ရင်ထဲမှာ တံတိုင်းခဆိုသော အမွှာသားကြီးရှိတာ လုံးဝ မေ့ထားပြီလား။

''သား အဝတ်အစား သွားလဲတော့၊ အအေးပတ်ပြီး ဖျားနေမယ်''

မာမ့်စကားကို ခေါင်းညိတ်ကာ သူ အခန်းထဲ လှည့်ထွက်ခဲ့ရ၏။ မာမီရဲ့ကရုဏာစကားနှင့် ကြင်နာမှုတွေကို ဒီရက်တွေမှာ သူ ပိုင်ဆိုင်နေခဲ့ရသည်။

ဒါပေမဲ့ ဒါက သားငယ်ရဲရင့်ကိုပဲ မာမီ ပေးဆပ်နေခြင်းတွေဖြစ်သည်။ မာမ့်အနားမှာ ရှိနေသူက တံတိုင်းခဟု မာမီ သိသွားလျှင်တော့. . .။

မာမီရယ် သားရင်ထဲမှာ မာမီရဲ့မေတ္တာတရားတစ်ခုကိုပဲ ပိုင်ဆိုင်ချင်တာပါ မာမီရယ်။

■ ■ ■



## အခန်း (၃၆)

အပြစ်ဆိုလို့ မြူတစ်မှုန် မထင်သော မျက်နှာလေးကို မြင်လိုက်ရတော့ သူတောင် သတိလက်လွတ် ငေးမိသွားခဲ့သည်။

ပန်းသီစဉ်ဆိုသော နာမည်လေးနှင့်လိုက်ဖက်အောင် သူမ မျက်နှာလေးက ပန်းလေးတစ်ပွင့်လို နုဖတ်ချောမောသည်။

အပြုံးရိပ်လေး ဖြာသော မျက်နှာလေးက ညှို့ငင်နေတာ မဟုတ်ဘဲ ဖမ်းယူနိုင်စွမ်းသည်။

တံတိုင်းခကတော့ ကံကောင်းလွန်းသူတစ်ယောက်ဟု သူ မှတ်ချက်ချမိ၏။

''နန်းရိ မပါဘူးလား တံတိုင်း''

ကင်တင်းနံမှာ သူတစ်ယောက်တည်း တွေ့တော့ တံတိုင်းဟုထင်မှတ်ကာ ပန်းသီစဉ်က မေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နန်းရီလား သူ့သူငယ်ချင်းတစ်ယောက် ခေါ်လို့ လိုက်သွားရတယ်"

"တကယ် ဟုတ်ရဲ့လား၊ တမင်ရှောင်ပေးသွားတာလား"

မယုံသင်္ကာ မျက်ဝန်းလေးနှင့် မေးသည်။ မျက်နှာလေးက ပြုံးယဲ့ယဲ့လေး ဖြစ်နေသည်။

"မပြောတတ်ဘူးလေ၊ သူဝင်နှလိုက်မှာစိုးလို့ထင်တယ်"

"ဟင် ဘာဆိုင်လို့လဲ"

"မသိဘူးလေ ချစ်သူတွေ ကြားမှာ အနှောင့်အယှက်ပေးတဲ့သူဆို ပြောကြတဲ့စကား ရှိတယ်၊ ဘာရယ် စိန်ကောင်းကျောက်ကောင်းရောင်းဝယ်တဲ့ကြားမှာ ဆေးရိုးသည်ကန့်လန့်ဆိုလား၊ နန်းရီက ဆေးရိုးသည် ဖြစ်မှာစိုးလို့ ထင်တယ်"

သူ့စကားကြောင့် ပန်းသံစဉ် မျက်နှာလေး ပန်းနုရောင်သမ်းသွား၏။ နုညက်သော ပါးနုနုလေးတွေပေါ်က သွေးကြောလေးတွေက စိမ်းမြနေတာ ရင်ခုန်မြတ်နိုးစရာ။

"သံစဉ် အရမ်းလှတာပဲ"

"အို"

"ဟုတ်တယ် ကိုယ့်ရင်တွေ စည်တီးသံမြည်နေပြီ"

ပန်းနုရောင် မျက်နှာလေးက ပန်းသီးအနီရဲရဲလေးလို ဖြစ်သွားပြန်သည်။ ဘာမှ မပြင်ဆင်ဘဲ လှပသောအလှတွေဆိုတာ နီးနီးကပ်ကပ်မြင်မှပဲ သူ မှတ်ချက်ပြုမိ၏။

"တံတိုင်း"

"ပြောလေ သံစဉ်"





"တစ်မျိုးပဲ တံတိုင်းစကားတွေ အရမ်းတတ်နေသလိုပဲ"

သံစဉ် စကားကြောင့် သူ တွန့်ခနဲ ဖြစ်သွားရသည်။ သူ့လုပ်ရပ်တွေက တံတိုင်းခထက် အလွန်ဖြစ်နေသည်လား။

"ဆောရီးကွာ တကယ် ခံစားနေရတော့ ရင်ထဲက မပြောဘဲ မနေနိုင်လို့ပါ"

"ကဲပါ ဒါတွေထားတော့ လာမယ့်ဆန်းဒေး တံတိုင်း အားသလား"

"ကျောင်းပိတ်ရက်ပဲ ဘာလုပ်မလို့လဲ"

"သံစဉ် ရွှေတိဂုံစေတီတော် သွားချင်လို့"

ဆန်းဒေးမှာ သဲစုနှင့်မနက်ပိုင်း ချိန်းထားသည်။ ညနေကျ နုဒီဝင့်နှင့် ဆုံဖို့ရှိသည်။ ဒါပေမဲ့ ပန်းသံစဉ် ချိန်းဆိုတာကို ငြင်းပယ်နိုင်စွမ်းမရှိတာမို့

"သွားလေ လိုက်ပို့မှာပေါ့"

"ဒါဆို တံတိုင်း အိမ်ကပဲစောင့်၊ သံစဉ် လာခေါ်မယ်လေ၊ သံစဉ့်ကားနဲ့ပဲ သွားကြတာပေါ့"

"အိုကေ"

ပန်းသံစဉ်နှင့်သူ ဆုံတွေ့ ဆက်ဆံနေခြင်းတွေက တံတိုင်းခအတွက် ဆိုတာကို မေ့လျော့ပစ်ချင်လောက်အောင် စိတ်တွေက ယိမ်းယိုင်သွားခဲ့တာ မကြာခဏ။

နေရဲကို အစ်အောက်ရင်း သိရှိထားသော ပန်းသံစဉ်၏အကြောင်းတွေကိုလည်း သူ သိထားသည်။

တစ်ဦးတည်းသော သမီး၊ မိဘတွေက ကျိုက်ဆက်ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပန်းသံစဉ်သည် ဘာမှလိုအပ်ချက်မရှိအောင် ပြည့်စုံသော မိန်းကလေးပါပဲ။

ဒီလို မိန်းကလေးနှင့်တစ်ဘဝတာ ပေါင်းဖက်ရမည့် တံတိုင်းခကတော့ သိပ်ကံကောင်းသည်။

ရဲရင့်ကျော်ဆိုသော သူကတော့ အချိန်တန်လျှင် ထောင်ဖယ်ကာရင်ဆိုင်ရမည့် ဒုက္ခတောကြီးကအသင့်။

မာမီ့ကိုလည်း အားကိုးမရတာ သိသည်။ သူ့ကို ကာလများစွာ ဥပေက္ခာပြုထားသော မာမီကိုလည်း သံယောဇဉ် မရှိချင်ပါ။

ဒါတွေကို တွေးမိတော့ ရင်ထဲမှာ မောဟိုက်နုံးချိချင်လာသည်။

လက်ရှိမှာ တံတိုင်းခ ဘယ်လို စခန်းသွားနေသည်လဲ။

သူ့မှာတော့ တံတိုင်းခ ပြန်လာမှာ ကြောက်လေလေဖြစ်နေသည့် အဖြစ်မှာ . . . ။

■ ■ ■

## အခန်း (၃၇)

ဘုရားသွားကြဖို့ ပန်းသံစဉ် လာခေါ်မည်ဆိုတာကြောင့် သူ ခေါင်းမိုးချိုးပြီး ပြင်ဆင်နေတုန်း ဖုန်းက မြည်လာသည်။

သံစဉ်ပဲ လှမ်းဆက်သည်လား။ ဖွင့်နားထောင်တော့ ကြားလိုက်ရတာ တံတိုင်းခ။

"ရဲရင့် ညီ ငါ တံတိုင်းပါ"

"ဗြော် အင်း တံတိုင်း ဘာကိစ္စလဲ အဆင်ပြေလား"

"ငါလား အဆင်ပြေပါတယ်၊ ဒါပေမဲ့ မင်းရဲ့ပြဿနာတွေက နည်းပါလား ဒီမှာ အကြွေးကိစ္စတွေ ငါ ရှင်းနေရတယ်"

"ကြည့်ကောင်းအောင် ပြောထားကွာ၊ ငါလည်း ဒီမှာအဆင်ပြေပါတယ်"

"မင်း ဒယ်ဒီနဲ့တွေ့သေးလား ညီ"

www.burmeseclassic.com



"ဖုန်းဆက်တော့ စကားပြောဖြစ်ပါတယ်၊ လူချင်းတော့ မတွေ့ရသေးဘူး"

"အေး နေရဲနဲ့ကော"

"ပြေပါတယ် သူ မရိပ်မိပါဘူးလေ"

"ညီ မင်းကိုငါ ပြောစရာ မေ့သွားတယ်၊ ဟိုကွာ ပန်းသံစဉ်ကိစ္စ"

ရဲရင့် ရင်ထဲထိတ်သွားသည်။ စိတ်ထဲမှာလည်း လိပ်ပြာမလုံသလို ဖြစ်သွားရတာမို့

"ပန်းသံစဉ်ဆိုတာလား နေရဲ ပြောလို့ သိထားတယ်၊ မင်းနဲ့ ဒယ်ဒီတို့ သဘောတူထားတဲ့သူမဟုတ်လား"

"ဪ အေး မင်းက ဒါတောင်သိတားတာပဲ"

"သိရမှာပေါ့ကွာ မင်းကိစ္စပဲ၊ မပူပါနဲ့ ငါ အဆင်ပြေအောင် ကြည့်ကထားပါတယ်၊ မင်း မာမိနဲ့အဆင်ပြေလား"

"ပြေတယ် ညီ၊ မာမီကတော့ ငါ့ကိုမင်းပဲထင်ပြီး တော်တော်လိမ္မာသွားတယ်တဲ့ကွ"

ရဲရင့် ပြုံးလိုက်မိသည်။ တံတိုင်းခ ပုံစံနဲ့တော့ မာမီက သဘောကျနေမှာပဲဖြစ်သည်။ သူကတော့ မာမီ့အနားမှာ နေလို့မရခဲ့သူ။

"ကောင်းပါတယ် ဒါဆို မင်းဆန္ဒပြည့်တာပေါ့"

"အေး ဒါပေမဲ့ ငါ ကျောင်းပျက်နေတာ ဆယ်ရက်လောက်ရှိနေပြီ၊ နောက်ထပ် အကြာကြီး နေလို့မဖြစ်ဘူး"

"ဟင် မင်း ပြန်လာတော့မှာလား"

သူ့ အိပ်မက်က လန့်နိုးသူလို အထိတ်တလန့် မေးမိသည်

စိုးမိုး၁၁ဝေပ



တံတိုင်းခသာ ပြန်ရောက်လာလျှင် သူ့ဘဝက သွားပြီ။

"အင်း အလွန်ဆုံး တစ်ပတ်လောက်ပဲပေါ့ကွာ၊ မာမိနဲ့နေရတဲ့ အချိန်တွေကို ငါ ကျေနပ်နေတယ်"

ဒါဆိုလည်း မင်းနဲ့ငါ တစ်သက်လုံး နေရာလဲလိုက်ရအောင်ဟု ပြောလိုက်ချင်သည်။ တံတိုင်းခ ပြန်လာမည်ဆိုကတည်းက ပျော်နေသော စိတ်တွေပျောက်လုလု။

"ညီ ငါ ပြန်မလာခင်မှာ မင်းအဆင်ပြေအောင် ဆက်နေပေးပါကွာ၊ အဲ အရေးကြီးတာ သံစဉ်ကိစ္စပဲ၊ သူ မရိပ်မိအောင် အလိုက်သင့် ဆက်ဆံပေးကွာ"

"ငါ သဘောပေါက်ပါတယ် စိတ်ချ"

"ကောင်းပြီ ညီ၊ မကြာခင်မှာ ငါတို့ညီအစ်ကို ပြန်ဆုံမယ်၊ အဲဒီအခါကျ နှစ်ယောက်စလုံးအတွက် ပျော်စရာတွေ ပိုင်ဆိုင်ရမှာပါ"

ပင့်သက်ရှိုက်ကာ ဖုန်းပိတ်လိုက်ရပေမယ့် ရင်ထဲမှာတော့ မောဟိုက်နုံးချိသွားရသည်။

တံတိုင်းခ ပြန်လာလျှင် ပျော်စရာတွေ ပိုင်ဆိုင်ရမည်တဲ့လား။ သူ့အတွက်တော့ ပျော်စရာမဖြစ်နိုင်ပါ။ အပူအပင် ကင်းသောဘဝက သူ ပြန်ကျောခိုင်းရမှာ ပျော်စရာလား။

အိမ်ရှေ့ခန်းက ကားသံကြောင့် သူ့ အခန်းထဲက ထွက်ခဲ့တော့ အန်ကယ်ကြီးတစ်ယောက် လက်ထဲမှာလည်း အိတ်တွေ၊ ချိုင့်တွေနှင့် ရှုပ်နေ၏။

"သား ဒီနေ့ ဘယ်မှမသွားဘူးလား"

သားဟူသော ခေါ်သံကြောင့် ရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရ

စိုးမိုး၁၁ဝေပ

www.burmeseclassic.com



တာ အမှန်။ ဒါ ဒယ်ဒီပဲပေါ့။ ရွှေကိုင်းမျက်မှန်ထဲက ဒယ်ဒီ့မျက်ဝန်းတွေထဲမှာ နွေးထွေးသောအရိပ်တွေ ရှိနေ၏။

"အ အခုပဲ အပြင်သွားမလို့ ဒယ်ဒီ"

"ဪ် အေး ဒယ်ဒီ သားစားဖို့ ဟင်းတွေလာပို့တာ၊ သား အန်တီနွယ်ကလည်း ပထမလိုက်မလို့၊ အလုပ်ကိစ္စ အရေးပေါ်တာနဲ့ နေရစ်ခဲ့ရတာ"

ဧည့်ခန်းထဲဝင်လာကာ ချိုင့်တွေ အိတ်တွေကို စားပွဲပေါ်တင်သည်။ ပြီးတော့ သူ့ကိုငေးငေးလေးကြည့်ရင်း

"သား ကျောင်းပိတ်ရက်တွေ အိမ်လာမယ် ထင်နေတာ"

"ဟို ကျွန်တော် မအားသေးလို့ပါ၊ ဟို ကျူရှင်တွေတက်နေလို့"

"ဪ် ဟုတ်လား ရပါတယ်ကွာ၊ ဒါနဲ့ သားရဲ့ညီဆီက ဖုန်းလာသေးလား"

"ဗျာ အဲ မလာဘူး ဒယ် ဒီ"

"အေးကွာ ဒယ်ဒီလည်း တွေ့ချင်နေတာ၊ မဆက်သွယ်သောတော့လည်း ဘယ်တတ်နိုင်မလဲ သားရယ်"

ဒယ်ဒီ တွေ့ချင်သော ရဲရင့်ကျော်က ဒယ်ဒီ့ရှေ့မှာရှိနေသောသိလျှင် ဘယ်လိုနေမည် မသိပါ။ နှစ်ဦးစလုံး နှုတ်ဆိတ်နေခိုက်မှာပဲ ခြံထဲကို ပါဂျဲရိုးကားပြာလေး မောင်းဝင်လာ၏။

"ဟော သမီးလေးပါလား"

ဒယ်ဒီ့မျက်နှာ ဝင်းခနဲ လက်ဖြာသွားကာ ကားပေါ်ကဆင်းလာသော သံစဉ်ကို ပြုံးနှုတ်ဆက်သည်။ သံစဉ်ကလည်း ဒယ်ဒီ့ကိုမြင်သော ပြုံးပြုံးလေး နှုတ်ဆက်၏။





"အန်ကယ် တံတိုင်းဆီ လာတာလား"

"ဟုတ်တယ် သမီး၊ စားစရာတွေ သားအတွက် လာပို့တာလေ သမီးရော"

"ဒီနေ့ ဘုရားသွားမလို့ တံတိုင်းကို လိုက်ပို့ခိုင်းထားတာ"

"ဪ် သားနဲ့သမီး သွားကြမလို့လား။ ကောင်းတယ် ကောင်းတယ် ဒယ်ဒီလည်း ပြန်တော့မယ် သား"

"ဟုတ် ဟုတ်ကဲ့"

ဒယ်ဒီ အလိုက်သင့်ရှောင်ထွက်သွားတာဟု သူ နားလည်သည်။ သူနှင့်ပန်းသံစဉ်ကို ကြည်ဖြူထားသော အရိပ်တွေ ဒယ်ဒီ့မျက်နှာက ဖုံးဖိမရအောင် ထင်နေသည်။

တကယ်တမ်း ပန်းသံစဉ် အနားမှာရှိနေသူက တံတိုင်းခမဟုတ်ဟု ဒယ်ဒီသိလျှင် ဒီလိုပြုံးနိုင်မည်လား။

"တံတိုင်း သွားကြမယ်လေ"

"ဪ် အင်း သွားကြမယ် သံစဉ်"

မော့ကြည့်ပြုံးပြသော မျက်နှာလေးက နုညက်ချောမောလွန်းသည်။ ဒါပေမဲ့ ထိုအလှတရားတွေက သူနှင့်ဘာမှမသက်ဆိုင်ဟု ခံစားသိလိုက်ရချိန်မှာ. . .။

မကြာခင် လူမှန်နေရာမှန်မှာ သူ့ အိပ်မက်က နိုးရတော့မည်ထင်ရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"သားပြောတာ မဖြစ်နိုင်ဘူး သား"

မာမီ၏ယတိပြတ် ငြင်းဆိုသော စကားကြောင့် သူ့ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ မာမီ၊ မာမီ သားကိုချစ်တယ်ဆိုရင် မြန်မာပြည်မှာပဲ အပြီးနေလိုက်ပါ"

"မဖြစ်ပါဘူး သား၊ သားကိုလိုက်ခဲ့ဖို့ မာမီ ခေါ်ပေမယ့် သားက မလိုက်နိုင်ဘူးလေ၊ ဒါကြောင့် သားအတွက် အဆင်ပြေမယ့်နည်းလမ်းကို မာမီ လုပ်ပေးနေတာ"

"အဆင်ပြေတဲ့နည်းလမ်း ဟုတ်လား မာမီ၊ ကျွန်တော် ပေးစရာရှိတဲ့အကြွေးတွေ ပေးဆပ်ပြီး ကျွန်တော် ရှင်သန်ရပ်တည်ဖို့ မာမီ ရှေ့ပေးခဲ့မှာလား"

"ဟုတ်တယ်လေ သား၊ လိမ္မာဖို့ပဲ လိုတယ်၊ အခုလည်း မာမီ



သား လိမ္မာနေပါပြီ၊ အရင်လို မဟုတ်တော့တာ သေချာတယ်"

သူ့ကို ရဲရင့်ဟုပဲ ထင်ကာ မာမီ ပြောနေခဲ့တာ သူ ဘယ်လို ရှင်းပြရမည်လဲ။ တကယ်ဆို မာမီ မျှော်လင့်နေသော ဆန္ဒတွေက ရဲရင့်နှင့် မဖြစ်နိုင်ဆိုတာ သူ တွက်ဆမိပြီးသား။

မိခင်နှင့်ကင်းဝေးနေသော ညီလေးမှာ နာကျည်းချက်တွေ ခံစားချက်တွေ အစိုင်အခဲတွေရှိသည်။

ဒါကြောင့်လည်း ထင်ရာစိုင်းကာ လုပ်ချင်တာတွေ လုပ်နေခဲ့တာ ဖြစ်သည်။ မာမီ ရှင်းပေးခဲ့ရသော လောင်းကစားအကြွေးတွေကပဲ သိန်းသုံးဆယ်လောက်ရှိသည်။

"သား မာမီနဲ့မလိုက်နိုင်မှတော့ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်အောင်ပဲ ကြိုးစားတော့ပေါ့ကွယ်"

"မာမီ ကျွန်တော့်ကို မာမီ သံယောဇဉ်ပြတ် စွန့်နိုင်သလို မာမီရဲ့ဝမ်းနဲ့လွယ်မွေးထားတဲ့ နောက်ထပ်ရင်သွေးကိုလည်း မာမီ စွန့်နိုင်တဲ့သဘောလားဟင်"

သူ့စကားကြောင့် မာမီ့မျက်ဝန်းတွေ ဝိုင်းစက်သွား၏။ ပင့်တက်သွားသော မျက်ခုံးတွေအောက်က မျက်ဝန်းတွေက အတိတ်ပုံရိပ်တွေကို ပြန်သတိရသွားစေသည်လား။

"သားမှာ ရှိနေတဲ့အမွှာအစ်ကို မာမီ တစ်သက်လုံး မေ့ပစ်နိုင်သလားဟင်"

"ရဲရင့်"

"တောင်းပန်ပါတယ် မာမီ၊ မာမီ မကြိုက်ပေမယ့် သားပြောခွင့်ပေးပါ၊ သားမှာ ဒယ်ဒီနဲ့အစ်ကို ရှိနေသေးတာ မာမီ မေ့ထားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သား မေ့မထားဘူး''

မာမီ သူ့ကို ငေးစိုက်ကြည့်ရင်း မျက်ဝန်းတွေထဲက မျက်ရည်တွေ စီးကျလာ၏။

''မာမီ မငိုပါနဲ့''

''အဟင့် ဟင့် သားရယ်၊ တကယ်ဆို အားလုံးက မာမီ့အမှားတွေပါကွယ်၊ မာမီ့အမှားတွေထဲမှာ သားလေးကို နှစ်မွန်းစေခဲ့တာက အမှားဆုံးပါပဲ၊ မာမီ့သားကို မခွဲခဲ့သင့်ပါဘူး၊ သားဒယ်ဒီနဲ့ထားရစ်ခဲ့သင့်တာပါ၊ သူ့ကို အရွဲ့တိုက် ဒုက္ခပေးချင်စိတ်နဲ့ သားကို ဖွတ်ခေါ်ခဲ့ပေမယ့် မာမီ တာဝန်မကျေခဲ့ဘူး''

မျက်ဝန်းထဲက ခံစားချက် မျက်ရည်တွေနှင့် မာမီ ရင်ဖွင့်နေတော့ သူလည်း မျက်ရည်တွေကြားက နားထောင်နေမိဆဲ။

''မာမီကြောင့် သား စိတ်သောကတွေ ဖြစ်ခဲ့ရတယ်၊ ဆင်းရဲခဲ့ရတယ်၊ ဒါတွေကို မာမီ နောင်တရမဆုံးပါဘူး''

''မာမီ ရင်ထဲမှာ ဒယ်ဒီနဲ့ ကျန်ရစ်ခဲ့တဲ့ အစ်ကို ရှိနေတုန်းပဲလားဟင်''

''သားလေးရယ် မာမီ ဝမ်းနဲ့လွယ်မွေးခဲ့တဲ့ သားကနှစ်ယောက်တည်းပါကွယ်၊ အမွှာညီအစ်ကို ဖြစ်တဲ့ သားငယ် မျက်နှာကိုမြင်တွေ့နေရတာလည်း မာမီ သားကြီးကိုတွေ့နေရသလိုပါပဲ မာမီ့သားကြီးကိုလည်း မာမီ သိပ်ချစ်တာပေါ့''

''ဟာ ဝမ်းသာလိုက်တာ မာမီရယ်''

သူ မာမီ့ကို တင်းတင်းပွေ့ဖက်ရင်း ဆိုမိတော့ မာမီကလည်း သူ့ကို တင်းတင်းပွေ့ဖက်ထားရင်း





''ဒါပေမဲ့ သားကြီး မျက်နှာလေးကို မာမီ ဘယ်တော့မှ မြင်ခွင့်မရတော့ပါဘူး၊ ဒါ မာမီ အမှားကြောင့် ဆုံးရှုံးခဲ့ရတဲ့အပြစ်ဒဏ်ပါ၊ ဒါပေမဲ့ မာမီ သားကြီးကို မာမီ ရင်ထဲမှာ ချစ်နေဆဲပါ သား''

''မာမီ''

ရင်ခွင်ထဲက ခေါင်းမော့ကြည့်ကာ သူ ခေါ်တော့ မျက်ရည်စတွေကြားက မာမီ ခေါင်းငုံ့ကြည့်လာ၏။

''သားက မာမီရဲ့သားကြီး တံတိုင်းခဆိုရင်ကောဟင်''

''ဟင် ဘယ်လို သား''

''ဟုတ်ပါတယ် မာမီ၊ မာမီရင်ထဲမှာ ချစ်တယ်ဆိုတဲ့ မြင်ဖူးချင်တယ်ဆိုတဲ့ သားကြီး တံတိုင်းခ ဆိုတာ ကျွန်တော်ပါ''

မာမီ မယုံနိုင်သလို သူ့မျက်နှာကို စိုက်ကြည့်ပွတ်သပ်နေခဲ့သည်။

''သားနဲ့ရဲရင့်တို့ ဆုံတွေ့ပြီး မာမီ့အနားမှာ နေချင်စိတ်နဲ့ မာမီမျက်နှာကို မြင်ချင်စိတ်နဲ့ ကျွန်တော် လာခဲ့တာပါ၊ ညီလေး ရဲရင့်က နန်းကုန်က ကျွန်တော့်နေရာမှာပါ''

''သား သားကြီး တကယ်ပြောတာလား''

''တကယ်ပါ မာမီ ညီလေးကိုလည်း ဒယ်ဒီက တွေ့ချင်နေပါတယ်၊ မာမီ့ကိုလည်း သား မြင်တွေ့ချင်စိတ်နဲ့ ရောက်လာခဲ့တာပါ''

''သား သားကြီးရယ်''

မာမီ့လက်တွေက သူ့မျက်နှာကို ပါးပြင်နှစ်ဖက်ဖြင့် ပူးကပ်အုပ်မိုးရင်း တစိမ့်စိမ့် ကြည့်သည်။

တဆတ်ဆတ် တုန်နေသော မာမီ့နှုတ်ခမ်းတွေ ပြုံးနေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက မျက်ရည်တွေ စီးကျနေဆဲ။

"မာမီ့သားကြီး တံတိုင်းခ တဲ့လား"

သူ့မျက်နှာအနှံ့ မျက်ရည်တွေနှင့် မာမီ ငုံ့မှိုးနမ်းရှိုက်သည်။ မာမီ မေတ္တာအရိပ်တို့ ပျော်ဝင်နေသော အနမ်းတို့က ငြိမ်းချမ်းအေးမြနေခဲ့သည်။

"မာမီ သားလေးရဲရင့်က ရန်ကုန်မှာတဲ့လား"

"ဟုတ်တယ် မာမီ၊ ညီလေး ကင်းဝေးခဲ့တဲ့ ဖခင်မေတ္တာတွေကို ဒယ်ဒီပေးဖို့အသင့်ပါ"

"သားကြီးရယ် မာမီ ဝမ်းသာလိုက်တာကွယ်၊ သားငယ်ကို သားတို့ဒယ်ဒီက မမုန်းဘူးပေါ့"

"ဘယ်ဖခင်က သားကိုမုန်းမှာလဲ မာမီရယ်၊ မာမီတောင် သားကို မမုန်းခဲ့သေးတာပဲ"

"ဒါဆိုရင် မာမီ အရမ်းကျေနပ်ပြီ သား၊ သားငယ်ကို သားတို့ အရိပ်အောက်မှာ မာမီ ထားရစ်ခဲ့နိုင်ပြီ"

"ဟင် မာမီက ပြန်မှာလား၊ မာမီ့ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးလား"

မာမီ ပင့်သက်ရှိုက်ရင်း ခေါင်းလေးခါသည်။ မာမီ့မျက်ဝန်းတွေက နံရံတွေဆီ ငေးမောသွားခဲ့၏။

"မာမီရဲ့ခင်ပွန်းရှိတဲ့နေရာ မာမီ ပြန်ရမှာပေါ့ သားရယ်၊ အမှုန်ဝန်ခံရရင် မာမီယောကျ်ားတွေ အများကြီးနဲ့တွေ့ဖူးတယ်၊ ဒါပေမဲ့ ငြိမ်းချမ်းမှု မရခဲ့ဖူးဘူး၊ အခု သူက မာမီ့အပေါ် အေးမြတဲ့မေတ္တာတွေ ပေးစွမ်းနိုင်သူပါ၊ သားငယ်ကိုလည်း လက်ခံပေးမယ့် သားငယ်က မလိုက်ဘူးတဲ့၊ ဒါကြောင့် မာမီ့ဆန္ဒအတိုင်း သားနေချင်တဲ့နေရာမှာ နေနိုင်အောင် မာမီ့ကို စီစဉ်နိုင်းတယ်၊ သားရဲ့အကြွေးတွေနဲ့ သားရှင်သန်ရပ်တည်ဖို့ ငွေကြေးလုံလုံလောက်လောက်လည်း သူပေးလိုက်တာ"





သူ နားလည်လိုက်ပါသည်။ မာမီရဲ့သံယောဇဉ်တွေက တစ်စုံတစ်ယောက်ထံမှာ ငြိတွယ်နေပြီ။

"အေးချမ်းတဲ့မေတ္တာကို မာမီ ပိုင်ဆိုင်နေပြီ သား၊ မာမီအတွက် မပူပါနဲ့၊ သားတို့သားအဖတွေ အေးချမ်းစွာ ဆုံနိုင်ပြီဆိုရင် မာမီ စိတ်ချမ်းသာပြီ"

"မာမီရယ်"

"မာမီ့ကို နားလည်ပေးပါ သားရယ်"

သူ ပါးပြင်မှာ မာမီ မျက်နှာအပ်ရင်း တိုးတိုးလေးဆိုရှာသည်။ မာမီ့ရင်ထဲကို သူ စာနာနားလည်နိုင်ခဲ့ပါပြီ။

မာမီ့နှလုံးသားလည်း ဒယ်ဒီလိုပဲ နွေးထွေးအေးချမ်းနေခဲ့တာ သေချာနေခဲ့ပြီပဲ။

"သား နားလည်ပါပြီ မာမီ၊ သားနဲ့ညီလေးအတွက် မာမီ စိတ်ချပါ"

"ဝမ်း ငမ်းသာလိုက်တာ သားရယ်"

"မာမီ ရန်ကုန်ကို ကျွန်တော်နဲ့ခဏလိုက်ခဲ့ပါ၊ မာမီ့သားငယ်နဲ့ တွေ့ရအောင်လေ၊ ပြီးမှ မာမီ ပြန်နိုင်ပါတယ်၊ သားတို့နှစ်ယောက်နဲ့ မာမီအတူ ပထမဆုံးဆုံချင်လို့ပေါ့"

မာမီ ခေါင်းညိတ်ကာ ပြုံးသည်။ မိခင်တစ်ယောက်ရဲ့မေတ္တာတို့ မာမီ့နှလုံးသားမှာတည်ရှိနေခဲ့တာ အသေအချာ။



www.burmeseclassic.com

www.burmeseclassic.com



ညီလေး သိလျှင်တော့ ဝမ်းသာမှာ သေချာသည်။

ဒယ်ဒီလည်း အားလုံးအတွက် ကျေနပ်ဝမ်းသာမည်ဟု သူ ထင်ပါသည်။

■ ■ ■

## အခန်း (၃၉)

နောက်ဆုံးတော့ ဒီလိုအခြေအနေကြီးကိုပဲ ပြန်ရောက်လာမည် ဆိုတာ သူ သိပါသည်။

မနေ့ညက တံတိုင်းခ ပြန်လာမည်ဟု ဖုန်းဆက်သည်။ သူ့ အတွက်တော့ တကယ့် တုန်လှုပ်စရာ သတင်းဆိုးကြီး။

"ညီ မနက်ဖြန် ဖလိုက်နဲ့ ကိုယ် ရန်ကုန်ရောက်မယ်၊ မင်း လေယာဉ်ကွင်းကို လာကြိုကွာ"

"ဟင် ချက်ချင်းကြီး မင်း ပြန်လာမှာလား"

"ဟုတ်တယ် ငါ ပြန်လာတော့မယ်၊ ငါလိုချင်တဲ့ မာမီ့ရဲ့မေတ္တာ တွေကို ငါ ပိုင်ဆိုင်ခဲ့ရပြီးပြီ"

တံတိုင်းခ လေသံတွေက ကျေနပ်ဝမ်းသာရိပ်တွေ လွှမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့မှာတော့ ရင်တွေပူလောင်ချင်နေသည်။

တံတိုင်းခကတော့ လိုအင်ဆန္ဒတွေ ပြည့်ခဲ့ပြီတဲ့။ သူလိုချင်သော မာမီရဲ့မေတ္တာကို ရခဲ့သည်တဲ့။

သူကတော့ တံတိုင်းခရဲ့အရိပ်အောက်မှာ ပျော်ဝင်သာယာနေခဲ့သမျှ အခုတော့ ပြီးဆုံးသွားပြီတဲ့။

အဆိုးဆုံးက သူ့ရဲ့နှလုံးသားကိုပဲ ဆုံးရှုံးထားရစ်ခဲ့ရမည့်အဖြစ်။

ဒါကို ဘယ်သူသိနိုင်မှာလဲ။

"ညီ လာဖြစ်အောင် လာကြနော်၊ ငါတို့တွေ ပျော်စရာကောင်းတဲ့အချိန်တစ်ခု ရောက်ပါပြီ"

သူ ခေတ္တခဏ ဝင်ပေးရတဲ့နေရာက ပြန်ခွာပေးရမှာ ပျော်စရာကောင်းတဲ့အချိန်တဲ့လား။

တစ်ညလုံး သူ အိပ်မပျော်နိုင်ပါ။ ခုတင်ပေါ်မှာ လူးလိမ့်နေ မျက်လုံးတွေ ကြောင်တွေနေခိုက် ဖုန်းက မြည်လာ၏။

ထင်သည့်အတိုင်း ပန်းသံစဉ်ဆီက ဖြစ်နေသည်။

"တံတိုင်း အိပ်ပြီလား"

"ဟင့်အင်း မအိပ်သေးပါဘူး"

"သံစဉ်လည်း အိပ်မပျော်လို့ ဖုန်းဆက်လိုက်တာ"

ချိုသာသော သံစဉ်ရဲ့အသံချိုချိုလေးတွေက သူ့ရင်ထဲမှာ မြားတွေနှင့်ပစ်ခွင်းနေသလိုပါပဲ။

"တံတိုင်း"





"ပြောပါ သံစဉ်"

"ဘာဖြစ်နေတာလဲ တစ်မျိုးပဲ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"မဟုတ်ဘူး တံတိုင်း တစ်ခုခုဖြစ်နေသလိုပဲ"

သံစဉ်က သူ့ကိုရိပ်မိနေသည်လား။ အမြဲတမ်း သံစဉ်နှင့် စကားပြောလျှင် သွက်လက်နေသည့် သူ့နှုတ်တွေ လေးပင်နေ၏။

"ဘာမှမဖြစ်ပါဘူး အိပ်ချင်မူးတူး ဖြစ်နေလို့ပါ"

"အင်း ဝမ်းသာစရာ ပြောမလို့ နောက်တစ်ပတ်ကျရင် မေမေတို့ ရန်ကုန်လာကြမှာတဲ့"

"အင်း"

"ဘာကြောင့်လဲ တံတိုင်း သိလား"

"ဘာကြောင့်လဲ သံစဉ်"

"တံတိုင်းနဲ့ သံစဉ်တို့ စေ့စပ်ပွဲအတွက်တဲ့"

"ဟင်"

"ဟုတ်တယ် အံ့သြသွားသလား၊ တို့က သိနေပြီးသား၊ မေမေက ဖုန်းဆက်မေးတယ်၊ တံတိုင်းနဲ့အဆင်ပြေရဲ့လားတဲ့"

"..."

"သံစဉ် ပြန်ပြောလိုက်တယ်၊ ချစ်သူတွေဖြစ်နေပြီ မေမေလို့"

"ဝမ်း ဝမ်းသာလိုက်တာ သံစဉ်၊ အဲဒါ တံတိုင်းခအတွက် အမြေပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ တံတိုင်း မပျော်ဘူးလား"

တံတိုင်းခအတွက် ပျော်စရာက သူ့အတွက် ပျော်စရာ ဖြစ်နိုင်မည်တဲ့လား။ ပန်းသံစဉ်ကို သူ စွန့်လွှတ်လိုက်ရမှာတဲ့လား။

ဟင့်အင်း ပန်းသံစဉ်ကို သူ ပိုင်ဆိုင်ချင်သည်။

တံတိုင်းခ ရင်ခွင်ထဲမှာ ထားရစ်ခဲ့ပြီး သူက အဝေးဆုံးမှာ ရှိနေရမည့်အဖြစ်ကြီးကို သူ လက်မခံနိုင်။

ဒီတစ်ခါတော့ ငါ ကံကောင်းချင်တယ် တံတိုင်း။

"တံတိုင်း ဘာဖြစ်နေတာလဲ"

"ဟင် ဩော် အရမ်းပျော်နေတာပါ"

"မသိပါဘူး အိပ်ပျော်သွားသလားလို့ အဟင်း"

"သံစဉ် မနက်ဖြန်စောစောလာခဲ့ပါလား"

"ဘာလုပ်မလို့လဲ တံတိုင်း"

"လာခဲ့ကွာ သံစဉ်ကို သူငယ်ချင်းတစ်ယောက်ရဲ့အလှူကို ခေါ်သွားချင်လို့"

"အင်း လာခဲ့မယ်လေ"

"တကယ်နော် သံစဉ် မမေ့နဲ့"

"စိတ်ချပါ တံတိုင်းရယ်၊ ဆက်ဆက်လာခဲ့မယ်"

နှုတ်ဆက်စကားလေးနှင့် ဖုန်းပိတ်သွားတော့ သူ ကျေနပ်သွားမိ၏။ သူ့အတွက် အချိန်က မရှိတော့ပါ။

ပန်းသံစဉ်ကို ပိုင်ဆိုင်ရမည့် သူ့ဘဝကြီးပါ အေးငြိမ်းစွာပြောင်း





လဲသွားမည့် အခွင့်အရေး။

ဒါကို သူ လက်လွှတ်ခံရမည်လား။

ခွင့်လွှတ်ပေးပါ တံတိုင်းခ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

ကားလေးက တရိပ်ရိပ်ပြေးနေသည်။ ပန်းသံစဉ်က နံဘေးမှာ ငြိမ်ငြိမ်လေးလိုက်ပါရင်း ပတ်ဝန်းကျင်ရှုခင်းတွေကို ငေးမောနေ၏။

သူ ဘယ်လိုမှ ဆုံးရှုံးမခံနိုင်ပါ။ ချစ်စရာကောင်းသည့် မိန်းကလေး ပြီးတော့ သူ့ဘဝကို ပြောင်းလဲစေနိုင်သည့် မိန်းကလေး။

တစ်ဘဝလုံးအတွက် ပိုင်ဆိုင်ခွင့်ရချင်သည်။

"တံတိုင်း ဘယ်လဲဟ နင်မောင်းနေတာ"

"မင်္ဂလာဒုံဘက်လေ"

"ဟင် နင့်သူငယ်ချင်းက ဝေးလှချည်လား"

"အင်း အရင်းနှီးဆုံးတွေဆိုတော့ အသေအချာ ဖိတ်ထားရ ပါ"

သူ့စကားတွေကို ပန်းသံစဉ် ယုံကြည်နေခဲ့ရှိသည်။ သူ နာ…





ငုံ့ကြည့်လိုက်သည်။

တံတိုင်းခ ပါလာမည့် လေယာဉ်က ဆိုက်နေလောက်ပြီ။ သူ့ကို တံတိုင်းခ မျှော်နေမှာ သေချာသည်။

ခဏကြာလျှင် တံတိုင်းခ အမှန်တွေကို သိတော့မည်။

"တူ တူ တူ"

ဖုန်းမြည်လာတာ ဒက်ရှ်ဘုတ်ပေါ်က သူ့ဖုန်းလေးဆီက ဖြစ်သည်။ သူ ကောက်ယူနားထောင်လိုက်၏။

"ညီ ငါပါကွ"

ကြားလိုက်ရတာ တံတိုင်းခ အသံ။ နံဘေးမှာ ရှိနေသော သံစဉ်ကတော့ ပြတင်းတံခါးက ပတ်ဝန်းကျင်ရှုခင်းတွေ ငေးနေဆဲ။

"အင်း ပြောလေ"

"အခု ငါတို့လေယာဉ်ကွင်းထဲ ရောက်နေပြီ"

"ငါတို့ ဟုတ်လား"

"ဟုတ်တယ် ညီ၊ ငါနဲ့ပါလာတာ ဘယ်သူလဲ မင်းသိလား"

"ဟင် ငါက ဘာသိမှာလဲ"

"မာမီ"

"ဘာ"

သူ မယုံနိုင်စွာ အထိတ်တလန့် အော်ရင်း ကားဘရိတ်ကိုပါ ဖိနင်းပစ်လိုက်သည်။

"အိုး ဘာဖြစ်တာလဲ"

ယိမ်းယိုင်သွားသော ခန္ဓာကိုယ်လေးကို ထိန်းရင်း သံစဉ် ရေရွတ်တော့ သူ လက်ကာပြတားရင်း



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး ကိုယ် ဖုန်းခဏပြောမလို့"

သံစဉ်ကို ခွင့်တောင်းကာ ကားတံခါးဖွင့်ဆင်းခဲ့သည်။ တံတိုင်းခဲ့ စကားတွေကို မယုံချင်။

"မာမီ ငါနဲ့ပါလာတယ် ညီ၊ အမှန်ကို မာမီ သိသွားပြီလေ"

"ဟင်"

"အံ့ဩမနေနဲ့ ညီ၊ မာမီနဲ့စကားပြောဦး"

တစ်ဖက်က တံတိုင်း မာမီ့ဆီ ဖုန်းလွှဲပေးလိုက်တာ ထင်၏။ သူ အသက်ရှူဖို့မေ့စွာ မာမီ့အသံကို နားစိုက်နေမိဆဲ။

"သား ရဲရင့် မာမီပါ"

"မာမီ ရန်ကုန်လိုက်လာတယ်"

"ဟုတ်တယ် သား၊ သားငယ်ကို မာမီ မသွားခင်တွေ့ချင်လို့ပါ၊ ပြီးတော့ သားငယ်ကို သားကြီးနဲ့ သားဒယ်ဒီလက်ထဲ အပ်ခဲ့ချင်လို့"

"ဗျာ"

"ဟုတ်တယ် သားငယ်၊ သားငယ်ကို မာမီ စိတ်ချလက်ချ ထားခဲ့လို့ရပြီ၊ သားဒယ်ဒီနဲ့သားကြီးတံတိုင်းက သားအတွက် ရှိနေတယ်၊ သားတို့ သားအဖတွေ အေးချမ်းစွာ ဆုံခဲ့ပေးချင်လို့ ကဲ သားကြီးနဲ့ ပြောလိုက်"

မာမီ့စကားတွေကို မယုံနိုင်စွာ မင်သက်နေတုန်း တံတိုင်းခဲ့ အသံက ပြန်တိုးဝင်လာပြန်၏။

"ညီ မင်းအံ့ဩအောင် မာမီပါလာတာ ကို အခုမှပြောတာကွ၊ မာမီက မင်းရဲ့အကြောင်းတွေ ရှင်းပေးခဲ့တယ်၊ မင်းကိုလည်း ဒယ်ဒီနဲ့ကိုတို့ အရိပ်ပို့ပေးခဲ့မလို့တဲ့"





"..."

"ညီရယ် ကိုကိုရယ် ဒယ်ဒီရယ် ဘဝလေးတစ်ခု ပိုင်ဆိုင်ကြရမှာ၊ ပျော်စရာအချိန်တွေ ကိုကိုတို့ ပိုင်ဆိုင်ရပြီ ညီ"

"..."

"ကဲ ညီ ကားကိုဂရုစိုက်မောင်း ကိုကိုတို့ ရောက်နေပြီကွ"

ဖုန်းချသွားတော့ သူ ငူငူငိုင်ငိုင်ကြီး ရပ်နေမိဆဲ။

သူရယ် တံတိုင်းရယ် ဒယ်ဒီရယ် ပျော်ရွှင်စရာဘဝလေးတဲ့လား။ ဒီဘဝမျိုး ပိုင်ဆိုင်ရမည်ဟု သူ မျှော်လင့်မထားခဲ့ပါ။

အခုတော့ မမျှော်လင့်ထားသော အရာတွေကို ဖြစ်အောင် ဆောင်ကြဉ်းလာသူက တံတိုင်းခ။ သူ့ရဲ့ကိုကို တံတိုင်းခ။

သူ့ဘက်က ကိုကို့အပေါ်မှာ အတ္တတွေ ကြီးခဲ့သည်။ သစ္စာမဲ့ဖို့ ကြိုးစားမိသည်။

ကိုကိုရဲ့ချစ်ခြင်းတွေက သူ့အပေါ် နိုင်မြဲလွှမ်းပါလား။

"တံတိုင်း ဘာလုပ်နေတာလဲ"

"ဟင် သံစဉ်"

သံစဉ် အသံကြားမှ သူ လှည့်ကြည့်၏။ ပြတင်းတံခါးက ခေါင်းလေးပြူကြည့်နေသော သံစဉ် မျက်နှာလေးက အပြစ်ကင်းစင်လို့။

တကယ်ဆို အားလုံးက ဖြူစင်ခဲ့ကြသည်။ မဖြူစင်ခဲ့ မရိုးသားခဲ့သည့် အတ္တတွေနှင့်က သူ တစ်ယောက်တည်း။

အမှားကြီးတစ်ခုကို သူ မိုက်မဲစွာ ကျူးလွန်မိတော့မလို့။

"လာပြီ သံစဉ်"

သူ ပြောရင်း ဖုန်းလေးကို ပိတ်ကာ ကားပေါ်တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကားလေးကို ရန်ကုန်လေဆိပ်ကို ဦးတည်လိုက်သည်။

သံစဉ်က သူ့ကို နားမလည်နိုင်သော မျက်ဝန်းတွေနှင့် ကြည့်နေကာ ဘာမှမမေးခဲ့။

ပန်းသံစဉ် ဆိုတာ ကိုကို တံတိုင်းခရဲ့ ဖြူစင်သော နှလုံးသားနှင့် ပန်ဆင်ထိုက်သော ပန်းကလေးပါပဲ။

သူ့လိုကောင်နဲ့ မထိုက်တန်သော ပန်းတစ်ပွင့်အတွက်. . .။

မာမီနှင့်တံတိုင်းခတို့ မျှော်နေမည့် လေယာဉ်ကွင်းကြီးက ရှေ့မှာ မြင်နေရပြီ။

ပန်းသံစဉ် အံ့ဩမျက်ဝန်းလေးတွေနှင့် တံတိုင်းခကို မြင်လိုက်ရလျှင်တော့ . . . ။

ချစ်သူနှစ်ယောက်ရဲ့ နှလုံးသားတွေ ငြိမ်းချမ်းစွာ ပေါင်းဆုံဖို့အတွက် သူ့အတ္တတွေ ပျော်ကျခဲ့တာတော့ အမှန်ပဲဖြစ်သည်။

ပန်းသံစဉ်ဆိုတာ တံတိုင်းခအတွက်ပါပဲ။

ပရိသတ်အတွက်

အမြဲတမ်း

မျှး